http://www.dhammadownload.com

ဤကျမ်းစာ၌

ကျမ်းရင်းအဓိပ္ပါယ် ဖွင့်ဆိုချက်များ...

ဋီကာအဓိပ္ပါယ် ရှင်းလင်းချက်များ...

သရုပ် သကန် ပေါ်လွင်ထိမိချက်များ...

ထို့ကြောင့် စာချ စာသင်

အရှင်မြတ်များ လက်စွဲပြုသင့်သော

စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါကြောင်း။ ။

WIN NAING

အဘိဓမ္မတ္ထအောင်တံခွန် • အရှင်အာသာ (ပင်းပေါက်ကုံ)

အောင်တံခွန်စာစဉ်(၁)

အဘိဓမ္မတ္ထအောင်တံခွန်

အရှင်အာသာ (ပင်းပေါက်ကုံ)

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

စိတ်၊ စေတသိက်၊ ပကိဏ်း၊ ဝီထိ၊ ဝီထိမုတ်၊ ရုပ်၊ သမုစ္စည်း (၇)ပိုင်းပါဝင်သည်။

http://www.dhammadownload.com

အဘိဓမ္မာ ဆောင်ပုဒ်

အရှင်အာသဘ (ပင်းပေါက္ကုံ)

သာသနဓဇ-ဓမ္မာစရိယ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၂၀၇၁၀၀၆၁၀

❖

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၀၈၃၀၀၆၁၁

❖

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ (၁၀၀၀)အုပ်
၂၀၀၇-ခု၊ ဇန်နဝါရီလ

❖

မျက်နှာဖုံး
ကိုဝင်းနိုင် (A-7 Group)

❖

ကွန်ပျူတာစာစီ
မြသဖင် ပုဗ္ဗန်တောင်ရေကျော်

❖

ဖလင်
မျိုးညွန့် နှင့်အဖွဲ့ (A-7 Group)

❖

❖

ထုတ်ဝေသူ
ဦးကျော်ဆန်း (ရဲအောင်စာပေ)
အမှတ်-၁၊ ချွန်း-၂လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

❖

ပုံနှိပ်
ဦးအောင်မြင့်သိန်း (အင်းကြင်းမြိုင်ပုံနှိပ်တိုက်)
၁၇၄၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ ရန်ကုန်။

❖

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	ပဏာမနှင့်ပဋိညာဉ်	၅
၂	ပရမတ္ထ-တရား ၄ ပါး	၆
၃	အကုသိုလ်စိတ်ဆိုင်ရာမှတ်ဖွယ်	၇
၄	အဟိတ်စိတ်ဆိုင်ရာမှတ်ဖွယ်	၄၅
၅	ကာမသောဘနစိတ်ဆိုင်ရာမှတ်ဖွယ်	၂၂
၆	ရူပါဝစရစိတ်ဆိုင်ရာမှတ်ဖွယ်	၂၉
၇	အရူပါဝစရစိတ်ဆိုင်ရာမှတ်ဖွယ်	၃၃
၈	လောကုတ္တရာစိတ်ဆိုင်ရာမှတ်ဖွယ်	၃၆
၉	အညသမာန်စေတသိက်-၁၃ပါး	၄၆
၁၀	အကုသိုလ်စေတသိက် -၁၄ပါး	၄၇
၁၁	သောဘနသာဓါရဏစေတသိက် -၁၉ပါး	၅၂
၁၂	သမ္ပယောဂနည်းနှင့်သင်္ဂဟနည်းအထူး	၅၉
၁၃	သမ္ပယောဂနည်း	၆၀
၁၄	အကုသိုလ်စေတသိက်သမ္ပယောဂနည်း	၆၃
၁၅	သောဘနစေတသိက်သမ္ပယောဂနည်း	၆၅
၁၆	လောကုတ္တရာစိတ်သင်္ဂဟနည်း	၇၁
၁၇	ကာမသောဘနစိတ်သင်္ဂဟနည်း	၇၄
၁၈	အကုသိုလ်စိတ်သင်္ဂဟနည်း	၈၁

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉	အဟိတ်စိတ်သင်္ဂဟနည်း	၈၄
၂၀	ဝေဒနာသင်္ဂဟ	၈၈
၂၁	ဟေတုသင်္ဂဟ	၉၂
၂၂	ကိစ္စသင်္ဂဟ	၉၄
၂၃	ဒွါရသင်္ဂဟ	၉၉
၂၄	အာရမ္မဏသင်္ဂဟ	၁၀၄
၂၅	ဝတ္ထုသင်္ဂဟ	၁၁၂
၂၆	ဝီထိပိုင်းဆက္က (၆)ပါး	၁၁၇
၂၇	ပဉ္စဒွါရဝီထိခဏ်း	၁၂၀
၂၈	မနောဒွါရကာမဇောဝါရ	၁၂၇
၂၉	အပ္ပနာဇောဝါရ	၁၂၈
၃၀	တဒါရမ္မဏနိယမ	၁၃၂
၃၁	ဇဝနနိယမ	၁၃၄
၃၂	ပုဂ္ဂလဘေဒ	၁၃၇
၃၃	ဘူမိဝိဘာဂ	၁၄၁
၃၄	ဝီထိမုတ်ပိုင်းဘူမိစတုက္က	၁၄၅
၃၅	ပဋိသန္ဓိစတုက္က	၁၅၀
၃၆	ကမ္မစတုက္က	၁၅၇

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၇	မရဏာသုပ္ပတ္တိစတုက္က	၁၆၈
၃၈	ရုပ်ပိုင်းဆိုင်ရာ အနုသန္ဓေနှင့်ပဋိသန္ဓေဉာဏ်	၁၇၆
၃၉	ရူပသမုဋ္ဌာနဒွေသ	-
၄၀	ရူပဝိဘာဂ	၁၈၂
၄၁	ရူပသမုဋ္ဌာန	၁၈၅
၄၂	ရူပကလာပ	၁၉၀
၄၃	ရူပပဝတ္တိက္ကမ	၁၉၄
၄၄	နိဗ္ဗာန်ပြဆိုပုံ	၂၀၃
၄၅	သမုစ္စည်းပိုင်းအကုသလသင်္ဂဟ	၂၀၅
၄၆	မိဿကသင်္ဂဟ	၂၀၉
၄၇	ဗောဓိပက္ခိယသင်္ဂဟ	၂၁၅
၄၈	သဗ္ဗသင်္ဂဟ	၂၁၉
၄၉	နိဂုံးအမှာစေဆုတောင်း	

http://www.dhammadownload.com

တောင်းပန်လွှာ

ထေရ်ကျော်ငါးရာ ၊ ရဟန္တာ၀သီ
သမ္မီဒါ ဉာဏ်ရ ၊ သံဃိန္ဒတို့
ဘုရားမိန့်ရွတ် ၊ ပိဋကတ်ကို ၊ မွတ်မွတ်ဖြူဖွေး
ပေထက်ရေး၍ ၊ ဆေးလေးကြွပ်ကြွပ် ၊ အထပ်တစ်ရာ
ပြင်တုံပါလည်း ၊ အက္ခရာပုဒ်ဆွေး ၊ မှားယွင်းသေး၏
ညစ်ကြေးစပ်ယှဉ် ၊ ပုထုဇဉ်သာ ၊ ငါတို့မှာကား
မမှားဘယ်သို့ ၊ ရှိလေမြို့လိမ့်
ယွင်းချို့အက္ခရာ ၊ ပျက်ယိုရာ၌
ပညာကြီးရှင် ၊ ငြမ်း ကောင်း ဆင်သို့ ၊ ပြင်စေသတည်း

(ဥတောနပျို)

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

"ဤစာအုပ်သည် သင်္ဂဟဘာသာရပ်၏ အခြေပါဒ ဖြစ်သည့် စိတ်, စေတသိက်၊ ပကိဏ်း ၊ ဝီထိ၊ ဝီထိမုတ်၊ ရုပ်၊ သမုစ္စည်း ဟူသော အပိုင်း(၇) ပိုင်းဖြင့် ပြုစုရေးသားထား ပါသည်။ ကျမ်းရင်းနှင့် ဋီကာကျော် အဓိပ္ပါယ်တို့ကို

ဆိုင်ရာဆိုင်ရာ ကဏ္ဍအလိုက်- တစုတစည်းထဲ

ပေါင်းရုံး ဖွင့်ဆိုထားခြင်း၊

သင်္ဂဟဆိုင်ရာ ခက်ဆစ်များ သရုပ်ခွဲများ ဆိုရိုးများ နိယံဆောင်ပုဒ်များဖြင့် ဝေဝေဆာဆာ ဖော်ပြထားခြင်း၊ စိတ် ၊ စေတသိက်၊ ပကိဏ်းပိုင်းတို့တွင် သောတုဇနယ် များအတွက် အမေးအဖြေပုံစံ ထည့်သွင်းပေးထားသဖြင့် မှတ်သားရလွယ်ကူခြင်း၊ ပို့ချစဉ် မှတ်သားဖွယ်ရာများဖြစ်သဖြင့် မှတ်စုရေးကူးရခြင်း ဒုက္ခမှကင်းဝေးပြီး အချိန်ကုန်လူပန်း သက်သာခြင်း စသော စသော အကျိုးများရရှိစေနိုင်သည့်အတွက် စာချ၊ စာသင် အရှင် မြတ်တို့ လက်ဝယ်တွင် ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

"ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု"

အရှင်ဣန္ဒက (ဂဏဝါစက)
မဟာညောင်ကုန်းတိုက်၊ ပြာသာဒ်ကျောင်း
ပရိယတ္တိစာသင်တိုက်၊ အမှတ် (၂) ရပ်ကွက်
ပုဇွန်တောင်မြို့နယ်။

http://www.dhammadownload.com

■ သင်ကြားလမ်းစဉ်
ဉာဏ်နှင့်ယှဉ်
တွင်တွင်လေ့လာမှတ်သားပါ

■ လေ့လာမှတ်သား
ကျင့်ကြံပွား
သစ္စာတရား တွေ့မည်သာ

■ သစ္စာပြည့်ဝ
ကျိုးဖလ
ရကြမြတ်ချမ်းသာ

မောင်ဝရ(ဥက္ကံ)

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

ဗာတ္တိံသ လက္ခဏူပေတံ၊ သမ္ဗုဒ္ဓံ လောက ဥတ္တမံ၊ ဝန္ဒိတွာဟံ လိခိဿာမိ၊ အဘိဓမ္မတ္ထသင်္ဂဟံ

အဟံ	=	ရုပ်နာမ်နှစ်ရပ် ပရမတ်ဟု သတ်မှတ်တွင်ခေါ် (အရှင်အာသဘ) အမည်ရသော ဘုရားတပည့်တော်သည်-
ဗာတ္တိံသ လက္ခဏူပေတံ	=	သုံးကျိပ်နှစ်သီးကြီးမားသော မဟာပုရိသတို့၏ လက္ခဏာတော်ကြီး၊ အသီးသီးတင့်တယ်-ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် အသရေဝင့်ထယ်ကြည်ညို သပ္ပါယ်လှစွာသော ကိုယ်တော်နှင့် ပြည့်စုံတော်မူပါပေထသော။
သမ္ဗုဒ္ဓံ	=	သစ္စာလေးဖူး ခိုင်ညွန့်ဦးကို ဆွတ်ခူးချိုင်ယူ သယမ္ဘူရွှေဉာဏ်ဖြင့် ဆရာမကူ ကိုယ်တော်တိုင်သာ ဆွတ်ယူသိမြင်ပြီးတော်မူပါပေထသော
လောကဥတ္တမံ	=	လောကသုံးရပ်၊ ဘုံသုံးထပ်တွင် အမြတ်သရဖူ ဆောင်ယူသူတို့ထက် အထူးသဖြင့် မြင့်မြင့်တော်မူပါပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို
အဟံ	=	ရေးသားဖို့ကြံ စိတ်ရည်သန်၍ အမှတ်မယုတ် အားထုတ်ပေရဂန္ထကာရက (အရှင်အာသဘ) အမည်ရသော ဘုရားတပည့်တော်သည်
ဝန္ဒာမိ	=	အန္တရာယ်လွတ်ကင်း ကျမ်းပြီးစီးခြင်းငှာ-သဒ္ဒါဗလဝ ဦးနှိမ်ချ၍ ကန်တော့မြတ်နိုး လက်စုံမိုးကာ ရှိခိုးလိုက်ပါ၏၊ အရှင်ဘုရား။
ဝန္ဒိတွာ	=	သဒ္ဓါဗလဝ အနန္တဖြင့် ဦးနှိမ်ညွတ်ကျိုး ရှိခိုးပြီး၍
အဘိဓမ္မတ္ထသင်္ဂဟံ	=	လက်သန်း အဘိဓမ္မာ ကျမ်းရင်းလာနှင့် ဋီကာပိုင်းဖြတ် အရပ်ရပ်ကို ပေါင်းစပ်တင်ပြရာဖြစ်သော (အဘိဓမ္မတ္ထအောင်တံခွန်)ကျမ်းကို
လိခိဿာမိ	=	အဘိဓမ္မာ ပညာရင်နို့၊ သောက်စို့နှစ်လို သောတုပျိုတို့ အလို့ငှာ၊ ကိုယ်စွမ်း ဉာဏ်စွမ်း ရောစုံပြွန်း၍ မှတ်တမ်းသရုပ်၊ ကျမ်းတစ်ပုဒ်အဖြစ် မဖြစ်မနေ ရေးသားစီရင်ပါပေတော့အံ့ သတည်း

http://www.dhammadownload.com

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သင်္ဂြိုဟ်အခြေပြု နှင့် ဋီကာလာ အချို့အခ်ပ္ပါယ်

မှတ်စု

သမ္မာသမ္ဗုဒ္ဓ မတုလံ (ပ) အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ဂါထာသည် အချုပ်အားဖြင့် ပဏာမ နှင့် ပဋိညာဉ်ကို ပြသည်။

အမေး။ အဘယ်ကိုပဏာမဟု ခေါ်ပါသနည်း။

အဖြေ။ ရှိခိုးမှုကို ပဏာမဟုခေါ်ပါသည်။

မေး။ အဘယ်ကို ပဋိညာဉ်ဟုခေါ်သနည်း။

ဖြေ။ ကျမ်းကိုပြုစုစီရင်မည်ဟု ဝန်ခံမှုကို ပဋိညာဉ်ဟုခေါ်ပါသည်။

မေး။ အဘယ်ပါဌ်သည် ပဏာမကို ပြပါသနည်း။

ဖြေ။ သမ္မာသမ္ဗုဒ္ဓ မတုလံ သသဒ္ဓမ္မဂဏုတ္တမံ အဘိဝါဒိယ ဟူသော ပါဌ်ဖြင့် ပဏာမကို ပြပါသည်။

မေး။ အဘယ်ပါဌ်ဖြင့် ပဋိညာဉ်ကိုပြပါသနည်း။

ဖြေ။ ဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဌ်ဖြင့် ပဋိညာဉ်ကို ပြပါသည်။

အဘိဓမ္မာအရ ခန္ဓာစသောဓမ္မတို့ကို သုတ္တန်ဓမ္မထက် အပြည့်အစုံနည်းကုန်အောင် အလွန်အကဲ ဟောလေသောကြောင့် အဘိဓမ္မာ (၇) ကျမ်း ဒေသနာအစဉ်သည် အဘိဓမ္မာအရ ဖြစ်သည်။

http://www.dhammadownload.com

အဘိဓမ္မတ္ထအရ အဘိဓမ္မာဒေသနာအစဉ်၌ ဟောအပ်သော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဤ (၄) ပါးတို့သည် အဘိဓမ္မတ္ထအရတို့ဖြစ်ပါသည်။

အဘိဓမ္မတ္ထသင်္ဂဟမည်ပုံ အဘိဓမ္မာ (၇) ကျမ်း၌ ဟောတော်မူအပ်သော သဘောအနက်တို့ကို အကျဉ်းအားဖြင့်ပြရာ ကျမ်းသည်အဘိဓမ္မတ္ထသင်္ဂဟမည်ပါသည်။

ပရမတ္ထတရား ၄ ပါး

၁။ စိတ် = အာရုံကိုသိခြင်းသဘောတရား

၂။ စေတသိက် = စိတ်၌မှီတတ်သောသဘောတရား

၃။ ရုပ် = အချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရား

၄။ နိဗ္ဗာန် = တဏှာ၏ချုပ်ငြိမ်းရာ (ဝါ) ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာသဘောတရား ပေါင်း (၄) ပါး

မေး။ အဘယ်ကိုပရမတ်ဟုခေါ်ပါသနည်း။

ဖြေ။ မဖောက်မပြန်မှန်ကန်တိကျ မြင့်မြတ်သောသဘောကို ပရမတ်ဟုခေါ်ဆိုပါသည်။

စိတ်အကျဉ်း (၄) မျိုး

၁။ ကာမာဝစရစိတ်

၂။ ရူပါဝစရစိတ်

၃။ အရူပါဝစရစိတ်

၄။ လောကုတ္တရာစိတ်

ဤသို့အကျဉ်းအားဖြင့် စိတ် ၄ မျိုး ၄င်းစိတ် ၄ မျိုးသည် စိတ်ပိုင်းအစ ဥဒ္ဒေသမာတိကာ ခေါင်းစဉ်ကိုပြသည်။

http://www.dhammadownload.com

စိတ်အကျဉ်း (၄) ပါးရှေ့နောက်စီစဉ်ပုံ

မေး။ အဘယ်ကြောင့် ကာမာဝစရံ ရူပါဝစရံ စသောအစဉ်ကို အရှင်အနုရုဒ္ဓါဆရာဆိုပါသနည်း။

ဖြေ။ ဘုံ ၄ ပါး၌ဖြစ်ကုန်သော တရားတို့သည် အစဉ်အတိုင်းမြတ်သည်ဖြစ်၍ ကာမာဝစရစိတ်သည် ဟီန အညံ့ဆုံး, ရူပါဝစရစိတ် သည် ဥက္ကဋ္ဌအမြတ်စား, အရူပါဝစရ စိတ်သည် ဥက္ကဋ္ဌတရ သာ၍အမြတ်စား,

လောကုတ္တရာစိတ်သည် ဥက္ကဋ္ဌတမ အလွန်အကျူးအထူးအမြတ်အားဖြင့် ပြလိုသောကြောင့် ဟီန - ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌတရ၊ ဥက္ကဋ္ဌတမ ဟူ၍ ရှေ့နောက် အစီအစဉ်ကိုပြပါသည်။

ကာမဝစရစိတ်သည်

၁။ အကုသိုလ်စိတ် ၂။ အဟိတ်စိတ် ၃။ ကာမသောဘနစိတ်ဟူ၍ (၃) မျိုးပြား၏။

အကုသိုလ်စိတ်သည်

၁။ လောဘမူစိတ် ၂။ ဒေါသမူစိတ် ၃။ မောဟမူစိတ် ဟူ၍ (၃) မျိုးပြား၏။

လောဘမူစိတ် (၈) ပါး ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တခု
၂။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တခု
၃။ သောမနဿသဟဂုတ်ဒိဋ္ဌိဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု
၄။ သောမနဿသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကစိတ်တခု
၅။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်တခု

http://www.dhammadownload.com

၆။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်တခု

၇။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ်အသင်္ခါရိကစိတ်တခု

၈။ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ်သသင်္ခါရိကစိတ်တခု ပေါင်းလောဘမူစိတ် (၈) ပါး

လောဘမူစိတ် (၈) ပါးမှာ

၁။	သောမနဿဝေဒနာ	၄ ပါး	
၂။	ဥပေက္ခာဝေဒနာ	၄ ပါး	ပေါင်း ဝေဒနာအပြားအားဖြင့် ၈ ပါး
၁။	သမ္ပယုတ်	၄ ပါး	
၂။	ဝိပ္ပယုတ်	၄ ပါး	ပေါင်း သမ္ပယောဂအားဖြင့် ၈ ပါး
	အသင်္ခါရိကစိတ်	၄ ပါး	
	သသင်္ခါရိကစိတ်	၄ ပါး	ပေါင်း သင်္ခါရအပြားအားဖြင့် ၈ ပါး

ဒေါသစိတ်မူ ၂ ပါး ပြား၏ ရေတွက်ပုံ

၁။ ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ်အသင်္ခါရိကစိတ်တစ်ခု

၂။ ဒေါမနဿသဟဂုတ်ပဋိဃသမ္ပယုတ်သသင်္ခါရိကစိတ်တစ်ခု ပေါင်း ဒေါသမူစိတ် ၂ ပါး

ဒေါသမူစိတ်သည် ဝေဒနာအားဖြင့် အပြားမရှိ ဒေါမနဿ ဝေဒနာသာ၊ သမ္ပယုတ် ဝိပ္ပယုတ် အားဖြင့် အပြားမရှိ။ သမ္ပယုတ်သာ သင်္ခါရအားဖြင့် အသင်္ခါရိကစိတ် (၁) သသင်္ခါရိကစိတ် (၁) ပါး ပေါင်း (၂) ပါး။

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

မောဟမူစိတ် ၂ ပါး ပြား၏

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် တခု

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တခု

မောဟမူစိတ်သည် ဝေဒနာအားဖြင့် အပြားမရှိ ဥပေက္ခာဝေဒနာတမျိုးသာ သမ္ပယောဂအားဖြင့် ၂ ပါးပြားသည်။

သင်္ခါရအားဖြင့် အသင်္ခါရိက သသင်္ခါရိက ၂ ပါးမှ လွတ်သောကြောင့် သင်္ခါရဝိမုတ်စိတ် ဟုခေါ်သည်။

အသင်္ခါရိက သသင်္ခါရိက မဆိုရသောစိတ်ဟုမှတ်ပါ။ ရှေးဆရာအချို့က အသင်္ခါရိက စိတ်ဟု ယူဆကြသည်။

ဣစ္စေဝံ သဗ္ဗထာပိ (ပ) သမတ္တာနိ ကား အကုသိုလ်စိတ် ၁၂ ပါး တို့၏ နိဂုံးကိုပြသည်။

အဋ္ဌဓာလောဘမူလာနိ လောဘမူစိတ် ၈ ပါး

ဒေါသမူလာနိစဒွိဓာ ဒေါသမူစိတ် ၂ ပါး

မောဟမူလာနိစ ဒွေတိ မောဟမူစိတ် ၂ ပါး

ဒွါဒသာကုသလာသိယုံ ပေါင်း အကုသိုလ်စိတ် ၁၂ ပါး

အကုသိုလ်စိတ် (၁၂) ပါးမှာ

ဝေဒနာအကျဉ်းအားဖြင့် ၁။ သောမနဿဝေဒနာ

၂။ ဥပေက္ခာဝေဒနာ

၃။ ဒေါမနဿဝေဒနာ အားဖြင့် သုံးမျိုး

ဝေဒနာအပြားအားဖြင့် သောမနဿဝေဒနာ ၄ ပါး

ဥပေက္ခာဝေဒနာ ၆ ပါး

ဒေါမနဿဝေဒနာ ၂ ပါး

ပေါင်း ၁၂ ပါး

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

သမ္ပယောဂအပြား	သမ္ပယုတ်	၈ ပါး
	ဝိပ္ပယုတ်	၄ ပါး
	ပေါင်း	၁၂ ပါး
သင်္ခါရအပြား	အသင်္ခါရိကစိတ်	၅ ပါး
	သသင်္ခါရိကစိတ်	၅ ပါး
	သင်္ခါရမှ လွတ်သောစိတ်	၂ ပါး
	ပေါင်း	၁၂ ပါး

အမေး။ အကုသိုလ် ရှေးဦးစွာ ဆိုရခြင်းကို ရေးပါ။

အဖြေ။ ဆိုလတ္တံ့သော ပါပါဟေတုကမုတ္တာ နိစသောဂါထာနှင့် လျော်ညီစွာ အကုသိုလ်စိတ်ကို ရှေးဦးစွာပြပါသည်။

အမေး။ အဘယ့်ကြောင့် လောဘမူ ဒေါသမူ မောဟမူ တို့ အစဉ်အတိုင်း ဆိုရပါသနည်း။

အဖြေ။ ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့အား ဝီထိစိတ်၏အစွမ်းဖြင့် လောဘဇောစိတ်သာ ရှေးဦးစွာ ဖြစ်သင့်သောကြောင့် လောဘမူစိတ်ကို ထိုနောင်ဒွိဟိတ်အဖြစ်ဖြင့်တူသောကြောင့် ဒေါသမူစိတ်ကို ထိုနောင်ဟိတ်တပါးသာရှိ၍ အကုသိုလ်အဖြစ်ဖြင့်တူသောကြောင့် မောဟမူစိတ်ကိုပြပါသည်။

အကုသိုလ်ဆိုင်ရာ ဋီကာမှတ်သားဘွယ်

အမေး။ လောဘမူစိတ်၌ အဘယ့်ကြောင့်ဝေဒနာဖြင့်အထူးပြု၍ သောမနဿသဟဂုတ်ဟု ဆိုပါသနည်း။

အဖြေ။ သောမနဿဝေဒနာ စသည်တို့သည်သာလျှင် အလုံးစုံသော လောဘမူစိတ်တို့နှင့် မဆက်ဆံသောကြောင့် ဝေဒနာဖြင့် အထူးပြု၍ သောမနဿ သဟဂတ်စသည်ဖြင့် ဆိုပါသည်။

မေး။ သောမနဿဝေဒနာ စသည်တို့သည် အချို့စိတ်မှာဖြစ်၍ အချို့စိတ်မှာ အဘယ့်ကြောင့် မဖြစ်ကြပါသနည်း။

http://www.dhammadownload.com

ဖြေ။ သောမနဿဝေဒနာဖြစ်ခြင်းအကြောင်းရှိသောကြောင့် အချို့စိတ်မှာဖြစ်၍ သောမနဿဝေဒနာဖြစ်ခြင်းအကြောင်း မရှိသောကြောင့် အချို့စိတ်မှာမဖြစ်ကြပါ။ (အာဒိသဒ္ဒါဖြင့် ဥပေက္ခာဝေဒနာကိုယူပါ)

သောမနဿဝေဒနာဖြစ်ခြင်းအကြောင်း (၃) ပါး

၁။ သဘာဝပရိကပ္ပဖြစ်သော ဣဋ္ဌာရုံနှင့်တွေ့ကြုံခြင်း
၂။ သောမနဿနှင့် ပဋိသန္ဓေနေခြင်း
၃။ မနက်နဲသော သဘောရှိခြင်း ပေါင်း (၃) ပါး

ဥပေက္ခာဝေဒနာဖြစ်ခြင်းအကြောင်း (၃) ပါး

၁။ ဣဋ္ဌမဇ္ဈတ္တာရုံနှင့် တွေ့ကြုံခြင်း
၂။ ဥပေက္ခာနှင့် ပဋိသန္ဓေနေခြင်း
၃။ နက်နဲသော သဘောရှိခြင်း ပေါင်း (၃) ပါး

ဒိဋ္ဌိဖြစ်ခြင်းအကြောင်း (၃) ပါး

၁။ အယူဖေါက်ပြန်ပျက်စီးသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း
၂။ သဿတအယူ ဥစ္ဆေဒအယူ ရှိခြင်း ပေါင်း (၂) ပါး
(ထိုမှ ပြန်၍ ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်ကြောင်းကိုလည်း သိပါ)

အသင်္ခါရိကဖြစ်ကြောင်း

လျောက်ပတ်သော ဥတု၊ လျောက်ပတ်သောဘောဇဉ်၊ လျောက်ပတ်သော ကျောင်းအိပ်ရာနေရာ၊ လျောက်ပတ်သော အဆွေခင်ပွန်းတို့နှင့် တွေ့ဆုံခြင်းစသည်တို့ကား အသင်္ခါရိကဖြစ်ခြင်းအကြောင်းတို့ဖြစ်ပါသည်။ (ထိုမှပြန်၍ သသင်္ခါရိကဖြစ်ကြောင်း တို့ကိုလည်း သိပါစေ)

http://www.dhammadownload.com

ဆောင်ပုဒ်-

သောမနဿသံ, မနက်ပြန်, ဣင်္ဂမှီကပ်, သောမနဿ, ဥပေက္ခာသံ, ဂမ္ဘီရံ, မဇ္ဈိမှီကပ်, ဥပေက်မှတ်, မှားသူကပ်မိ, မှားယူရှိ, ဒိဋ္ဌိဖြစ်ကြောင်းရပ်။

ဥတုဘောဇန, အာဝါသနှင့်, မိတ္တစစွာ, ပြည့်စုံလာက, အသခ်ၤ - ဖြစ်ရတကြောင်းမှတ် ထိုမှပြန်ဘိ, ဒိဋ္ဌိသသင်, ဖြစ်ကြောင်းအင်၊ ဉာဏ်တွင်ပြောင်း၍ဟပ်။

အမေး။ ဣမာနိအဋ္ဌပိ၌ အပိသဒ္ဒါ၏ အနက်ကို ဖေါ်ပြ၍ ထိုအနက်ဖြင့်အဘယ်ကို ညွှန်ပြပါသနည်း။

အဖြေ။ အပိသဒ္ဒါသည် သမ္ပိဏ္ဍန အနက်ရှိပါသည်။
ထိုသမ္ပိဏ္ဍန အနက်ရှိသော အပိသဒ္ဒါဖြင့် ရသင့်သော ကမ္မပထအပြား ကာလ, ဒေသ, သန္တာန်, အာရုံစသော အပြားဖြင့် ရေတွက်သော် ထိုလောဘမူစိတ်တို့၏ များသော အပြားရှိသည်၏ အဖြစ်ကို သဗြိုဟ်ရေတွက်ရမည်ဟု ညွှန်ပြပါသည်။
(ဒေါသမူ စသည်၌ အပိသဒ္ဒါကိုလည်း ဤနည်းအတိုင်းပင် သိပါ)

မေး။ လောဘမူစိတ်၌ မောဟဖြင့် အထူးမပြုဘဲ အဘယ်ကြောင့်လောဘဟိတ်ဖြင့်သာ အထူးပြု၍ လောဘသဟဂတစိတ္တာနိနာမဟု ဆိုပါသနည်း။

ဖြေ။ မောဟသည် အကုသိုလ်စိတ် (၁၂) ပါးလုံးနှင့် ယှဉ်သောကြောင့် အထူးပြု၍ မထူးခြား လောဘသည် ဤစိတ် (၈) ပါးမှာသာ ယှဉ်သဖြင့် အထူးပြု၍ ထူးခြားသောကြောင့် ဤစိတ် (၈) ပါး မှာသာ လောဘဟိတ်ဖြင့် အထူးပြု၍ လောဘသဟဂတ စိတ္တာနိနာမဟု ဆိုပါသည်။

http://www.dhammadownload.com

ဒေါသမူစိတ်

မေး။ အဘယ်ကို ပဋိဃဟု ဆိုပါသနည်း။

ဖြေ။ အာရုံ၌ ထိပါးတတ်သော သဘောကိုပဋိဃ ဟုဆိုပါသည်။

မေး။ ဒေါမနဿသဟဂုတ်စိတ်သည် ဝေဒနာအားဖြင့် အပြားမရှိပါဘဲလျက် အဘယ်အကျိုးငှာ ဒေါမနဿသဟဂတံဟု ဝေဒနာကို အထူးပြု၍ဆိုပါသနည်း။

ဖြေ။ ဒေါမနဿသဟဂုတ်စိတ်သည် ဝေဒနာအားဖြင့် အပြားမရှိသော်လည်း တပါးသောစိတ်တို့နှင့် မဆက်ဆံ ဒေါမနဿဝေဒနာနှင့်သာ ဆက်ဆံသောစိတ်ဟု ဒေါမနဿဝေဒနာဖြင့် ဒေါမနဿသဟဂုတ်စိတ်ကို မှတ်ခြင်းအကျိုးငှာ ဒေါမနဿသဟဂတံ ဟုဝေဒနာကို အထူးပြု၍ ဆိုပါသည်။

မေး။ ဒေါမနဿသဟဂုတ်ဆိုလျှင် ပြီးကောင်းပါလျက် ပဋိဃ သမ္ပယုတ်အဖြစ်ကို အဘယ်အကျိုးငှာ ဆိုပါသနည်း။

ဖြေ။ ဒေါမနဿဝေဒနာ ဒေါသစေတသိက်တို့၏ စင်စစ်အတူတကွ ဖြစ်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ပဋိဃသမ္ပယုတ်၏ အဖြစ်ကိုဆိုပါသည်။

ဒေါမနဿနှင့် ပဋိဃတို့၏အထူး

ဒေါမနဿသည်အနိဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သောတရား၊ ပဋိဃကား ကြမ်းတမ်းခြင်း သဘောရှိသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သောတရား။ ဤသို့ထူးကြပါသည်။

မေး။ ဒေါမနဿ ပဋိဃ နှစ်ပါးတို့၏ ဖြစ်ကြောင်းကိုဖော်ပြပါ။

ဖြေ။ အလုံးစုံသော အနိဋ္ဌာရုံနှင့် တွေ့ကြုံခြင်း ရန်ငြိုးဖွဲ့ခြင်း ကိုးပါးတို့ဖြစ်ပါသည်။

ဆောင်ပုဒ်- အနိဋ္ဌာရုံ - တွေ့ကြုံ - အာဃာတ - ဒေါမန ဖြစ်ရကြောင်းနှစ်ရပ်။

http://www.dhammadownload.com,

မောဟမူစိတ်

မေး။ ဥဒ္ဓစ္စစေတသိက်သည် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ယှဉ်လျှက် နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာ ဥဒ္ဓစ္စသမ္ပယုတ္တံဟု အဘယ်ကြောင့်ဆိုပါသနည်း။

ဖြေ။ ဥဒ္ဓစ္စစေတသိက်သည်အလုံးစုံသော အကုသိုလ်စိတ်တို့၌ယှဉ်သော်လည်း မပြဋ္ဌာန်းဤနောက်ဆုံးဖြစ်သော စိတ်၌ကား မိမိပြဋ္ဌာန်းအား ရှိလေသောကြောင့် - နောက်ဆုံးဖြစ်သော စိတ်၌သာ ဥဒ္ဓစ္စဖြင့်အထူးပြု၍ ဥဒ္ဓစ္စသမ္ပယုတ္တံဟု ဆိုပါသည်။

မေး။ မောဟမူစိတ်တို့၌ ဝေဒနာမပြားမှု၍ ဥပေက္ခာဝေဒနာသာ ဖြစ်ရခြင်းအကြောင်းရေးပါ။

ဖြေ။ မောဟမူစိတ်တို့သည် ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ လောဘမူစိတ်ကဲ့သို့ တပ်ခြင်းမရှိ အနိဋ္ဌာရုံ၌ ဒေါသမူစိတ်ကဲ့သို့ ပြစ်မှားခြင်းမရှိသောကြောင့် ဥပေက္ခာဝေဒနာသာ ဖြစ်ရပါသည်။

မေး။ မောဟမူစိတ်သည်အဘယ့်ကြောင့် တပ်ခြင်း ပြစ်မှားခြင်းမရှိပါသနည်း။

ဖြေ။ အလွန်တွေဝေသောကြောင့် တပ်ခြင်းမရှိ။ တုန်လှုပ်သောကြောင့် ပြစ်မှားခြင်းမရှိပါ။

မေး။ မောဟမူစိတ်တို့၏ အလွန်တွေဝေ၍ တုန်လှုပ်ခြင်းအကြောင်းကိုဖြေပါ။

ဖြေ။ လောဘဒေါသမူမှ ကင်း၍ မောဟတပါးသာရှိသောကြောင့် အလွန်တွေဝေ၍ ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်ခြင်းကြောင့် တုန်လှုပ်ကြပါသည်။

မေး။ မောဟမူစိတ်တို့၌ သင်္ခါရအပြားမရှိခြင်းအကြောင်းရေးပါ။

ဖြေ။ အာရုံကိုမဆုံးဖြတ်နိုင်ခြင်း အာရုံ၌ပျံ့လွင့်ခြင်းရှိသည်ဖြစ်၍ သဘောအားဖြင့်ထက်သည်၏ အဖြစ်ကို တိုက်တွန်းအပ်သည်၏ အဖြစ်မရှိသောကြောင့် မောဟမူစိတ်တို့၌ သင်္ခါရအပြားမရှိပါ။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် အကုသိုလ်မည်ပါသနည်း။ ထင်ရှားအောင်ပြပါ။

ဖြေ။ မိတ်ဆွေ၏ ဆန့်ကျင်ဘက်သည် ရန်သူမည်သကဲ့သို့ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အကုသိုလ်မည်ပါသည်။

(ပဟာယက ပဟာတဗ္ဗ ပယ်တတ်ပယ်အပ်အဖြစ်ဖြင့် ဆန့်ကျင်သည်)

အဟိတ်စိတ်သည်

၁။ အကုသလဝိပါက်စိတ်

၂။ အဟိတ်ကုသလဝိပါက်စိတ်

၃။ အဟိတ်ကြိယာစိတ် ပေါင်း အကျဉ်း (၃) မျိုး

အကုသလဝိပါက်စိတ် (၇) ပါးဟူသည်

၁။ ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်တခု

၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တခု

၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တခု

၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တခု

၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တခု

၆။ ဥပေက္ခာသဂုတ် သမ္ပဋိစ္ဆိုင်းစိတ်တခု

၇။ ဥပေက္ခာ သဟဂုတ် သန္တီရဏာစိတ်တခု ပေါင်း အကုသလဝိပါက်စိတ် (၇) ပါး

အကုသလဝိပါကစိတ် (၇) ပါးမှာ ဥပေက္ခာဝေဒနာ (၆) ပါး၊ ဒုက္ခဝေဒနာ (၁) ပါး ပေါင်း ဝေဒနာအပြား (၇) ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

အဟိတ်ကုသလဝိပါက်စိတ်ဟူသည်

၁။ ဥပေက္ခာ သဟဂုတ်၊ စက္ခုဝိညာဏ်စိတ်တခု

၂။ ဥပေက္ခာ သဟဂုတ်၊ သောတဝိညာဏ်စိတ်တခု

၃။ ဥပေက္ခာသဟဂုတ်၊ ဃာနဝိညာဏ်စိတ်တခု

၄။ ဥပေက္ခာသဟဂုတ်၊ ဇိဝှါဝိညာဏ်စိတ်တခု

၅။ သုခသဟဂုတ်၊ ကာယဝိညာဏ်စိတ်တခု

၆။ ဥပေက္ခာသဟဂုတ်၊ သမ္ပဋိစ္ဆိုင်းစိတ်တခု

၇။ သောမနဿသဟဂုတ်၊ သန္တီရဏစိတ်တခု

၈။ ဥပေက္ခာသဟဂုတ်၊ သန္တီရဏစိတ်တခု

ပေါင်း အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး

အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးမှာ

ဥပေက္ခာဝေဒနာ (၆) ပါး သောမနဿဝေဒနာ (၁) ပါး သုခဝေဒနာ (၁) ပါး ပေါင်း (၈) ပါး။

အဟိတ်ကြိယာစိတ်ဟူသည်

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု

၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်း စိတ်တခု

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်တခု

ပေါင်း အဟိတ်ကြိယာစိတ် (၃) ပါး

အဟိတ်ကြိယာစိတ် (၃) ပါးမှာ ဥပေက္ခာဝေဒနာ (၂) ပါး သောမနဿဝေဒနာ (၁) ပါး ပေါင်း (၃) ပါး

ဣစ္စေဝံ သဗ္ဗထာပိ (လ) သမတ္တာနိကား အဟိတ်စိတ် (၁၈) ပါး တို့၏ နိဂုံးကိုပြသည်။

http://www.dhammadownload.com

သတ္တာကုသလပါကာနိ	အကုသလဝိပါက်စိတ် (၇) ပါး
ပုညပါကာနိအဋ္ဌဓာ	အဟိတ်ကုသလဝိပါတ်စိတ် (၈) ပါး
ကြိယာစိတ္တာနိတီဏိ	အဟိတ်ကြိယာစိတ် (၃) ပါး
ပဋ္ဌာရသအဟေတုကာ	အဟိတ်စိတ်ပေါင်း (၁၈) ပါး

အဟိတ်စိတ် (၁၈) ပါးမှာ

ဝေဒနာအကျဉ်အားဖြင့်

၁။ **သောမနဿဝေဒနာ**

၂။ ဥပေက္ခာဝေဒနာ

၃။ သုခဝေဒနာ

၄။ ဒုက္ခဝေဒနာ

ပေါင်း (၄) ပါး

အဟိတ်စိတ် (၁၈) ပါးမှာ ဝေဒနာအပြား

သောမနဿဝေဒနာ	(၂) ပါး
ဥပေက္ခာဝေဒနာ	(၁၄) ပါး
သုခဝေဒနာ	(၁) ပါး
ဒုက္ခဝေဒနာ	(၁) ပါး
ပေါင်း	(၁၈) ပါး

အမေး။ အဘယ့်ကြောင့် အဟိတ်စိတ်ဟု ခေါ်ပါသနည်း။

အဖြေ။ ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ်ဟုခေါ်ပါသည်။

http://www.dhammadownload.com

အမေး။ အဟိတ်စိတ် (၁၈) ပါး တို့ကို သသင်္ခါရိက အသင်္ခါရိကသမ္ပယုတ်၊ ဝိပ္ပယုတ်မဆိုသင့်ခြင်း အကြောင်း

အဖြေ။ ဘုံပိုင်း အသင်္ခါရံ သသင်္ခါရဝိပါကာနိ နပစ္စတိ ဂါထာ၀ယ် အသင်္ခါရ သသင်္ခါရခွဲရာ၌ အဟိတ်စိတ်များကို နှစ်ပါးလုံး၌ ထည့်၍မပြောခြင်းကြောင့်လည်းကောင်း၊ ပါဠိတော် အဋ္ဌကထာတို့ ၌ အထူးမဆိုခြင်းကြောင့်လည်းကောင်း၊ အသင်္ခါရိက သသင်္ခါရိက၊ သမ္ပယုတ် ဝိပ္ပယုတ်ခွဲရာ၌ စိတ်သရုပ်ကွဲပြားခြားနားမှုလည်း မရှိသောကြောင့် လည်း ကောင်း၊ အသင်္ခါရိက သသင်္ခါရိက သမ္ပယုတ် ဝိပ္ပယုတ် မဟုတ်ဟူ၍သာ မှတ်ရပါသည်။

အမှာ- နောက်ဆရာအချို့က အဟိတ်စိတ်ထဲကို အသင်္ခါရိကစိတ်, ဝိပ္ပယုတ်စိတ်ဟု ရေတွက်ကြသေး သည်။

ဋီကာ

အမေး။ အကုသလဝိပါက်စိတ်သည် အကုသိုလ်၏ အကျိုးတစ်ပါးတည်းဖြစ်သင့်လျှက် အဘယ့် ကြောင့် (၇) ပါးပြားရပါသနည်း။

အဖြေ။ အကုသိုလ်၏ အကျိုးတစ်ပါးတည်းဖြစ်သင့်သော်လည်း စက္ခုအစရှိသောမှီရာ သမ္ပဋိစ္ဆိုင်း အစရှိသော ကိစ္စတို့၏ အပြားအားဖြင့် ပြားသောကြောင့် (၇) ပါးပြား ရပါသည်။

မေး။ အဟိတ်ကုသလဝိပါက်စိတ်၌ သန္တီရဏ (၂) ပါး ဆိုရခြင်းအကြောင်းကို စုံလင်စွာ ရေးသားပါ။

ဖြေ။ ဣဋ္ဌာရုံ၌ သောမနဿဝေဒနာ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာဖြစ်၍ ဣဋ္ဌာရုံ ဣဋ္ဌ မဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့် သောမနဿ ဥပေက္ခာဝေဒနာ (၂) ပါး ပြားသင့်သောကြောင့် (၂) ပါး ဆိုပါသည်။

မေး။ စက္ခုဝိညာဏ်ဒွေး (၀) ဇိဝှါဝိညာဏ်ဒွေးတို့၌ ဥပေက္ခာဝေဒနာဖြစ်ရခြင်း အကြောင်းကို ရေးသားပါ။

ဖြေ။ ဝတ္ထုအာရုံထိခိုက်ခြင်းအားနည်းသောကြောင့် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ပင် ၄င်းလေးခွေးတို့သည် ဥပေက္ခာသဟဂုတ်သာဖြစ်ရပါသည်။

မေး။ ကာယဝိညာဏ်ခွေးသည် ဥပေက္ခာသဟဂုတ်မဖြစ်ဘဲ အဘယ့်ကြောင့်ဒုက္ခ သုခသဟဂုတ်ဖြစ်ရပါသနည်း။

ဖြေ။ ဝတ္ထုအာရုံတို့ အချင်းချင်းထိခိုက်ခြင်းအားရှိသောကြောင့် ကာယဝိညာဏ်ခွေးသည် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂုတ် ဣဋ္ဌရုံ၌ သုခသဟဂုတ်ဖြစ်ရပါသည်။

မေး။ သမ္ပဋိစ္ဆိုင်းခွေးသည် အဘယ်ကြောင့် ဥပေက္ခာသဟဂုတ်သာဖြစ်ပါသနည်း။

ဖြေ။ သမ္ပဋိစ္ဆိုင်းခွေးသည် မိမိနှင့်တူသော မှီရာအစရှိသော စက္ခုဝိညာဏ်စသည်တို့၏ အခြားမဲ့၌ဖြစ်ရ၍ တူသောမှီရာရှိသော စိတ်မှ အနန္တရပစ္စည်းကို မရသဖြင့်အားနည်းခါ အာရုံ၏ အရသာကိုမခံစားနိုင်သောကြောင့် အလုံးစုံသောအာရုံတို့၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

မေး။ သမ္ပဋိစ္ဆိုင်းခွေးသည် ဥပေက္ခာသဟဂုတ်ဖြစ်သကဲ့သို့ မဖြစ်ဘဲ ကုသလဝိပါက်သန္တီရဏာသည် အဘယ့်ကြောင့် သောမနဿ ဥပေက္ခာဖြစ်ရပါသသနည်း။

ဖြေ။ တူသော မှီရာရှိသော သမ္ပဋိစ္ဆိုင်းစိတ်မှ အာသေဝနပစ္စည်းကို ရ၍ အားရှိသောကြောင့် ကုသလ ဝိပါတ် သန္တီရဏသည် ဣဋ္ဌာရုံ၌ သောမနဿ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဖြစ်ရပါသည်။

မေး။ အာဝဇ္ဇန်းခွေးသည် သုခ ဥပေက္ခာ (၂) ပါး မဖြစ်ဘဲ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရခြင်းအကြောင်းကိုရေးသားပါ။

ဖြေ။ ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှာ မစွမ်းနိုင်သောကြောင့် (သုခေါပေက္ခ) သုခ ဥပေက္ခာမဖြစ်ဘဲ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။

http://www.dhammadownload.com

မေး။ အဟိတ်ကုသလဝိပါက်စိတ်၌ **ဖြစ်စေတတ်သော ဇနကဟိတ်**ရှိ၍ သဟိတ်စိတ်ဟု ခေါ်သင့်လျှက် မခေါ်ဘဲ အဘယ့်ကြောင့် **အဟိတ်စိတ်ဟုခေါ်**ပါသနည်း။

ဖြေ။ အဟိတ်ကုသလဝိပါက်စိတ်၌ဖြစ်စေတတ်သော **ဇနက ဟိတ်**ရှိသော်လည်း ယှဉ်ဘော် ယှဉ်ဘက်သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ်စိတ်ဟုခေါ်ပါသည်။

မေး။ ကုသလဝိပါက်စိတ်၏ နိဂုံး၌ အဘယ့်ကြောင့် အဟေတုက သဒ္ဒါဖြင့်အထူးပြု၍ ဆိုပါသနည်း။

ဖြေ။ ကုသလဝိပါက်စိတ်သည် သဟိတ်အဟိတ် နှစ်မျိုး၌ရှိ၍ သဟိတ်ကုသလဝိပါက်စိတ်နှင့် **ကွဲပြားအောင် အဟေတုက**သဒ္ဒါကို အထူးပြု၍ ဆိုထားပါသည်။

မေး။ **အကုသလဝိပါက်စိတ်၏** နိဂုံး၌ အဟေတုကသဒ္ဒါဖြင့် အထူးပြု၍ မဆိုရပုံရှင်းပြပါ။

ဖြေ။ အကုသလဝိပါက်စိတ်ကား အဟိတ်တမျိုးသာရှိ၍ အဟိတ်လော သဟိတ်လောဟု ယုံမှားဘွယ်မရှိသောကြောင့် အဟေတုကသဒ္ဒါဖြင့် အထူးပြု၍ မဆိုရပါ။

မေး။ အဘယ်ကြောင့်မနောဒွါရ မနောဒွါရာဝဇ္ဇနမည်ပါသနည်း။

ဖြေ။ ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် မနောဒွါရမည်ပါသည်။ မနောဒွါရ၌ ထင်မြင်လာသော အာရုံကို ဆင်ခြင်တတ် ဝီထိစိတ်ဖြစ်စေရန် ညွတ်စေတတ်သော ကြောင့် မနောဒွါရဝဇ္ဇနမည်ပါသည်။

မေး။ (က) ဝတ္ထုဘေဒစိတ် (ခ) ဒွါရဘေဒစိတ် (ဂ) ကိစ္စဘေဒစိတ် (ဃ) ကိစ္စဝေဒနာဘေဒ စိတ် (င) ကိစ္စဒွါရဘေဒစိတ်များကို အသီးသီးဖော်ပြပါ။

ဖြေ။ (က) ဒွေပဥ္စဝိညာဏ် ၁၀၊ (ခ) ဒွေပဥ္စဝိညာဏ် (၁၀)၊ (ဂ) ဒွေပဥ္စဝိညာဏ် (၁၀)၊ သမ္ပဋိစ္ဆိုင်း ဒွေး ဟသိတုပ္ပါဒ် (ဃ) သန္တီရဏသုံးခု (င) အာဝဇ္ဇန်းဒွေးတို့ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် အဟိတ်စိတ် ၁၈ ပါး ပြားရပါသနည်း။

ဖြေ။ စက္ခုအစရှိသောမှီရာ သမ္ပဋိစ္ဆိုင်းအစရှိသောကိစ္စ အာဝဇ္ဇန်းအစရှိသောကိစ္စပြားသော ကြောင့် အဟိတ်စိတ် ၁၈ ပါး ပြားရပါသည်။

မေး။ အဘယ်ကိုအသောဘနစိတ်ဟုခေါ်ပါသနည်း။

ဖြေ။ အကုသိုလ်စိတ် ၁၂ ပါး **အဟိတ်စိတ် ၁၈ ပါး** ပေါင်း ၃၀ သောစိတ်တို့ကို အသောဘန စိတ်ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့်**အသောဘနစိတ်**မည်ပါသနည်း။

ဖြေ။ အကုသိုလ်**စိတ် ၁၂ ပါးသည်** လောဘအစရှိသောအပြစ်နှင့်တကွ ဖြစ်သောဟိတ်များ နှင့်ယှဉ်သော**ကြောင့်**၄င်း အဟိတ်စိတ် ၁၈ ပါးသည် အလောဘအစရှိသော အပြစ်မရှိ သောဟိတ်များနှင့်မယှဉ်သောကြောင့်၄င်း အသောဘနစိတ်မည်ကြပါသည်။

အသောဘနစိတ် (၃၀) မှာ ဝေဒနာအကျဉ်း

၁။ သောမနဿဝေဒနာ ၂။ ဥပေက္ခာဝေဒနာ ၃။ ဒေါမနဿဝေဒနာ
၄။ သုခဝေဒနာ ၅။ ဒုက္ခဝေဒနာ အားဖြင့် ၅ မျိုး

အသောဘန စိတ် (၃၀) မှာ ဝေဒနာအပြား

သောမနဿဝေဒနာ	၆ ပါး
ဥပေက္ခာဝေဒနာ	၂၀ ပါး
ဒေါမနဿဝေဒနာ	၂ ပါး
သုခဝေဒနာ	၁ ပါး
ဒုက္ခဝေဒနာ	၁ ပါး
ပေါင်း	၃၀ ပါး

http://www.dhammadownload.com

သမ္ပယောဂအပြား	သမ္ပယုတ်	၈ ပါး
	ဝိပ္ပယုတ်	၄ ပါး
သမ္ပယုတ်-ဝိပ္ပယုတ်မဆိုရသောစိတ်		၁၈ ပါး
	ပေါင်း	**၃၀ ပါး**

သင်္ခါရအပြား	အသင်္ခါရိကစိတ်	၅ ပါး
	သသင်္ခါရိကစိတ်	၅ ပါး
အသင်္ခါရိက သသင်္ခါရိက လွတ်သောစိတ်		၂၀ ပါး
	ပေါင်း	**၃၀ ပါး**

ကာမသောဘနစိတ် ၂၄ ပါး

ပါပါဟေတုကမုတ္တာနိစသောဂါထာကား

အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ တပါးကြွင်းကျန်သောစိတ်အကျဉ်း (၅၉) ပါး၊ အကျယ် (၉၁) ပါးသောစိတ်တို့ကို သောဘနစိတ်မည်၏ဟု အမည်ပေးကြသောဂါထာဖြစ်သည်။

မဟာအကုသိုလ်စိတ် ၈ ပါး ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်တခု

၂။ သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်သသင်္ခါရိကစိတ်တခု

၃။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်အသင်္ခါရိကစိတ်တခု

၄။ သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ်သသင်္ခါရိကစိတ်တခု

၅။ ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်တခု

၆။ ဥပေက္ခာသဟဂုတ်ဉာဏသမ္ပယုတ်သသင်္ခါရိကစိတ်တခု

၇။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ်အသင်္ခါရိကစိတ်တခု

http://www.dhammadownload.com

၈။ ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ်သသင်္ခါရိကစိတ်တခု

ပေါင်း မဟာကုသိုလ်စိတ် ၈ ပါး

မဟာကုသိုလ်စိတ်အတူ - မဟာဝိပါက်စိတ်လည်း ၈ ပါး

မဟာကြိယာစိတ်လည်း - ၈ ပါးစီရှိ၏။

မဟာဝိပါက် - မဟာကြိယာစိတ်တို့ရေတွက်ပုံမှာ မဟာကုသိုလ်စိတ် ၈ ပါး ရေတွက်နည်းအတိုင်းရေတွက်ပါ။ နည်းတူရေတွက်ပါလေ။

မဟာကုသိုလ်စိတ် ၈ ပါး မှာ သောမနဿဝေဒနာ ၄ ပါး

ဥပေက္ခာဝေဒနာ ၄ ပါး ပေါင်း ဝေဒနာအပြား ၈ ပါး

သမ္ပယုတ် ၄ ပါး ဝိပ္ပယုတ် ၄ ပါး ပေါင်း ၈ ပါး

မဟာကုသိုလ်စိတ် ၈ ပါးမှာ

အသင်္ခါရိကစိတ် ၄ ပါး - သသင်္ခါရိကစိတ် ၄ ပါး ပေါင်း ၈ ပါး

မဟာဝိပါက် - မဟာကြိယာစိတ်တို့၌ ဝေဒနာယောဂ သင်္ခါရအပြားတို့ကို မဟာကုသိုလ်နည်းတူရေတွက်ပါ။

မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး ပေါင်း ကာမသောဘနစိတ် ၂၄ ပါးရှိ၏။

ကာမသောဘနစိတ် ၂၄ ပါးမှာ

ဝေဒနာအပြား	မဟာကုသိုလ်သောမနဿ	၄ ပါး
	မဟာဝိပါက်သောမနဿ	၄ ပါး
	မဟာကြိယာသောမနဿ	၄ ပါး
	မဟာကုသိုလ်ဥပေက္ခာဝေဒနာ	၄ ပါး
	မဟာဝိပါက်ဥပေက္ခာဝေဒနာ	၄ ပါး
	မဟာကြိယာဥပေက္ခာဝေဒနာ	၄ ပါး
	ပေါင်း	၂၄ ပါး

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

သမ္ပယောဂအပြား	မဟာကုသိုလ်သမ္ပယုတ်	၄ ပါး
	မဟာဝိပါက်သမ္ပယုတ်	၄ ပါး
	မဟာကြိယာသမ္ပယုတ်	၄ ပါး
	မဟာကုသိုလ်ဝိပ္ပယုတ်	၄ ပါး
	မဟာဝိပါက်ဝိပ္ပယုတ်	၄ ပါး
	မဟာကြိယာဝိပ္ပယုတ်	၄ ပါး
	ပေါင်း	**၂၄ ပါး**

သင်္ခါရအပြားပေါင်း၍ခွဲပုံ	မဟာဝိပါက် အသင်္ခါရိကစိတ်	၄ ပါး
	မဟာကုသိုလ် အသင်္ခါရိက	၄ ပါး
	မဟာကြိယာ အင်္ခါရိက	၄ ပါး
	မဟာကုသိုလ် သသင်္ခါရိကစိတ်	၄ ပါး
	မဟာဝိပါက်သသင်္ခါရိက	၄ ပါး
	မဟာကြိယာသသင်္ခါရိက	၄ ပါး
	ပေါင်း	**၂၄ ပါး**

ဝေဒနာအပြားပေါင်း၍ခွဲပုံ

	သောမနဿဝေဒနာ	၁၂ ပါး
	ဥပေက္ခာဝေဒနာ	၁၂ ပါး
	ပေါင်း	**၂၄ ပါး**

ယောဂအပြား	သမ္ပယုတ်	၁၂ ပါး
	ဝိပ္ပယုတ်	၁၂ ပါး
	ပေါင်း	**၂၄ ပါး**

http://www.dhammadownload.com

သင်္ခါရအပြား	အသင်္ခါရိကစိတ်	၁၂ ပါး
	သသင်္ခါရိကစိတ်	၁၂ ပါး
	ပေါင်း	**၂၄ ပါး**

ဝေဒနာ ဉာဏ သင်္ခါရဘေဒေနစသော ဂါထာ၌ဆိုလိုရင်းအဓိပ္ပာယ် -

ကုသိုလ်အမည် ၁ ခုကိုတည်၍ သောမနဿ ဝေဒနာ ဥပေက္ခာဝေဒနာ ၂ ပါး နှင့်မြှောက်က ဒုဝိဓတ္တာအရ ၂ ပါးဖြစ်၏။ ၄င်း ၂ ပါးကို တည် ဉာဏ သမ္ပယုတ် ဝိပ္ပယုတ် ၂ ပါး နှင့်မြှောက်က စတုဗ္ဗိ ဓတ္တာ အရ ၄ ပါး ဖြစ်၏။ ၄င်း ၄ ပါးကိုတည် အသင်္ခါရိက သသင်္ခါရိက ၂ ပါးနှင့် မြှောက်က အဋ္ဌဝိဓတ္တာအရ (၈) ပါး ဖြစ်၏။ ၄င်းနည်းကား ကုသိုလ်ချည်းသက်သက်ပြသောနည်းဖြစ်သည်။

အပေါင်းနည်းကား

ကုသိုလ် ဝိပါက် ကြိယာ အမည် ၃ ပါးကိုတည် ဝေဒနာ ၂ ပါး နှင့်မြှောက်က ဆ-အရ ၆ပါး ဖြစ်၏။ ၄င်း ၆ ပါးကိုပြန်တည် သမ္ပယုတ် ဝိပ္ပယုတ် နှစ်ပါးနှင့်မြှောက်က ဒွါဒသအရ ၁၂ ပါး ဖြစ်၏။ ၄င်း ၁၂ ပါးကိုတည် သင်္ခါရ ၁၂ ပါးနှင့်မြှောက်က စတုဝီသတိအရ ၂၄ ပါးဖြစ်၏။ ဤကား ဂါထာအတိုင်း ဆိုလိုရင်းဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် ကာမသောဘန စိတ် ၂၄ ပါး ပြားရပါသနည်း။

ဖြေ။ ဝေဒနာအပြား ဉာဏ်အပြား သင်္ခါရ အပြား ပြားသောကြောင့် ကာမသောဘနစိတ် ၂၄ ပါး ပြားရပါသည်။

အသောဘဏစိတ် ၃၀ ကာမသောဘဏ စိတ် ၂၄ ပါး ပေါင်း ၅၄ ပါးကို ကာမစိတ်ဟု ခေါ်သည်။

ကာမစိတ် ၅၄ ပါး မှာ –

ဝေဒနာအပြား	သောမနဿဝေဒနာ	၁၈ ပါး
	ဥပေက္ခာဝေဒနာ	၃၂ ပါး
	ဒေါမနဿဝေဒနာ	၂ ပါး

http://www.dhammadownload.com

	ဒုက္ခဝေဒနာ	၁ ပါး
	သုခဝေဒနာ	၁ ပါး
	ပေါင်း	**၅၄ ပါး**
သမ္ပယောဂအပြား	သမ္ပယုတ်စိတ်	၂၀ ပါး
	ဝိပ္ပယုတ်စိတ်	၁၆ ပါး
	သမ္ပယုတ် ဝိပ္ပယုတ်မဆိုရသောစိတ်	၁၈ ပါး
	ပေါင်း	**၅၄ ပါး**
သင်္ခါရအပြား	အသင်္ခါရိကစိတ်	၁၇ ပါး
	သသင်္ခါရိကစိတ်	၁၇ ပါး
အသင်္ခါရိက - သသင်္ခါရိက မဆိုရသောစိတ်		၂၀ ပါး
	ပေါင်း	**၅၄ ပါး**
တေဝီသပါကာနိအရ	အဟိတ်ဝိပါက်	၁၅ ပါး
	မဟာဝိပါက်စိတ် ၈ ပါး ပေါင်း	၂၃ ပါး
ပုညာပုညာနိဝီသတိအရ	အကုသိုလ်စိတ်	၁၂ ပါး
	မဟာကုသိုလ်စိတ် ၈ ပါး ပေါင်း	၂၀ ပါး
ဧကာဒသကြိယာအရ	အဟိတ်ကြိယာစိတ်	၃ ပါး
	မဟာကြိယာစိတ် ၈ ပါး ပေါင်း	၁၁ ပါး
စတုပညာသအရ	ကာမစိတ်	၅၄ ပါး

ငှင်းဂါထာကား ကာမစိတ် ၅၄ ပါးလုံးပေါင်းရုံး၍ပြသော ဇာတိဘေဒသင်္ဂဟဂါထာ ဖြစ်သည်။

http://www.dhammadownload.com

ဋီကာ

မေး။ အဘယ်ကြောင့် သောဘန မည်ပါသနည်း။

ဖြေ။ သောဘဏဂုဏ်ကိုဆောင်တတ်သောကြောင့်၄င်း၊ အလောဘအစရှိသော အပြစ်မရှိသော ဟိတ်တို့နှင့်ယှဉ်သောကြောင့်၄င်း၊ သောဘနစိတ်ဟုခေါ်ပါသည်။

မေး။ မဟာကုသိုလ်စိတ်၌ သောမနဿ ဥပေက္ခာဖြစ်ခြင်းအကြောင်းကိုရှင်းပြပါ။

ဖြေ။ အားကြီးသောသဒ္ဓါတရားရှိခြင်း၊ ပညာအမြော်အမြင်တို့နှင့်ပြည့်စုံခြင်းစသည်တို့ကား သောမနဿဖြစ်ခြင်းအကြောင်းများဖြစ်ပါသည် - (ထိုမှပြန်၍ဥပေက္ခာဖြစ်ကြောင်းများကိုလည်းသိပါ)

မေး။ ဉာဏသမ္ပယုတ် ဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းကို ရှင်းပြပါ။

ဖြေ။ ပညာကိုဖြစ်စေတတ်သော ကံကိုဆည်းပူးခဲ့ခြင်း၊ အနှောက်အယှက်ကင်းသော ဗြဟ္မာဘုံ၌ဖြစ်ခြင်း၊ ဣန္ဒြေရင့်ခြင်း ကိလေသာတို့မှဝေးခြင်း ဤကား ဉာဏသမ္ပယုတ်ဖြစ်ခြင်း အကြောင်းများဖြစ်ပါသည်။ (ထိုမှပြန်၍ ဉာဏဝိပ္ပယုတ်ဖြစ်ကြောင်းများကိုသိပါ)

မေး။ အသင်္ခါရိက သသင်္ခါရိကတို့၏ ဖြစ်ခြင်းအကြောင်းကို ရှင်းပြပါ။

ဖြေ။ ကျောင်းအိပ်ရာနေရာလျောက်ပတ်သည်၏ အစွမ်းဖြင့်ကိုယ်စိတ် ၂ ပါး ခန့်ကျန်းခြင်း၊ ရှေးဘဝက အလှူစသည်တို့၌ပြုဘူးသော လေ့ကျက်မှုရှိခြင်း ဤကား အသင်္ခါရိကဖြစ်ကြောင်းများဖြစ်ပါသည်။ (ထိုမှပြန်၍သသင်္ခါရိကဖြစ်ကြောင်းများကိုသိပါ)

မေး။ ကာမာဝစရဝိပါက် ကြိယာစိတ် တို့၌ သဟေတုကသဒ္ဒါဖြင့် အထူးပြုသကဲ့သို့ မဟာကုသိုလ်စိတ်၌ အထူးမပြုခြင်းအကြောင်းကို ရှင်းပြပါ။

ဖြေ။ ကာမာဝစရကုသိုလ်စိတ်သည် စင်စစ်သဟိတ်ဖြစ်သောကြောင့် ထိုကုသိုလ်စိတ်ကို သဟေတုကသဒ္ဒါဖြင့် အထူးမပြုပါ။

http://www.dhammadownload.com

မေး။ မဟာဝိပါက်စိတ်တို့၌ သောမနဿဥပေက္ခာဖြစ်ခြင်းအကြောင်းကိုရေးပါ။

ဖြေ။ ဣဋ္ဌာရုံသည် သောမနဿဖြစ်ခြင်း၏အကြောင်းဖြစ်၍ ဣဋ္ဌမဇ္ဈတ္တာရုံသည် ဥပေက္ခာ ဖြစ်ခြင်း ၏အကြောင်းဖြစ်ပါသည်။

မေး။ မဟာဝိပါက်စိတ်တို့၌ သမ္ပယုတ် ဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းများကိုရေးပါ။

ဖြေ။ ပဋိသန္ဓေဘဝင် စုတိ၏အစွမ်းဖြင့်ဖြစ်သောအခါ ပဋိသန္ဓေကို ပေးတတ်သောကံသည် တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဖြစ်ခြင်း တဒါရုံဖြစ်သောအခါ ဉာဏသမ္ပယုတ်ဇော နောင်ဖြစ် ခြင်း ပဝတ္တိအကျိုးကိုပေးသောကံသည် ဗလဝဖြစ်ခြင်းတို့ကား ဉာဏသမ္ပယုတ်ဖြစ်ခြင်း အကြောင်းတို့ဖြစ်ပါသည်။

ပဋိသန္ဓေဘဝင် စုတိ တို့၏အစွမ်းဖြင့်ဖြစ်သောအခါ ပဋိသန္ဓေကိုပေးတတ်သော ကံသည် တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံဖြစ်ခြင်း၊ တဒါရုံဖြစ်သောအခါ ဉာဏ ဝိပ္ပယုတ်ဇောနောင်ဖြစ်ခြင်း၊ ပဝတ္တိအကျိုးကိုပေးသောကံသည် ဒုဗ္ဗလဖြစ်ခြင်းတို့ကား ဉာဏဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းတို့ဖြစ်ပါသည်။

(အသင်္ခါရိက သသင်္ခါရိက ဖြစ်ကြောင်းများကို ဋီကာမှာကြည့်ပါ)။

မေး။ မဟာဝိပါက်စိတ်၌ အသင်္ခါရိက သသင်္ခါရိက ဖြစ်ခြင်းအကြောင်းများကို ဖော်ပြပါ။

ဖြေ။ မိမိပယောဂသူတစ်ပါးပယောဂကိုကြည့်၍ သေခါးနီးကာလ၌ထင်လာသော ကံ ကမ္မ နိမိတ်ဂတိနိမိတ် အာရုံတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊ မွန်မြတ်သော ဥတုဘောဇဉ် အာဝါသ၊ ကျောင်းအိပ်ရာနေရာနှင့်တွေ့ကြုံခြင်းတို့ကား အသင်္ခါရိကဖြစ်ခြင်းအကြောင်း တို့ဖြစ်ပါ သည်။

မိမိပယောဂ သူတစ်ပါးပယောဂ နှင့်တကွ သေခါနီးကာလ၌ထင်လာသော ကံ ကမ္မနိမိတ် - ဂတိနိမိတ် အာရုံတို့တွင်တစ်ပါးပါးဖြစ်ခြင်း၊ ယုတ်ညံ့သော ဥတုဘောဇဉ် အာဝါသကျောင်းအိပ်ရာနေရာနှင့် တွေ့ကြုံခြင်းတို့ကား သသင်္ခါရိကဖြစ်ခြင်းအကြောင်း တို့ဖြစ်ပါသည်။

http://www.dhammadownload.com

မေး။ ဝေဒနာဉာဏ သင်္ဂြိုဟ်ဘေဒနေ၌ ဉာဏဘေဒ သင်္ဂြိုဟ်ဘေဒ ဖြစ်နိုင်ပုံ ဥပမာဖြင့်ပြဆို ရှင်းလင်းပါ။

ဖြေ။ ဝပြောခြင်း၊ ငတ်မွတ်ခြင်းကို မိုဃ်းတစ်ခုတည်းကပြသကဲ့သို့ ဉာဏ်သင်္ဂြိုဟ်ရတို့၏ ရှိခြင်းသဘော၊ မရှိခြင်းသဘောဟုဆိုအပ်သောအပြားကို ဉာဏ်သင်္ဂြိုဟ်ရတို့ပင် ပြုအပ်သောကြောင့် ဉာဏဘေဒ သင်္ဂြိုဟ်ရဘေဒ ဖြစ်ပါသည်။

ရူပါဝစရစိတ် ၁၅ ပါး

ရူပါဝစရကုသိုလ်စိတ် ၅ ပါး၊ ဝိပါက်စိတ် ၅ ပါး၊ ကြိယာစိတ် ၅ ပါး ပေါင်း ၁၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန် အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်ကုသိုလ်စိတ်တခု

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ လေးပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်ကုသိုလ်စိတ်တခု

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ သုံးပါးနှင့်တကွဖြစ်သော တတိယဈာန်ကုသိုလ်စိတ်တခု

၄။ သုခ ဧကဂ္ဂတာဈာန်အင်္ဂါ နှစ်ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန်ကုသိုလ်စိတ်တခု

၅။ ဥပေက္ခာ ဧကဂ္ဂတာဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်ကုသိုလ်စိတ်တခု

ပေါင်း ရူပါဝစရကုသိုလ်စိတ် ၅ ပါး

၁။ ဝိတတ်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးနှင့်တကွဖြစ်သော ပဌမဈာန် ဝိပါတ်စိတ်တခု

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော ဒုတိယဈာန်ဝိပါတ်စိတ်တခု

၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့်တကွဖြစ်သော တတိယဈာန် ဝိပါတ်စိတ်တခု

၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန်ဝိပါတ်စိတ်တခု

၅။ ဥပေက္ခာ ဧကဂ္ဂတာဈာန်အင်္ဂါ နှစ်ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန်ဝိပါတ်စိတ်တခု

ပေါင်း ရူပါဝစရဝိပါက်စိတ် ၅ ပါး

http://www.dhammadownload.com

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော ပဌမစျာန်ကြိယာစိတ်တခု စသည်ဖြင့် ရူပကြိယာစိတ် ၅ ပါးကိုလည်း ရူပကုသိုလ် ဝိပါက်စိတ်များနည်းတူရေတွက်ပါ။

ရူပ ကုသိုလ်စိတ် ၅ ပါး၊ ဝိပါက်စိတ် ၅ ပါး၊ ကြိယာစိတ် ၅ ပါး ပေါင်းက ရူပစိတ် ၁၅ ပါး ရူပစိတ် ၁၅ ပါးတို့တွင် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တိုင်အောင် သုခေကဂ္ဂတာ သဟိတံဟုဆိုသောကြောင့် ရှေ့စျာန်လေးပါးတို့ကို သုခသဟဂုတ်ယူပါ။

ဥပေက္ခေကဂ္ဂတာသဟိတံ ဟုဆိုသောကြောင့် နောက်ဆုံး ပဥ္စမစျာန်များကို ဥပေက္ခာသဟဂုတ်ယူတ်ပါ။ ထို့ကြောင့် ကုသိုလ်စိတ်မှာ သုခဝေဒနာ ၄ ပါး ဝိပါက်စိတ်မှာ သုခဝေဒနာ ၄ ပါး ကြိယာစိတ်မှာ သုခဝေဒနာ ၄ ပါး ပေါင်း သုခဝေဒနာ ၁၂ ပါး ၄င်းသုခဝေဒနာ ၁၂ ပါးကို သောမနဿဝေဒနာအဖြစ်ဖြင့် ရေတွက်လိမ့်မည်။

ဥပေက္ခာဝေဒနာ ရူပကုသိုလ်စိတ်မှာ ၁ ပါး

ဝိပါက်စိတ်မှာ ၁ ပါး ကြိယာစိတ်မှာ ၁ ပါး

ပေါင်း ရူပစိတ် ၁၅ ပါး မှာ ဥပေက္ခာဝေဒနာ ၃ ပါး

ဝေဒနာအပြား ရူပစိတ် ၁၅ ပါး မှာ သုခဝဒနာ ၁၂ ပါး၊ ဥပေက္ခာဝေဒနာ ၃ ပါး ပေါင်း ၁၅ ပါး

ရူပစိတ် ၁၅ ပါးလုံး သမ္ပယုတ် ဝိပ္ပယုတ်မဆိုရ အသင်္ခါရိက သသင်္ခါရိက မဆိုရ၊ ရှေးဆရာအချို့က သသင်္ခါရိက သမ္ပယုတ်ဟုဆိုကြသေးသည်။

မေး။ စျာန် စျာန်အင်္ဂါ စျာန်စိတ်တို့ကို ဖော်ပြပါ။

ဖြေ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော **၄ါးပါးသောအပေါင်း** ကို စျာန်ဟုခေါ်ပါသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော တခုတခု **အစိတ်အစိတ်** ကို စျာန်အင်္ဂါဟုခေါ်သည်။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော **စျာန်နှင့်ယှဉ်သောစိတ်** ကို စျာန် စိတ်ဟုခေါ်သည်။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် ဝိတက်၊ ဝိစာရ မည်ပါသနည်း။

ဖြေ။ သမ္ပယုတ်တရားတို့ကို အာရုံသို့ရှေးရှုတင်ပေးတတ် (ကြံစည်တတ်) သောကြောင့် ဝိတက်မည်ပါသည်။

အာရုံ၌ စိတ်သည် ထိုဝိစာရဖြင့် ဆင်ခြင်သုံးသပ်တတ် ထိုမှဤမှ သွားလာကျက်စားတတ်သောကြောင့် ဝိစာရမည်ပါသည်။

မေး။ ဝိတက်၊ ဝိစာရ တို့၏အထူးကို ဖော်ပြပါ။

ဖြေ။ စိတ်၏ရှေးဦးစွာ အာရုံ၌ကျရောက်ခြင်းသည် ဝိတက်မည်၏။ အဖန်တလဲလဲ အာရုံကို သုံးသပ်ခြင်းသည် ဝိစာရမည်၏။

မေး။ အဘယ်ကြောင့် ပီတိ၊ သုခ မည်ပါသနည်း။

ဖြေ။ နာမကာယ ရူပကာယ နှင့်သမ္ပယုတ်ဖြစ်သော စိတ်ကိုရောင့်ရဲစေတတ် ပြည့်စေတတ် ပွားစေတတ်သောကြောင့် ပီတိမည်ပါသည်။ ထိုပီတိသည် အာရုံကိုနှစ်သက်မြတ်နိုးခြင်း လက္ခဏာရှိ၏။

သမ္ပယုတ်တရားတို့ကို ချမ်းသာစေတတ်သောကြောင့် သုခမည်ပါသည်။ ထိုသုခသည် ကောင်းသောဘောဇဉ်အရသာကို ခံစားတတ်သော မင်းကဲ့သို့ ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။

မေး။ ပီတိ သုခတို့၏အထူးကို ရေးသားပါ။

ဖြေ။ အာရုံကိုကြားသိတွေ့မြင်လာသောအခါ နှစ်သက်ခြင်းသည် ပီတိမည်၏။ ထိုရရှိလာသောအာရုံကိုခံစားခြင်းသည် သုခမည်၏။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

မေး။ ပီတိနှင့် သောမနဿအထူးကို ရှင်းပြပါ။

ဖြေ။ ပီတိသည် ကြည်ဖြူနှစ်သက်ခြင်း လက္ခဏာရှိ၏။ သောမနဿသည် ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။ ဤသို့ထူးကြပါသည်။

မေး။ အဘယ်သဘောကို ဈာန်ဟုဆိုပါသနည်း။

ဖြေ။ ကသိုဏ်းစသော အာရုံသို့ ကပ်၍ရှုတတ်သော သဘောကိုလည်းကောင်း၊ နီဝရဏတို့ကို ဘုတ်ကြည်းတတ် ပူပန်စေတတ်သော သဘောကိုငှင်း ဈာန်ဟုဆိုပါသည်။

ဆောင်။ စိုက်စိုက်စူးစူး အထူးအားအန် ရှုအားသန်, ဈာန်ဟုခေါ်သတတ်။

မေး။ ဝိတက်စသော ငါးပါးကိုသာ အဘယ်ကြောင့်ဈာန်အင်္ဂါဟုခေါ်ပါသနည်း။

ဖြေ။ ကသိုဏ်းစသော အာရုံကို ကပ်၍ရှုခြင်းကိစ္စရှိသောကြောင့်၄င်း၊ ကာမစ္ဆန္ဒစသော နီဝရဏတရားတို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၄င်း၊ တပါးသော တရားတို့ကို ဈာန်အင်္ဂါဟုမဆိုဘဲ ဝိတက်စသောငါးပါးကိုသာ ဈာန်အင်္ဂါဟုဆိုပါသည်။

မေး။ အဘယ်ကြောင့် အဘယ်ကိုဈာန်ဟုဆိုပါသနည်း။

ဖြေ။ ကသိုဏ်းစသောအာရုံသို့ကပ်၍ ရှုတတ်သောကြောင့်၄င်း၊ ဆန့်ကျင်ဘက်နီဝရဏ တရားတို့ကို ဘုတ်ကြည်းတတ်ပူပန်စေတတ်သောကြောင့်၄င်း၊ ဝိတက်စသော ငါးပါး အပေါင်းကို ဈာန်ဟုဆိုပါသည်။

မေး။ အဘယ်ဈာန်သည် အဘယ် နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ပါသနည်း။

ဖြေ။ ဝိတက်သည် ထိန မိဒ္ဓ၏ဆန့်ကျင်ဘက်၊ ပီတိသည် ဗျာပါဒ၏ ဆန့်ကျင်ဘက်၊ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စ၏ဆန့်ကျင်ဘက်၊ သမာဓိ (ဧကဂ္ဂတာသည်) သည် ကာမစ္ဆန္ဒ ၏ ဆန့်ကျင် ဘက်ဖြစ်ပါသည်။

ဆောင်ပုဒ် ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော၊ ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စံ၊ သမာဓိကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိပေဋကေ။

http://www.dhammadownload.com

မေး။ သာမညအားဖြင့် ရူပစိတ် ၅ ပါး ပြားရပုံ နှင့် ဝိသေသအားဖြင့် ၁၅ ပါး အပြားရပုံကို ရှင်းလင်းပါ။

ဖြေ။ သာမညအားဖြင့် ပဉ္စမဈာန်စသော ဈာန်အပြား အင်္ဂါ ငါးပါး စသည်နှင့်ယှဉ်သော ကြောင့် သမ္ပယောဂအပြား အားဖြင့် ငါးပါးပြားရပါသည်။

ဝိသေသအားဖြင့် ကုသိုလ် ဝိပါက် ကြိယာဇာတ်အားဖြင့် အသီးသီးရေတွက်ပါက ရူပစိတ်သည် ၁၅ ပါး ပြား၏။

မေး။ အဘယ်ကြောင့် ရူပ အရူပစိတ်တို့၌ အသင်္ခါရိက သသင်္ခါရိက အပြားကိုမပြပါသနည်း။

ဖြေ။ ရူပ အရူပစိတ်တို့သည် အသင်္ခါရိက သသင်္ခါရိကအပြားမှ လွတ်သောကြောင့် သင်္ခါရ အပြားကိုမပြပါ။

မှတ်ချက်။ ဋီကာကျော်မှာ နှစ်နည်းပြထားသည်။ နောက်နည်းအရ သမ္ပယုတ်၊ သသင်္ခါရိက ဟု နောက်ဆရာများရေတွက်ကြသေးသည်။

ဆောင်ပုဒ်။ ရူပ နှင့် အရူပေ, အသင်္ခါ သင်္ခါ, ငြင်းကြထွေထွေ, နှစ်ပါးလေ၊ ခြားရေတော့ဟုတ်ဘူး၊ သသင်္ခါ ဋီကာမိန့်တယ်၊ နောက်ဟိတ်အထူး။

အရူပစိတ် ၁၂ ပါး

အရူပကုသိုလ်စိတ် ၄ ပါး အရူပဝိပါက်စိတ် ၄ ပါး အရူပကြိယာစိတ် ၄ ပါး ပေါင်း ၁၂ ပါး

အရူပကုသိုလ်စိတ် ၄ ပါး ရေတွက်ပုံ

၁။ အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု

၂။ ဝိညာနဉ္စာယတနဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု

၃။ အာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်တခု

၄။ နေဝသညာနာ သညာယတနဈာန်နှင့်ယှဉ်သောကုသိုလ်စိတ်တခု၊ ပေါင်း-အရူပ ကုသိုလ် စိတ် ၄ ပါး

http://www.dhammadownload.com

အရူပဝိပါက်စိတ်လည်း ၄ ပါး၊ အရူပကြိယာစိတ်လည်း ၄ ပါးစီရှိ၏၊ ကုသိုလ်စိတ် ၄ ပါးကို နည်းမှီ၍ ရေတွက်ပါလေ။

အရူပစိတ် ၁၂ ပါး၏ ဝေဒနာကား

ရူပပဥ္စမဈာန်မှတဆင့်တက်၍ ရအပ်သောဈာန်များဖြစ်လေသောကြောင့်လည်းကောင်း၊ တဆင့်တက်၍ ပွားများရာ အရူပဘုံသို့ရောက်ရလေသောကြောင့်လည်းကောင်း၊ ရူပပဥ္စမဈာန်နှင့် အလားတူ အရူပစိတ် ၁၂ ပါးလုံးကို ဥပေက္ခာဝေဒနာ ၁၂ ပါး ဟုရေတွက်ပါ။

ရူပါဝစရစိတ် ၁၅ ပါး အရူပါဝစရစိတ် ၁၂ ပါး ပေါင်း ၂၇ ပါးကို မဟဂ္ဂုတ်စိတ်ဟု ခေါ်သည်။

မဟဂ္ဂုတ်စိတ် ၂၇ ပါး မှာ ဝေဒနာအပြား

သုခဝေဒနာကို သောမနဿဝေဒနာအဖြစ်ဖြင့် ရေတွက်က သောမနဿဝေဒနာ ၁၂ ပါး၊ ဥပေက္ခာဝေဒနာ ၁၅ ပါး ပေါင်း = ၂၇ ပါး

မဟဂ္ဂုတ်စိတ် ၂၇ ပါးလုံး သမ္ပယုတ်, ဝိပ္ပယုတ်, အသင်္ခါရိက, သသင်္ခါရိက, မဆိုရသော စိတ်ဟုမှတ်ပါ။ နောက်ဆရာအချို့က သမ္ပယုတ်, သသင်္ခါရိကစိတ်ဟု ဆိုကြသည်။

မဟဂ္ဂုတ်စိတ် ၂၇ ပါး မှာ -

ပဌမဈာန်စိတ် ၃ ပါး၊ ဒုတိယ ဈာန်စိတ် ၃ ပါး၊ တတိယဈာန်စိတ် ၃ ပါး၊ စတုတ္ထဈာန် စိတ် ၃ ပါး၊ ပဥ္စမဈာန်စိတ် ၁၅ ပါး ပေါင်း =၂၇ ပါး

အာလမ္ဗဏ ပဘေဒေန စတုဓာ ရုပ္ပမာနံသံအရ အရူပစိတ်၏အာရုံလွန်ပုံနှင့် အာရုံပြုပုံ

စိတ်အမည်	လွန် အတိက္ကမိတဗ္ဗ	(ပြု) အာလမ္ဗိတဗ္ဗ
၁။ အာကာသာနဉ္စာယနတစိတ်	ပဋိဘာဂနိမိတ်	ကောင်းကင်ပညတ်အာရုံ
၂။ ဝိညာနဉ္စာယနတစိတ်	ကောင်းကင်ပညတ်အာရုံ	ပဌမရုပ္ပဝိညာဉ်အာရုံ

၃။ အာကိဉ္စညာယတနစိတ် ပဌမာရုပ္ပဝိညာဉ်အာရုံ နတ္ထိဘောပညတ်အာရုံ
၄။ နေဝသညာနာသညာယတနစိတ် နတ္ထိဘောပညတ်အာရုံ တတိယာရုပ္ပဝိညာဉ်

အရဆောင် - ကောင်းကင်ခေါ်မှတ်၊ ပညတ်တဖြာ၊ ပဌမာရုပ္ပ၊ ဝိညာဏ နှင့်၊ ဘာဝနတ္ထိ၊ တတိယာရုပ္ပံ ဝိညာဏံ လေးတန်အာရုံစဉ်တိုင်းတည်း

မေး။ အရူပစိတ် ၁၂ ပါး ပြားရပုံကို သာမညဝိသေသအားဖြင့် ရှင်းလင်းခွဲခြားပြပါ။

ဖြေ။ သာမညအားဖြင့် ကောင်းကင်အာရုံအစရှိသော အာရုံလေးမျိုးပြားသောကြောင့် ထိုအာရုံလေးမျိုးကို အာရုံပြုသော အရူပစိတ်သည် လေးပါးပြားရပါသည်။

ဝိသေသအားဖြင့် ကုသိုလ် ၄ ပါး၊ ဝိပါက် ၄ ပါး၊ ကြိယာဇောတ် ၄ ပါး စီပြားကြသောကြောင့် အရူပစိတ်သည် ၁၂ ပါး ပြားရပါသည်။

မေး။ အရူပါဝစရစိတ်သည် ရူပါဝစရစိတ်ကဲ့သို့ ဈာနင်္ဂယောဂဘေဒအားဖြင့်သာ ပြားသင့်လျှက် အဘယ်ကြောင့်အာလမ္ဗဏဘေဒအားဖြင့် ပြားပါသနည်း။

ဖြေ။ အရူပါဝစရစိတ်သည် အင်္ဂါချင်းတူနေသောကြောင့် ရှေးရှေး၌ဖြစ်သော ဈာန်အင်္ဂါကို လွန်သည်၏အစွမ်းအားဖြင့်မဖြစ် ရှေးရှေးအာရုံကိုလွန်သည်၏အစွမ်းအားဖြင့်သာ ဖြစ်သောကြောင့် အာလမ္ဗဏဘေဒအားဖြင့် ပြားရပါသည်။

မေး။ ရူပစိတ်နှင့် အရူပစိတ် ၂၇ ပါးသည် အဘယ်ကြောင့် မဟဂ္ဂုတ်မည်ပါသနည်း။

ဖြေ။ မြတ်သည်၏အဖြစ်သို့ရောက်သောကြောင့်လည်းကောင်း၊ မြတ်ကုန်သောဈာနလာဘီ အရိယာ ပုဂ္ဂိုလ်တို့သည် ရောက်အပ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်မည်ပါသည်။

ကာမစိတ် ၅၄ ပါး မဟဂ္ဂုတ်စိတ် ၂၇ ပါး ပေါင်း ၈၁ ပါး ကိုလောကီစိတ်၊ ကောသီတိ ဟုခေါ်သည်။

လောကီစိတ် ၈၁ ပါးမှာ

ဝေဒနာအပြား		သမ္ပယောဂအပြား		သင်္ခါရအပြား	
သောမနဿဝေဒနာ	၃၀ ပါး	သမ္ပယုတ်	၂၀	အသင်္ခါရိက	၁၇
ဥပေက္ခာဝေဒနာ	၄၇ ပါး	ဝိပ္ပယုတ်	၁၆	သသင်္ခါရိက	၁၇
ဒေါမနဿဝေဒနာ	၂ ပါး	သမ္ပယုတ်ဝိပ္ပယုတ်		အသင်သသင်	
သုခဝေဒနာ	၁ ပါး	မဆိုရသောစိတ်	၄၅	မဆိုရသောစိတ်	၄၇
ဒုက္ခဝေဒနာ	၁ ပါး				
ပေါင်း	**၈၁ ပါး**	**ပေါင်း**	**၈၁ ပါး**	**ပေါင်း**	**၈၁ ပါး**

လောကုတ္တရာစိတ် အကျဉ်း ၈ ပါး

မဂ်စိတ် ၄ ပါး

၁။ သောတာပတ္တိမဂ်စိတ် တခု

၂။ သကဒါဂါမိမဂ်စိတ် တခု

၃။ အနာဂါမိမဂ်စိတ် တခု

၄။ ရဟတ္တမဂ်စိတ် တခု

ပေါင်း မဂ်စိတ် ၄ ခု

ဖိုလ်စိတ် ၄ ပါး

၁။ သောတာပတ္တိဖိုလ်စိတ် တခု

၂။ သကဒါဂါမိဖိုလ်စိတ် တခု

၃။ အနာဂါမိဖိုလ်စိတ် တခု

၄။ ရဟတ္တဖိုလ်စိတ် တခု

ပေါင်း ဖိုလ်စိတ် ၄ ခု

လောကုတ္တရာစိတ်အကျဉ်း ၈ ပါး မှာ ဝေဒနာအားဖြင့် သောမနဿ ဥပေက္ခာနှစ်ပါးလုံး ဖြစ်နိုင်သော်လည်း သရုပ်ခွဲလွယ်ကူစေခြင်းအကျိုးငှာ ဥပေက္ခာဝေဒနာအဖြစ်ဖြင့်ယူ၍သရုပ်ခွဲမည်။

http://www.dhammadownload.com

ဥပေက္ခာဝေဒနာ ၈ ပါး ဟုမှတ်သားခဲ့ပါ။ သမ္ပယုတ် ဝိပ္ပယုတ် အသင်္ခါရိက သသင်္ခါရိက မဆိုရသော စိတ်ဟုမှတ်ပါ။

လောကီစိတ် ၈၁ ပါးကို လောကုတ္တရာ စိတ် ၈ ပါးနှင့် ပေါင်းသော် (စိတ်တစ်ခုယုတ် ၉၀) စိတ်အကျဉ်း (၈၉) ပါး ဟုခေါ်ပါသည်။

စိတ်တခုယုတ် ၉၀ မှာ

ဝေဒနာအပြား

သောမနဿဝေဒနာ	၃၀ ပါး
ဥပေက္ခာဝေဒနာ	၅၅ ပါး
ဒေါမနဿဝေဒနာ	၂ ပါး
သုခဝေဒနာ	၁ ပါး
ဒုက္ခဝေဒနာ	၁ ပါး
ပေါင်း	၈၉ ပါး

သမ္ပယောဂအပြား

သမ္ပယုတ်	၂၀ ပါး
ဝိပ္ပယုတ်	၁၆ ပါး
သမ္ပယုတ် ဝိပ္ပယုတ်မဆို ရသောစိတ်	၅၃ ပါး
ပေါင်း	၈၉ ပါး

သင်္ခါရအပြား

အသင်္ခါရိကစိတ်	၁၇ ပါး
သသင်္ခါရိကစိတ်	၁၇ ပါး
အသင် သသင်မဆိုရသောစိတ်	၅၅ ပါး
ပေါင်း	၈၉ ပါး

http://www.dhammadownload.com

စိတ်တခုယုတ် ၉၀ မှာ

အဟိတ်စိတ် ၁၈ ပါး၊ သဟိတ်စိတ် ၇၁ ပါး = ပေါင်း ၈၉ ပါး

အသောဘဏစိတ် ၃၀၊ သောဘဏစိတ် ၅၉ ပါး = ပေါင်း ၈၉ ပါး

ဒွါဒသာကုသလာနေဝံ	အကုသိုလ်စိတ်	၁၂ ပါး
ကုသလာနေကဝီသတိ	ကုသိုလ်စိတ်	၂၁ ပါး
ဆတ္တိံသေဝဝိပါကာနိ	ဝိပါက်စိတ်	၃၆ ပါး
ကြိယာစိတ္တာနိဝီသတိ	ကြိယာစိတ်	၂၀ ပါး

၄င်းဂါထာအား ဇာတိဘေဒ စိတ္တသင်္ဂဟကို ပြသည်။

စတုပညာသဓာကာမေ	ကာမစိတ်	၅၄ ပါး
ရူပေပန္နရသီရယေ	ရူပစိတ်	၁၅ ပါး
စိတ္တာနိဒွါဒသာရူပေ	အရူပစိတ်	၁၂ ပါး
အဋ္ဌဓာနုတ္တရေတထာ	လောကုတ္တရာစိတ်	၈ ပါး
		ပေါင်း ၈၉ ပါး

လည်းကောင်းဂါထာသည် ဘူမိဘေဒ စိတ္တသင်္ဂဟကို ပြပါသည်။

မေး။ လောကုတ္တရာစိတ်မည်ပုံကား အဘယ်ပါနည်း၊ ရှင်းပြခဲ့ပါ။

ဖြေ။ ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရလောကမှ လွန်မြောက်ဆဲ လွန်မြောက်ပြီး ထွက်မြောက်ဆဲ ထွက်မြောက်ပြီးဖြစ်သောကြောင့် လောကုတ္တရာစိတ်မည်ပါသည်။

မေး။ အဘယ်ကြောင့် သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ပါသနည်း။

ဖြေ။ အရိယာမဂ်တည်းဟူသော အယဉ်သို့ရှေးဦးစွာရောက်ခြင်းရှိသောကြောင့် သောတာပန်ပုဂ္ဂိုလ်ဟုခေါ်ပါသည်။ (သောတာပန်ပုဂ္ဂိုလ်၏မဂ်နှင့်ယှဉ်သောစိတ်သည် သောတာပတ္တိမဂ်စိတ်မည်၏) အမှာ -

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

မေး။ အဘယ်ကြောင့် သကဒါဂါမိပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ဤလူ့ဘုံသို့တကြိမ်ပဋိသန္ဓေနေသောအားဖြင့် လာတတ်သောကြောင့် သကဒါဂါမိပုဂ္ဂိုလ်ခေါ်ပါသည်။

မေး။ အဘယ်ကြောင့် အနာဂါမိပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့မလာတတ်သောကြောင့် အနာဂါမိ ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ခေါ်ပါသနည်း။

ဖြေ။ ပူဇော်အထူးကိုခံယူထိုက်သောကြောင့်လည်းကောင်း၊ ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်ဖြတ်တတ်သောကြောင့်လည်းကောင်း၊ သံသရာစက်၏ကိလေသာတည်းဟူသော အကန့် အကွက်တို့ကို ဖျက်ဆီးတတ်သောကြောင့်၄င်း 'အရဟာ'မည်၏။

မေး။ အဘယ်ကြောင့် မဂ်လေးပါးပြားပါသနည်း။

ဖြေ။ သံယောဇုန ပဟာနကိစ္စထူးသောကြောင့် မဂ်လေးပါးပြားပါသည်။ (မဂ်လေးပါး ပြားပုံ)

မေး။ မဂ်စိတ်လေးပါးပြားရပုံဖြေဆိုပါ။

ဖြေ။ သဒ္ဓါစသော ဣန္ဒြေတို့၏ မထက်သည်၏အဖြစ်၊ ထက်သည်၏အဖြစ်၊ အလွန်အထူးသဖြင့်ထက်သည်၏အဖြစ် အလွန်အထူးသဖြင့် ထက်သည်၏အဖြစ်ဟုဆိုအပ်သော ပဟာနသတ္တိထူးသောကြောင့် မဂ်လေးပါးပြား၍ ထိုမဂ်နှင့်ယှဉ်သောမဂ်စိတ် လေးပါးပြားရပါသည်။

ဆောင်။ ဣန္ဒြေတွက်၊ ထက် မထက်ကြောင့်၊ လေးချက်မဂ်ပြား၊ စိတ်လည်းခြား၊ လေးပါးမြတ်ကုသိုလ်၊

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

မေး။ လောကုတ္တရာစိတ်၌အဘယ်ကြောင့် ကြိယာမရှိပါသနည်း၊

ဖြေ။ မဂ်စိတ်သည် တကြိမ်သာဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းဖြစ်ပါသည်။

မေး။ မဂ်စိတ်အကြိမ်များစွာဖြစ်ခဲ့သော် ကြိယာရှိကောင်းမည်လော။

ဖြေ။ မဂ်စိတ်အကြိမ်များစွာဖြစ်ခဲ့သော် ကြိယာစိတ်ရှိကောင်းပါသည်။

မေး။ လောကုတ္တရာစိတ်အကျဉ်း ၈ ပါး၌ အဘယ်ဝေဒနာဖြစ်သင့်ပါသနည်း။

ဖြေ။ သောမနဿဥပေက္ခာအထူးမဆို၍ အကြွင်းမရှိသောအနက်ကို သိအပ်သောကြောင့် သောမနဿဥပေက္ခာနှစ်ပါးလုံးဖြစ်သင့်ပါသည်။

မေး။ မဂ္ဂအရ၊ မဂ္ဂင်္ဂအရ၊ မဂ္ဂ စိတ္တအရတို့ကို ပြဆိုပါ။

ဖြေ။ နိဗ္ဗာန်ကိုအလိုရှိကုန်သော သူတို့သည် ရှာမှီးအပ်သောတရားသည် မဂ္ဂအရဖြစ်သည်။

တနည်း။ ကိလေသာကိုသတ်ဖြတ်လျက် နိဗ္ဗာန်သို့သွားတတ်သောတရားသည် မဂ္ဂမည်၏။ သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားကိုယ်များသည် မဂ္ဂင်္ဂအရဖြစ်ပါသည်။ သမ္မာဒိဋ္ဌိစသောမဂ္ဂင်တရားကိုယ်များနှင့်ယှဉ်သောစိတ်သည် မဂ္ဂစိတ္တမည်၏။

ဣတ္တမေကူန နဝုတိပဘေဒံ ပန၊ မာနသံ စသော ဂါထာကား စိတ်တခုယုတ် ၉၀ တို့၏ နိဂုံးနှင့်စိတ်အကျယ် ၁၂၁ ပါးတို့၏ နိဒါန်းကိုပြသည်ဟုမှတ်ပါ။

လောကုတ္တရာစိတ် အကျယ် (၄၀) ပြားပုံ
မဂ်စိတ် ၂၀

၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော ပဌမဈာန်သောတာပတ္တိမဂ်စိတ် ၁ ခု

၂။ ဝိစာရ ပီတိသုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်သောတာပတ္တိမဂ်စိတ် ၁ ခု

၃။ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန်သောတာပတ္တိမဂ် စိတ် ၁ ခု

၄။ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ် ၁ ခု

၅။ ဥပေက္ခာဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဥ္စမဈာန်သောတာပတ္တိမဂ်စိတ် ၁ ခု

ပေါင်း သောတာပတ္တိမဂ်စိတ် ၅ ပါး

သကဒါဂါမိ မဂ်စိတ် (၅) ပါး အကျဉ်းရေတွက်ပုံ

၁။ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော ပဌမဈာန် သကဒါဂါမိမဂ်စိတ် ၁ ခု

၂။ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သကဒါဂါမိမဂ်စိတ် ၁ ခု

၃။ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သကဒါဂါမိမဂ်စိတ် ၁ ခု

၄။ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သကဒါဂါမိမဂ်စိတ် ၁ ခု

၅။ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန် သကဒါဂါမိမဂ်စိတ် ၁ ခု

ပေါင်း သကဒါဂါမိမဂ်စိတ် ၅ ပါး

အနာဂါမိမဂ်စိတ် ၅ ပါး အကျဉ်းရေတွက်ပုံ

၁။ ဈာန်အင်္ဂါ ၅ ပါး နှင့်တကွဖြစ်သော ပဌမဈာန် အနာဂါမိမဂ်စိတ် ၁ ခု

၂။ ဈာန်အင်္ဂါ ၄ ပါး နှင့်တကွဖြစ်သော ဒုတိယဈာန် အနာဂါမိမဂ်စိတ် ၁ ခု

၃။ ဈာန်အင်္ဂါ ၃ ပါး နှင့်တကွဖြစ်သော တတိယဈာန် အနာဂါမိမဂ်စိတ် ၁ ခု

၄။ ဈာန်အင်္ဂါ ၂ ပါး နှင့်တကွဖြစ်သော စတုတ္ထဈာန် အနာဂါမိမဂ်စိတ် ၁ ခု

၅။ ဈာန်အင်္ဂါ ၂ ပါး နှင့်တကွဖြစ်သော ပဥ္စမဈာန် အနာဂါမိမဂ်စိတ် ၁ ခု

ပေါင်း အနာဂါမိမဂ်စိတ် ၅ ပါး

http://www.dhammadownload.com

အရဟတ္တမဂ်စိတ် ၅ ပါး အကျဉ်းရေတွက်ပုံ

၁။ ဈာန်အင်္ဂါ ၅ ပါး နှင့်တကွဖြစ်သော ပဌမဈာန် အရဟတ္တမဂ်စိတ် ၁ ခု

၂။ ဈာန်အင်္ဂါ ၄ ပါး နှင့်တကွဖြစ်သော ဒုတိယဈာန် အရဟတ္တမဂ်စိတ် ၁ ခု

၃။ ဈာန်အင်္ဂါ ၃ ပါး နှင့်တကွဖြစ်သော တတိယဈာန် အရဟတ္တမဂ်စိတ် ၁ ခု

၄။ ဈာန်အင်္ဂါ ၂ ပါး နှင့်တကွဖြစ်သော စတုတ္ထဈာန် အရဟတ္တမဂ်စိတ် ၁ ခု

၅။ ဈာန်အင်္ဂါ ၂ ပါး နှင့်တကွဖြစ်သော ပဥ္စမဈာန် အရဟတ္တမဂ်စိတ် ၁ ခု

ပေါင်း အရဟတ္တမဂ်စိတ် ၅ ပါး

သောတာပတ္တိမဂ်စိတ် ၅ ပါး၊ သကဂါမိမဂ်စိတ် ၅ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါး၊ အရဟတ္တမဂ်စိတ် ၅ ပါး ပေါင်း မဂ် စိတ် ၂၀ ပါး

မဂ်စိတ် ၂၀ တို့တွင် သောတာပတ္တိမဂ်စိတ် ၅ ပါးမှာ

ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် တိုင်အောင် သုခေကဂ္ဂတာ ဟုဆိုသောကြောင့် သုခဝေဒနာ ၄ ပါး၊ ပဥ္စမဈာန်သည် ဥပေက္ခာကဂ္ဂတာဟုဆိုသောကြောင့် ဥပေက္ခာဝေဒနာ ၁ ပါး၊ သုခဝေဒနာကို သောမနဿအမည်ဖြင့်ရေတွက်က သောတာပတ္တိမဂ်စိတ် ၅ ပါးမှာ သောမနဿဝေဒနာ ၄ ပါး၊ ဥပေက္ခာဝေဒနာ ၁ ပါး ပေါင်း ၅ ပါး၊ သောတာပတ္တိမဂ်စိတ်အတူ သကဒါဂါမိမဂ်စိတ် ၅ ပါးမှာ သောမနဿဝေဒနာ ၄ ပါး၊ ဥပေက္ခာဝေဒနာ ၁ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါးမှာ သောမနဿဝေဒနာ ၄ ပါး၊ ဥပေက္ခာဝေဒနာ ၁ ပါး၊ အနာဂါမိမဂ်စိတ် ၅ ပါးမှာ သောမနဿဝေဒနာ ၄ ပါး ဥပေက္ခာဝေဒနာ ၁ ပါး၊ အရဟတ္တမဂ်စိတ်မှာ သောမနဿဝေဒနာ ၄ ပါး ဥပေက္ခာဝေဒနာ ၄ ပါး ပေါင်း ဝေဒနာအပြား ၂၀ ဖြစ်၏။

မဂ်စိတ်နှင့်အတူ ဖိုလ်စိတ်လည်း ၂၀ ရှိ၏။ မဂ်စိတ်အတူ ဖိုလ်စိတ် ၂၀ ကို ရေတွက်ပါလေ။ သောတာပတ္တိဖိုလ်စိတ် ၅ ပါး သကဒါဂါမိဖိုလ်စိတ် ၅ ပါး အနာဂါမိဖိုလ်စိတ် ၅ ပါး အရဟတ္တဖိုလ်စိတ် ၅ ပါး ပေါင်း ဖိုလ်စိတ် ၂၀ ဖြစ်၏။

အမှာ။ မဂ်စိတ်အတူ ဖိုလ်စိတ် ၂၀ ကိုလည်း အသေးစိတ်အကျယ်ရေတွက်ပါလေ။

ဝေဒနာအပြားလည်း မဂ်စိတ်အတူပင်ဖြစ်၏။

ဖိုလ်စိတ် ၂၀ မှာ သောမနဿနဝေဒနာ ၁၆ ပါး၊ ဥပေက္ခာဝေဒနာ ၄ ပါး ပေါင်း ဝေဒနာ အပြား ၂၀ ဖြစ်၏။

မဂ်စိတ်အကျယ် ၂၀ ဖိုလ်စိတ်အကျယ် ၂၀ ပေါင်း လောကုတ္တရာစိတ် အကျယ် ၄၀ ဖြစ်၏။

လောကုတ္တရာစိတ်အကျယ် ၄၀ မှာ

သောမနဿဝေဒနာ ၃၂ ပါး၊ ဥပေက္ခာဝေဒနာ ၈ ပါး ပေါင်း ဝေဒနာအပြား ၄၀ ဖြစ်၏။

လောကုတ္တရာစိတ်အကျယ် ၄၀ မှာ

ပဌမစျာန်	၈ ပါး
ဒုတိယစျာန်	၈ ပါး
တတိယစျာန်	၈ ပါး
စတုတ္ထစျာန်	၈ ပါး
ပဥ္စမစျာန်	၈ ပါး
ပေါင်း	**၄၀ ပါး**

လောကီစိတ် ၈၁ ပါး လောကုတ္တရာစိတ်အကျယ် ၄၀ ပေါင်း စိတ်အကျယ် ၁၂၁ ပါး ဖြစ်၏။ ပြီး၏။

စိတ်အကျယ် ၁၂၁ ပါးမှာ

ဝေဒနာအပြား		သမ္ပယောဂအပြား		သင်္ခါရအပြား	
သောမနဿဝေဒနာ	၆၂	သမ္ပယုတ်	၂၀	အသင်္ခါရိကစိတ်	၁၇
ဥပေက္ခာဝေဒနာ	၅၅	ဝိပ္ပယုတ်	၁၆	သသင်္ခါရိကစိတ်	၁၇
ဒေါမနဿဝေဒနာ	၂	သမ္ပယုတ် ဝိပ္ပယုတ်မဆို ရသောစိတ်	၈၅	အသင် သသင် မဆိုရသောစိတ်	၈၇
သုခဝေဒနာ	၁				
ဒုက္ခဝေဒနာ	၁				
ပေါင်း	**၁၂၁ ပါး**	**ပေါင်း**	**၁၂၁ ပါး**	**ပေါင်း**	**၁၂၁ ပါး**

http://www.dhammadownload.com

စိတ်အကျယ် ၁၂၁ ပါးမှာ ပဌမစျာန်စိတ် ၁၁ ပါး ဒုတိယစျာန်စိတ် ၁၁ ပါး တတိယစျာန်စိတ် ၁၁ ပါး စတုတ္ထစျာန်စိတ် ၁၁ ပါး ပဥ္စမစျာန်စိတ် ၂၃ ပါး

မေး။ သောတာပတ္တိမဂ်စိတ်သည် အဘယ်ကြောင့်ပဌမစျာန်သောတာပတ္တိမဂ်စိတ် ဒုတိယစျာန်သောတာပတ္တိမဂ်စိတ် စသည်ဖြင့်ငါးပါးပြားရပါသနည်း။

ဖြေ။ ပါဒကစျာန် သမ္မသိတစျာန် ပုဂ္ဂလဇ္ဈာသယ တို့၏ အစွမ်းဖြင့် စျာန်အင်္ဂါ ၅ ပါး ၄ ပါး ၃ ပါး ၂ ပါး ၂ ပါးရှိသော ရူပါဝစရ ပဌမစျာန် ဒုတိယစျာန် စသည်တို့နှင့် စျာန်အင်္ဂါ တူမျှသောကြောင့် ပဌမစျာန်သောတာပတ္တိမဂ်စိတ် ဒုတိယစျာန်သောတာပတ္တိမဂ်စိတ် စသည်ဖြင့် ငါးပါးပြားရပါသည်။

မေး။ ပါဒက သမ္မသိတ ပုဂ္ဂလဇ္ဈာသယ တို့၏အဓိပ္ပာယ်ကိုရှင်းလင်းပါ။

ဖြေ။ မဂ်မရမီရှေးအဘို့၌ အခြေခံအဖြစ်ဖြင့် ဝင်စားအပ်သော စျာန်သည် ပါဒကစျာန်မည်၏။ မဂ်ရရန်အနိစ္စစသည်ဖြင့် လက္ခဏာယဉ်တင်၍ ဆင်ခြင်သုံးသပ်အပ်သောစျာန်သည် သမ္မသိတစျာန်မည်၏ ယောဂီပုဂ္ဂိုလ်၏အလိုဆန္ဒသည် ပုဂ္ဂလဇ္ဈာသယမည်၏။

မေး။ လောကုတ္တရာစိတ်သည် အဘယ်၏အစွမ်းဖြင့် အကျဉ်း ၈ ပါး အကျယ် ၄၀ ဖြစ်ရပါသနည်း။

ဖြေ။ ဝိပဿနာနိယာမပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျဉ်း ၈ ပါးဖြစ်ရပါသည်။ စျာနနိယာမပုဂ္ဂိုလ်၏အစွမ်းဖြင့်အကျယ် ၄၀ ဖြစ်ရပါသည်။

မေး။ အရူပါဝစရစိတ်ကို အဘယ်ကြောင့်ပဥ္စမစျာန်ဟုဆိုပါသနည်း။

ဖြေ။ အရူပစိတ်သည် ဥပေက္ခာ ဧကဂ္ဂတာ နှင့်ယှဉ်သဖြင့် ရူပပဥ္စမစျာန်နှင့်စျာန်အင်္ဂါချင်းတူမျှသောကြောင့် ထိုအရူပစိတ်ကို ပဥ္စမစျာန်ဟုဆိုရပါသည်။

မေး။ အရူပါဝစရစိတ်သည် ပဥ္စမစျာန်ဖြစ်လျက် ရူပပဥ္စမစျာန်နှင့် အဘယ်ကြောင့် အာရုံမတူရပါသနည်း။

http://www.dhammadownload.com

ဖြေ။ အရူပါဝစရစိတ်သည် အာရမ္မဏာတိက္ကမဖြစ်၍ ရူပပဥ္စမဈာန်က အင်္ဂါတိက္ကမဖြစ်သောကြောင့် အာရုံမတူခြင်းဖြစ်ပါသည်။

လောကီကုသိုလ်စိတ် ၁၇ ပါး လောကုတ္တရာကုသိုလ်စိတ် အကျယ် ၂၀ ပေါင်း ကုသိုလ်စိတ် ၃၇ ပါး။

လောကီဝိပါက်စိတ် ၃၂ ပါး လောကုတ္တရာဝိပါက်စိတ်အကျယ် ၂၀ ပေါင်း ဝိပါက်စိတ် ၅၂ ပါး။

အကုသိုလ်စိတ် ၁၂ ပါး ကြိယာစိတ် ၂၀ တို့နှင့် ကုသိုလ်စိတ် ဝိပါက်စိတ် အကျယ်တို့နှင့် အားလုံးပေါင်းလျှင် စိတ်အကျယ် ၁၂၁ ပါးဖြစ်၏။

မေး။ (၁) ဘူမိဇာတိ သမ္ပယောဂသင်္ခါရဘေဒစိတ် (၂) ဘူမိဇာတိဈာနဘေဒစိတ် (၃) ဘူမိဇာတိ အာရမ္မဏဘေဒစိတ် (၄) ဘူမိဇာတိမဂ္ဂဘေဒစိတ် တို့ကို အသီးသီးညွှန်ပြပါ။

ဖြေ။ (၁) ကာမာဝစရစိတ် (၂) ရူပဝစရစိတ် (၃) အရူပါဝစရစိတ် (၄) လောကုတ္တရာစိတ်တို့ဖြစ်ပါသည်။

မေး။ (က) အကြောင်းဖြစ်သော စိတ် (ခ) အကျိုးဖြစ်သောစိတ် (ဂ) အကြောင်းအကျိုးမဟုတ်သောစိတ်များကိုအသီးသီးဖော်ပြပါ။

ဖြေ။ (က) ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဖြစ်ပါသည်။
(ခ) ဝိပါက်စိတ်ဖြစ်ပါသည်။ (ဂ) ကြိယာစိတ်များဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ မှတ်သိဖွယ် ပြီးပါပြီ။

http://www.dhammadownload.com

(စေတသိတ်ပိုင်း မှတ်သားဖွယ် မှတ်စု)

သမ္ပယောဂလက္ခဏာ စေတောယုတ္တလက္ခဏာ (ခေါ်) စေတသိက်လက္ခဏာ (၄) ပါး

၁။ ဧကုပ္ပါဒ စိတ်နှင့်တူသောဖြစ်ခြင်း

၂။ ဧကနိရောဓ စိတ်နှင့်တူသောချုပ်ခြင်း

၃။ ဧကာလမ္ဗဏ စိတ်နှင့်တူသောအာရုံရှိခြင်း

၄။ ဧကဝတ္ထုက စိတ်နှင့်တူသောမှီရာရှိခြင်း။

ပေါင်း စေတသိက် လက္ခဏာ ၄ ပါး

စေတောယုတ္တလက္ခဏာနှင့်ညီသောတရားများကား –

၁။ အညသမန်းစေတသိက် ၁၃ ပါး

၂။ အကုသိုလ်စေတသိက် ၁၄ ပါး

၃။ သောဘနစေတသိက် ၂၅ ပါး

ပေါင်း ၅၂ ပါး (ဒွိပညာသအရ)

အညသမာန်စေတသိက် ၁၃ ပါးတို့တွင်

၁။ ဖဿ = အာရုံကိုတွေ့ထိခြင်းသဘော

၂။ ဝေဒနာ = အာရုံ၏အရသာကိုခံစားခြင်း

၃။ သညာ = အာရုံကိုမှတ်သားခြင်းသဘော

၄။ စေတနာ = အာရုံ၌သမ္ပယုတ်တရားတို့ကို စေ့ဆော်ခြင်း တိုက်တွန်းခြင်းသဘော

၅။ ဧကဂ္ဂတာ = တည်ကြည်ခြင်း မပျံ့မလွင့်ခြင်းသဘော

၆။ ဇီဝိတိန္ဒြိယ = ဖြစ်ဖော်ဖြစ်ဘက်တရားတို့ကို စောင့်ထိန်းခြင်း အစိုးရခြင်းသဘော

၇။ မနသိကာရ = အာရုံ၌သမ္ပယုတ်တရားတို့ကို နှလုံးသွင်းခြင်းသဘော (စိတ်ကို အာရုံသို့ရောက်၍နေအောင် နှလုံးသွင်းခြင်းသဘော)

http://www.dhammadownload.com

ပေါင်းသဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး၊ အလုံးစုံသောစိတ်တို့နှင့်ယှဉ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဟုခေါ်သည်။

ပကိဏ်းစေတသိက် (၆) ပါး

၁။ ဝိတက် = ယှဉ်ဘက်တရားတို့ကိုအာရုံသို့တင်ပေးခြင်း၊ ကြံစည်ခြင်းသဘော

၂။ ဝိစာရ = အာရုံကိုသုံးသပ်စေခြင်းသဘော

၃။ အဓိမောက္ခ = အာရုံကိုဆုံးဖြတ်ချက်ချခြင်းသဘော

၄။ ဝီရိယ = အားထုတ်ခြင်း အားတက်သရောရှိခြင်းသဘော

၅။ ပီတိ = အာရုံကိုနှစ်သက်ခြင်းသဘော

၆။ ဆန္ဒ = ပြုလိုကာမျှသာ၊လိုလားတောင့်တခြင်းသဘော ပေါင်းပကိဏ်းစေတသိက် ၆ပါး

စိတ်အားလုံး၌ မယှဉ်နိုင်ဘဲ ဟိုတချို့ သည်တချို့ရောပြွမ်းယှဉ်သောကြောင့် ပကိဏ်းစေတသိက်ဟုခေါ်ပါသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ပကိဏ်း စေတသိက် ၆ ပါး ပေါင်း ၁၃ ပါး ကို အညသမာန်းစေတသိက်ဟုခေါ်သည်။

အညသမာန်းမည်ပုံ။ သောဘဏစိတ်၌ယှဉ်ခိုက် အသောဘဏစိတ်မှတပါး သောဘဏစိတ်နှင့်တူသောကြောင့် အသောဘဏစိတ်နှင့်ယှဉ်ခိုက်သောဘဏစိတ်မှတပါး အသောဘဏစိတ်နှင့်တူသောကြောင့် အညသမာန်းမည်ပါသည်။

အကုသိုလ်စေတသိက် ၁၄ ပါး

၁။ မောဟ = အာရုံ၏အမှန်သဘောကို ဖုံးလွှမ်း ဖုံးကွယ်ခြင်းသဘော

၂။ အဟိရိက = ဒုစရိုက်ကို (မှ) မရှက်ခြင်းသဘော

၃။ အနောတ္တပ္ပ = ဒုစရိုက်ကို မကြောက်မလန့်ခြင်းသဘော

၄။ ဥဒ္ဒစ္စ = စိတ်၏မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘော

၅။ လောဘ = လောကီအာရုံကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာခြင်း

http://www.dhammadownload.com

၆။ ဒိဋ္ဌိ = အမှန်ကို အမှားအားဖြင့်သုံးသပ်ခြင်း (အယူမှားခြင်း)

၇။ မာန = ငါသာတတ် ငါသာမြတ်ဟု ထောင်လွှားတက်ကြွခြင်း

၈။ ဒေါသ = ကြမ်းတမ်းသောအားဖြင့် ပြစ်မှားခြင်းသဘော

၉။ ဣဿာ = သူတပါး၏ဂုဏ်သိရ်စည်းစိမ်ချမ်းသာကို ငြူစူခြင်း၊ မနာလိုမနှစ်သက်ခြင်း။

၁၀။ မစ္ဆရိယ = မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်း သူတပါးတို့နှင့်မဆက်ဆံလိုခြင်း (နှမြောခြင်း) သဘော

၁၁။ ကုက္ကုစ္စ = ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့၌အဖန်တလဲလဲ ပူပန်စိုးရိမ်ခြင်းသဘော

၁၂။ ထိန = စိတ်၏မခန့်ခြင်း ထိုင်းမှိုင်းခြင်းသဘော

၁၃။ မိဒ္ဓ = စေတသိက်တို့၏ မခန့်ခြင်းထိုင်းမှိုင်းခြင်း (တွန့်တိုဆုတ်နစ်ပျင်းရိခြင်း) သဘော

၁၄။ ဝိစိကိစ္ဆာ = ဘုရားအစရှိသော အာရုံ၌တွေးတော ယုံမှား၍ နှစ်လုံးနှစ်ခွဖြစ်ခြင်းသဘော ပေါင်း အကုသိုလ်စေတသိက် ၁၄ ပါး

အကုသိုလ်စိတ်တို့၌သာယှဉ်သောကြောင့် အကုသိုလ်စေတသိက်ဟုခေါ်ပါသည်။

မေး။ စေတသိက်ပိုင်း၌ ပိဏ္ဍတ္ထ ၄ ပါး ကိုဖော်ပြပါ။

ဖြေ။ ၁။ စေတသိက်လက္ခဏာ ၄ ပါးကိုပြခြင်း။

၂။ အညသမာနရာသိ အကုသလရာသိ သောဘဏရာသိ တို့ဖြင့် စေတသိက် ၅၂ ပါး ကိုပြခြင်း။

၃။ ထိုစေတသိက်တို့၏ သမ္ပယောဂနည်း ၁၆ နည်းကိုပြခြင်း။

၄။ ထိုစေတသိက်တို့၏ သင်္ဂဟနည်း ၃၃ နည်းကိုပြခြင်း တို့ကား ပိဏ္ဍတ္ထ ၄ ပါး ဖြစ်ပါသည်။ ၄င်းကိုပင် ဝဝတ္ထာန ၄ ပါးဟုလည်း ခေါ်သည်။

http://www.dhammadownload.com

မေး။ ဇီဝိတိန္ဒြေမည်ခြင်းအကြောင်းနှင့် ၎င်း၏လက္ခဏာကို ဥပမာနှင့်တကွဖြေဆိုပါ။

ဖြေ။ ရှင်စေကြောင်းဖြစ်သော အသက်သည် သဟဇာတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ရှောက်ခြင်း၌အစိုးရခြင်းနှင့်ယှဉ်ခြင်းကြောင့် ဇီဝိတိန္ဒြေမည်ပါသည်။

ဇီဝိတိန္ဒြေသည် ကန်နှင့်အရိုး၌ရှိသော ရေသည်ကြာစသည်ကို မညှိုးအောင် စောင့်ရှောက်သကဲ့သို့ သဟဇာတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့် မနသိကာရမည်ပါသနည်း။ မနသိကာရ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွဖော်ပြပါ။

ဖြေ။ စိတ်ကိုအာရုံ၌ထားတတ် ဆင်ခြင်ညွှတ်ကိုင်းစေတတ်သောကြောင့် မနသိကာရ မည်ပါသည်။ မနသိကာရသည် သိန္ဓောမြင်းကို နှင်သွားသောရထားထိန်းကဲ့သို့ စိတ်ကိုအာရုံ၌ အညီအညွတ်ကောင်းစွာဆောင်ခြင်း လက္ခဏာရှိပါသည်။

မေး။ အဓိမောက္ခမည်ခြင်းအကြောင်းနှင့် ၎င်း၏လက္ခဏာကို ဥပမာနှင့်တကွပြဆိုပါ။

ဖြေ။ အာရုံကိုဆုံးဖြတ်တတ် ညွတ်တတ်သောကြောင့် အဓိမောက္ခမည်ပါသနည်း။ အဓိမောက္ခသည် မတုန်မလှုပ်စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ အာရုံကိုဆုံးဖြတ်ခြင်း အာရုံတခု၌ ငုတ်နစ်ခြင်းလက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့် ဝီရိယမည်ပါသနည်း။

ဖြေ။ ရဲရင့်သောသူတို့၏အဖြစ် ရဲရင့်သောသူတို့၏အမှုဖြစ်သောကြောင့်၎င်း သင့်သော နည်းအကြောင်းဖြင့်ဖြစ်စေအပ်သောကြောင့်၎င်း ဝီရိယမည်ပါသည်။

ဝီရိယသည် သဟဇာတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိပါသည်။

မေး။ ဆန္ဒမည်ခြင်းအကြောင်းနှင့် ၎င်း၏လက္ခဏာကိုလည်း ဥပမာနှင့်တကွဖော်ပြပါ။

ဖြေ။ အာရုံကိုအလိုရှိကာမျှဖြစ်သောကြောင့် ဆန္ဒမည်ပါသည်။

http://www.dhammadownload.com

ဆန္ဒသည် အာရုံကိုရယူရာ၌ အမိုက်မှောင်၌ခိုးသူတို့၏ ဉစ္စာထုပ်ကိုယူခြင်းငှာ လက်ကိုဆန့်တန်းသကဲ့သို့ အာရုံကိုရယူလိုကာမျှသာ လက္ခဏာရှိပါသည်။

မေး။ အဟိရိက အနောတ္တပ္ပတို့၏ အထူးကိုဥပမာနှင့်တကွ ထင်ရှားစွာပြဆိုပါ။

ဖြေ။ ရွာသူတို့၏ ဝက်သည်မစင်ကိုမစက်ဆုတ်မရှက်သကဲ့သို့အဟိရိကသည် ကာယ ဒုစရိုက်စသည်ကိုမစက်ဆုပ်ခြင်းမရှက်ခြင်း လက္ခဏာရှိပါသည်။

ပိုးဖလံ (ပိုးနှံ) သည် မီးမှမကြောက်လန့်သကဲ့သို့ အနောတ္တပ္ပသည် ကာယဒုစရိုက်စသည်မှမကြောက်လန့်ခြင်းလက္ခဏာရှိပါသည်။

မေး။ ဥဒ္ဒစ္စအမည်ရပုံဥပမာနှင့်တကွ လက္ခဏာကို ပြဆိုသောအချက်ကိုရှင်းလင်းပြဆိုပါ။

ဖြေ။ တုန်လှုပ်တတ်သောပုဂ္ဂိုလ် တုန်လှုပ်တတ်သောစိတ်၏ဖြစ်ကြောင်းဖြစ်သောကြောင့် ဥဒ္ဒစ္စမည်ပါသည်။ ဥဒ္ဒစ္စသည်ခဲကျခြင်းကြောင်း လွင့်တက်လာသောပြာကဲ့သို့ စိတ်၏ မငြိမ်သက်ခြင်းလက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့်လောဘမည်ပါသနည်း။ လောဘ၏လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

ဖြေ။ အာရုံ၌ကပ်ငြိတွယ်တာတတ် အာရုံကိုတပ်မက်လိုချင်တတ်သောကြောင့် လောဘမည်ပါသည်။ လောဘသည် မျောက်နှဲ့စေးသည်မျောက်၌ကပ်ငြိလိမ်းကျံသကဲ့သို့ အာရုံ၌ ကပ်ငြိလိမ်းကျံခြင်းလက္ခဏာရှိပါသည်။

မေး။ ဒိဋ္ဌိမည်ခြင်းအကြောင်းနှင့် ၎င်း၏လက္ခဏာကို ရှင်းလင်းပြဆိုပါ။

ဖြေ။ အနိစ္စကိုနိစ္စ အနတ္တကို အတ္တစသည်ဖြင့် မှားယွင်းယူဆထင်မြင်တတ်သောကြောင့် ဒိဋ္ဌိမည်ပါသည်။ ထိုဒိဋ္ဌိသည် ဖောက်ပြန်မှားယွင်းနှလုံးသွင်းခြင်းလက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့်မာန မည်ပါသနည်း။ မာန၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ပြဆိုပါ။

http://www.dhammadownload.com

ဖြေ။ ငါသာလျှင်တတ်၏။ ငါသာလျှင်မြတ်၏ဟု မိမိကိုယ်ကိုအထင်အမြင်ကြီး၍ ဘဝင်မြင့်တတ် မောက်မာတတ်သောကြောင့် မာနမည်ပါသည်။ မာနသည် အလွန်မြင့်စွာစိုက်ထားသော တံခွန်မှန်ကင်းကဲ့သို့ မောက်မာထောင်လွှားခြင်းလက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့် ဒေါသမည်ပါသနည်း။ ၎င်း၏လက္ခဏာကို ဥပမာနှင့်တကွဖြေဆိုပါ။

ဖြေ။ မိမိနှင့်သူတပါးကိုဖျက်ဆီးတတ်သောကြောင့်၎င်း မိမိတည်ရာပုဂ္ဂိုလ်နှင့်စိတ်ကိုဖောက်ပြန်စေတတ်သောကြောင့်၎င်း ဒေါသမည်ပါသည်။ ထိုဒေါသသည် တုတ်ဖြင့်ရိုက်လိုက်သောမြွေဟောက်သည် ကြမ်းတမ်းခက်ထန်သကဲ့သို့ ကြမ်းကြုတ်ခက်ထန်ခြင်း လက္ခဏာရှိပါသည်။

မေး။ ဣဿာနှင့်မစ္ဆရိယ တို့၏အထူးကိုရေးသားပါ။

ဖြေ။ ဣဿာသည် သူတပါးစည်းစိမ်ကိုငြူစူစောင်းမြောင်းတတ်၏။

မစ္ဆရိယကား ဝန်တိုတက်, မိမိစည်းစိမ်ကို လျှို့ဝှက်တတ်၏။ ဤသို့ထူးပါသည်။

မေး။ ထိန မိဒ္ဓတို့၏သဘောနှင့်လက္ခဏာကိုပြဆိုသောအချက်

ဖြေ။ စိတ်၏ဝန်တိုဆုတ်နစ်ပျင်းရိထိုင်းမှိုင်းခြင်းသဘောသည် ထိနမည်၏။

စေတသိက်တို၏ တွန့်တိုဆုတ်နစ်ပျင်းရိထိုင်းမှိုင်းခြင်းသဘောသည် မိဒ္ဓမည်၏။

ထိနသည် စိတ်၏အမှု၌မခန့်သည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။

မိဒ္ဓသည် ဝေဒနာစသောခန္ဓာ သုံးပါးအပေါင်း၏အမှု၌မခန့်သည်၏အဖြစ်လျှင် လက္ခဏာရှိ၏။

မေး။ ဆန္ဒ လောဘ တို့၏အထူးကိုရေးသားပါ။

ဖြေ။ အာရုံကိုအလိုရှိကာမျှသဘောသည် ဆန္ဒမည်၏။ အာရုံကိုကပ်ငြိတပ်မက်သောအားဖြင့် အလွန်အလိုရှိသော သဘောသည် လောဘမည်၏ ဤသို့ထူးပါသည်။

http://www.dhammadownload.com

မေး။ ဉာဏ်နှင့်ဒိဋ္ဌိတို့၏အထူးကိုဖော်ပြပါ။

ဖြေ။ ဉာဏ်သည် အာရုံကိုဟုတ်မှန်သောသဘောအားလျော်စွာ သိတတ်၏။ ဒိဋ္ဌိသည် မဟုတ်မမှန်သောအားဖြင့်ယူတတ်၏။ ဤသို့ထူးပါသည်။

မေး။ စိတ်မှာအကုသိုလ်စိတ် အဟိတ်စိတ်ရှိသကဲ့သို့ စေတသိက်မှာလည်း အကုသိုလ်စေတသိက် အဟိတ်စေတသိက်ရှိသင့်သည်မဟုတ်ပါလော့၊ အဘယ်ကြောင့် အဟိတ်စေတသိက်ကို မပြပါသနည်း။

ဖြေ။ အဟိတ်စိတ်မှာ အသီးအခြားယှဉ်သောစေတသိက်များမရှိသောကြောင့် အဟိတ်စေတသိက်ဟုအသီးအခြားမပြတော့ပါ။

သောဘဏသာဓာရဏစေတသိက် (၁၉) ပါး

၁။ သဒ္ဓါ — ဟုတ်မှန်သော မှန်ကန်သော ဘုရား တရား သံဃာ နှင့် ကံ ကံ၏အကျိုးစသည် ကို ယုံကြည်မှုသဘော

၂။ သတိ — ဘုရား တရား စသော ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့မှု အမှတ်ရမှုသဘော

၃။ ဟိရီ — ဒုစရိုက်တရားတို့မှ ရှက်ခြင်းသဘော

၄။ ဩတ္တပ္ပ — ဒုစရိုက်တရားတို့မှ ကြောက်လန့်ခြင်းသဘော

၅။ အလောဘ — လောကီအာရုံကာမဂုဏ်ကိုငြီးငွေ့သောအားဖြင့် မတပ်မက် မလိုချင်ခြင်းသဘော

၆။ အဒေါသ — ကြမ်းတမ်းသောအားဖြင့် မပြစ်မှားမခက်ထန်ခြင်းသဘော

၇။ တတြမဇ္ဈတ္တတာ — စိတ်စေတသိက်တို့ကို မိမိကိစ္စတို့၌ အလယ်အလတ်ရှိအောင် လျစ်လျူရှုခြင်းသဘော

၈။ ကာယပဿဒ္ဓိ — စေတသိက်အပေါင်း၏ငြိမ်းအေးမှုသဘော

http://www.dhammadownload.com

၉။ စိတ္တပဿဒ္ဓိ စိတ်အပေါင်း၏ငြိမ်းအေးမှုသဘော
၁၀။ ကာယလဟုတာ စေတသိက်အပေါင်း၏လျင်မြန်ပေါ့ပါးမှု
၁၁။ စိတ္တလဟုတာ စိတ်အပေါင်း၏လျင်မြန်ပေါ့ပါးမှုသဘော
၁၂။ ကာယမုဒုတာ စေတသိက်အပေါင်း၏ နူးညံ့မှုသဘော
၁၃။ စိတ္တမုဒုတာ စိတ်အပေါင်း၏နူးညံ့မှုသဘော
၁၄။ ကာယကမ္မညတာ စေတသိက်အပေါင်း၏ကုသိုလ်ကောင်းမှု၌ခန့်ညားမှုသဘော
၁၅။ စိတ္တကမ္မညတာ စိတ်၏ကုသိုလ်ကောင်းမှု၌ ခန့်ညားမှုသဘော
၁၆။ ကာယပါဂုညတာ စေတသိက်အပေါင်း၏ကုသိုလ်ကောင်းမှုတို့၌ လေ့လာခြင်းသဘော
၁၇။ စိတ္တပါဂုညတာ စိတ်အပေါင်း၏ကုသိုလ်ကောင်းမှု၌ လေ့လာခြင်းသဘော
၁၈။ ကာယုဇုကတာ စေတသိက်အပေါင်း၏ဖြောင့်မတ်ခြင်းသဘော
၁၉။ စိတ္တုဇုကတာ စိတ်အပေါင်း၏ဖြောင့်မတ်ခြင်းသဘော

ပေါင်းသောဘဏာ သာဓာရဏစေတသိက် ၁၉ ပါး

သောဘဏစိတ်အားလုံးတို့နှင့်ယှဉ်သောကြောင့် သောဘနသာဓာရဏစေတသိက်ခေါ်သည်။

ဝိရတီစေတသိက် ၃ ပါး

၁။ သမ္မာဝါစာ အသက်မွေးဝမ်းကျောင်းနှင့်မစပ်သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်မှုသဘော
၂။ သမ္မာကမ္မန္တ အသက်မွေးဝမ်းကျောင်းနှင့်မစပ်သော ကာယဒုစရိုက်သုံးပါးမှရှောင်ကြဉ်မှုသဘော
၃။ သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်းနှင့်စပ်သော ကာယဒုစရိုက်သုံးပါးဝစီဒုစရိုက်လေးပါးမှရှောင်ကြဉ်မှုသဘော

ပေါင်း ဝိရတီစေတသိက် ၃ ပါး

ဝိရမိတဗ္ဗဝတ္ထုမှ (ဝါ) ဒုစရိုက်တရားတို့မှ ကြဉ်ခြင်းကို ဝိရတီ ဟုခေါ်သည်။

http://www.dhammadownload.com

ဝိရတီအပြား

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အားဖြင့် (၃) ပါးရှိပါသည်။ ထိုသုံးပါးတို့တွင် တပါးပါးသည် သမ္ပတ္တဝိရိတီ သမာဒါနဝိရတီ သမုစ္ဆေဒဝိရတီ အားဖြင့် (၃) ပါး (၃) ပါးစီပြားသောကြောင့် (၉) ပါးဖြစ်ပါသည်။ ရသင့်သမျှရေတွက်လျှင် သမ္မာဝါစာဝိရတီ (၄) ပါး သမ္မာကမ္မန္တာဝိရတီ (၃) ပါး, သမ္မာအာဇီဝဝိရတီ (၇) ပါး ပေါင်း (၁၄) ပါးဖြစ်ပါသည်။ ထို (၁၄) ပါးတို့တွင် တစ်ပါးတစ်ပါး၌ သမ္ပတ္တဝိရတီစသော (၃) ပါး (၃) ပါးစီရနိုင်သောကြောင့် (၁၄) (၃) လီ (၄၂) ပါးဖြစ်ပါသည်။

အပ္ပမညာစေတသိက် ၂ ပါး

၁။ ကရုဏာ ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားခြင်းသဘော။

၂။ မုဒိတာ သုခိတသတ္တဝါပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသဘော။

ပေါင်း အပ္ပမညာစေတသိက် ၂ ပါး

ဤ၍ဤမျှအတိုင်းအရှည် ပမာဏမထားဘဲ သတ္တဝါပညတ်၌အာရုံပြုသောတရားကို အပ္ပမညာဟုခေါ်သည်။

၁။ ပညိန္ဒြေစေတသိက် - အထူးထူးအပြားပြားသိခြင်း၊ ထိုသိခြင်းကိုစွဲ၍ အစိုးတရဖြစ်ခြင်း သဘောငှင်းပညိန္ဒြေကို ပညာဟုငှင်း၊ ဉာဏ်ဟုငှင်း၊ အမောဟဟုငှင်း၊ ဝိဇ္ဇာဟုလည်းကောင်း၊ အမည် ၄ မျိုးခေါ်သည်။

သောဘဏ သာဓာရဏ စေတသိက် ၁၉ ပါး၊ ဝိရတီစေတသိက် ၃ ပါး၊ အပ္ပမညာစေတသိက် ၂ ပါး ပညာစေတသိက် ၁ ပါး ပေါင်း ၂၅ ပါးကို လောဘ ဒေါသ စသောအပြစ်ကင်း၍ တင့်တယ်သောကြောင့် သောဘနစေတသိက်ဟု ခေါ်သည်။

ဇတ္တာဝတာ စသောဂါထာကား စေတသိက် ၅၂ ပါးကို အကျဉ်းချုပ်နှင့် တကွ နိဂုံးကိုပြသည်။

http://www.dhammadownload.com

တေရသညသမာနာ	အညသမာန်းစေတသိက်	၁၃ ပါး
စုဒ္ဒသာကုသလာ	အကုသိုလ်စေတသိက်	၁၄ ပါး
သောဘနာပဥ္စဝီသာတိ	သောဘနစေတသိက်	၂၅ ပါး
ဒွိပညာသ	စေတသိက်ပေါင်း	၅၂ ပါး

မေး။ အဘယ်ကြောင့် သဒ္ဓါမည်ပါသနည်း။ သဒ္ဓါ၏လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

ဖြေ။ ရတနာသုံးပါး ကံ ကံ၏အကျိုးတရားတို့၌ ယုံကြည်တတ်သောကြောင့် သဒ္ဓါမည်ပါသည်။

(ဥပမာ) ရေနောက်ကိုကြည်လင်စေတတ်သော စကြာဝတေးမင်း၏ ပတ္တမြားရတနာကဲ့သို့ သဒ္ဓါသည်သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်းလက္ခဏာရှိပါသည်။

မေး။ သတိမည်ပုံဥပမာနှင့်တကွ လက္ခဏာကိုလည်းပြဆိုပါ။

ဖြေ။ ရတနာသုံးပါး ကံ ကံ၏အကျိုးတရားတို့၌ မှတ်သားအောက်မေ့နိုင်ခြင်း သဘောသည် သတိမည်ပါသည်။

(ဥပမာ) စကြာဝတေးမင်း၏ ဘဏ္ဍာစိုးသည် မင်းကြီးအား ဆင်မြင်းစသော ဣဿရိယစည်းစိမ်တို့ကို နေ့စဉ်ပြောကြားသတိရစေသကဲ့သို့ သတိသည် သမ္ပယုတ်တရားတို့ကို အောက်မေ့စေခြင်းလက္ခဏာရှိပါသည်။

မေး။ ဟိရီဩတ္တပ္ပတို့၏အထူးကို ဥပမာနှင့်တကွပြဆိုပါ။

ဖြေ။ ဟိရီသည် မိမိကိုယ်ကိုအလေးအမြတ်ပြု၍ မကောင်းမှုမှုစက်ဆုပ်တတ်သောကြောင့် မိမိ၏အမျိုးဂုဏ်ကိုငဲ့၍ မိမိယောကျ်ားမှတပါးသောယောကျ်ားတို့နှင့် ဖောက်ပြားရမည်ကို ရှက်သောအမျိုးသမီးကောင်း ချွေးမနှင့်တူပါသည်။

ဩတ္တပ္ပသည် သူတပါးကိုအလေးအမြတ်ပြု၍ မကောင်းမှုမှုလန့်တတ်သောကြောင့် ယောကျ်ားတပါးကိုငဲ့၍ ကိုယ်ဝန်ရမည့်ဘေးမှကြောက်သောပြည့်တန်ဆာမနှင့်တူပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် အလောဘမည်ပါသနည်း။ အလောဘ၏လက္ခဏာကိုလည်း ဥပမာနှင့် တကွ ပြဆိုပါ။

ဖြေ။ အာရုံ၏ကပ်ငြိတွယ်တာခြင်း အာရုံကိုတပ်မက်လိုချင်ခြင်းမရှိသောကြောင့် အလောဘ မည်ပါသည်။

(ဥပမာ) အလောဘသည် ရာဂကပ်ငြိခြင်းမှ လွတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ အာရုံ၌စိတ်၏ မကပ်ငြိခြင်းလက္ခဏာရှိပါသည်။

မေး။ အဒေါသမည်ပုံ ဥပမာနှင့်တကွလက္ခဏာကိုပါ ဖော်ပြပါ။

ဖြေ။ မိမိနှင့်သူတပါးကိုမဖျက်ဆီးတတ်သောကြောင့်၄င်း မိမိတည်ရာပုဂ္ဂိုလ်နှင့် စိတ်ကို မဖောက်ပြန်စေတတ်သောကြောင့်၄င်း အဒေါသမည်ပါသည်။

(ဥပမာ) အဒေါသသည် သဘောချင်းမျှသော မိတ်ဆွေကောင်းသည် မကြမ်းတမ်းသကဲ့သို့ မကြမ်းတမ်းခြင်းလက္ခဏာရှိပါသည်။

မေး။ အဘယ်ကြောင့် တတြမဇ္ဈတ္တတာမည်ပါသနည်း။ ၄င်း၏လက္ခဏာကိုလည်း ဥပမာနှင့် တကွဖော်ပြပါ။

ဖြေ။ သမ္ပယုတ်တရားတို့၌ ဈျစ်လျူရှုသောအဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် တတြမဇ္ဈတ္တ တာမည်ပါသည်။

တတြမဇ္ဈတ္တတာသည် အညီအမျှပြေးသွားကြသော အာဇာနည်မြင်းတို့ကို လျစ်လျူ ရှု၍လိုက်သွားသော ရထားထိန်းကဲ့သို့ သမ္ပယုတ်ဖြစ်ကုန်သော စိတ်စေတသိက်တို့ကို လျစ်လျူရှုခြင်းလက္ခဏာရှိပါသည်။

ကာယပဿဒ္ဓိ စသောတရားတို့ကိုသာ ဒုဝိဓအဖြစ်ဟောရပုံ

ဖြေ။ ကာယပဿဒ္ဓိစသောတရားတို့သည် နှစ်ပါး နှစ်ပါးစီ တပေါင်းတည်းတွဲ၍ မိမိတို့၏ သဘောအားလျော်စွာ ဆန့်ကျင်ဘက်ဖြစ်သော ဥဒ္ဓစ္စစသော ကိလေသာတရားတို့ကို သတ်ဖြတ်ညှင်းဆဲတတ်သောကြောင့် ထိုကာယပဿဒ္ဓိစသည်တို့ကိုသာ နှစ်ပါးနှစ်ပါး စီတွဲ၍ ဒုဝိဓအဖြစ်ဟောပါသည်။ သမာဓိစသောတရားတို့ကို ဒုဝိဓ အဖြစ်မဟောပါ။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် သောဘဏ သာဓာရဏစေတသိက်မည်ပါသနည်း။

ဖြေ။ သောဘနစိတ်တခုယုတ် (၆၀) တို့၌ယှဉ်သောကြောင့်၄င်း အလုံးစုံသော သောဘနစိတ်တို့နှင့်ဆက်ဆံသောကြောင့်၄င်း သောဘနသာဓာရဏစေတသိက်မည်ပါသည်။

သောဘဏသာဓာရဏစေတသိက်တို့တွင် ကာယပဿဒ္ဓိအစစိတ္တုဇုကတာအဆုံး ၆ စုံ ၁၂ ခု သည် ယုဂဠစေတသိက် သဒ္ဓါအစ တတြမဇ္ဈတ္တတာအဆုံး ၇ ခုလည်း အယုဂဠစေတသိက်ဖြစ်ပါသည်။

မေး။ (၁) ရထားထိန်းနှင့်တူသော စေတသိက်
(၂) တံခါးတိုင်နှင့်တူသော စေတသိက်
(၃) ရွာဝက်နှင့်တူသော စေတသိက်
(၄) ပိုးဖလံ (ပိုးနံ့) နှင့်တူသော စေတသိက်
(၅) လွင့်တက်လာသောပြာနှင့်တူသောစေတသိက်
(၆) မျောက်နှဲစေးနှင့်တူသောစေတသိက်
(၇) တုတ်ဖြင့်ရိုက်နှက်သောမြွေဟောက်နှင့်တူသော စေတသိက်
(၈) တံခွန်မှန်ကင်းနှင့်တူသောစေတသိက်
(၉) စကြာမင်း၏ ပတ္တမြားရတနာနှင့်တူသော စေတသိက်
(၁၀) စကြာမင်း၏ ဘဏ္ဍာစိုးနှင့်တူသောစေတသိက်
(၁၁) အမျိုးကောင်းသမီးချွေးမနှင့်တူသောစေတသိက်
(၁၂) ပြည့်တန်ဆာမနှင့်တူသောစေတသိက်
(၁၃) ရဟန္တာနှင့်တူသောစေတသိက်
(၁၄) မိတ်ဆွေကောင်းနှင့်တူသော စေတသိက်များကို အသီးအသီးဖော်ပြပါ။

ဖြေ။ (၁) မနသီကာရတတြမဇ္ဈတ္တတာ (၂) အဓိမောက္ခ (၃) အဟိရိက
(၄) အနောတ္တပ္ပ (၅) ဥဒ္ဓစ္စ (၆) လောဘ

http://www.dhammadownload.com

(၇) ဒေါသ (၈) မာန (၉) သဒ္ဓါ
(၁၀) သတိ (၁၁) ဟိရီ (၁၂) ဩတ္တပ္ပ
(၁၃) အလောဘ (၁၄) အဒေါသစေတသိက်တို့ဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် ဝိရတီမည်ပါသနည်း။

ဖြေ။ ဝိရမိတဗ္ဗဝတ္ထုမှ (ဝါ) ကာယဒုစရိုက် ဝစီဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်တတ် ရှောင်ကြဉ်ကြောင်းဖြစ်သောကြောင့် ဝိရတီမည်ပါသည်။

ဒုစရိုက်နှင့် ဒုရာဇီဝ တို့၏အထူးကိုဖော်ပြပါ။

ဖြေ။ အသက်မွေးဝမ်းကျောင်းနှင့်မစပ်သော ပါဏာတိပါတစသော အကုသိုလ်သည် ဒုစရိုက်မည်၏။ အသက်မွေးဝမ်းကျောင်းနှင့်စပ်၍ လုပ်အပ်သော ပါဏာတိပါတစသောအကုသိုလ်သည် ဒုရာဇီဝမည်၏။ ဤသို့ ထူးပါသည်။

မေး။ အဘယ်ကြောင့် အပ္ပမညာမည်ပါသနည်း။

ဖြေ။ ဤ၍ဤမျှဟုအတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင်အာရုံရှိသောကြောင့် အပ္ပမညာမည်ပါသည်။

မေး။ ကမ္မဋ္ဌာန်းပိုင်း၌အပ္ပမညာ ၄ ပါး ဆိုလတ္တံ့ဖြစ်ပါလျက် ဤ၌အဘယ်ကြောင့် ၂ ပါး သာဆိုပါသနည်း။

ဖြေ။ လေးပါးဆိုလတ္တံ့ဖြစ်သော်လည်း ဤ၌အဒေါသဖြင့် မေတ္တာကို တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုယူပြီးဖြစ်သောကြောင့် ၂ ပါးသာဆိုပါသည်။

မေး။ ပညာ ပညိန္ဒြေမည်ပုံကို ရှင်းလင်းပြပါ။

ဖြေ။ အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍သိတတ်သောကြောင့် ပညာမည်ပါသည်။ ထိုပညာသည်ပင်လျှင် အကြင်ကြင်အနိစ္စအစရှိသော သာမညသဘာဝလက္ခဏာ ကက္ခဠ ဖုသနစသော ဝိသေသသဘာဝလက္ခဏာကို ထိုးထွင်း၍သိခြင်း၌ အစိုးရသည်၏အဖြစ်နှင့်ယှဉ်ခြင်းကြောင့် ဣန္ဒြေမည်ပါသည်။

http://www.dhammadownload.com

ထိုနှစ်ပါးသောသတ္တိကြောင့် ပညိန္ဒြေမည်ပါသည်။

မေး။ သညာ ဝိညာဏ် ပညာတို့၏ သိပုံအထူးကိုဥပမာဆောင်၍ ထင်အောင်ပြပါ။

ဖြေ။ **သညာသည် အညို အရွှေစသည်တို့၏ အစွမ်းဖြင့်သိခြင်းမျှကိုသာပြုနိုင်၏။ အနိစ္စ စသောသဘောလက္ခဏာကိုကား ထိုးထွင်း၍မသိနိုင်။**

ဝိညာဏ်သည် အနိစ္စစသော သဘောလက္ခဏာကိုထိုထွင်း၍ကား သိနိုင်၏။ လုလ္လထုတ်ပြီး ဝိပဿနာကိုပွား၍ မဂ်သို့မရောက်စေနိုင်၊ ပညာသည်ကား ထိုသုံးပါး သောကိစ္စကို အကုန်ပြီးစေနိုင်၏။

(ဥပမာ) သူငယ် ရွာ၌နေသောသူ (အမိ) ရွှေပန်းထိမ်သည်တို့သည် ရွှေကိုသိခြင်းကဲ့သို့ပင်ဖြစ်၏။

တေသံ စိတ္တာ ဝိယုတ္တာနံ စသော ဂါထာကား သမ္ပယောဂနည်းကိုပြလို၍ အစချီပလ္လင်ခံ စကားကိုပြသည်။

သတ္တသဗ္ဗတ္ထယုဇ္ဇန္တိစသော ဂါထာသည် သမ္ပယောဂနည်းကိုအကျဉ်းချုပ်ခေါင်းစဉ်ပြသော ဥဒ္ဒေသဂါထာဖြစ်သည်။

သတ္တသဗ္ဗတ္ထယုဇ္ဇန္တိ	သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုတို့သည် အလုံးစုံသော စိတ်တို့၌ ယှဉ်ကုန်၏။
ယထာယောဂံပကိဏ္ဏကာ	ပကိဏ်းစေတသိက် (၆) ခုတို့သည် အချို့စိတ်အကျဉ်းမှာယှဉ်၍ အချို့ စိတ်အကျယ်မှာယှဉ်၏။
သောဘနေသွေဝသောဘနာ	သောဘနစေတသိက် ၂၅ ပါးတို့သည် သောဘနစိတ် တခုယုတ် (၆၀) တို့၌ ယှဉ်ကုန်၏။

သမ္ပယောဂနည်း နှင့် သင်္ဂဟနည်းအထူး

စေတသိက်တို့ကိုမှတ်၍ စိတ်ကိုရေတွက်သောနည်းသည် သမ္ပယောဂနည်းမည်၏။

စိတ်ကိုမှတ်၍ စေတသိက်ကိုရေတွက်သောနည်းသည် သင်္ဂဟနည်းမည်၏။ ဤသို့ထူးပါ သည်။

http://www.dhammadownload.com

သမ္ပယောဂနည်းအကျယ်ပြ

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုတို့သည် စိတ်တခုယုတ် ၉၀ အကျယ် (၁၂၁) ပါး တို့ယှဉ်ကုန်၏။

၂။ ဝိတက်စေတသိက်သည် ဒွေးပဉ္စဝိညာဉ် ၁၀ ကြဉ်သော ကျန်ကာမစိတ် ၄၄ ပါး ပဌမစျာန် စိတ် ၁၁ ပါး

ပေါင်း ၅၅ ပါးသော စိတ်တို့၌ ဝိတက်ယှဉ်၏။

ဒွေးပဉ္စဝိညာဉ် ၁၀ ဒုတိယစျာန်စိတ် ၁၁ ပါး

တတိယစျာန်စိတ် ၁၁ ပါး စတုတ္ထစျာန်စိတ် ၁၁ ပါး ပဉ္စမစျာန်စိတ် ၂၃ ပါး ပေါင်း ၆၆ ပါး သောစိတ်တို့၌ ဝိတက်မယှဉ်။

၃။ ဝိစာရစေတသိက်သည် ဒွေးပဉ္စဝိညာဉ် ၁၀ ကြဉ်သောကျန်ကာမစိတ် ၄၄ ပါး ပဌမစျာန် စိတ် ၁၁ ပါး ဒုတိယစျာန်စိတ် ၁၁ ပါး ပေါင်း ၆၆ ပါးသောစိတ်တို့၌ ဝိစာရယှဉ်၏။

ဒွေးပဉ္စဝိညာဉ် ၁၀ တတိယစျာန်စိတ် ၁၁ ပါး စတုတ္ထစျာန်စိတ် ၁၁ ပါး ပဉ္စမစျာန်စိတ် ၂၃ ပါး ပေါင်း ၅၅ ပါး သောစိတ်တို့၌ ဝိစာရမယှဉ်။

၄။ အဓိမောက္ခစေတသိက်သည် ဒွေး ပဉ္စဝိညာဉ် ၁၀ ပါး ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး ကြဉ်သောကျန် ၇၈ ပါးသော စိတ်တို့၌ အဓိမောက္ခယှဉ်၏။

ဒွေး ပဉ္စဝိညာဉ် ၁၀ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး ပေါင်း ၁၁ ပါးသော စိတ်တို့၌ အဓိမောက္ခ မယှဉ်။

၅။ ဝီရိယစေတသိက်သည် ပဉ္စဒွါရာဝဇ္ဇန်း ၁ ဒွေးပဉ္စဝိညာဉ် ၁၀ သမ္ပဋိစ္ဆိုင်း ၂ သန္တီရဏစိတ် ၃ ပါးကြဉ်သော ကျန် ၇၃ ပါးသောစိတ်တို့၌ ဝီရိယယှဉ်၏။

ပဉ္စဒွါရာဝဇ္ဇန်း ၁။ ဒွေးပဉ္စဝိညာဉ် ၁၀ သမ္ပဋိစ္ဆိုင်း ၂။ သန္တီရဏ ၃ ပါး ပေါင်း ၁၆ ပါး သောစိတ်တို့၌ဝီရိယမယှဉ်။

၆။ ပီတိစေတသိက်သည် ဒေါသမူဒွေး ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး ကာယဝိညာဉ် ဒွေး စတုတ္ထစျာန်စိတ် ၁၁ ပါးကြဉ်သော ကျန် ၅၁ ပါးသောစိတ်တို့၌ ပီတိယှဉ်၏။

http://www.dhammadownload.com

ဒေါသမူဒွေး - ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး ကာယဝိညာဏ်ဒွေး စတုတ္ထဈာန်စိတ် ၁၁ ပါး ပေါင်း ၇၀ သောစိတ်တို့၌ ပီတိမယှဉ်။

၇။ ဆန္ဒစေတသိက်သည် အဟိတ်စိတ် ၁၈ ပါး မောဟမူ ဒွေးကြဉ်သော ကျန် ၆၉ ပါးသော စိတ်တို့၌ဆန္ဒယှဉ်၏။

အဟိတ်စိတ် ၁၈ ပါး မောဟမူဒွေး ပေါင်း ၂၀ သော စိတ်တို့၌ဆန္ဒမယှဉ်။

အညသမာန်းစေတသိက် ၁၃ ပါးမှာ သမ္ပယောဂနည်း ၇ နည်းရ၏။

(၇) နည်း အကျဉ်းရေတွက်ပုံ

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခုတို့သည် စိတ်တခုယုတ် (၉၀) အကျယ် ၁၂၀ ပါးတို့၌ယှဉ်၍ သမ္ပယောဂနည်း တနည်း။

၂။ ဝိတက်စေတသိက်သည် (၅၅) ပါးသော စိတ်တို့၌ယှဉ်၍သမ္ပယောဂနည်း တနည်း

၃။ ဝိစာရစေတသိက်သည် (၆၆) ပါးသောစိတ်တို့၌ယှဉ်၍ သမ္ပယောဂနည်း တနည်း

၄။ အဓိမောက္ခစေတသိက်သည် (၇၀) ပါးသော စိတ်တို့၌ယှဉ်၍ သမ္ပယောဂနည်း တနည်း

၅။ ဝီရိယစေတသိက်သည် (၇၃) ပါးသော စိတ်တို့၌ ယှဉ်၍သမ္ပယောဂနည်း တနည်း

၆။ ပီတိစေတသိက်သည် (၅၁) ပါးသော စိတ်တို့၌ ယှဉ်၍ သမ္ပယောဂနည်းတနည်း

၇။ ဆန္ဒစေတသိက်သည် (၆၉) ပါးသော စိတ်တို့၌ယှဉ်၍ သမ္ပယောဂနည်းတနည်း

ပေါင်း အညသမာန်းစေတသိက် ၁၃ ပါးမှာ သမ္ပယောဂနည်း ၇ နည်းရ၏။

စေတသိက်အမည်		**ယှဉ်**	**မယှဉ်**	
ဝိတက်	ပဥ္စပညာသ	၅၅	၆၆	ဆသဋ္ဌိ
ဝိစာရ	ဆသဋ္ဌိ	၆၆	၅၅	ပဥ္စပညာသ
အဓိမောက္ခ	ဋ္ဌသတ္တတိ	၇၈	၁၁	ဧကာဒသစ
ဝီရိယ	တိသတ္တတိ	၇၃	၁၆	သောဠသ

http://www.dhammadownload.com

ပီတိ	ကေပညာသ	၅၁	၇၀	သတ္တတိ
ဆန္ဒ	ကေူနသတ္တတိ	၆၉	၂၀	ဝီသတိစေဝ
	သပကိဏ္ဏကာ			ပကိဏ္ဏကဝဇ္ဇိတာ

မေး။ ပကိဏ်း စေတသိက် သမ္ပယောဂနည်း ဝိတက်ယှဉ်ရာ၌ ဒွေးပဥ္စဝိညာဉ် ၁၀ ဒုတိယစျာန် စိတ် ကောဒသ စသည်တို့ကို ကြဉ်ရခြင်းအကြောင်းကို ပြဆိုပါ။

ဖြေ။ ဒွေး ပဥ္စဝိညာဉ် ၁၀ သည် သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်၄င်း ဒုတိယစျာန် ကောဒသ စသည်တို့သည် ဘာဝနာ၏အစွမ်းဖြင့် ဝိတက်မရှိသောကြောင့်၄င်း ထိုစိတ် များကို ကြဉ်ရပါသည်။

မေး။ ဝီရိယသည် ဒွေးပဥ္စဝိညာဉ် ၁၀ သမ္ပဋိစ္ဆိုင်း သန္တီရဏ ပဥ္စဒွါရာဝဇ္ဇန်း စိတ်တို့၌ အဘယ် ကြောင့်မယှဉ်ပါသနည်း။

ဖြေ။ ထိုစိတ် ၁၆ ပါးတို့သည် ဗိုလ်ကင်းသောကြောင့် ဝီရိယမယှဉ်ပါ။

မေး။ ပီတိသည် ဒေါသမူဒွေး ဒုက္ခသဟဂုတ် ဥပေက္ခာ ၅၅ ပါးတို့၌ အဘယ်ကြောင့် မယှဉ်ပါ သနည်း။

ဖြေ။ ပီတိသည် နှစ်သက်မြတ်နိုးခြင်းသဘော ဒေါသသည် ကြမ်းတမ်းခြင်းသဘောရှိ၍ ဆန့်ကျင်သောကြောင့် ဒေါသမူဒွေး ဒုက္ခသဟဂုတ်စိတ်တို့၌ပီတိမယှဉ်ပါ။
ပီတိသည် သောမနဿဝေဒနာနှင့်အမြဲယှဉ်သောကြောင့် ဥပေက္ခာ ၅၅ ပါး၌ မယှဉ်ပါ။

မေး။ ပကိဏ်းစေတသိက် ၆ ခုလုံးမယှဉ်နိုင်သော စိတ်ကား အဘယ်နည်းဖော်ပြပါ။

ဖြေ။ ဒွေး ပဥ္စဝိညာဏ် ၁၀ ဖြစ်ပါသည်။

မေး။ ပကိဏ်းစေတသိက် ၆ ခုတို့သည် ဒွေးပဥ္စဝိညာဏ် ၁၀ တို့၌အဘယ်ကြောင့် မယှဉ်ပါ သနည်း။

ဖြေ။ ဒွေးပဥ္စဝိညာဏ် ၁၀ တို့သည် အလုံးစုံတို့အောက် အားအနည်းဆုံးဖြစ်သောကြောင့် ဒွေးပဥ္စဝိညာဏ် ၁၀ တို့၌ပကိဏ်းစေတသိက် ၆ ခုတို့မယှဉ်ပါ။

http://www.dhammadownload.com

အကုသိုလ်စေတသိက် ၁၄ ပါးတို့၏ သမ္ပယောဂနည်း။

၁။ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စပေါင်း ၄ ပါးတို့သည် အကုသိုလ်စိတ် ၁၂ ပါးတို့ ၌ယှဉ်၏။ ၄င်း ၄ ပါးတို့ကို မောစတုတ်ဟုလည်းခေါ်၏။ သဗ္ဗာကုသလသာဓာရဏ စေတသိက်ဟုလည်း ခေါ်၏။

၂။ လောဘစေတသိက်သည် လောဘမူစိတ် ၈ ပါးတို့၌ယှဉ်၏။

၃။ ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄ ပါးတို့၌ယှဉ်၏။

၄။ မာနစေတသိက်သည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄ ပါးတို့၌ယှဉ်၏။

၅။ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ပေါင်း စေတသိက် ၄ ပါးတို့သည် ဒေါသမူဒွေး၌ယှဉ်၏။ ၄င်း ၄ ပါးတို့ကို ဒေါစတုတ် ဟုခေါ်၏။

၆။ ထိန မိဒ္ဓ စေတသိက် ၂ ပါးသည် သသင်္ခါရိက စိတ် ၅ ခုတို့၌ယှဉ်၏။

၇။ ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်၏။

၁။ သဗ္ဗာပုညေသုစတ္တာရော

မောဟအဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စစေတသိက် ၄ ပါးတို့သည် အကုသိုလ်စိတ် ၁၂ ပါးတို့၌ ယှဉ်၍ သမ္ပယောဂနည်း တနည်း။

၂။ လောဘမူလေတယောဂတာ

လောဘ ဒိဋ္ဌိ မာန စေတသိက် ၃ ပါးတို့သည် လောဘမူစိတ် ၈ ပါးတို့၌ ယှဉ်၍ သမ္ပယောဂ နည်း တနည်း

၃။ ဒေါသမူလေသု စတ္တာရော

ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ စေတသိက် ၄ ပါးတို့သည် ဒေါသမူစိတ် ၂ ပါးတို့၌ ယှဉ်၍ သမ္ပယောဂနည်း တနည်း

၄။ သသင်္ခါရေဒွယံ

ထိန - မိဒ္ဓစေတသိက် ၂ ပါးသည် သသင်္ခါရိကစိတ် ၅ ခု တို့၌ယှဉ်၍ သမ္ပယောဂနည်း တနည်း

http://www.dhammadownload.com

၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစာတိ

ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်၍ သမ္ပယောဂနည်း တနည်း ပေါင်း အကုသိုလ်စေတသိက် ၁၄ ပါးမှာ သမ္ပယောဂ ၈ နည်း ၅ နည်း ရ၏။

(ဋီကာ)

မေး။ ဒိဋ္ဌိကို အဘယ်ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့၌သာလျှင် ရအပ်ပါသနည်း။

ဖြေ။ သက္ကာယအစရှိသည်တို့၌ အတ္တစသည်ဖြင့်မှားသော နှလုံးသွင်းခြင်းရှိသောသူအား ထိုသက္ကာယတရားတို့၌မြတ်နိုးခြင်းဖြစ်သင့်သောကြောင့် ဒိဋ္ဌိကို ဒိဋ္ဌိဂတသမ္ပယုတ်စိတ် တို့၌သာရအပ်ပါသည်။

မေး။ ဒိဋ္ဌိနှင့်မာနအတူတကွ မယှဉ်နိုင်ခြင်းကို ဥပမာဖြင့် ထင်ရှားစွာပြဆိုပါ။

ဖြေ။ မာနသည် ငါဟူသော မာန်မာန၏အစွမ်းဖြင့်ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်ဖြစ်ပုံသဘောခြင်း တူ၏။ ထို့ကြောင့် ကေသရာခြသေ့်မင်းတကောင်သည် ကေသရာခြသေ့်မင်းတကောင် နှင့်အတူတကွ တဂူတည်းမှာအောင်း၍မဖြစ်သကဲ့သို့ တခုတည်းသောစိတ်၌ ဒိဋ္ဌိနှင့် မာန တို့သည်အတူတကွမဖြစ်နိုင်ပါ။

မေး။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စစေတသိက်တို့ကို အဘယ်ကြောင့်ဒေါသမူစိတ်၌သာလျှင် ရအပ် ပါသနည်း။

ဖြေ။ သူတပါးစည်းစိမ်းကိုငြူစူခြင်း၊ မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်း ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်းရှိသောသူအား ထိုထိုအာရုံတို့ ၌ ထိပါးညှင်းဆဲသကဲ့သို့ဖြစ်သောကြောင့် ထိုစေတသိက် ၃ ခုတို့သည် ဒေါသမူစိတ်တို့ ၌သာလျှင် ရအပ်ပါသည်။

မေး။ ထိန မိဒ္ဓ စေတသိက် ၂ ခုကို အဘယ်ကြောင့် သသင်္ခါရိက စိတ် ၅ ခု၌သာ ရအပ်ပါ သနည်း။

http://www.dhammadownload.com

ဖြေ။ အမှုကိုပြုခြင်းငှာမခံ့ - တွေဝေထိုင်းမှိုင်းနေသောသူအား သဘောအားဖြင့် ထက်ကုန်သော အသင်္ခါရိကစိတ်တို့၌ မဖြစ်သင့်သောကြောင့် ထိနမိဒ္ဓစေတသိက် ၂ ခုကို သသင်္ခါရိက စိတ် ၅ ခု၌သာလျှင်ရအပ်ပါသည်။

သောဘနစေတသိက် ၂၅ ပါးတို့တွင်

(၁) သောဘနသာဓာရဏ စေတသိက် ၁၉ ပါးတို့သည် သောဘနစိတ်တဆုယုတ် (၆၀) ဝါ (၅၉) ပါးတို့၌ယှဉ်၏။

(၂) ဝိရတီစေတသိက် ၃ ပါးတို့သည် လောကုတ္တရာစိတ် ၈ ပါး မဟာကုသိုလ်စိတ် ၈ ပါး ပေါင်း ၁၆ ပါးတို့၌ယှဉ်၏

(ယှဉ်ပုံ) လောကုတ္တရာစိတ် ၈ ပါးမှာ အမြဲတပြိုင်နက်တပေါင်းတည်းယှဉ်၏။ မဟာကုသိုလ်စိတ် ၈ ပါးမှာတခါတရံယှဉ်၏။ တပြိုင်နက် တပေါင်းတည်းမယှဉ်၊ အသီးသီးယှဉ်၏။

မေး။ ဝိရတီစေတသိက်။ မဟာကုသိုလ်စိတ် ၈ ပါးတို့၌ ကဒါစိဖြစ်ပုံ (အကျယ်)ကိုပြဆိုပါ။

ဖြေ။ အာဇီဝဟေတုကို မငဲ့ဘဲ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ကြဉ်သောအခါ သမ္မာဝါစာဖြစ်၏ မရှောင်ကြဉ်သောအခါ သမ္မာဝါစာမဖြစ်။

အာဇီဝဟေတုကိုမငဲ့ဘဲ ကာယဒုစရိုက် ၃ ပါးကိုရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ ဖြစ်၏။ မရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ မဖြစ်။

အာဇီဝဟေတုကိုငဲ့၍ ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးကို ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝဖြစ်၏။ မရှောင်ကြဉ်သောအခါ သမ္မာအာဇီဝမဖြစ်။ ဤကား ကဒါစိဖြစ်ပုံတည်း။

http://www.dhammadownload.com

ဝိသုံ ဝိသုံ ဖြစ်ပုံ

အာဇီဝဟေတုကိုမငဲ့ဘဲ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ကြဉ်သောအခါ သမ္မာဝါစာဖြစ်၏။ သမ္မာကမ္မန္တ သမ္မာအာဇီဝမဖြစ်၊ အာဇီဝဟေတုကို မငဲ့ဘဲ ကာယဒုစရိုက် ၃ ပါးကို ရှောင်ကြဉ်သော အခါ သမ္မာကမ္မန္တ၊ အာဇီဝဟေတုကိုငဲ့၍ ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးကို ရှောင်ကြဉ် သောအခါ သမ္မာအာဇီဝဖြစ်၏။ သမ္မာဝါစာ - သမ္မာကမ္မန္တမဖြစ် ဤကား ဝိသုံ ဝိသုံ။ (ဖြစ်ပုံ တည်း)

(၃) အပ္ပမညာစေတသိက် ၂ ပါး တို့သည် ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂ ပါး မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး ပေါင်း ၂၈ ပါးသော စိတ်တို့၌ယှဉ်၏။

ယှဉ်ရာ၌။ တခါတရံယှဉ်၏။ အသီးအသီးယှဉ်၏။ ထိုယှဉ်သောစိတ် ၂၈ ပါးတို့တွင် ကာမသောဘနံ ဥပေက္ခာသဟဂုတ်စိတ် ၈ ခုတို့၌ ကရုဏာ မုဒိတာ စေတသိက်တို့သည် မယှဉ်နိုင်ဟု ကေစိဆရာတို့က ဆိုကြ၏။

ကျန်စိတ် ၂၀ တို့၌ ယှဉ်၏။

အပ္ပမညာစေတသိက်၏ ကဒါစိဖြစ်ပုံ

ဒုက္ခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာဖြစ်၏။ မသနားသော အခါ ကရုဏာမဖြစ်၊ သုခိတသတ္တဝါပုဂ္ဂိုလ်ကိုအာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၏။ ဝမ်းမ မြောက်သောအခါ မုဒိတာမဖြစ်။ ဤကား ကဒါစိဖြစ်ပုံ။

၄င်းစေတသိက်တို့၏ နာနာဖြစ်ပုံ

ဒုက္ခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ သနားခြင်းဖြစ်သောအခါ ကရုဏာဖြစ်၏။ မုဒိတာ မဖြစ်။ သုခိတသတ္တဝါပုဂ္ဂိုလ်တို့အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၏။ ကရုဏာမဖြစ်။ ဤကား နာနာဖြစ်ပုံတည်း။

http://www.dhammadownload.com

(၄) ပညာစေတသိက်သည် ကာမာဝစရဉာဏသမ္ပယုတ်စိတ် ၁၂ ပါး မဟဂ္ဂုတ်လောကုတ္တရာ စိတ် ၃၅ ပါး ပေါင်း ၄၇ ပါးသော စိတ်တို့၌ ပညာယှဉ်၏။

၁။ ဧကူနဝီသတိဓမ္မာဇာယန္တေ ကူနသဋ္ဌိသုအရ သောဘနသာဓာရဏစေတသိက် ၁၉ ခု တို့သည် သောဘနစိတ် တခုယုတ် ၆၀ ဝါ ၅၉ ခု တို့၌ယှဉ်၍ သမ္ပယောဂနည်းတနည်း။

၂။ တယော့သောဠသ စိတ္တေသု အရ ဝိရတီစေတသိက် ၃ ခုတို့သည် ၁၆ ပါးသော စိတ်တို့၌ ယှဉ်သောသမ္ပယောဂနည်း တနည်း။

၃။ အဋ္ဌဝီသတိယံ ဒွယံ အရ အပ္ပမညာစေတသိက် ၂ ခုတို့သည် ၂၈ ပါးသောစိတ်တို့၌ယှဉ်၍ သမ္ပယောဂနည်း တနည်း။

၄။ ပညာပကာသိတာ သတ္တစတ္တာလီသ ဝိဓေသု အရ ပညိန္ဒြေစေတသိက်သည် ၄၇ ပါးသော စိတ်တို့၌ယှဉ်၍ သမ္ပယောဂနည်းတနည်း။

ပေါင်းသောဘနစေတသိက် ၂၅ ပါးမှာ သမ္ပယောဂနည်း ၄ နည်းရ၏။

အညသမာန်စေတသိက် ၁၃ ပါးမှာ	သမ္ပယောဂနည်း	၇ နည်း
အကုသိုလ်စေတသိက် ၁၄ ပါးမှာ	သမ္ပယောဂနည်း	၅ နည်း
သောဘနစေတသိက် ၂၅ ပါးမှာ	သမ္ပယောဂနည်း	၄ နည်း
ပေါင်း သမ္ပယောဂနည်း		၁၆ နည်း

မေး။ ဝိရတီစေတသိက်တို့သည် လောကုတ္တရာစိတ်၌အဘယ်ကြောင့် အမြဲယှဉ်ပါသနည်း။

ဖြေ။ မဂ်သည် ကာယဒုစရိုက်သည်တို့ကိုအကြွင်းမဲ့ဖြတ်သည်၏ အစွမ်းဖြင့်ဖြစ်သောကြောင့် ၎င်း ဖိုလ်သည်လည်း မဂ်အားလျော်စွာ ဖြစ်သောကြောင့်၎င်း ဝိရတီစေတသိက်တို့ သည် လောကုတ္တရာစိတ်၌အမြဲယှဉ်ပါသည်။

မေး။ လောကီ၌ဖြစ်သော ဝိရတီနှင့်လောကုတ္တရာ၌ဖြစ်သော ဝိရတီတို့၏ အထူးကိုဖော်ပြပါ။

ဖြေ။ လောကီဖြစ်သောဝိရတီတို့သည် မုသာဝါဒစသော ဒုစရိုက်တို့ကို အသီးသီးတခုစီသာ ပယ်နိုင်၏။ တပြိုင်နက် အကြွင်းမဲ့မပယ်နိုင်။ လောကုတ္တရာ၌ဖြစ်သောဝိရတီတို့သည်

http://www.dhammadownload.com

မုသာဝါဒအစရှိသော ဒုစရိုက်တို့ကိုအသီးသီးတခုစီပယ်နေရသည်မဟုတ်။ ထိုထိုသို့သော မဂ်ဖြင့်တပြိုက်နက်တည်းသောခဏ၌ အလုံးစုံသောဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ပယ်နိုင်လေသည်။ ဤသို့ထူးကြပါသည်။

မေး။ ဝိရတီစေတသိက်တို့သည် မဟာကုသိုလ်စိတ်၌အမြဲမယှဉ်နိုင်ခြင်းအကြောင်းကိုဖော်ပြပါ။

ဖြေ။ ကာမာဝစရကုသိုလ်စိတ်တို့သည် တခါတရံ ဒါန၊ တခါတရံ သီလ၊ တခါတရံ ဘာဝနာ၏ အစွမ်းဖြင့်ဖြစ်သောကြောင့် ဝိရတီစေတသိက်တို့သည် လောကီ၌ကဒါစိ အနိယတဖြစ်ကြပါသည်။

မေး။ ဝိရတီစေတသိက်တို့သည် အဘယ်ကြောင့်လောကီ၌ ဝိသုံ ဝိသုံ လောကုတ္တရာ၌ ဧကတောဖြင့် ယှဉ်ပါသနည်း။

ဖြေ။ လွန်ကျူးအပ်သော ဝတ္ထုဟုဆိုအပ်သော သတ္တဝါသင်္ခါရစသော အာရုံတို့၏ ဖြစ်သင့်ခြင်းကိုငဲ့သောကြောင့် (ဝါ) အာရုံပြားသောကြောင့်) လောကီ၌ဝိသုံ ဝိသုံ ဖြစ်ပါသည်။ နိဗ္ဗာန်အာရုံတခုတည်း၏အစွမ်းဖြင့် အာရုံမပြားသောကြောင့် လောကုတ္တရာ၌ ဧကတော (တပြိုင်နက်) ယှဉ်ပါသည်။

သဗ္ဗထာပိ နှင့် ဧကတောအထူး

ဖြေ။ သဗ္ဗထာပိဖြင့် ကာယဒုစရိုက် ဝစီဒုစရိုက် ဒုရာဇီဝဟူသမျှတို့မှ အကုန်အစင်ရှောင်ကြဉ်သောအားဖြင့် ယှဉ်ပုံကိုပြသည်။

ဧကတောဖြင့် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ၃ ပါးလုံး တပြိုင်နက်အတူတကွယှဉ်ကြသည်ဟုပြသည်။ ဤသို့ထူးပါသည်။

ဆောင်။ သဗ္ဗထာပိ သဒ္ဒါရှိက ဒုစရိုစုံ ကုန်သိမ်းခြုံ၍ ရှောင်ပုံကိုမျှ ဓိပ္ပာယ်ပြ၏။ တကွယှဉ်ပုံမပြတုံခဲ့ ဧကတောက သဘောပြမှာ၊ တကွစုံယှဉ် ကုန်မကြဉ်သည်၊ ယူအင် ဤသို့ကွဲသတည်း။

မေး။ အပ္ပမညာစေတသိက်တို့သည် အဘယ်ကြောင့်အသီးသီးယှဉ်ပါသနည်း။

ဖြေ။ အာရုံပြားသောကြောင့်၄င်း မိမိ၏အာရုံဖြစ်သော ဒုက္ခိတ သုခိတ သတ္တဝါတို့အား ထင်ခြင်းသို့ရောက်ခြင်းကို ငဲ့လိုသောကြောင့် ၄င်းအသီးသီးယှဉ်ပါသည်။

မေး။ အပ္ပနာ၏ ရှေးအဘို့၌ အပ္ပမညာစေတသိက်တို့ ဥပေက္ခာဝေဒနာဖြစ်နိုင်ပုံကိုဖြေရှင်းခဲ့ပါ။

ဖြေ။ အပ္ပနာ၏ ရှေ့အဘို့အပ္ပမညာစေတသိက်တို့ကို ပွားများသော ပရိကံအခါ၌သောမနဿ သဟဂုတ်စိတ်ဖြင့် ပွားများခြင်းပရိကံကို လေ့လာပြီးသည်၏အဖြစ်ကြောင့် ဥပေက္ခာ သဟဂုတ်စိတ်ဖြင့်လည်း အပ္ပမညာတို့ကို ပွားများခြင်းပရိကံကိုပြုနိုင်ပါသည်။

ဆောင်။ လေ့လာပြီးသား ကျမ်းဂန်များကို မထားသတိ၊ ရွတ်ဆိုဘိသို့ မုဒိ ကရုဏာ ဘာဝနာ၏ အပ္ပနာရှေ့တန်း ကမ္မဋ္ဌာန်း၌ စီးဖြန်းပါး၀ အသားကျက သောမန ဥပေက် လှည့်စီ ဖြစ်ကြောင်း ရှိစကောင်းမို့ ၄င်းဝါဒ ကေစိပြဟု အောက်ချထေရ်ရှင်မိန့်သတည်း။

မေး။ အနိယတယောဂီစေတသိက် ၁၁ ပါး တို့ကိုဖော်ပြပါ။

ဖြေ။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ကရုဏာ မုဒိတာ မာန ထိန မိဒ္ဓ ပေါင်း အမြဲမယှဉ်သောစေတသိက် ၁၁ ပါးဖြစ်သည်။ ၄င်း ၁၁ ပါးကို အနိယတ ယောဂီစေတသိက်ဟုလည်းခေါ်သည်။ ကြွင်းကျန်သော ၄၁ ပါးသော စေတသိက်တို့ကို နိယတယောဂီစေတသိက်ဟုခေါ်သည်။ (အမြဲယှဉ်သောစေတသိက်)

အနိယတယော ဂီစေတသိက် ၁၁ ပါးမှာ

ဣဿာ မစ္ဆရိယ ကုက္ကုစ္စ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ကရုဏာ မုဒိတာ ပေါင်း ၈ ပါးသည် နာနာကဒါစိ စေတသိက် မည်၏။ မာနသည် ကဒါစိစေတသိက်မည်၏။ ထိန မိဒ္ဓ စေတသိက် ၂ ပါးသည် သဟကဒါဒိစေတသိက်မည်၏။

ဣဿာမစ္ဆရိယ ကုက္ကုစ္စ စေတသိက်တို့၏ နာနာဖြစ်ပုံ- သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿဖြစ်၏။ မစ္ဆရိယ ကုက္ကုစ္စမဖြစ်။ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယဖြစ်၏။ ဣဿာ

http://www.dhammadownload.com

ကုက္ကုစ္စမဖြစ် ပြုအပ်ပြီးသော ဒုစရိုက် မပြုရသေးသော သုစရိုက်တို့၌ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၏။ ဣဿာ မစ္ဆရိယမဖြစ် (ဤကား နာနာဖြစ်ပုံ)

ကဒါစိဖြစ်ပုံ။ သူတစ်ပါးစည်းစိမ်ကိုငြူစူသောအခါ ဣဿာဖြစ်၍ မငြူစူသောအခါ မဖြစ်၊ မိမိစည်းစိမ်းကိုလျှို့ဝှက်သောအခါ မစ္ဆရိယဖြစ်၏။ မလျှို့ဝှက်သောအခါ မဖြစ်။ ပြုအပ်ပြီးသော ဒုစရိုက် မပြုရသေးသော သုစရိုက်တို့၌ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၍ မစိုးရိမ်သောအခါ မဖြစ် (ဤကား ကဒါစိဖြစ်ပုံ)

မာနစေတသိက် ကဒါစိဖြစ်ပုံ

မိမိကိုယ်ကိုငါသာလျှင်မြတ်၏ဟု ထောင်လွှားသောအခါ မာနဖြစ်၏။ မထောင်လွှားသောအခါ မာနမဖြစ် (ဤကားကဒါစိဖြစ်ပုံ)

ထိန မိဒ္ဓ စေတသိက် ကဒါစိဖြစ်ပုံ

နာမက္ခန္ဓာ ၄ ပါးတို့၏ မခံ့သောအခါ ထိနမိဒ္ဓဖြစ်၏။ ခံ့သောအခါ ထိနမိဒ္ဓမဖြစ်။ ကဒါစိဖြစ်ပုံတည်း။ ဤစေတသိက် ၂ ပါးသည် အတူတကွ မကွေမကွာယှဉ်သောကြောင့် သဟလည်းအမည်ရသည်။

မေး။ (က) နိယတ (ခ) အနိယတ (ဂ) နိယတာနိယတ စေတသိက်များကို အသီးသီးဖော်ပြပါ။

ဖြေ။ (က) အနိယတယောဂီစေတသိက်မှ ကြွင်းသောစေတသိက် ၄၁ ပါးကား နိယတစေတသိက်မည်ပါသည်။

(ခ) ဣဿ မစ္ဆရိယ ကုက္ကုစ္စ ကရုဏာ မုဒိတာ မာန ထိန မိဒ္ဓ ပေါင်း ၈ ပါးကား အနိယတ

(ဂ) ဝိရတီစေတသိက် ၃ ပါးတို့ကား နိယတာနိယတ စေတသိက်များဖြစ်ပါသည်။

<u>**ဆတ္တိံသာနုတ္တရေဓမ္မာ။**</u> လောကုတ္တရာစိတ်မှာအများဆုံး (၃၆) ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း (၅) နည်း၊ <u>**ပဉ္စတိံသမဟဂ္ဂတေ**</u>။ မဟဂ္ဂုတ်စိတ်မှာ အများဆုံး (၃၅) ပါးသော စေတသိက်များယှဉ်၍သင်္ဂဟနည်း (၅) နည်း

http://www.dhammadownload.com

အဋ္ဌတိံသာပိလဗ္ဘန္တိ ကာမာဝစရသောဘနေ ကာမာဝစရသောဘနစိတ်မှာ အများဆုံး (၃၈) ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း ၁၂ နည်း

သတ္တဝီသတိပုညမှိ - အကုသိုလ်စိတ်မှာ အများဆုံး ၂၇ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း ၇ နည်း။

ဒွါဒသာ ဟေတုကေ ဝတိစ အဟိတ်စိတ်မှာ အများဆုံး ၁၂ ပါး သောစေတသိက်များယှဉ်၍ သင်္ဂဟနည်း ၄ နည်း

လောကုတ္တရာစိတ် သင်္ဂဟနည်း အကျယ်

၁။ လောကုတ္တရာပဌမစျာန်စိတ် ၈ ခု၌ အညသမာန်စေတသိက် ၁၃ ပါး၊ အပ္ပမညာဒွေးကြဉ်သော သောဘနစေတသိက် ၂၃ ပါးဖြင့် ၃၆ ပါးသော စေတသိက်များယှဉ်၏။

၂။ လောကုတ္တရာဒုတိယစျာန်စိတ် ၈ ခု၌ ဝိတက်ကြဉ်သော အညသမာန်စေတသိက် ၁၂ ပါး အပ္ပမညာဒွေးကြဉ်သောသောဘနစေတသိက် ၂၃ ပါး ပေါင်း ၃၅ ပါးသော စေတသိက်များ ယှဉ်၏။

၃။ လောကုတ္တရာ တတိယစျာန်စိတ် ၈ ခု၌ ဝိတက်ဝိစာရကြဉ်သော အညသမာန်စေတသိက် ၁၁ ပါး အပ္ပမညာဒွေးကြဉ်သော သောဘနစေတသိက် ၂၃ ပါး ပေါင်း ၃၄ ပါးသော စေတသိက်များယှဉ်၏။

၄။ လောကုတ္တရာ စတုတ္ထစျာန်စိတ် ၈ ခု၌ ဝိတက် ဝိစာရ ပီတိကြဉ်သော အညာသမာန် စေတသိက် ၁၀ ပါး အပ္ပမညာဒွေကြဉ်သော သောဘနစေတသိက် ၂၃ ပါး ပေါင်း ၃၃ပါး သော စေတသိက်များယှဉ်၏။

၅။ လောကုတ္တရာပဥ္စမစျာန်စိတ် ၈ ခု၌ ဝိတက် ဝိစာရ ပီတိကြဉ်သော အညသမာန်စေတသိက် ၁၀ ပါး အပ္ပမညာဒွေကြဉ်သော သောဘနစေတသိက် ၂၃ ပါး ပေါင်း ၃၃ ပါးသော စေတသိက်များယှဉ်၏။

ပေါင်း လောကုတ္တရာစိတ်မှာ သင်္ဂဟနည်း ၅ နည်း

http://www.dhammadownload.com

လောကုတ္တရာစိတ် သင်္ဂဟနည်း အကျဉ်းရေတွက်ပုံ

၁။	ဆတ္တိံသ	လောကုတ္တရာပဌမစျာန်စိတ်တခု၌ ၃၆ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း။
၂။	ပဉ္စတိံသ	လောကုတ္တရာဒုတိယစျာန်စိတ် ၈ ခု၌ ၃၅ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း
၃။	စတုတ္တိံသ	လောကုတ္တရာတတိယစျာန်စိတ် ၈ ခု၌ ၃၄ ပါးသော စေတသိက်များ ယှဉ်၍ သင်္ဂဟနည်း တနည်း
၄။	တေတ္တိံသဒွယံ	လောကုတ္တရာစတုတ္ထစျာန်စိတ် ၈ ခု၌ ၃၃ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း
၅။	တေတ္တိံသ	လောကုတ္တရာပဉ္စမစျာန်စိတ် ၈ ခု၌ ၃၃ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း
		ပေါင်း ၅ နည်း။

မေး။ လောကုတ္တရာစိတ်၏သင်္ဂဟနည်း၌အဘယ်ကြောင့် အပ္ပမညာကိုကြဉ်ပါသနည်း။

ဖြေ။ အပ္ပမညာစေတသိက်တို့သည် သတ္တဝါပညတ်လျှင်အာရုံရှိ၍ လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်လျှင်အာရုံရှိသောကြောင့် အာရုံပြားသည်ဖြစ်၍ အပ္ပမညာကိုကြဉ်ပါသည်။

၁။ မဟဂ္ဂုတ်ပဌမစျာန်စိတ် ၃ ခု၌ အညသမာန် စေတသိက် ၁၃ ပါး ဝိရတီစေတသိက် ၃ ခု ကြဉ်သော သောဘနစေတသိက် ၂၂ ပါး ပေါင်း ၃၅ ပါးသောစေတသိက်များယှဉ်၏။

၂။ မဟဂ္ဂုတ်ဒုတိယစျာန်စိတ် ၃ ခု၌ ဝိတက်ကြဉ်သော အညသမာန်စေတသိက် ၁၂ ပါး ဝိရတီစေတသိက် ၃ ခုကြဉ်သော သောဘနစေတသိက် ၂၂ ပါး ပေါင်း ၃၄ ပါး သော စေတသိက်များယှဉ်၏။

၃။ မဟဂ္ဂုတ်တတိယစျာန်စိတ် ၃ ခု၌ ဝိတက်၊ ဝိစာရကြဉ်သော အညသမာန်စေတသိက် ၁၁ ပါး ဝိရတီကြဉ်သော သောဘနစေတသိက် ၂၂ ပါး ပေါင်း ၃၃ ပါးသော စေတသိက်များယှဉ်၏။

http://www.dhammadownload.com

၄။ မဟဂ္ဂုတ် စတုတ္ထစျာန်စိတ် ၃ ခု၌ ဝိတက် ဝိစာရ ပီတိကြဉ်သော အညသမာန် စေတသိက် ၁၀ ပါး ဝိရတီစေတသိက် ၃ ခု ကြဉ်သော သောဘနစေတသိက် ၂၂ ပါး ပေါင်း ၃၂ ပါး သောစေတသိက်များယှဉ်၏။

၅။ မဟဂ္ဂုတ်ပဥ္စမစျာန်စိတ် ၁၅ ခုတို့၌ ဝိတက် ဝိစာရ ပီတိကြဉ်သော အညသမာန် စေတသိက် ၁၀ ပါး ဝိရတီစေတသိက် ၃ ခု အပ္ပမညာဒွေကြဉ်သော သောဘန စေတသိက် ၂၀ ပေါင်း ၃၀ သောစေတသိက်များယှဉ်၏။

ပေါင်း သင်္ဂဟနည်း ၅ နည်း

သင်္ဂဟနည်းအကျဉ်းရေတွက်ပုံ

၁။ ပဥ္စတိံသ — မဟဂ္ဂုတ်ပဌမစျာန်စိတ် ၃ ခုတို့၌ ၃၅ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း။

၂။ စတုတ္တိံသ — မဟဂ္ဂုတ်ဒုတိယစျာန်စိတ် ၃ ခုတို့၌ ၃၄ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း။

၃။ တေတ္တိံသ — မဟဂ္ဂုတ်တတိယစျာန်စိတ် ၃ ခုတို့၌ ၃၃ ပါး သောစေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း

၄။ ဗာတ္တိံသစေဝ — မဟဂ္ဂုတ်စတုတ္ထစျာန်စိတ် ၃ ခုတို့၌ ၃၂ ပါးသော စေတသိက်များယှဉ်၍ ဤသင်္ဂဟနည်း တနည်း။

၅။ တိံသ — မဟဂ္ဂုတ်ပဥ္စမစျာန်စိတ် ၁၅ ခုတို့၌ ၃၀ သော စေတသိက်များယှဉ်၍ သင်္ဂဟနည်း ၁ နည်း

ပေါင်း - မဟဂ္ဂုတ်စိတ် ၂၇ ပါးမှာ သင်္ဂဟနည်း ၅ နည်း။

http://www.dhammadownload.com

ဋီကာ

မေး။ မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း၌အဘယ်ကြောင့် ဝိရတိစေတသိက်ကိုကြဉ်ရပါသနည်း။

ဖြေ။ သီလစင်ကြယ်သည်၏အစွမ်းဖြင့်ကောင်းစွာသုခ်သင်အပ်ပြီးသော ကာယဝစီပယောဂရှိသော ပုဂ္ဂိုလ်အား သက်သက်စိတ်တည်ကြည်ကာမျှဖြင့် ဝါ စိတ်ကိုအာရုံ၌ ကောင်းစွာထားခါမျှဖြင့် မဟဂ္ဂုတ်စျာန်များဖြစ်ကြသောကြောင့် ဝိရတီကို ကြဉ်ရပါသည်။

ကာမသောဘနစိတ်၌သင်္ဂဟနည်းအကျယ်

၁။ မဟာကုသိုလ်ပဌမဒွေး၌ အညသမာန်းစေတသိက် ၁၃ ပါး သောဘနစေတသိက် ၂၅ ပါး ပေါင်း ၃၈ ပါးသော စေတသိက်များယှဉ်၏။

၂။ မဟာကုသိုလ်ဒုတိယဒွေး၌ အညသမာန်စေတသိက် ၁၃ ပါး ပညာကြဉ်သော သောဘနစေတသိက် ၂၄ ပါး ပေါင်း ၃၇ ပါးသော စေတသိက်များယှဉ်၏။

၃။ မဟာကုသိုလ်တတိယဒွေး၌ ပီတိကြဉ်သောအညသမာန်စေတသိက် ၁၂ ပါး ပညာယှဉ်သောဘနစေတသိက် ၂၅ ပါး ပေါင်း ၃၇ ပါးသော စေတသိက်များယှဉ်၏။

၄။ မဟာကုသိုလ်စတုတ္ထဒွေး၌ ပီတိကြဉ်သောအညသမာန်စေတသိက် ၁၂ ပါး ပညာကြဉ်သော သောဘနစေတသိက် ၂၄ ပါး ပေါင်း ၃၆ ပါးသော စေတသိက်များယှဉ်၏။

မဟာကုသိုလ်စိတ် (၈) ပါးမှာ သင်္ဂဟနည်း (၄) နည်းရ၏။

၁။ မဟာကြိယာ ပဌမဒွေး၌ အညသမာန်းစေတသိက် ၁၃ ပါး ဝိရတီကြဉ်သော သောဘနစေတသိက် ၂၂ ပါး၊ ပေါင်း ၃၅ ပါးသော စေတသိက်များယှဉ်၏။

၂။ မဟာကြိယာဒုတိယဒွေး၌ အညသမန်းစေတသိက် ၁၃ ပါး ဝိရတီစေတသိက် ၃ ပါး ပညာကြဉ်သော သောဘနစေတသိက် ၂၁ ပါး ပေါင်း ၃၄ ပါး သော စေတသိက်များယှဉ်၏။

http://www.dhammadownload.com

၃။ မဟာကြိယာတတိယဒွေး၌ ပီတိကြဉ်သော အညသမာန်စေတသိက် ၁၂ ပါး ဝိရတီ ၃ ပါးကြဉ်သော သောဘနစေတသိက် ၂၂ ပါး ပေါင်း ၃၄ ပါးသော စေတသိက်များ ယှဉ်၏။

၄။ မဟာကြိယာစတုတ္ထဒွေး၌ ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး ဝိရတီ ၃ ပါး ပညာကြဉ်သော သောဘနစေတသိက် ၂၁ ပါး ပေါင်း ၃၃ ပါးသော စေတသိက်များယှဉ်၏။ မဟာကြိယာစိတ် (၈) ပါးမှာ သင်္ဂဟနည်း ၄ နည်းရ၏။

၁။ မဟာဝိပါက်ပဌမဒွေး၌အညသမာန်းစေတသိက် ၁၃ ပါး ဝိရတီ ၃ ပါး အပ္ပမညာ ၂ပါး ကြဉ်သော သောဘနစေတသိက် ၂၀ ပါး ပေါင်း ၃၃ ပါးသော စေတသိက်များ ယှဉ်၏။

၂။ မဟာဝိပါက်ဒုတိယဒွေး၌ အညသမာန်စေတသိက် ၁၃ ပါး ဝိရတီ ၃ ပါး အပ္ပမညာ ၂ ပါး၊ ပညာကြဉ်သော သောဘနစေတသိက် ၁၉ ပါး ပေါင်း ၃၂ ပါးသော စေတသိက် များယှဉ်၏။

၃။ မဟာဝိပါက်တတိယဒွေး၌ ပီတိကြဉ်အညသမာန်း စေတသိက် ၁၂ ပါး ဝိရတီ ၃ ပါး အပ္ပမညာ ၂ ပါးကြဉ်သော သောဘနစေတသိက် ၂၀ ပေါင်း ၃၂ ပါးသော စေတသိက် များယှဉ်၏။

၄။ မဟာဝိပါက်စတုတ္ထဒွေး၌ပီတိကြဉ်သော အညသမာန်း စေတသိက် ၁၂ ပါး ဝိရတီ ၃ ပါး အပ္ပမညာ ၂ ပါး ပညာကြဉ်သော သောဘနစေတသိက် ၁၉ ပါး ပေါင်း ၃၁ ပါး သော စေတသိက်များယှဉ်၏။

ပေါင်း - မဟာဝိပါက်စိတ် ၈ ပါးမှာ သင်္ဂဟနည်း ၄ နည်းရ၏။

http://www.dhammadownload.com

ကာမသောဘနစိတ် ၂၄ ပါး သင်္ဂဟနည်း အကျဉ်း

၁။ အဌတ္တိံသ — မဟာကုသိုလ်ပဌမဒွေး၌ ၃၈ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၂။ သတ္တတိံသဒွယံ — မဟာကုသိုလ် ဒုတိယဒွေး၌ ၃၇ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၃။ သတ္တတိံသဒွယံ — မဟာကုသိုလ် တတိယဒွေး၌ ၃၇ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၄။ ဆတ္တိံသကံသုဘေ — မဟာကုသိုလ် စတုတ္ထဒွေး၌ ၃၆ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၁။ ပဉ္စတိံသ — မဟာကြိယာပဌမဒွေး၌ ၃၅ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၂။ စတုတ္တိံသ ဒွယံ — မဟာကြိယာဒုတိယဒွေး၌ ၃၄ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၃။ စတုတ္တိံသ — မဟာကြိယာတတိယဒွေး၌ ၃၄ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၄။ တေတ္တိံသကံကြိယေ မဟာကြိယာစတုတ္ထဒွေး၌ ၃၃ ခု ပါးသောစေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၁။ တေတ္တိံသပါကေ — မဟာဝိပါက်ပဌမဒွေး၌ ၃၃ ခုပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း။

၂။ ဗာတ္တိံသဒွယေ — မဟာဝိပါက် ဒုတိယဒွေး၌ ၃၂ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း။

http://www.dhammadownload.com

၃။ ဗာတ္တိံသဒွယေ မဟာဝိပါက် တတိယဒွေး၌ ၃၂ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း။

၄။ ဧကတိံသကံ မဟာဝိပါက် စတုတ္ထဒွေး၌ ၃၁ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း။

ပေါင်း ကာမသောဘနစိတ် ၂၄ ပါးမှာ သင်္ဂဟနည်း ၁၂ နည်း ရှိကာ။

မေး။ မဟာကုသိုလ်စိတ်သင်္ဂဟနည်း၌ အပ္ပမညာ ဝိရတီ စေတသိက်တို့အသီးသီးယှဉ်ခြင်း အကြောင်းကိုဖြေပါ။

ဖြေ။ အပ္ပမညာစေတသိက်တို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့်၄င်း ဝိရတီစေတသိက်တို့သည် ဝီတိက္ကမဝတ္ထုလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်၄င်း အပ္ပမညာဝိရတီစေတသိက်တို့သည် တခုသော စိတ္တုပ္ပါဒ်၌အတူတကွမဖြစ်နိုင်၍ အသီးသီးယှဉ်ကြပါသည်။

မေး။ မဟာကြိယာစိတ်၌အဘယ်ကြောင့် ဝိရတီစေတသိက်ကို ကြဉ်ရပါသနည်း။

ဖြေ။ လောကီဖြစ်သော ဝိရတီတို့သည် စင်စစ်ကုသိုလ်သဘောရှိကြ၍ အဗျာကတသဘောရှိသော မဟာကြိယာစိတ်၌ မဖြစ်သင့်သောကြောင့် ဝိရတီကိုကြဉ်ရပါသည်။

မေး။ မဟာဝိပါက်စိတ်၌အဘယ်ကြောင့် အပ္ပမညာဝိရတီတို့ကို ကြဉ်ရပါသည်။

ဖြေ။ မဟာဝိပါက်စိတ်တို့သည် စင်စစ်ကာမတရားလျှင်အာရုံရှိသည်၏အဖြစ်ကြောင့်၄င်း အပ္ပမညာစေတသိက်တို့သည် သတ္တဝါပညတ်လျှင်အာရုံရှိသည်၏အဖြစ်ကြောင့်၄င်း ဝိရတီစေတသိက်တို့သည် စင်စစ်အကုသိုလ်သဘောရှိသောကြောင့်၄င်း မဟာဝိပါက်တို့၌ ဝိရတီအပ္ပမညာတို့ကို ကြဉ်ရပါသည်။

http://www.dhammadownload.com

မဟာကုသိုလ် ပဌမဒွေး၌အများဆုံးယှဉ်နိုင်သော စေတသိက် (၃၈) ပါး

အမြဲတန်းယှဉ်နိုင်စေတသိက် ၃၃ ပါး

တပြိုင်နက်ယှဉ်နိုင်သော စေတသိက် ၃၄ ပါး

(အမှာ ဝိရတီစေတသိက်နှင့် အပ္ပမညာစေတသိက်သည် တပါးစီသာ ယှဉ်သည်။ ပြိုင်၍မယှဉ်နိုင်သည်ကို သတိပြုပါ။ မေးသောစိတ်၌ ၄င်းစေတသိက်များယှဉ် မယှဉ်ကို သတိပြုပါ)

မဟာကြိယာပဌမဒွေး၌အများဆုံးယှဉ်နိုင်သော

စေတသိက် ၃၅ ပါး — အများဆုံးယှဉ်နိုင် ....

သောစေတသိက် ၃၃ ပါး — အမြဲတန်းယှဉ်နိုင် ....

သောစေတသိက် ၃၄ ပါး — တပြိုင်နက်ယှဉ်နိုင် ....

မေး။ အောက်ပါအမှတ်ပြစိတ်များကိုဖော်ပြပါ။

(၁) အပ္ပမညာသာယှဉ်၍ ဝိရတီမယှဉ်သော သောဘနစိတ်

(၂) ဝိရတီသာယှဉ်၍ အပ္ပမညာမယှဉ်သော သောဘနစိတ်

(၃) နှစ်ပါးစုံယှဉ်သော သောဘနစိတ်

(၄) နှစ်ပါးစုံမယှဉ်သော သောဘနစိတ်

ဖြေ။ (၁) မဟာကြိယာ စိတ် (၈) ပါး ပဥ္စမဈာန်ကြဉ်မဟဂ္ဂုတ်စိတ် ၁၂ ပါး ပေါင်း ၂၀

(၂) လောကုတ္တရာစိတ် (၈) ပါး

(၃) မဟာကုသိုလ်စိတ် (၈) ပါး

(၄) မဟာဝိပါက်စိတ် (၈) မဟဂ္ဂုတ်ပဥ္စမဈာန် ၁၅ ပါး

ပေါင်း ၂၃ ပါး

http://www.dhammadownload.com

ဝိသေသကခေါ် စိတ်ခြင်းကွဲပြားအောင်ပြုတတ်သော စေတသိက်များ

ဝိတက် ဝိစာရ ပီတိ သုခ ဈာန် ၄ ပါး

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝိရတီ ၃ ပါး

ကရုဏာ မုဒိတာ အပ္ပမညာ ၂ ပါး

ပညိန္ဒြေစေတသိက် ၁ ပါး ပေါင်း (၁၀) ပါး

ပေါင်း ဝိသေသက စေတသိက် (၁၀) ပါး

ဆောင်ပုဒ်။ တက် စာ ပီ သု လေးခုဈာန်

ဝိရတီသုံး တလုံး ဉာဏ်

အပ္ပမညာ ဒွေးမှတ်ရေး တစ်တန်

ဝိသေသ စိတ်မှ ထူးအောင်ကြံ။

စိတ်နှင့်အထူးပြုသော စေတသိက်များတွဲစပ်ပုံ

အနုတ္တရေဈာနမ္မော လောကုတ္တရာစိတ်၌ ဝိတက် ဝိစာရ ပီတိ သုခ ဟုဆိုအပ်သော ဈာန်တရားများအထူးပြု၏။

အပ္ပမညာစမဇ္ဈိမေ မဟဂ္ဂုတ်စိတ်၌ ဈာန်တရားလေးပါးနှင့်

အပ္ပမညာစေတသိက်တို့အထူးပြု၏။

ဝိရတီဉာဏပီတိစ

ပရိတ္တေသုဝိသေသကာ၊ ကာမာဝစရသောဘနစိတ်၌ ဝိရတီ ၃ ပါး ဉာဏ် ပီတိ အပ္ပမညာ ၂ ပါး တို့အထူးပြုသည်။

(အမှာ အထူးပြု ဟူသည်ယှဉ်သည်မည်သည်ကိုဆိုသည်ဟုသိပါ။ နမူနာကို ပြပါမည်။)

မေး။ ကာမသောဘနစိတ်တို့၌ ဝိရတီ အပ္ပမညာစေတသိက်တို့၏အထူးပြုပုံကိုဖော်ပြပါ။

ဖြေ။ ဝိရတီစေတသိက် ၃ ပါးတို့သည် ကာမာဝစရကုသိုလ်စိတ် ၈ ပါးတို့၌ယှဉ်၍ ဝိပါက် ကြိယာစိတ်တို့၌မယှဉ်သောကြောင့် ကုသိုလ်စိတ်မှ ဝိပါက်ကြိယာစိတ်တို့ကို အထူးပြုပါသည်။ အပ္ပမညာဒွေးသည် မဟာကုသိုလ်မဟာကြိယာတို့၌ယှဉ်၍ ဝိပါက်၌မယှဉ်

http://www.dhammadownload.com

သောကြောင့် ကုသိုလ်ကြိယာမှ မဟာဝိပါက်ကိုအထူးပြုပါသည်။ (ဤနည်းကိုမှီ၍ သိပါလေ)

မေး။ အနိယတယောဂီသာဖြစ်၍ ဝိသေသကမဖြစ်သော စေတသိက်၊ နှစ်ပါးစုံဖြစ်သော စေတသိက်၊ နှစ်ပါးစုံမဖြစ်သောစေတသိက်တို့ကို အသီးသီးကောက်ပြပါ။

ဖြေ။ အနိယတယောဂီသာဖြစ်၍ ဝိသေသကမဖြစ်သော စေတသိက်ကား ဣဿာ မစ္ဆရိယ ကုက္ကုစ္စ မာန ထိန မိဒ္ဓ ၆ ပါး ဝိသေသကသာဖြစ်၍ အနိယတယောဂီမဖြစ်သော စေတသိက်ကား ဝိတက် ဝိစာရ ပီတိ သုခ ဉာဏ ၅ ပါး
နှစ်ပါးစုံဖြစ်သော စေတသိက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ကရုဏာ မုဒိတာ ၅ ပါး ၊ နှစ်ပါးစုံ မဖြစ်သော စေတသိက်ကား ကြွင်းသော်စေတသိက် ၃၆ ပါး

လောဘမူစိတ် ၈ ပါး

ပ သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တခု
သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တခု

ဒု သောမနဿသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု
သောမနဿသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု

တ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်တခု
ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တခု

စ ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု
ဥပေက္ခာသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု

ဒေါသမူစိတ် ၂ ပါး

http://www.dhammadownload.com

ပဥ္စမ ဒေါသမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်တခု
ဒေါသမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်တခု

အကုသိုလ်စိတ်သင်္ဂဟနည်းအကျယ်

ပထ

လောဘမူပထမအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ ဒိဋ္ဌိ ပေါင်း ၁၉ ပါး သော စေတသိက်များယှဉ်၏။

လောဘမူပထမသသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ ဒိဋ္ဌိ ပေါင်း ၁၉ ပါး ထိန မိဒ္ဓ ပေါင်း ၂၁ ပါးသော စေတသိက်များယှဉ်၏။

ဒုတိ

လောဘမူဒုတိယအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ မာန ပေါင်း ၁၉ ပါး သော စေတသိက်များယှဉ်၏။

လောဘမူဒုတိယသသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ မာန ထိန မိဒ္ဓ ပေါင်း ၂၁ ပါးသော စေတသိက်များယှဉ်၏။

တတိ

လောဘမူတတိယအသင်္ခါရိကစိတ်၌ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ ဒိဋ္ဌိ ပေါင်း ၁၈ ပါး သော စေတသိက် များယှဉ်၏။

လောဘမူတတိယသသင်္ခါရိကစိတ်၌ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ပေါင်း ၂၀ ပါး သော စေတသိက်များယှဉ်၏။

http://www.dhammadownload.com

စတု

လောဘမူစတုတ္ထအသင်္ခါရိကစိတ်၌ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး လောဘ မာန ပေါင်း ၁၈ ပါး သော စေတသိက် များယှဉ်၏။

လောဘမူစတုတ္ထ သသင်္ခါရိကစိတ်၌ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရ စေတသိက် ၄ ပါး လောဘ မာန ထိန မိဒ္ဓ ပေါင်း ၂၀ ပါး သော စေတသိက်များယှဉ်၏။

ပဉ္စ

ဒေါသမူပဉ္စမအသင်္ခါရိကစိတ်၌ ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရဏစေဘသိက် ၄ ပါး ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ပေါင်း ၂၀ သော စေတသိက်များယှဉ်၏။

ဒေါသမူ ပဉ္စမသသင်္ခါရိက စိတ်၌ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၂ ပါး အကုသလသာဓာရဏ စေတသိက် ၄ ပါး ဒေါသ ဣဿ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ပေါင်း ၂၂ ပါး သော စေတသိက်များယှဉ်၏။

(အမှာ) ဒေါသမူ ပဉ္စမအသင်္ခါရိကစိတ်၌အများဆုံးယှဉ်နိုင်သော စေတသိက် ၂၀ အမြဲတန်း ယှဉ်နိုင်သောစေတသိက် ၁၇ ပါး တပြိုက်နက်ယှဉ်နိုင်သော စေတသိက် ၁၈ ပါး

ဒေါသမူ သသင်္ခါရိကစိတ်၌ အများဆုံးယှဉ်နိုင်သော စေတသိက် ၂၂ ပါး အမြဲတန်း ယှဉ်နိုင်သောစေတသိက် ၁၇ ပါး တပြိုင်နက်ယှဉ်နိုင်သော စေတသိက် ၁၈ ပါး

မောဟမူစိတ် ၂ ပါး

ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ဆန္ဒ ပီတိ အဓိမောက္ခ ကြဉ်သော အညသမာန်း စေတသိက် ၁၀ အကုသလသာဓာရဏစေတသိက် ၄ ပါး ဝိစိကိစ္ဆာ ၁ ပါး ပေါင်း ၁၅ ပါးသော စေတသိက်များ ယှဉ်၏။

http://www.dhammadownload.com

ဥဒ္ဒစ္စသမ္ပယုတ်စိတ်၌ဆန္ဒ - ပီတိကြဉ်သောအညသမာန်းစေတသိက် ၁၁ ပါး အကုသလသာဓာရဏစေတသိက် ၄ ပါး ပေါင်း ၁၅ ပါး သော စေတသိက်များယှဉ်၏။

ပေါင်း အကုသိုလ်စိတ် ၁၂ ပါးမှာ သင်္ဂဟနည်း ၇ နည်း ရ၏။

အကုသိုလ်စိတ် သင်္ဂဟနည်း အကျဉ်းရေတွက်ပုံ

၁။ ဧကူနဝီသ — လောဘမူပထမ ဒုတိယ အသင်္ခါရိကစိတ်တို့၌ ၁၉ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း

၂။ အဋ္ဌာရသ — လောဘမူ တတိယ စတုတ္ထအသင်္ခါရိက စိတ်တို့၌ ၁၈ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

၃။ ဝီသ — ဒေါသမူ ပဉ္စမအသင်္ခါရိကစိတ်၌ ၂၀ သော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း

၄။ ဧကဝီသ — လောဘမူ ပထမ ဒုတိယ သသင်္ခါရိကစိတ်တို့၌ ၂၁ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း

၅။ ဝီသတိ — လောဘမူ တတိ စတု သသင်္ခါရိကစိတ်တို့၌ ၂၀ သော စေတသိက်များယှဉ်၍သင်္ဂဟနည်း တနည်း

၆။ ဒွါဝီသ — ဒေါသမူ ပဉ္စမသသင်္ခါရိကစိတ်၌ ၂၂ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟ နည်းတနည်း

၇။ ပန္နရသ — မောဟမူဒွေး၌ ၁၅ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း

ပေါင်း အကုသိုလ်စိတ် ၁၂ ပါးမှာ သင်္ဂဟနည်း ၇ နည်းရ၏။

	ပဌမ	ဒုတိယ	တတိယ	စတုတ္ထ	ပဥ္စမ	မောဟမူ
အသင်္ခါရိက	၁၉	၁၉	၁၈	၁၈	၂၀	၁၅
သသင်္ခါရိက	၂၁	၂၁	၂၀	၂၀	၂၂	

http://www.dhammadownload.com

(က) သဗ္ဗာကုသလ သာဓာရဏစေတသိက်ကား မောဟ အဟိရိက အနောတ္တပ္ပဥဒ္ဓစ္စ ပေါင်း ၄ ပါး

(ခ) သဗ္ဗာကုသလယောဂီစေတသိက်ကား သဗ္ဗာကုသလသာဓာရဏစေတသိက် ၄ ပါး ဆန္ဒ ပီတိ အဓိမောက္ခကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါး ပေါင်း ၁၄ ပါး

(ဂ) ကေဒေသာကုသလယောဂီစေတသိက်ကား သဗ္ဗကုသလသာဓာရဏစေတသိက်မှတပါး ကျန်အကုသိုလ်စေတသိက် ၁၀ ပါး ဆန္ဒ ပီတိ အဓိမောက္ခပေါင်း ၁၃ ပါး

(ဃ) နသဗ္ဗာကုသလယောဂီစေတသိက်ကား သောဘနစေတသိက် ၂၅ ပါး

ဋီကာ

မေး။ အကုသိုလ်စိတ် သင်္ဂဟနည်းဝယ် ပဌမအသင်္ခါရိကစိတ်၌ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ စေတသိက်တို့သည် အဘယ်ကြောင့်အသီးသီးယှဉ်ကြပါသနည်း။

ဖြေ။ ဣဿာ မစ္ဆရိယ ကုက္ကုစ္စစေတသိက်တို့သည် အာရုံပြားသောကြောင့် အတူတကွမဖြစ်ဘဲ အသီးသီးယှဉ်ကြပါသည်။

မေး။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ အဓိမောက္ခစေတသိက်အဘယ်ကြောင့် မယှဉ်ပါသနည်း။

ဖြေ။ အဓိမောက္ခစေတသိက်သည် အာရုံကိုဖြတ်ခြင်း လက္ခဏာရှိသောကြောင့် အာရုံကို ဖြတ်နိုင်ခြင်း နှစ်လုံးနှစ်ခွဖြစ်ခြင်း သဘောရှိသောကြောင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ မယှဉ်နိုင်ပါ။ ထို့ကြောင့်ကြဉ်ရပါသည်။

အဟိတ်စိတ်သင်္ဂဟနည်းအကျယ်

၁။ ဟသိတုပ္ပါဒ်စိတ်၌ဆန္ဒကြဉ်သောအညသမာန်စေတသိက် ၁၂ ပါးယှဉ်၏။

၂။ ဝုဋ္ဌောစိတ်၌ဆန္ဒ ပီတိကြဉ်သော အညသမာန်စေတသိက် ၁၁ ပါးယှဉ်၏။
(မနောဒွါရာဝဇ္ဇန်းစိတ်ကို ဝုဋ္ဌောဟုခေါ်သည်)

http://www.dhammadownload.com

၃။ သောမနဿသဟဂုတ်သန္တီရဏစိတ်၌ဆန္ဒ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁ ပါးယှဉ်၏။

၄။ မနောဓာတ် ၃ ခု အဟိတ်ပဋိသန္ဓေ ၂ ခု၌ ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်း စေတသိက် ၁၀ ပါးယှဉ်၏။

အမှာ ပဉ္စဒွါရာဝဇ္ဇန်း (၁) ပါး သမ္ပဋိစ္ဆိုင်းနွေးကို မနောဓာတ် သုံးခုဟုခေါ်သည်။

၅။ ဒွေးပဉ္စဝိညာဏ် ၁၀ ၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါးယှဉ်၏။

သချာတူပေါင်း၍ရေတွက်က သင်္ဂဟနည်း ၄ နည်းရ၏။

သင်္ဂဟနည်းအကျဉ်းရေတွက်ပုံ

ဒွါဒသ — ဟသိတုပ္ပါဒ်စိတ်၌ ၁၂ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း။

ဧကာဒသ — ဝုဋ္ဌောစိတ်နှင့် သောမနဿသဟဂုတ်သန္တီရဏစိတ်၌ ၁၁ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်းတနည်း

ဒသ — မနောဓာတ် သုံးခု (အဟိတ်ပဋိသန္ဓေ) ဥပေက္ခာသန္တီရဏစိတ် ၂ ခု၌ ၁၀ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း။

သတ္တ — ဒွေးပဉ္စဝိညာဏ် ၁၀ ၌ ၇ ပါးသော စေတသိက်များယှဉ်၍ သင်္ဂဟနည်း တနည်း။

အဟိတ်စိတ် ၁၈ ပါးမှာ သင်္ဂဟနည်း ၄ နည်းရ၏။

လောကုတ္တရာစိတ်မှာ သင်္ဂဟနည်း	၅ နည်း
မဟဂ္ဂုတ်စိတ်မှာ သင်္ဂဟနည်း	၅ နည်း
ကာမသောဘနစိတ်မှာ သင်္ဂဟနည်း	၁၂ နည်း
အကုသိုလ်စိတ်မှာ သင်္ဂဟနည်း	၇ နည်း
အဟိတ်စိတ်မှာ သင်္ဂဟနည်း	၄ နည်း
	ပေါင်း ၃၃ နည်း

http://www.dhammadownload.com

မေး။ (က) သဗ္ဗာဟေတုကယောဂီစေတသိက် (ခ) ဧကဒေသာဟေတု ကယောဂီစေတသိက် (ဂ) နသဗ္ဗာဟေတုကယောဂီစေတသိက် (ဃ) သောဘနစေတသိက် (င) အသောဘန စေတသိက် (စ) သောဘနာသောဘနစေတသိက်များကို အသီးအသီးဖော်ပြပါ။

ဖြေ။ (က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

(ခ) ဆန္ဒကြဉ်သော ပကိဏ်းစေတသိက် ၅ ပါး

(ဂ) ဆန္ဒနှင့်အကုသိုလ်စေတသိက် ၁၄ ပါး၊ သောဘနစေတသိက် ၂၅ ပါး

(ဃ) သောဘနစေတသိက် ၂၅ ပါး

(င) အကုသိုလ်စေတသိက် ၁၄ ပါး

(စ) အညသမာန်စေတသိက် ၁၃ ပါး

မေး။ (၁) စိတ်အများဆုံးယှဉ်နိုင်စေတသိက်။

(၂) စိတ်အနည်းဆုံးယှဉ်နိုင်သောစေတသိက်။

(၃) စေတသိက်အများဆုံးယှဉ်နိုင်သောစိတ်။

(၄) စေတသိက်အနည်းဆုံးယှဉ်နိုင်သောစိတ်များကို အသီးအသီးဖော်ပြပါ။

ဖြေ။ (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

(၂) ဝိစိကိစ္ဆာစေတသိက်

(၃) လောကုတ္တရာပဌမဈာန်စိတ် ၈ ပါး

(၄) ဒွေးပဉ္စဝိညာဏ် ၁၀ ပါး တို့ဖြစ်ပါသည်။

ဋီကာ

မေး။ မနောဓာတ်နှင့်မနောဝိညာဏဓာတ်တို့၏ အထူးကိုရေးသားပါ။

ဖြေ။ သိကာမျှဖြစ်သောဓာတ်သည် မနောဓာတ်မည်၏။ အထူးသဖြင့် သိခြင်းကိစ္စနှင့်ယှဉ် သောဓာတ်သည် မနောဝိညာဏဓာတ်မည်၏။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

မေး။ သမ္ပယောဂနည်း၌ အကုသိုလ်စိတ်ကို ရှေ့ကထားသကဲ့သို့မထားဘဲ သင်္ဂဟနည်း၌ အဘယ်ကြောင့် လောကုတ္တရာစိတ်ကိုရှေ့ကထားပါသနည်း။

ဖြေ။ စေတသိက်သည် အယှဉ်အများဆုံးဖြစ်သောကြောင့် လောကုတ္တရာစိတ်ကိုရှေ့ကထားပါသည်။

အမှာ။ မဟာကုသိုလ်စိတ် ပဌမဒွေး၌ ၃၈ ပါးယှဉ်သော်လည်း အမြဲယှဉ်သောစေတသိက် ၃၃ ပါးသာယှဉ်သည်။ လောကုတ္တရာစိတ်မှာအမြဲယှဉ်သောစေတသိက်ကား (၃၆) ပါး ယှဉ်နိုင်သည်။

မေး။ စိတ္တေနသမမုဒ္ဒိသေ အရ စိတ်နှင့်အညီအမျှစေတသိက်များပြားပုံကို သိသာရုံဖော်ပြပါ။

ဖြေ။ ဖဿစေတသိက်သည် စိတ်အကျဉ်း ၈၉ ပါးအကျယ် ၁၂၁ ပါးတို့၌ယှဉ်သောကြောင့် ဖဿစေတသိက်ပေါင်း ၈၉ ပါး အကျယ် ၁၂၁ ပါးရှိပါသည်။

ဝိစာရစေတသိက်သည် ၆၆ ပါးသော စိတ်တို့၌ယှဉ်သောကြောင့် ဝိစာရစေတသိက်ပေါင်း ၆၆ ပါးရှိပါသည်။ အဓိမောက္ခစေတသိက်သည် (၇၈) ပါးသောစိတ်တို့၌ယှဉ်သောကြောင့် အဓိမောက္ခစေတသိက် (၇ ၈)ပါး ရှိပါသည်။

ပီတိစေတသိက်သည် ၅၁ ပါးသော စိတ်တို့၌ယှဉ်သောကြောင့် ပီတိစေတသိက်ပေါင်း ၅၁ ပါးရှိပါသည်။ (စသည်သိပါ။)

(စေတသိက်ပိုင်းဆိုင်ရာ မှတ်ဖွယ်ပြီးပါပြီ။)

http://www.dhammadownload.com

ပဏ္ဏိဏ်းပိုင်း

သမ္ပယုတ္တာယထာယောဂံ စသောဂါထာတို့ကား အနုသန္ဓေနှင့် ခေါင်းစဉ်ပဋိညာဉ်ကို ပြသည်။

ပကိဏ္ဏကသင်္ဂဟခေါ်ဆိုရပုံ

စိတ်စေတသိက်တို့ကို ဝေဒနာသင်္ဂဟစသော သင်္ဂဟ ၆ ပါးတို့ဖြင့် ရောပြွမ်း၍ပြသော သင်္ဂဟကို ပကိဏ္ဏကသင်္ဂဟဟုခေါ်သည်။

တေပညာသအရ အာရမ္မဏဝိဇာနနည်းအားဖြင့် စိတ်တခုယုတ် (၉၀) အကျယ် ၁၂၁ ပါးကို တပါးတည်းယူ၍ စေတသိက် ၅၂ ပါးနှင့် ပေါင်းက (၅၃) ပါးသည် တေပညာသအရ ဖြစ်သည်။ (၎င်းကိုပင် နာမ်တေပညာသဟုခေါ်ဆိုသည်)

အမှာ စေတသိက် ၅၂ ပါးသည် အသီးသီးကိုယ်ပိုင်လက္ခဏာရှိကြ၍ ၅၂ ပါးပင်ယူရပါသည်။

ပကိဏ္ဏကသင်္ဂဟ၌ ပြဆိုမည့်ခေါင်းစဉ်မာတိကာ ၆ ပါး

၁။ ဝေဒနာသင်္ဂဟ	၂။ ဟေတုသင်္ဂဟ	၃။ ကိစ္စသင်္ဂဟ
၄။ ဒွါရသင်္ဂဟ	၅။ အာရမ္မဏသင်္ဂဟ	၆။ ဝတ္ထုသင်္ဂဟ

ဝေဒနာသင်္ဂဟမည်ပုံ

ဝေဒနာအပြားအားဖြင့် စိတ်စေတသိက်တို့ကို ပေါင်းယူရေတွက်ရာ စကားရပ်သည် ဝေဒနာ သင်္ဂဟမည်ပါသည်။

ဝေဒနာသင်္ဂဟ၌ ဝေဒနာသည် အာရမ္မဏာနုဘဝနနည်းအားဖြင့် သောမနဿများကို သုခ၌ သွင်း၍ သုခဝေဒနာ ၁ ပါး ဒေါမနဿကို ဒုက္ခ၌သွင်း၍ ဒုက္ခဝေဒနာ ၁ ပါး -

ဥပေက္ခာဝေဒနာ ပေါင်း ၃ ပါး

http://www.dhammadownload.com

ဣန္ဒြိယဘေဒနည်းအားဖြင့် ဝေဒနာငါးပါး

၁။ သုခဝေဒနာ ၂။ ဒုက္ခဝေဒနာ ၃။ သောမနဿဝေဒနာ ၄။ ဒေါမနဿဝေဒနာ ၅။ ဥပေက္ခာဝေဒနာ ပေါင်း ၅ ပါး

သုခဝေဒနာသည် အဟိတ်ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ်စိတ်ဖြစ်၏။

ဒုက္ခဝေဒနာသည် အကုသလဝိပါက်ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်၏။

သောမနဿဝေဒနာသည် လောဘမူ သောမနဿ ၄ ပါး သောမနဿသန္တီရဏ ၁ ပါး သောမနဿဟသိတုပ္ပါဒ် ၁ ပါး ကာမာဝစရသောဘနသောမနဿ ၁၂ ပါး ပဌမဈာန်စိတ် ၁၁ ပါး ဒုတိယဈာန်စိတ် ၁၁ ပါး တတိယဈာန်စိတ် ၁၁ ပါး စတုတ္ထဈာန်စိတ် ၁၁ ပါး ပေါင်း ၆၂ ပါးသောတို့၌ဖြစ်၏။

ဒေါမနဿဝေဒနာသည် ဒေါမနဿသဟဂုတ်စိတ်၌ဖြစ်၏။

ဥပေက္ခာဝေဒနာသည်

အကုသိုလ် ဥပေက္ခာ ၆ ပါး အဟိတ်ဥပေက္ခာ ၁၄ ပါး ကာမသောဘနစိတ် ဥပေက္ခာ ၁၂ ပါး ပဉ္စမဈာန်စိတ် ဥပေက္ခာ ၂၃ ပါး ပေါင်း ၅၅ ပါးတို့ဖြစ်၏။

ဝေဒနာနှင့်စေတသိက် ၅၂ ပါးကို ဝေဖန်ပုံ

၁။ ဝေဒနာတပါးနှင့်ယှဉ်သော စေတသိက်ကား ဒေါစတုတ် ၄ ပါး ဝိစိကိစ္ဆာ ၁ ပါး ပီတိ ၁ ပါး ပေါင်း ၆ ပါး

၂။ ဝေဒနာ ၂ ပါးနှင့်ယှဉ်သော စေတသိက်ကား လောဘ ဒိဋ္ဌိ မာန သောဘနစေတသိက် ၂၅ ပါး ပေါင်း ၂၈ ပါး

၃။ ဝေဒနာ ၃ ပါးနှင့်ယှဉ်သော စေတသိက်ကား ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ မောစတုက် ၄ ပါး ထိန မိဒ္ဓ ပေါင်း ၁၁ ပါး

၄။ ဝေဒနာ ၅ ပါးနှင့်ယှဉ်သော စေတသိက်ကား ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ

စေတသိက် ၆ ပါးဖြစ်ပါသည်။

၅။ ဝေဒနာ ၅ ပါးနှင့်မယှဉ်သောစေတသိက်ကား ဝေဒနာစေတသိက် ဖြစ်ပါသည်။

ဆောင်ပုဒ် ဝေဒနာတစ်ခြောက်ပါးဖြစ်၏။ နှစ်မှာ ဌဝိသုံးလိုဆဲ့တစ် ငါးဖြစ်ခြောက်စု မ တခု ပေါင်းစု ၅၂

သုခမေကတ္ထဒုက္ခဥ္စ	သုခဝေဒနာ ဒုက္ခဝေဒနာ ၂ ပါးသည် စိတ်တခုစီ၌ဖြစ်၏ တည်၏။
ဒေါမနဿံ ဒွယေ	ဒေါမနဿဝေဒနာသည် စိတ် ၂ ပါး၌ ဖြစ်၏ တည်၏။
ဒွါသဋ္ဌိသုသောမနဿံ	သောမနဿဝေဒနာသည် ၆၂ ပါးသော စိတ်တို့၌ဖြစ်၏ တည်၏။
ပဥ္စပညာသကေတရာ	ဥပေက္ခာဝေဒနာသည် ၅၅ ပါးသော စိတ်တို့၌ဖြစ်၏ တည်၏။

ဋီကာ

မေး။ အာရမ္မဏာနုဘဝနနည်းအားဖြင့် ဝေဒနာသုံးပါးပြားပါလျှက် ဣန္ဒြိယဘေဒအားဖြင့် အဘယ်ကြောင့်ဝေဒနာငါးပါးဟောရပြန်ပါသနည်း။

ဖြေ။ ကာယိကသာတအသာတ မာနသိတကသာတ အသာတအားဖြင့် ဝေဒနိန္ဒြေအပြားကို ပြလိုသောကြောင့် ငါးပါးဟောရပါသည်။

မေး။ ဝေဒနာသုံးပါးမှ ဣန္ဒြေငါးပါးပြားထွက်ပုံကိုဖော်ပြပါ။

ဖြေ။ သုခိန္ဒြေ သောမနဿိန္ဒြေသည် သုခဝေဒနာမှထွက်၍ ဒုက္ခိန္ဒြေ ဒေါမနဿိန္ဒြေသည် ဒုက္ခဝေဒနာမှ ပြားထွက်လာပါသည်။ ဥပေက္ခာဝေဒနာကား ဥပေက္ခိန္ဒြေတစ်ပါးသာ ဖြစ်၍အပြားမရှိပါ။

မေး။ ဒွေမေဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ ဟူ၍ ဟောတော်မူသောကြောင့် ဝေဒနာသည် နှစ်ပါးသာဖြစ်သင့်သည်မဟုတ်ပါလော့။ အဘယ်ကြောင့် အရှင်အနုရုဒ္ဓါဆရာ သုံးပါး ဆိုပါသနည်း။

http://www.dhammadownload.com

ဖြေ။ ဝေဒနာ ၂ ပါး မြတ်စွာဘုရားဟောတော်မူသည်ကား အပြစ်မရှိသောအဘို့၌ ရှိသော အဒုက္ခ မသုခ ကို သုခ ဝေဒနာ၌သွင်း၍အပြစ်နှင့်တကွဖြစ်သော အဘို့၌ရှိသော အဒုက္ခသုခ ဝေဒနာကို ဆရာကား ထိုသို့မသွင်းဘဲ အနုဘဝနလက္ခဏာ အားဖြင့် သီးခြားထုတ်၍ တခုစီပြလိုသောကြောင့် သုံးပါးဆိုပါသည်။

မေး။ ဣန္ဒြိယဘေဒအားဖြင့် ပြားသောဝေဒနာငါးပါးတို့၏ သဘောလက္ခဏာတို့ကို အသီးသီး ထုတ်ပြပါ။

ဖြေ။ သုခဝေဒနာသည် အလိုရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဒုက္ခဝေဒနာသည် အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏။

သောမနဿဝေဒနာသည် သဘောအားဖြင့်၄င်း ကြံဆသောအားဖြင့်၄င်း ဖြစ်သော ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။

ဒေါမနဿဝေဒနာသည်သဘောအားဖြင့်၄င်း ကြံဆသောအားဖြင့်၄င်း ဖြစ်သော အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။

ဥပေက္ခာဝေဒနာသည် ဣဋ္ဌမဇ္ဈတ္တာရုံအနိဋ္ဌမဇ္ဈတ္တာရုံကိုခံစားခြင်း လက္ခဏာရှိ၏။

မေး။ တေသံဒါနိယထာရဟံ၌ ယထာရဟအဓိပ္ပာယ်ကား အဘယ်ပါနည်းရှင်းပြပါ။

ဖြေ။ ငါးဆယ့်သုံးပါးသောသဘောတရားတို့ကို ခြောက်ပါးသောသင်္ဂဟတို့ဖြင့် ခွဲခြမ်းဝေဘန်၍ ပြဆိုရာဝေဒနာ ကိစ္စ အာလမ္ဗဏာသင်္ဂဟတို့၌ အလုံးစုံသော စိတ် စေတသိက်တို့ကို ၄င်း ဟေတုသင်္ဂဟ၌ အဟိတ်စိတ် ၁၈ ခု ဒွါရသင်္ဂဟ၌ ဒွါရဝိမုတ်စိတ် ၁၉ ခု ဝတ္ထု သင်္ဂဟ၌ အရူပဝိပါတ် ၄ ခု မှ တစ်ပါးကြွင်းသောစိတ်စေတသိက်တို့ကို၄င်း သင့်သလို ခွဲခြမ်းဝေဘန်၍ပြခြင်းသည် ယထာရဟ ဖြစ်ပါသည်။

http://www.dhammadownload.com

ဟေတုသင်္ဂဟ

ဟေတုသင်္ဂဟအမည်ရပုံ

လောဘအစရှိသော ဟိတ်အပြားအားဖြင့် စိတ်စေတသိက်တို့ကို ရေတွက်ရာရေတွက်ကြောင်းဖြစ်သော စကားရပ်သည် ဟေတုသင်္ဂဟမည်ပါသည်။

ဟိတ်သည် ၁။ လောဘဟိတ် ၂။ ဒေါသဟိတ် ၃။ မောဟဟိတ် ၄။ အလောဘဟိတ် ၅။ အဒေါသဟိတ် ၆။ အမောဟဟိတ် ပေါင်း ၆ ပါး

အဟိတ်စိတ် သဟိတ်စိတ်အခွဲ

ပဉ္စဒွါရာဝဇ္ဇန်း ၁ ပါး ခွေး ပဉ္စဝိညာဏ် ၁၀ ပါး သမ္ပဋိစ္ဆိုဝ်ခွေး သန္တီရဏ ၃ ပါး ဝုဋ္ဌော ၁ ပါး ဟသိတုပ္ပါဒ် ၁ ပါး ပေါင်း အဟိတ်စိတ် ၁၈ ပါး

အကုသိုလ်စိတ် ၁၂ ပါး ကာမသောဘနစိတ် ၂၄ ပါး မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅ ပါး ပေါင်း သဟိတ်စိတ် ၇၁ ပါး၊ ဧကဟိတ်စိတ် ဟိတ် ၁ ပါး နှင့်ယှဉ်သောစိတ်ကား မောဟမူခွေး

ဒွိဟိတ်။ စိတ် ဟိတ်နှစ်ပါးနှင့်ယှဉ်သောစိတ်ကား မောဟမူခွေးမှတပါး အကုသိုလ်စိတ် ၁၀ ပါး ကာမသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး ပေါင်း ၂၂ ပါးသည် ဟိတ်နှစ်ပါးနှင့်ယှဉ်သော စိတ်မည်၏။

တိဟိတ်စိတ်။ ဟိတ်သုံးပါးနှင့်ယှဉ်သောစိတ်ကား ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂ ပါး မဟဂ္ဂုတ်လောကုတ္တရာစိတ် ၃၅ ပါး ပေါင်း ၄၇ ပါးသည် ဟိတ် ၃ ပါးနှင့်ယှဉ်သော စိတ်မည်၏။

ဟိတ်တို့ဖြင့် စေတသိက်တို့ကို ဝေဘန်ပုံ

ဧကဟိတ်စေတသိက်ကား လောဘ ဒေါသ ဝိစိကိစ္ဆာ ပေါင်း ၃ ပါး

ဒွိဟိတ်စေတသိက်ကား ဣဿ မစ္ဆရိယ ကုက္ကုစ္စ

မောဟ ဒိဋ္ဌိ မာန အလောဘ အဒေါသ အမောဟ ပေါင်း ၉ ပါး

http://www.dhammadownload.com

တိဟိတ်စေတသိက်ကား အဟိရိက အနောတ္တပ္ပ ဥဒ္ဒစ္စ ထိန မိဒ္ဓ ဟိတ် ၃ ပါးကြဉ်သော စေတသိက် ၂၂ ပါး ပေါင်း ၂၇ ပါး ပဥ္စဟိတ်စေတသိက်ကား ပီတိစေတသိက် ၁ ပါး ဆဟိတ်စေတသိက်ကား ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ ပါး

အဟိတ်စေတသိက်ကား မောဟမူဒွေး၌ မောဟ ၁ ပါး အဟိတ်စိတ်၌ယှဉ်သော ဆန္ဒစေတသိက်ကြဉ် အညသမန်း စေတသိက် ၁၂ ပါး ပေါင်း ၁၃ ပါး

ဆောင်ပုဒ်။ လောဒေါကိစ္ဆာဟိတ်မှာတခု ဣသ်မစ်ကုစ်မော ဒိဋ္ဌမာနောနှင့် အလော အဒေါ အမော ၉ ဖြာ ဒွိဟိတ်သာဟော အဟီအနုတ် ဥဒ္ဒစ္စမှန်၊ ထိ မိဒ္ဓ နှင့် ဟိတ်ကြဉ်သောဘန ဒွါဝီသ မှာ သုံးဖြာဟိတ်ရှိ ပီတိ ငါး၀ ဆကားဒွါဒ အညပီခွာ ဒွေးပညာသည် သေချာစေ့ပြီး ဟိတ်ခဏ်တည်း။

ဟိတ် ၆ ပါးကို ကုသိုလ်အကုသိုလ်အဗျာကတဟိတ်တို့ဖြင့် ဝေဘန်ပုံ

အကုသိုလ်ဟိတ်ကား လောဘ ဒေါသ မောဟ ပေါင်း ၃ ပါး ကုသိုလ် အဗျာကတဟိတ်ကား အလောဘဟိတ် အဒေါသဟိတ် အမောဟဟိတ် ပေါင်း ၃ ပါး

အဟေတုကာဋ္ဌာရသ	အဟိတ်စိတ်	၁၈ ပါး
ဧကဟေတုတာဒွေ	ဧကဟိတ်စိတ်	၂ ပါး
ဒွါဝီသတိဒွိဟေတုကာ	ဒွိဟိတ်စိတ်	၂၂ ပါး
သတ္တစတ္တာလီသ တိဟေတုကာ	တိဟိတ်စိတ်	၄၇ ပါး

ဋီကာ

မေး။ လောဘစသော ဟိတ် ၆ ပါးတို့သည် အဘယ်ကြောင့်ဟိတ်မည်ပါသနည်း။

ဖြေ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်ရာဖြစ်သောကြောင့်၄င်း၊ အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်၄င်း ဟိတ်မည်ပါသည်။

http://www.dhammadownload.com

မေး။ ဟိတ် ၆ ပါးကိုမူလခေါ်ရခြင်းအကြောင်းကို ဥပမာဖြင့် ပြဆိုပါ။

ဖြေ။ သစ်မြစ်သည် သစ်ပင်ကိုခိုင်ခံ့တည်တံ့အောင်ပြုသကဲ့သို့ ဟိတ်တရားတို့သည်လည်း သမ္ပယုတ်တရားတို့ကိုကောင်းစွာထောက်ရာတည်ရာဖြစ်သောကြောင့် ဟိတ်တရားတို့ကို မူလဟုခေါ်ပါသည်။

မေး။ ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသောအဖြစ်သည် အဘယ်သို့စပ်၍ဖြစ်ပါသနည်း။ အသီးသီးဖော်ပြပါ။

ဖြေ။ ကုသိုလ်၏အဖြစ်သည် ယောနိသောမနသိကာရ နှင့် အကုသိုလ်၏အဖြစ်သည် အယောနိသောမနသိကာနှင့် ကြိယာအဗျာကတသည် နိရာနုသယဖြစ်သော ရဟန္တာသန္တာန်အဝိပါကဘာဝနှင့် ဝိပါက်အဗျာကတသည် ကုသိုလ်အကုသိုလ်ကံ၏ အဝိပါကဘာဝနှင့်စပ်၍ဖြစ်ပါသည်။

မေး။ ဟိတ် ၆ ပါးကို ဇာတိဘေဒ ဘူမိဗေဒ အားဖြင့် ခွဲခြမ်းဝေဖန်ပြပါ။

ဖြေ။ ဇာတိဘေဒအားဖြင့် ကုသိုလ် ၃ ပါး

အကုသိုလ်ဟိတ် ၃ ပါး အဗျာကတဟိတ် ၃ ပါး

ပေါင်း မာတိကာနည်းဖြင့် ၉ ပါး

တနည်းအားဖြင့် ကုသိုလ်ဟိတ် ၃ ပါး အကုသိုလ်ဟိတ် ၃ ပါး ဝိပါက်ဟိတ် ၃ ပါး ကြိယာဟိတ် ၃ ပါး ပေါင်း နိဒ္ဒေသနည်းဖြင့် ၁၂ ပါး

ဘူမိဗေဒနည်း ကာမဘုံ၌ ၆ ပါး ရူပဘုံ၌ ၃ ပါး အရူပဘုံ၌ ၃ ပါး လောကုတ္တရာ၌ ၃ ပါး ပေါင်း ၁၅ ပါးဖြစ်ပါသည်။

ကိစ္စသင်္ဂဟခေါ်ရပုံ

ပဋိသန္ဓေကိစ္စစသော ကိစ္စအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူရေတွက်ရာစကားရပ်ကို ကိစ္စသင်္ဂဟဟုခေါ်သည်။

ကိစ္စသည်-ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ-အာဝဇ္ဇန်းကိစ္စ ဒဿနကိစ္စ၊ သဝန-ဃာယန-သာယန ဖုသန၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ-ဝုဋ္ဌော၊ ဇော။ တဒါရုံကိစ္စ စုတိကိစ္စအားဖြင့် ၁၄ ပါး

http://www.dhammadownload.com

ဌာနသည်၊ ပဋိသန္ဓေဌာန ဘဝင်ဌာန အာဝဇ္ဇန်းဌာန ပဉ္စဝိညာဏ်ဌာန၊ သမ္ပဋိစ္ဆိုင်းဌာန၊ သန္တီရဏဌာန၊ ဝုဋ္ဌောဌာန၊ ဇောဌာန၊ တဒါရုံဌာန၊ စုတိဌာန ပေါင်း ၁၀ ပါး

မေး ။ ကိစ္စသည် ၁၄ ပါး ရှိပါလျှက် ဌာနမှာ အဘယ့်ကြောင့် ၁၀ ပါး သာရှိပါသနည်း။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းတို့၏ အကြား၌ အဖြစ်ခြင်းတူ၍ ပဉ္စဝိညာဏ်ကို တစ်ဌာန တည်းပေါင်း၍ ယူထားသောကြောင့် ဌာနမှာ ၁၀ ပါး သာရှိပါသည်။

မေး။ ကိစ္စနှင့် ဌာနအထူးကိုရေးပါ။

ဖြေ။ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို ဆက်စပ်ပေးမှု အလုပ်သဘောသည် ကိစ္စမည်၏။ စုတိနောင်ဘဝင် စိတ်စသည်တို့၏ အကြား၌ စိတ်တခုဖြစ်လောက်ရာ ကာလအကြားသည် ဌာနမည်၏ (မဟာဋီကာဝါဒ)

ပဋိသန္ဓေကိစ္စ၌ အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို စပ်ပေးခြင်းသဘောသတ္တိသည်, ကိစ္စမည်၏။စပ်ပေးခြင်းသဘောသတ္တိရှိသော ပဋိသန္ဓေစိတ်ဒြပ်သည် ဌာနမည်၏။ (သတ္တိ သတ္တိမန္တထူးသည်)

ဋီကာကျော်အလို သတ္တိ သတ္တိမန္တထူးသည်။

ဆောင်ပုဒ်- ပဋိသန္ဓေစသည်စပ်မှု၊ လုပ်ငန်းစု၊ ခေါ်မှုကိစ္စသာ၊ ရှေ့နောက်ကိစ္စ၊ ကြားကာလ၊ မှတ်ကြ ဌာနသာ၊ သတ္တိ သတ္တိမန် ကိစ္စ ဌာန်/ထူးပြန်ဋီကာ ဆိုသတည်း။

ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်သောစိတ်ကား

ဥပေက္ခာ သန္တီရဏ ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး ပေါင်း ၁၉ ပါး။

အာဝဇ္ဇန်းကိစ္စတပ်သောစိတ်ကား ပဉ္စဒွါရာဝဇ္ဇန်း ၁ ပါး မနောဒွါရာဝဇ္ဇန်း ၁ ပါး ပေါင်း ၂ ပါး။

http://www.dhammadownload.com

စက္ခုဝိညာဏ်ဒွေးသည် ဒဿနကိစ္စတပ်၏

သောတဝိညာဏ်ဒွေးသည် သဝနကိစ္စတပ်၏

ဃာနဝိညာဏ်ဒွေးသည် ဃာယန ကိစ္စတပ်၏

ဇိဝှါဝိညာဏ်ဒွေးသည် သာယနကိစ္စတပ်၏

ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စတပ်၏

သမ္ပဋိစ္ဆိုင်းဒွေးသည် သမ္ပဋိစ္ဆိုင်းကိစ္စတပ်၏

သန္တီရဏစိတ် ၃-ခုသည် သန္တီရဏကိစ္စတပ်၏

မနောဒွါရာဝဇ္ဇန်းသည် ပဥ္စဒွါရာအရာ၌ ဝုဋ္ဌောကိစ္စတပ်၏။

ဇောကိစ္စတပ်သော စိတ်၊ ဇောအမည် ရသောစိတ်ကား အကုသိုလ်စိတ် ၁၂ ပါး ကုသိုလ်စိတ် ၂၁- ပါး အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာ စိတ် ၁၈ ပါး ဖိုလ်စိတ် ၄ ပါး ပေါင်း ၅၅ ပါး

တဒါရုံကိစ္စတပ်သော စိတ်ကား မဟာဝိပါက်စိတ် ၈ ပါး သန္တီရဏစိတ် ၃ ပါး ပေါင်း ၁၁ ပါး (တဒါရုံအမည်ရသောစိတ်)

အပေါင်းရေတွက်နည်း

ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တဒါရုံကိစ္စ သန္တီရဏကိစ္စ ပေါင်း ၅ ကိစ္စတပ်သော စိတ်ကား ဥပေက္ခာ သန္တီရဏစိတ် ၂ ပါး ဖြစ်ပါသည်။

ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တဒါရုံကိစ္စ ပေါင်း ၄ ပါး၊ ကိစ္စတပ်သော စိတ်ကား မဟာဝိပါက်စိတ် ၈ ပါးဖြစ်ပါသည်။

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ ပေါင်း ၃ ကိစ္စတပ်သောစိတ်ကား မဟဂ္ဂုတ်ဝိပါက်စိတ် ၉ပါး ဖြစ်ပါသည်။

သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ ပေါင်း ၂ ကိစ္စတပ်သောစိတ်ကား သောမနဿသဟဂုတ် သန္တီရဏ စိတ် ၁ ပါး ဖြစ်သည်။ ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်းကိစ္စတပ်သော စိတ်ကား မနောဒွါရာဝဇ္ဇန်း စိတ်၁ ပါးဖြစ်ပါသည်။ (အမှာ) နှစ်ကိစ္စတပ်သော စိတ်ကား သောမဿသန္တီရဏစိတ်နှင့် မနောဒွါရာ ဝဇ္ဇန်းစိတ် ပေါင်း ၂ ပါး ရှိသည်။

ဖြစ်သင့်သည်အားလျော်စွာ တကိစ္စတပ်သော စိတ်ကား ဇောကိစ္စတပ်သောစိတ် ၅၅ ပါး မနောဓာတ် ၃ ခု ဒွေးပဥ္စ ဝိညာဏ် ၁၀ ပေါင်း ၆၈ ပါး။

စေတသိက် (၅၂) ပါးကို ကိစ္စဖြင့်ဝေဘန်ပုံ

တစ်ကိစ္စတပ်သော စေတသိက်ကား အကုသိုလ်စေတသိက် ၁၄ ပါး၊ ဝိရတိစေတသိက် ၃ ပါး ပေါင်း ၁၇ ပါး။

လေးကိစ္စတပ်သော စေတသိက်ကား အပ္ပမညာစေတသိက် ၂ ပါး၊ ငါးကိစ္စတပ်သော စေတသိက်ကား ဝိရတီ အပ္ပမညာစေတသိက်မှတပါး သောဘနစေတသိက် ၂၀ ဆန္ဒ ပေါင်း ၂၁ ပါး ခြောက်ကိစ္စတပ်သော စေတသိက်ကား ပီတိစေတသိက် ၁ ပါး ကိုးကိစ္စတပ်သော စေတသိက်ကား ဝိတက်-ဝိစာရ အဓိမောက္ခ ပေါင်း ၃ ပါး

တစ်ဆယ့်လေးကိစ္စတပ်သော စေတသိက်ကား၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး ဖြစ်ပါသည်။

ဆောင်ပုဒ် - အကုစုဒ္ဒ ဝိရတ္တိတယာ တကိစ္စာတည့် အပ္ပမညာ လေးကိစ္စာပ ကြွင်းလာသော ဘန ဆန္ဒဇော်ဝီ ငါးကိစ္စီ၏ ခြောက်လီပီတိ ဝီရိသတ္တာ တက်-စာ-ဓိ-ကိုး ဆဲ့လေး မျိုးရ သဗ္ဗခုနှစ် ဒွိပဉ်ဖြစ်သည် ပေါင်းလဒ်မှတ်လေ အမြဲတည်း။

အကျဉ်းပေါင်း၍ ရေတွက်နည်း

တကိစ္စ တဌာန တပ်သောစိတ်	ကား	၆၈ ပါး
နှစ်ကိစ္စ နှစ်ဌာနတပ်သောစိတ်	ကား	၂ ပါး
သုံးကိစ္စ သုံးဌာနတပ်သောစိတ်	ကား	၉ ပါး
လေးကိစ္စလေးဌာနတပ်သောစိတ်	ကား	၈ ပါး
ငါးကိစ္စ ငါးဌာနတပ်သောစိတ်	ကား	၂ ပါး

ကိစ္စဌာန	ဧက	ဒွိ	တိ	စတု	ပဥ္စ
စိတ်	အဌသဋ္ဌိ	ဒွေ	နဝ	အဌ	ဒွေ

http://www.dhammadownload.com

ဋီကာ

မေး။ ဒဿနကိစ္စ သဝန ကိစ္စစသည်မည်ရပုံကို အသီးအသီး ဖေါ်ပြ၏။

ဖြေ။ စက္ခုဒွါရ၌ ထိခိုက်လာသော ရူပါရုံကို ပစ္စက္ခအားဖြင့် ရှုခြင်းသည် ဒဿနကိစ္စမည်၏။

သောတဒွါရ၌ ထိခိုက်လာသော ဂန္ဓာရုံကိုနမ်းခြင်းသည် ဃာယနကိစ္စမည်၏။ ဇိဝှါဒွါရ၌ ထိခိုက်လာသော ရသာရုံကိုလျက်ခြင်းသည် သာယနကိစ္စမည်၏ ကာယဒွါရ၌ ထိခိုက်လာသော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းသည် ဖုသနကိစ္စမည်၏။

ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသော ရူပါရုံစသော အာရုံနှင့် စပ်၍ ဖြစ်သောအားဖြင့် ခံယူတတ် သော သဘောသည် သမ္ပဋိစ္ဆိုင်းကိစ္စမည်၏။

သမ္ပဋိ စ္ဆိုင်းသည် ခံယူအပ်ပြီးသော ရူပါရုံစသော အာရုံကိုစုံစမ်းတတ်သော သဘောသည် သန္တီရဏ ကိစ္စမည်၏။

သန္တီရဏသည် စုံစမ်းပြီးသော ရူပါရုံစသော အာရုံကို မှတ်သားခြင်းသည် ဝုဋ္ဌော ကိစ္စမည်၏။

မေး။ ပဋိသန္ဓေကိစ္စဘွင် ဇောတဒါရုံ စုတိကိစ္စတို့၏ အဓိပ္ပါယ်ကိုရေးသားပါ။

ဖြေ။ ဘဝဟောင်းနှင့် ဘဝသစ်ကိုဆက်စပ်ပေးခြင်းသည် ပဋိသန္ဓေ
ကိစ္စ၊ အာရုံ၌ ထိုထိုကိစ္စကိုပြီးစေသည်၏ အစွမ်းဖြင့် လျင်စွာဖြစ်ခြင်း သဘော သည် ဇောကိစ္စ ထိုထိုသို့သော ဇောသည် ယူအပ်ပြီးသောအာရုံကို အာရုံပြုယူခြင်းသည် တဒါရုံကိစ္စမည်၍ ထင်ရှားရှိသော ဘဝမှ ရွေ့လျောခြင်းသည် စုတိကိစ္စမည်ပါသည်။

မေး။ အဘယ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်မည်ပါသနည်း။

ဖြေ။ ပဉ္စဒွါရ၌ ထိခိုက်လာသော အာရုံကို ဆင်ခြင်းတတ်နှလုံးသွင်းတတ်သော သဘောသည် ၎င်း စိတ်အစဉ်ကို ဘဝင်၏ အစွမ်းဖြင့်ပြန်ဖြစ်ခွင့်ကိုမပေးဘဲ ဝီထိစိတ်ဖြစ်စေခြင်းငှာ ညွှတ်စေတတ်သော သဘောသည် ပဉ္စဒွါရာဝဇ္ဇန်း စိတ်မည်ပါသည်။

မနောဒွါရ၌ထင်မြင်လာသော အာရုံကိုဆင်ခြင်တတ် ဝီထိဖြစ်စေရန် ညွှန်စေတတ် သော သဘောသည် မနောဒွါရဝဇ္ဇန်း စိတ်မည်ပါသည်။

http://www.dhammadownload.com

မေး။ သောမနဿသန္တီရဏစိတ် ပဋိသန္ဓေကိစ္စ မတပ်ခြင်းအကြောင်း

ဖြေ။ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် သောမနဿသဟဂုတ်သသန္တီရဏစိတ်သည် ပဋိသန္ဓေကိစ္စမတပ်ပါ။

မေး။ အာဝဇ္ဇန်းဒွေးသည် ကြိယာဖြစ်ပါလျက် အဘယ်ကြောင့် ဇောကိစ္စမတတ်သနည်း။

ဖြေ။ အာဝဇ္ဇန်းဒွေးသည် ကြိယာဖြစ်သော်လည်း အာရုံ၏အရသာကို ခံစားခြင်း သဘောမရှိသောကြောင့် ဇောကိစ္စမတပ်ပါ။

မေး။ မဂ်စိတ်သည် တကြိမ်သာဖြစ်ပါလျှက်အဘယ့်ကြောင့် ဇောကိစ္စတပ်ပါသနည်း။

ဖြေ။ မဂ်စိတ်သည် တကြိမ်သာဖြစ်သော်လည်း အာရုံ၏ အရသာကို ခံစားခြင်း သဘောရှိသောကြောင့် ဇောကိစ္စတပ်ပါသည်။

မေး။ ယထာသမ္ဘဝမေက ကိစ္စာနိ၌ ယထာသမ္ဘဝေက ဖြစ်ပုံကိုဖော်ပြပါ။

ဖြေ။ ဇော ၅၅ ပါး သည် ဇောကိစ္စ ပဥ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ သမ္ပဋိစ္ဆိုင်းဒွေသည် သမ္ပဋိစ္ဆိုင်းကိစ္စ စက္ခုဝိညာဏ်ဒွေသည် ဒဿနကိစ္စ။

သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ ဃာနဝိညာဏ်ဒွေသည် ဃာယနကိစ္စ ဇိဝှါဝိညာဉ်ဒွေသည် သာယနကိစ္စ ဤသို့ တကိစ္စစီဖြစ်ခြင်းသည် ယာထာသမ္ဘဝေက ကိစ္စ ဖြစ်ပုံပြန်ပါသည်။

(ဒွါရသင်္ဂဟ)

ဒွါရသင်္ဂဟမည်ပုံ အမည်ရပုံ

စက္ခုဒွါရစသည်တို့၏ အပြားအားဖြင့် စိတ်စေတသိက်တို့ကို ရေတွက်ပေါင်းယူရာ စကားရပ်သည် ဒွါရသင်္ဂဟမည်ပါသည်။

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

မေး။ ဒွါရမည်ပုံကို ဥပမာနှင့် တကွဖော်ပြပါ။

ဖြေ။ ပကတိ တံခါးပေါက်များသည် လူစသည်တို့၏ ဝင်ထွက်သွားလာရာဖြစ်သကဲ့သို့ ခန္ဓာအိမ် ၌ စက္ခုပသာဒ စသည်တို့၏လည်း အာဝဇ္ဇန်းစသော နာမ်တရားတို့၏ ဖြစ်ရာအပေါက် ဖြစ်သောကြောင့် ဒွါရဟုခေါ်ပါသည်။

ဒွါရသည် စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ ပေါင်း ၆ ပါး

ဒွါရ ၆ ပါးတို့၏ တရားကိုယ်

စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။ သောတပသာဒရုပ်သည် သောတဒွါရမည်။ ဃာနပသာဒရုပ်သည် ဇိဝှါဒွါရမည်၏။ ကာယပသာဒ ရုပ်သည် ကာယဒွါရမည်၏။

ဘဝင်္ဂပစ္ဆေဒ ၁၉ ခု သည် မနောဒွါရမည်၏။

ပဉ္စဒွါရ၌ ဖြစ်သောစိတ်ကား

ပဉ္စဒွါရာဝဇ္ဇန်း ၁ ပါး စက္ခုဝိညာဏ်ဒွေး သမ္ပဋိစ္ဆိုင်းဒွေး သန္တီရဏ သုံးခု ဝုဋ္ဌော ၁ ကာမဇော တခုယုတ် ၃၀ တဒါရုံမဟာဝိပါက်စိတ် ၈-ခု ပေါင်း ၄၆ ပါးသည် စက္ခုဒွါရ၌ ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်း သောတဝိညာဏ်ဒွေ ပဉ္စဒွါရာဝဇ္ဇန်း ဃာနဝိညာဏ်ဒွေ ပဉ္စဒွါရာဝဇ္ဇန်း ဇိဝှါ ဝိညာဏ်ဒွေ ပဉ္စဒွါရာဝဇ္ဇန်း ကာယဝိညာဏ်ဒွေ သမ္ပဋိစ္ဆိုင်းဒွေး သန္တီရဏ ၃ စသည်ဖြင့် စက္ခုနေရာမှာ သောတစသည် လဲလှယ်၍ ရေတွက်က သောတဒွါရစသည်၌လည်း ၄၆ ပါးစီ ဖြစ်၏။

ပဉ္စဒွါရ၌ ဖြစ်သောစိတ်အားလုံးသည် ကာမစိတ် စတုပညာသပင်ဖြစ်သည်။

မနောဒွါရ၌ ဖြစ်သောစိတ်ကား မနောဒွါရာဝဇ္ဇန်း ၁ ပါး ဇော ၅၅ ပါး တဒါရုံ ကောဒသ (၁၁ ပါး) ပေါင်း ၆၇ ပါး သည် မနောဒွါရ၌ ဖြစ်သောစိတ်မည်၏။

ပဋိသန္ဓေ, ဘဝင် စုတိကိစ္စတပ်ခိုက်မည်သည့် ဒွါရမှုမဖြစ်၍ ဒွါရဝိမုတ်စိတ် (ဒွါရမှလွတ်သော စိတ်ကား) ဥပေက္ခာသန္တီရဏ ၂ ပါး မဟာဝိပါက် ၈ ပါး မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး ပေါင်း ၁၉ ပါး သည် ဒွါရဝိမုတ်စိတ်မည်၏။

http://www.dhammadownload.com

အပေါင်းရေတွက်နည်း

တစ်ဒွါရ၌ဖြစ်သောစိတ်ကား ဒွေပဉ္စဝိညာဏ် ၁၀ မဟဂ္ဂုတ်လောကုတ္တရာဇော ၂၆ ပါး ပေါင်း ၃၆ ပါးသည် တစ်ဒွါရ၌ဖြစ်၏။ ငါးဒွါရ၌ဖြစ်သောစိတ်ကား မနောဓာတ် ၃ ခုဖြစ်ပါသည်။ ခြောက်ဒွါရ၌ ဖြစ်သော စိတ်ကားသောမနဿ သဟဂုတ် သန္တီရဏစိတ် ၁ ပါး၊ ဝုဋ္ဌောစိတ် ၁ ပါး၊ ကာမဇော ၂၉ ပါး ပေါင်း ၃၁ ပါးဖြစ်သည်။

ရံခါခြောက်ဒွါရ၌ ဖြစ်၍ ရံခါခြောက်ဒွါရမှ လွတ်သောစိတ်ကား ဥပေက္ခာသန္တီရဏ စိတ် ၂ ပါး မဟာဝိပါက်စိတ် ၈ ပါး ပေါင်း ၁၀ ပါး ဖြစ်သည်။ **ခြောက်ဒွါရ၌ ဖြစ်ပုံ** သန္တီရဏ ကိစ္စ တဒါရုံ ကိစ္စတပ်ခိုက်တပ်သောအခါ ခြောက်ဒွါရ၌ ဖြစ်ကုန်၏။

ခြောက်ဒွါရမှလွတ်ပုံ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်ခိုက်သောအခါ ခြောက်ဒွါရမှ လွတ်ကုန်၏။ အခါခပ်သိမ်းခြောက်ဒွါရလွတ်သောစိတ်ကား မဟဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး ဖြစ်သည်။

လွတ်ခြင်းအကြောင်း ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ မှတပါး အခြားကိစ္စမတပ်သောကြောင့် အခါခပ်သိမ်း ၆ ဒွါရမှလွတ်ကုန်၏။

အကျဉ်းရေတွက်ပုံ

တစ်ဒွါရ၌ဖြစ်သောစိတ်ကား	၃၆ ပါး
ငါးဒွါရ၌ဖြစ်သောစိတ်ကား	၃ ပါး
ခြောက်ဒွါရ၌ဖြစ်သောစိတ်ကား	၃၁ ပါး
ရံခါခြောက်ဒွါရ၌ဖြစ်၍ ရံခါခြောက်ဒွါရမှ လွတ်သောစိတ်ကား	၁၀ ပါး
အခါခပ်သိမ်းခြောက်ဒွါရမှ လွတ်သောစိတ်ကား	၉ ပါး
ပေါင်း	**၈၉ ပါး**

http://www.dhammadownload.com

ဒွါရ	ဧကဒွါရိက	ပဉ္စဒွါရိက	ဆဒွါရိက	ဆဒွါရိကဝိမုတ္တ	ဝိမုတ္တာနိစသဗ္ဗထာ
စိတ်	ဆတ္တိံသတိ	တိဏ	ဧကတ္တိံသ	ဒသဓာ	နဝဓာ

စေတသိက် ၅၂ ပါး တို့ကို ဒွါရဖြင့်ဝေဘန်ပုံ

ဒွါရဝိမုတ်စေတသိက်ကား မဟဂ္ဂုတ်ဝိပါတ်စိတ် ၉ ခု တို့၌ ယှက်ခိုက် အညသမာန်း စေတသိက် ၁၃ ပါး ဝိရတီစေတသိက်ကြဉ်သော သောဘနစေတသိက် ၂၂ ပါး ၃၅ ပါးတို့သည် ဒွါရဝိမုတ်စေတသိက်မည်၏။

ကြွင်းသောစေတသိက် ၅၂ ပါး တို့သည် ဒွါရိက စေတသိက်မည်၏။

ဆောင်ပုဒ်- မဟဂ်ဝိတွင် ယှဉ်လစ်စေမှာ ပဉ္စတိံသ ဝိမုတ်ထားလော့ ကြွင်း ၅၂ ခြောက်ဒွါဖြစ်၊ မှတ် လစ်သေချာ သဘောတည်း။

ဋီကာ

မေး။ မနောဒွါရ၌ မနအရကို ပြဆိုပါ။

ဖြေ။ မနအရကား အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်ကိုရ၏။

တနည်း- ဘဝင်္ဂုပစ္ဆေဒ ၁၉ ခုကိုရ၏။

ထိုဘဝင်္ဂုပစ္ဆေဒ ၁၉ ခုကို မနောဒွါရဟုခေါ်သည်။

မေး။ အဘယ့်ကြောင့် ဘဝင်္ဂုပစ္ဆေဒ ၁၉ ခုသည် မနောဒွါရမည်ပါသနည်း။

ဖြေ။ မနောဒွါရ ဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ ၁၉ ခု သည် မနောဒွါရမည်ပါသည်။

မေး။ ပကိဏ်းပိုင်းလာမနောဒွါရနှင့် ဘုံပိုင်းလာမနောဒွါရ တို့၏ အထူးကိုဖေါ်ပြပါ။

ဖြေ။ ပကိဏ်းပိုင်း၌ ဘဝင်္ဂုပစ္ဆေဒ ၁၉ ခုကို မနောဒွါရ အရယူ၍ ဘုံပိုင်း၌ လောကီကုသိုလ် အကုသိုလ်ဇော ၂၉ ခု တို့ကို မနောဒွါရဟု ခေါ်ပါသည်။ ဤသို့ထူးပါသည်။

http://www.dhammadownload.com

မေး။ ပကိဏ်းလာ ကာယဒွါရနှင့် ဘုံပိုင်းလာ ကာယဒွါရတို့၏ အထူးကိုရေးသားပါ။

ဖြေ။ ပကိဏ်းပိုင်း၌ **ကာယပသာဒရုပ်ကို** ကာယဒွါရဟုခေါ်သည်။

ဘုံပိုင်း၌ **ကာယဝိညတ်ရုပ်ကို** ကာယဒွါရဟုခေါ်သည်။ ဤသို့ထူးပါသည်။

မေး။ စက္ခုဒွါရေယထာရဟံ ဥပ္ပဇ္ဇန္တိ၌ ယထာရဟအဓိပ္ပါယ်ကို သိသာရုံမျှဖော်ပြပါ။

ဖြေ။ စက္ခုဒွါရ၌ဖြစ်သော စိတ်တို့သည် ၄၆ ပါး ဆိုသော်လည်း အခါခပ်သိမ်း ၄၆ ပါး မဖြစ် ဣဋ္ဌာရုံအစရှိသော အာရုံ၌ ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရ၊ အနုသယကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၊ အနုသယရှိသော ပုဂ္ဂိုလ်တို့၏ သန္တာန်အားလျော်စွာ ဖြစ်သည်ကို ယထာရဟဟုဆိုပါသည်။

မေး။ သဗ္ဗထာပိ ပဉ္စဒွါရေစတုပညာသစိတ္တာနိ၌ သဗ္ဗထာပိအရ အဓိပ္ပါယ်ကိုရေးသားပါ။

ဖြေ။ အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော အလုံးစုံသောစိတ်တို့သည် ကာမစိတ် ၅၄ ပါးတို့သာ ဖြစ်ကုန်၏ဟု ပြပါသည်။

မေး။ ပဉ္စဒွါရ၌သာဖြစ်သော စိတ်တို့ကို အကြောင်းနှင့်တကွဖော်ပြပါ။

ဖြေ။ ဒွေးပဉ္စဝိညာဏ် ၁၀ မနောဓာတ်သုံးခုတို့သည် ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် ပဉ္စဒွါရ၌သာ ဖြစ်ပါသည်။

မေး။ မနောဒွါရ၌သာဖြစ်သော စိတ်တို့ကို အကြောင်းနှင့် တကွပြဆိုပါ။

ဖြေ။ အပ္ပနာဇော (ဆဗ္ဗီသ) ၂၆ ပါး တို့သည် ဓမ္မာရုံကိုသာ အာရုံပြုသောကြောင့် မနောဒွါရ၌ သာ ဖြစ်ပါသည်။

မေး။ ပဋိသန္ဓေ ဘဝင်စုတိတို့၏ အစွမ်းအားဖြင့် ၁၉ ပါး သော စိတ်တို့သည် ဒွါရဝိမုတ်စိတ်ဖြစ်ရခြင်း အကြောင်းကိုဖော်ပြပါ။

ဖြေ။ စက္ခုစသောဒွါရတို့၌ မဖြစ်သောကြောင့်ရင်း မိမိတို့သည်ပင်လျှင် မနောဒွါရဟုဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်ရင်း ကမ္မနိမိတ်စသည်တို့မှတပါးသော အာရုံကို မယူသောကြောင့်ရင်း တခုယုတ် ၂၀ သော စိတ်တို့သည် ဒွါရဝိမုတ်စိတ်ဖြစ်ရပါသည်။

မေး။ တေသုပန (လ) ဆတ္တိံသယထာရဟာမေကဒွါရိကာ စိတ္တာနိနာမဋ္ဌ ယထာ ရဟာကေဒွါရိကာ ဖြစ်ပုံကို အသီးသီးဖော်ပြပါ။

ဖြေ။ ဒွေးပဉ္စဝိညာဏ် ၁၀ တို့သည် အစဉ်အတိုင်း စက္ခုဒွါရစသော ငါးဒွါရ၌ဖြစ်၍ မဟဂ္ဂုတ် လောကုတ္တရာဇော ၂၆ ခုတို့သည် မနောဒွါရ၌ ဖြစ်၍ ဤသို့အသီးအသီးဖြစ်ကြပါသည်။

မေး။ (က) ပဉ္စဒွါရ၌သာ ဖြစ်သောစိတ် (ခ) မနောဒွါရ၌သာ ဖြစ်သောစိတ် (ဂ) နှစ်ပါးစုံဖြစ်သော စိတ် (ဃ) နှစ်ပါးစုံမဖြစ်သောစိတ်တို့ကို အသီးအသီးဖော်ပြပါ။

ဖြေ။ (က) ဒွေးပဉ္စဝိညာဏ် ၁၀ မနောဓာတ် ၃ ခု ပေါင်း ၁၃ ပါး

(ခ) မဟဂ္ဂုတ်လောကုတ္တရာဇော ၂၆ ပါး

(ဂ) မနောဒွါရာဝဇ္ဇန်း ကာမဇော ၂၉ ခု တဒါရုံ ၁၁ ပါး ပေါင်း ၄၁ ပါး

(ဃ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး တို့ဖြစ်ပါသည်။

အာရမ္မဏသင်္ဂဟ

အာရမ္မဏသင်္ဂဟခေါ်ရပုံ

ရူပါရုံစသော အာရုံအပြားအားဖြင့် စိတ်စေတသိက်တို့ကို ပေါင်းယူရေတွက်ရာ စကားရပ်ကို အာရမ္မဏသင်္ဂဟဟု ခေါ်ပါသည်။

အာရမ္မဏမည်ပုံ - အာရမ္မဏိကဖြစ်သောစိတ် စေတသိက်တို့၏ လာရောက်မွေ့လျော်ရာ ဖြစ်သောကြောင့် အာရမ္မဏ အာရုံမည်၏။

အာရုံသည် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ပေါင်း ၆ ပါး

အာရုံ ၆ ပါး တရားကိုယ်ကောက်ကား

အဖြူအနီအကြောင်အကျားစသောအဆင်းဟူသမျှသည် ရူပါရုံမည်၏။

ကြားရသော အသံဟူသမျှသည် သဒ္ဒါရုံမည်၏။

အနံ့ဟူသမျှသည် ဂန္ဓာရုံမည်။

http://www.dhammadownload.com

ချိုချဉ်စပ်ခါးစသော ရသာဟူသမျှသည် ရသာရုံမည်၏။ တွေ့ထိရသောအတွေ့အထိဟူသမျှသည် ဖောဋ္ဌဗ္ဗာရုံမည်၏။

ပသာဒရုပ် ၅ ခု သုခုမရုပ် ၁၆ ပါး၊ စိတ် ၈၉ ပါး စေတသိက် ၅၂ ပါး နိဗ္ဗာန် ပညတ် ပေါင်း ၆ မျိုးသည် ဓမ္မာရုံမည်၏။

ပဉ္စဒွါရိကစိတ်တို့၏အာရုံပြပုံ

၁။ စက္ခုဒွါရိကစိတ် ၄၆ ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏

၂။ သောတဒွါရိကစိတ် ၄၆ ပါးတို့သည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏

၃။ ဃာနဒွါရိကစိတ် ၄၆ ပါးတို့သည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏

၄။ ဇိဝှါဒွါရိကစိတ် ၄၆ ပါးတို့သည် ပစ္စုပ္ပန် ရသာရုံကို အာရုံပြု၏

၅။ ကာယဒွါရိကစိတ် ၄၆ ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏

မနောဒွါရိကစိတ် ၆၇ ပါး တို့သည် ပစ္စုပ္ပန်အတိတ် အနာဂတ် ကာလဝိမုတ်ဖြစ်သော အာရုံ ၆ ပါး တို့၌ ထိုက်သည့်အားလျော်စွာ အာရုံပြု၏။

ဋီကာ-

မေး။ တဥ္စပစ္စုပ္ပန္န၌ ပစ္စုပ္ပန်အပြားကိုဖော်ပြ၍ ဤ၌လိုအပ်သော ပစ္စုပ္ပန်ကိုလည်း ညွှန်ပြပါ။

ဖြေ။ ခဏပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်အားဖြင့် ၃ ပါးရှိပါသည်။ ဤ၌ခဏပစ္စုပ္ပန်ကိုသာ လိုအပ်ပါသည်။

မေး။ နိဗ္ဗာန်ပညတ်တို့သည် အဘယ့်ကြောင့် ကာလဝိမုတ်မည်ပါသနည်း။

ဖြေ။ ပျက်စီးခြင်းမရှိသောကြောင့်၎င်း အတိတ်စသော ကာလ၏ အစွမ်းအားဖြင့် မဆိုအပ်သောကြောင့်၎င်း နိဗ္ဗာန်နှင့်ပညတ်တို့သည် ကာလဝိမုတ်မည်ပါသည်။

http://www.dhammadownload.com

ဒွါရဝိမုတ်စိတ်တခုယုတ် (၂၀) တို့၏ အာရုံ

ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉ ခုတို့သည် ဖြစ်သင့်သည့် အားလျော်စွာ များသောအားဖြင့် အတိတ်ဘဝက ခြောက်ဒွါရ၌ ဖြစ်သော မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန် အတိတ်ပညတ်ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံ ၆ ပါး တို့၌ အာရုံပြု၏။

အပေါင်းရေတွက်နည်း

စက္ခုဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

သောတဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

ဃာနဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။

ဇိဝှါဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ရသာရုံကိုအာရုံပြု၏။

ကာယဝိညာဏ်ဒွေးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၏။

မနောဓါတ် ၃ ခုသည် ပစ္စုပ္ပန် ပဥ္စာရုံကိုအာရုံပြု၏။

မဟာဝိပါက် ၈ ခု သန္တီရဏစိတ် ၃ ခု ဟသိတုပ္ပါဒ်စိတ် ၁ ခု ပေါင်း ၁၂ ပါးတို့သည် ကာမကိုသာ အာရုံပြု၏။

ကာမဇောနာ် အာရုံပြုကား - ကာမဝိတ်ပါက် ၂၃ ပါး ပဥ္စဒွါရာဝဇ္ဇန်း ၁ ပါး ဟသိတုပ္ပါဒ်စိတ် ၁ ပါး ပေါင်း ၂၅ ပါး တို့သည် ကာမကိုသာ ဇောနာ်အာရုံပြု၏။

အကုသိုလ်စိတ် ၁၂ ပါး မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄ ပါး ပေါင်း ၂၀ တို့သည် လောကုတ္တရာ တရား ၉ ပါးကြဉ်သော အလုံးစုံသော အာရုံကို အာရုံပြု၏။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါး ရူပကုသိုလ် ပဥ္စမဈာန် အဘိညာဏ် ၁ ပါး ပေါင်း ၅ ပါး သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်အလုံးစုံအာရုံပြု၏။

http://www.dhammadownload.com

မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါး ရူပကြိယာ ပဥ္စမဈာန် အဘိညာဏ် ၁ ပါး ဝုဋ္ဌောစိတ် ၁ ပါး ပေါင်း ၆ ပါး သည် အာရုံအားလုံးကို ပြုနိုင်၏။

မဟဂ္ဂုတ်ကေန်အာရုံပြု - အရူပစိတ် ၁၂ ပါး တို့တွင် ဝိညာဏဉ္စာယတနစိတ် ၃ ခု နေဝသညာ နာသညာ ယတနစိတ် ၃ ခု ပေါင်း ၆ ခုတို့သည် မဟဂ္ဂုတ်ကိုသာ ကေန်အာရုံပြု၏။

ပညတ်ကေန်အာရုံပြု - အဘိညာဏ်ခွေးမှတပါး ရူပစိတ် ၁၅ ခု၊ အာကာသာနဉ္စာယတနစိတ်-၃၊ အာကိဉ္စညာယတနစိတ် ၃၊ ပေါင်း - ၂၁ ခု တို့သည် ပညတ်တရားကို ကေန်အာရုံပြု၏။

အမှာ- ပဥ္စမဈာန်သည် အဘိညာဉ်အဖြစ်သို့ရောက်သော ပဥ္စမဈာန် အဘိညာဉ်အဖြစ်သို့ မရောက်သော ပဥ္စမဈာန်ဟု ၂ မျိုး ရှိသည်ဟုမှတ်ပါ။

နိဗ္ဗာန်ကေန်အာရုံပြု လောကုတ္တရာစိတ် ၈-ခုတို့သည် နိဗ္ဗာန်ကို ကေန်အာရုံပြု၏။

ပဥ္စဝီသပရိတ္တမှိ ကာမကိုကေန်အာရုံပြုသောစိတ် ၂၅ ပါး

ဆစိတ္တာနိမဟဂ္ဂတေ မဟဂ္ဂုတ်ကိုကေန်အာရုံပြုသောစိတ် ၆ ပါး

ဧကဝီသတိဝေါကာရေ ပညတ်ကိုကေန်အာရုံပြုသောစိတ် ၂၁ ပါး

အဋ္ဌနိဗ္ဗာနဂေါစရေ နိဗ္ဗာန်ကိုကေန် အာရုံပြုသော စိတ် ၈ ပါး

ဝီသာနုတ္တရမုတ္တမှိ လောကုတ္တရာ တရား ကြဉ်သောအလုံးစုံ အာရုံပြုသောစိတ် ၂၀ ပါး

အဂ္ဂမဂ္ဂဖလုဇ္ဈိတေပဉ္စ အရဟာတ္တမဂ်အရဟာတ္တဖိုလ် ကြဉ်အလုံးစုံ အာရုံပြုသောစိတ် ၅ ပါး

သဗ္ဗတ္ထဆစ အလုံးစုံအာရုံပြုသောစိတ်ကား ၆ ပါး

စေတသိက် ၅၂ ပါးအာရုံပြုပုံ

အကုသိုလ်စေတသိက်များသည် လောကီကိုအာရုံပြု၏။

ထိုတွင် ဣဿာစေတသိက်သည် ဗဟိဒ္ဓကို အာရုံပြု၏။

မစ္ဆေရစေတသိက်သည် အဇ္ဈတ္တကိုအာရုံပြု၏။

http://www.dhammadownload.com

လောကီဉ်ရှိသော ဝိရတီသည် ဝိရမိတဗ္ဗဟုသမုတ်အပ်သော ကာမ၊ နာမ်ရုပ်၊ ပစ္စုပ္ပန် အနာဂတ်ကို အာရုံပြု၏။

လောကုတ္တရာဉ်ရှိသော သမုစ္ဆေဒဝိရတီသည် နိဗ္ဗာန်ဟုဆိုအပ်သော ကာလဝိမုတ် အပ္ပမာဏ တရားကိုအာရုံပြု၏။

အပ္ပမညာစေတသိက်သည် ပညတ်ကာလဝိမုတ်ကိုအာရုံပြု၏။

အကုသိုလ်စေတသိက် ၁၄ ပါးနှင့် ဝိရတီအပ္ပမညာကြဉ်သော ကြွင်း ၃၃ ပါး သော စေတသိက်တို့သည် အလုံးစုံအာရုံပြုနိုင်၏။

ဆောင်ပုဒ်- ငါးဆဲ့နှစ်ခု၊ စေအစုတွင် အကုသလာ၊ လောကီသာပင်၊ ထိုတွင်ဣသာ ဗဟိဒ္ဓါမှတ် အဇ္ဈတ်မစ္ဆေပြုကြပေ၏။ သုံးထွေလောကီ ဝိရတီမူ တိက္ကမိတ၊ ဝတ္ထုကနှင့် ကာမနာမ်ရုပ်၊ ပစ္စုပ် နာဂတ်၊ အမှန်ကပ်၏။ တရပ်လောကုတ် သဘောထုတ်က ဝိမုတ်ခေမ အပ္ပမာဏသာ ပြုကြရာ၏။ အပ္ပမညာမူ ကာလပညတ်ဝိမုတ်မှတ် လော့ ကြွင်းရပ်မှန်မှ တေတ္တိံသကား သဗ္ဗအာရုံ အလုံးစုံကို အကုန်ပြုလေ မကြွင်းတည်း။

မေး။ **ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့ကို ဒွါရ ကာလ အာရုံတို့ဖြင့် ဝေဘန်၍ ပြဆိုပါ။**

ဖြေ။ **ကံ သည် မနောဒွါရ အတိတ်ကာလ ဓမ္မာရုံကိုအာရုံပြု၏။**

ကမ္မနိမိတ်သည် ဆဒွါရ ပစ္စုပ္ပန် အတိတ်ကာလပညတ် အာရုံ ၆ ပါး ကို အာရုံပြု၏။

ဂတိနိမိတ်သည် မနောဒွါရ ပစ္စုပ္ပန်ကာလ ရူပါရုံကို အာရုံပြု၏။

ဆောင်ပုဒ်- ကံ အာရုံမှာတိတ်ဓမ္မာ ထင်ရာမနောတည်း၊ ကမ္မနိမိတ် ပန်တိတ်ညတ်မှန်၊ ဆဠာရုံ ထင်ရန်ဆဒွါရည်း၊ ဂတိမှာကား ပန်ဂူထား ထင်ပြားမနောချည်း။

မေး။ ဒွါရဝိမုတ်စိတ်တခု ယုတ် ၂၀ တို၏ ယထာသမ္ဘဖြစ်ပုံကို အကျဉ်းမျှပြဆိုပါ။

ဖြေ။ ကာမာဝစရ ပဋိသန္ဓေ ဘွင်စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်သည် ဆဒွါရဂ္ဂဟိတ ပစ္စုပ္ပန်အတိတ်ဖြစ်သော ကံကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

ရူပါဝစရပဋိသန္ဓေ ဘဝင် စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ဖြစ်သော ပညတ်ကမ္မနိမိတ်ဟု သမုတ်အပ်သော ဓမ္မာရုံကိုအာရုံပြု၏။ အရူပါဝစရ ပဌမ တတိယ ပဋိသန္ဓေ ဘဝင် စုတိဟုဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ပညတ်ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု၏။

အရူပါဝစရ ဒုတိယ စတုတ္ထ ပဋိသန္ဓေ ဘဝင် စုတိဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်သည်။ မနောဒွါရဂ္ဂဟိတ အတိတ် ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြု၏။

မေး။ အကုသိုလ်စိတ် ၁၂ ပါး ကာမာဝစရဉာဏဝိပ္ပယုတ်ဇော ၈ ပါး ပေါင်း ၂၀ သောစိတ်တို့ သည် အဘယ့်ကြောင့် လောကုတ္တရာ တရားကိုအာရုံမပြုနိုင်ပါသနည်း။

ဖြေ။ မိမိတို့၏ မိုက်မဲသည်၏အဖြစ် ဉာဏ်ကင်းသည်၏ အဖြစ်ကြောင့် လောကုတ္တရာတရား ကို အာရုံပြုခြင်းငှာ မစွမ်းနိုင်ပါ။

မေး။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု ကုသိုလ်အဘိညာဉ်အားဖြင့် ၅ ပါး သော စိတ်တို့သည် အဘယ့်ကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါသနည်း။

ဖြေ။ ထို ၅ ပါး သောစိတ်တို့သည် သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင် ဖြစ်သောကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ဟုဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်တို့၏ အသီး အခြားဥစ္စာဖြစ်သော စိတ်ကို အာရုံမပြုနိုင်ပါ။

မေး။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ပါး ကြိယာ အဘိညာဉ်ဝုဋ္ဌောအားဖြင့် ၆ ပါးသော စိတ်တို့သည် အဘယ်၏ အစွမ်းဖြင့် ဖြစ်သော ကာလ၌ အလုံးစုံအာရုံပြုပါသနည်း။

ဖြေ။ ဉာဏသမ္ပယုတ်ကြိယာဇော ကြိယာအဘိညာဉ်ဇောတို့သည် သဗ္ဗညုတဉာဏ်ဣဒ္ဓိဝိဓ ဉာဏ် စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သောကာလ၌ရင်း ဝုဋ္ဌောသည် ထိုထိုသဗ္ဗညုတ ဉာဏ် ဣဒ္ဓိဝိဓဉာဏ် စသည်တို့၏ ရှေ့သွားဖြစ်သောအခါ၌ရင်း အလုံးစုံ သော အာရုံကို အာရုံပြု၏။

မေး။ ယေဘုယျေနဘဝင္ဂရေဆဒ္ဒါရဂ္ဂဟိတံ၌ အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် ယေဘုယျ သဒ္ဒါကို ထည့်၍ ဆိုပါသနည်း။

ဖြေ။ အသညသတ်ဘုံမှ စုတေသောသတ္တဝါတို့၏ ပဋိသန္ဓေအာရုံကို အခြားမဲ့လွန်ပြီးသော အသညသတ်ဘဝ၌ တစုံတခုသော ဒွါရ၌ဖြစ်သော မရဏာသန္နဇောတို့ဖြင့် ယူခြင်းမရှိသောကြောင့် အသညသတ်ကို စင်စေခြင်းငှာ ယေဘုယျ သဒ္ဒါကို အရှင်နုရုဒ္ဓါ ဆရာ အထူးပြုပြီးထည့်၍ ဆိုပါသည်။

မေး။ သဗ္ဗထာပိကာမာဝစရာရမ္မဏာနိ၌ သဗ္ဗထာပိအရကာမာဝစရာ ရမ္မဏအရတို့ကို ရှင်းလင်း ဖေါ်ပြပါ။

ဖြေ။ ဆဒ္ဒါရိက၊ ဆဒ္ဒါရ ဝိမုတ္တ၊ ဆဋ္ဌာရမ္မဏ အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် သဗ္ဗထာအရ ဖြစ်သည်။

ကာမသဘောရှိသော ၆ ပါးသော အာရုံသည် ကာမာဝစရာ ရမ္မဏအရ ဖြစ်ပါသည် (ပိသဒ္ဒါကား သမ္ပိဏ္ဍန အနက်ရှိသည်)

မေး။ သဗ္ဗထာပိသဗ္ဗာရမ္မဏာနိ သဗ္ဗထာအရ သဗ္ဗာရမ္မဏအရ တို့ကို အသီးအသီးဖေါ်ပြပါ။

ဖြေ။ ကာမာဝစရတရား မဟဂ္ဂုတ်တရားအလုံးစုံသော လောကုတ္တရာတရား၊ ပညတ်တရား တည်းဟူသော ခပ်သိမ်းသောအခြင်းအရာသည် သဗ္ဗထာအရဖြစ်ပါသည်။

ကာမာဝစရ မဟဂ္ဂုတ် လောကုတ္တရာ ပညတ်တရားတို့သည် သဗ္ဗာရမ္မဏ ဖြစ်ပါသည်။

မေး။ ကာမာဝစရ အာရုံသည် အဘယ့်ကြောင့် ပရိတ္တမည်ပါသနည်း။

ဖြေ။ ကာမာဝစရ အာရုံသည် မဟဂ္ဂုတ်အာရုံစသည်တို့ကို ထောက်၍ နည်းသောအနုဘော် ရှိသဖြင့် ထက်ဝန်းကျင်မှပိုင်းဖြတ်အပ် ပိုင်းခြားနိုင်သော ဝတ္ထုနှင့်တူသောကြောင့် ပရိတ္တ မည်ပါသည်။

http://www.dhammadownload.com

ကောန်အာရုံပြုဆောင်ပုဒ်

တေဝီကာမ ဝိပါကာနှင့် ပဉ္စဝဇ္ဇန်း တခန်းဟသိ၊ ပဉ္စဝီမှာ ကာမသာတည်း၊ ဝိညာနေဝ ဆစိတ္တာ ကား အဇ္ဈမဟဂ္ဂုတ်အတိတ်ထုတ်လေ့၊ လောကုတ်အဋ္ဌ နိဗ္ဗာနနှင့် နှစ်ဝပေါင်းက၊ စုဒ္ဒသမှာ နာမအမှန်၊ ဝိညာဏ်ဒသတ်၊ မနောဓာတ်စု၊ ၁၃ ခုမှာ ပစ္စုရူပေ၊ တထွေထိုမှရူပအာကာ အာကိဥ္စာနှင့် အဋ္ဌာလောကုတ် ဝိမုတ်ပြုရိုး ၂၉ နှင့် တမျိုးမှတ်ရ ရူပအာကာ အာကိဥ္စာနှင့် ၂၀ မှာ တစ်၊ ပညတ်ဖြစ် ၏ တဆစ်မှတ်ကြတေဝီသမှာ ဝိပါကာနှင့် ပဉ္စဒွါရ ဟသိတ ဟုတ်လောကုတ္တရာ ဝိညာနေဝ ကျေန စက် ပရမတ်ကိုသာ၊ တဖြာတဝ၊ ရူပအာကာ ကုတ္တာရာမှီ ဤဆဗ္ဗိကား စွဲမှီဗဟိဒ္ဓ၊ ငါးဝအာရုံ ငါးစုံဝိညာဉ် ပြုမြဲပင်တည်း၊ တသွင်ထိုမှ ရူပရူပါ ကုတ္တာရာနှင့် ပဉ္စတိံသ ဓမ္မအာရုံ ပြုမြဲတုံပေ ဆယ်ထွေဝိညာ ခြောက်ဖြာကာ၊ ကိဉ်၊ ဝိညာနေဝ ပုညဝိပါက်လေးချက်တဝ အဋ္ဌလောကုတ္တရာ အဋ္ဌာဝီသပြုကြတပါး နှစ်ပါးပြုရာ ဝိညာနေဝ ကြိယာနှစ်ခု ငါးပြုသုံးရပ် မနောဓာတ်ပင် ပဉ္စမဈာန်ရူပ ဤသုံးဝကား ၁၂ ဝလျှံ တဖုံရူပ ဒုတစမှာ ဤကိုးဖြာမူ ၁၄ ယူ၏ တမူမှတ်သား ၂၅ ကို သုံးပါပဋ္ဌမ၊ ဈာန်ရူပသည် ပြုကြကောန် အမြဲတည်း။

ရှင်းလင်းချက်

(နှစ်ပါးပြုရာဝိညာနေဝကြိယာ ၂ ခု) ဝိညာနဉ္စာယတန ကြိယာစိတ်သည် အာကာသာန ဉ္စာယတန ကုသိုလ်ကြိယာ စိတ် ၂-ပါး ကို အာရုံပြုသည်။

နေဝသညာနာသညာယတနကြိယာစိတ်သည် အာကိဉ္စညာ ယတန ကုသိုလ်ကြိယာစိတ် ၂ ပါး ကို အာရုံပြုသည်။ (ငါးပြုသုံးရပ်မနောဓာတ်ပင်)၊ မနောဓာတ်သုံးခုသည် ပဉ္စာရုံကို အာရုံပြုသည်။

(ပဉ္စမဈာန် ရူပ ဤသုံးဝကား ၁၂ . ၀ လျှံ)၊ ရူပ ပဉ္စမဈာန်စိတ် ၃ ခုသည် ကသိုဏ်းပညတ် ၁၀ ပါး ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော သတ္တဝါပညတ် ဤ ၁၂ ပါး သော ပညတ်ကို အာရုံပြုသည်။

(တဖုံရူပ ဒု-တ-စ မှာ ဤ ၉ ဖြာမူ ၁၄ ယူ၏) ရူပဒုတိယဈာန် ၃ ခု တတိယဈာန် ၃ စတုတ္ထ ဈာန် ၃ ခု ပေါင်း ၉ ခု တို့သည် ကသိုဏ်းပညတ် ၁၀ ပါး ထွက်သက်ဝင်သက် ပညတ်၊

http://www.dhammadownload.com

မေတ္တာ ကရုဏာ မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃ ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ် ဤ ၁၄ ပါးသော ပညတ်ကို အာရုံပြုသည်။

(တမူမှတ်သား ၂၅ ကို သုံးပါး ပဥ္စမ ဈာန် ရူပသည်) ကသိုဏ်း ပညတ် ၁၀ ပါး အသုဘ ပညတ် ၁၀ ပါး ဆံအစရှိသော ကာယအစုပညတ် ထွက်သက်ဝင်သက်ပညတ် မေတ္တာ ကရုဏာ မုဒိတာ ဟု ဆိုအပ်သော ဗြဟ္မာဝိဟာရတရား ၃ ပါး၏ အာရုံဖြစ်သော သတ္တဝါပညတ်၊ ဤ ၂၅ ပါးသော ပညတ်ကို အာရုံပြုသည်။

အာကာသာနဉ္စာယတနစိတ် ၃ ခုသည် ကောင်းကင်ပညတ်ကို အာရုံပြုသည်။

အာကိဉ္စညာယတန စိတ် ၃ ခုသည် နတ္ထိဘာဝပညတ်ကိုအာရုံပြုသည်။

အနေကန်အာရုံပြုဆောင်ပုဒ်

အမြဲမှုပြန် အနေကန်ကို ဝေဘန်ကာမ အကျဉ်းပြဆို့ ကာမမဟဂ္ဂုတ်ဝိမုတ်ပညတ် ပရမတ်ဟု ငါးရပ်တို့မှာ ပယ်ခွါပါဟာသော ကာဇောဘိညာ ဝုဋ္ဌောသာဟု သေချာပေါင်းလစ် ၃၁ စီ ပစ္စုပ်တီတ နာဂတနှင့် ဓမ္မရုပ်နာမ် ဤခြောက်တန်မှာ အမှန်တဒါ ဇောကာမာနှင့် ဘိညာဝုဋ္ဌော ပေါင်းရောစုရုံး ၄၃ စီ တလီအဇ္ဈတ္တဗဟိဒ္ဓနှင့် အဇ္ဈတ္တဗဟိဒ္ဓါ ဤသုံးဖြာမှာ ဘိညာနှစ်ဝ ကာမစိတ်နှောက် ၅၆ မှန် နန်းနိဗ္ဗာန်မှာ ပုညံမဟာ ကြိယာမှ ဉာဏသမ္ပယော ဝုဋ္ဌောဘိညာ (၁၁) ဖြာတည့်၊ သချာ ပဥ္စ ရုံဓမ္မကို နာမနေကန် အခြေခံဝယ် ဝေလှံရောစပ် မနောဓာတ်ပါ ဆစတ္တာတို့ တခါရံမျှ ပြုကုန်ကြသည် ရှုဆနေကန်မလွဲတည်း။

ဝတ္ထုသင်္ဂဟာ

ဝတ္ထုသင်္ဂဟာမည်ပုံ — စက္ခုစသော ဝတ္ထုစသော ဝတ္ထုတို့ကို မှီ၍ ဖြစ်ကုန်သော စေတသိက်တရားတို့ကို ရေတွက်ပေါင်းယူရာ စကားရပ်သည် ဝတ္ထုသင်္ဂဟာမည်၏။

http://www.dhammadownload.com

ဝတ္ထုမြည်ပုံဥပမာဖြင့်ပြဆိုချက်

ဋီကာ

ပကတိမြေကြီးသည် သစ်ပင်တောတောင်စသည်တို့၏ မှီရာတည်ရာဖြစ်သကဲ့သို့ စိတ်စေတသိက်တရားတို့၏ မှီရာတည်ရာဖြစ်သောကြောင့် စက္ခုစသော ၆ ပါး တို့ကို ဝတ္ထုဟု ခေါ်ပါသည်။

ဝတ္ထုသည် စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထုအားဖြင့် ၆ ပါး။

ကာမဘုံ၌ ဝတ္ထု ရုပ် ၆ ပါး လုံးရ၏။ ရူပဘုံ၌ ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ရုပ် ၃ ပါး မရနိုင်ပါ။ ကြွင်းသော စက္ခုဝတ္ထု သောတဝတ္ထု ဟဒယဝတ္ထုရုပ် ၃ ပါး ရနိုင်ပါသည်။

ဋီကာ

မေး။ ကာမဘုံ၌ဝတ္ထုရုပ် ၆ ပါးလုံး ရခြင်းအကြောင်းကိုဖော်ပြပါ။

ဖြေ။ ကာမဘုံ၌ ပြည့်စုံသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်ကို ရအပ်သောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ် ၆ ပါးလုံးရပါသည်။

မေး။ ရူပဗြဟ္မာဘုံ၌ ဃာန ဇိဝှါ ကာယဝတ္ထုရုပ်တို့၏ မရခြင်းအကြောင်းကိုဖော်ပြပါ။

ဖြေ။ ရူပဗြဟ္မာတို့သည် ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းမရှိသည်၏ အဖြစ်ကြောင့် ထိုဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ လျှင်အာရုံရှိကုန်သော ဃာန ဇိဝှါ ကာယ ပသာဒဝတ္ထုရုပ်တို့၌လည်း တပ်ခြင်းကင်းသော သဘောဖြစ်သင့်သောကြောင့် ရူပဘုံ၌ ဃာနစသောဝတ္ထုရုပ် ၃ ခု တို့သည် မရခြင်းဖြစ်ပါသည်။

မေး။ စက္ခု သောတဝတ္ထုရုပ် ၂ ပါး ရခြင်းအကြောင်းကား အဘယ်ပါနည်း။

ဖြေ။ ရူပဗြဟ္မာတို့သည် ဘုရားကိုဖူးမြင်ခြင်း တရားကိုနာကြားခြင်းအကျိုးငှာ ထိုစက္ခုသောတ ဝတ္ထု ၂ ပါးတို့၌ တပ်ခြင်း ရှိသေးသောကြောင့် စက္ခုသောတ ဝတ္ထု ၂ ပါးကို ရူပဘုံ၌ ရပါသည်။

http://www.dhammadownload.com

မေး။ အရူပဘုံ၌ ဝတ္ထုရုပ် ၆ ပါးလုံးမရခြင်းအကြောင်း

ဖြေ။ အရူပပြဟ္မာတို့၏ ရုပ်၌တပ်ခြင်း ကင်းသောဘာဝနာ၏ အစွမ်းဖြင့် ထိုအရူပဘုံ၌ အခါခပ်သိမ်းရုပ်ဖြစ်ခြင်းမရှိသောကြောင့် အရူပဘုံ၌ ဝတ္ထုရုပ် ၆ ပါးလုံး မရပါ။

ဝတ္ထုရုပ်များကို စိတ်တို့အသီးသီးမှီပုံ

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝတ္ထုရုပ်ကိုမှီ၏။

သောတဝိညာဏ်ဒွေးသည် သောတဝတ္ထုရုပ်ကိုမှီ၏။

ဃာနဝိညာဏ်ဒွေးသည် ဃာနဝတ္ထုရုပ်ကိုမှီ၏။

ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝတ္ထုရုပ်ကိုမှီ၏။

ကာယဝိညာဏ်ဒွေးသည် ကာယဝတ္ထုရုပ်ကိုမှီ၏။

ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးဟုဆိုအပ်သော မနောဓာတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၏။

အမြဲကေန်မှီသော မနောဝိညာဏ်ဓာတ်

ဒေါသမူဒွေး သန္တီရဏ ၃ ခု ဟသိတုပ္ပါဒ် ၁

မဟာဝိပါက်စိတ် ၈ ပါး ရူပဝိပါက်စိတ် ၅ ပါး သောတာပတ္တိမဂ်စိတ် ၁ ပါး ပေါင်း ၃၀ သော မနော ဝိညာဏဓာတ်သည် ဟဒယဝတ္ထုရုပ်ကို အမြဲကေန်မှီ၍ ဖြစ်၏။

ရံခါမှီသော မနောဝိညာဏ်ဓာတ်

ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် ၁၀ ရူပကုသိုလ် ၅ ခုကြဉ်သော လောကီကုသိုလ် ၁၂ ခု၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး ဟသိတုပ္ပါဒ် ၁ ပါး၊ ရူပကြိယာ ပဉ္စဒွါရ ၅ ခု ကြဉ်သောကြိယာစိတ် ၇ ပေါင်း ၄၂ ပါးသော မနောဝိညာဏ်ဓာတ်တို့သည် ဟဒယဝတ္ထုရုပ်ကို တခါတရံမှီ၍ တခါတရံ မမှီမူ၍ ဖြစ်ကုန်၏။

http://www.dhammadownload.com

မှီသောအခါကား၊ ၄၂ ပါးသောစိတ်တို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ကုန်၏။

မမှီသောအခါကား အရူပဘုံ၌ ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏။

မေး။ မနောဓာတ် ပဉ္စဝိညာဏ်ဓာတ် မနောဝိညာဏ်ဓာတ်တို့၏ သိပုံအထူးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ဖြေ။ မနောဓာတ်သည် အထူးသိမှုကိစ္စမရှိ ပဉ္စဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်ကာမျှ လက်ခံကာမျှသာ ကိစ္စရှိသောကြောင့် သိကာမျှသာဖြစ်ပါသည်။

ပဉ္စဝိညာဏဓာတ်သည် ပဉ္စပသာဒ၌ထင်လာသော အာရုံကိုမျက်မှောက်ထင်ထင်သိမြင် ခြင်းကိစ္စရှိသောကြောင့် မနောဓာတ်ထက်အနည်းငယ်ထူးသော သိခြင်းကိစ္စရှိပါသည်။

မနောဝိညာဏဓာတ်သည် အာရုံ၏ သဘောကို စုံစမ်းဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ထူးသောသိမှုကိစ္စရှိသောကြောင့် မနောဓာတ် ပဉ္စဝိညာဏဓာတ်တို့ထက်ပို၍ အလွန်အကျူး အထူးသဖြင့်သိမြင်ခြင်းကိစ္စရှိပါသည်။

အရူပဝိပါက်စိတ် ၄ ခု တို့သည် ဝတ္ထုရုပ်ကို မမှီမူဖြစ်ကုန်၏ (ဝတ္ထုနှင့်စေတသိက်များ ဝေဘန်ချက်)

စက္ခုစသော ပဉ္စဝတ္ထု၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ပါး မှီ၏။ ဟဒယဝတ္ထု၌ စေတသိက် ၅၂ ပါးလုံး မှီပါသည်။

ဆောင်ပုဒ်- ပဉ္စဝတ္ထု မှီမူသဗ္ဗ ခုနစ်ဝတည်း ဟဒယမှာ ဒွါပညာသည် သေချာမှီ၏ အကုန်တည်း။

အကျဉ်းရေတွက်ပုံ

ဆဝတ္ထုံ နိဿိတာကာမေ။ ကာမ ၁၁ ဘုံ၌ စက္ခုစသော ၆ ပါးသော ဝတ္ထုရုပ်ကို မှီ၍ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ်

http://www.dhammadownload.com

ဇိဝှာဝိညာဏဓာတ်။ ကာယဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်အားဖြင့် ၇ ပါးသော ဝိညာဏဓာတ်များဖြစ်သည်။

ရူပေစတုပ္ပိဓာတိဝတ္ထုံနိဿိတာ။ အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌ စက္ခုဝိညာဏဓာတ် သောတဝတ္ထု ၃ ပါး ကိုမှီ၍ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ် အားဖြင့် ၄ ပါးသော ဝိညာဏဓာတ်များ ဖြစ်သည်။

အရူပ ဓာတွေကာ နိဿိတာ အရူပ ၄ ဘုံ၌ ဝတ္ထုရုပ်ကို မမှီမူ၍ မနောဝိညာဏဓာတ် (၁) ပါးသာ ဖြစ်သည်။

တေစတ္တာလီသ နိဿာယ ပဉ္စဝိညာဏဓာတ် ၁၀ ပါး မနောဓာတ် ၃ ပါး မနောဝိညာဏဓာတ် ၃၀ ပါး ပေါင်း ၄၃ ပါး တို့သည် ဝတ္ထုရုပ်ကို အမြဲမှီ၍သာဖြစ်ကုန်၏။

ဒွေစတ္တာလီသ ဇာယရေ နိဿာယစ အနိဿာယ ၄၂ ပါးသော မနောဝိညာတာ ဓာတ်တို့သည် ရံခါဝတ္ထုရုပ်ကိုမှီ၍ ရံခါဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏။

ပါကာရုပ္ပါ အနိဿိတာ အရူပဝိပါက်စိတ် ၄ ခုတို့သည် အခါခပ်သိမ်း ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်ကုန်၏။

မေး။ (၁) ဟဒယဝတ္ထုကိုသာမှီ၍ အရူပဘုံ၌ မဖြစ်သောစိတ်

(၂) အရူပဘုံမှာသာဖြစ်၍ ဟဒယဝတ္ထုကို မမှီသောစိတ်

(၃) နှစ်ပါးစုံဖြစ်နိုင်သောစိတ်

(၄) နှစ်ပါးစုံမဖြစ်နိုင်သော စိတ်များကို အသီးအသီးဖော်ပြပါ။

ဖြေ။ (၁) မနောဓာတ် ၃ ပါး မနောဝိညာဏဓာတ် ၃၀ ပေါင်း ၃၃ ပါး

(၂) အရူပဝိပါက်စိတ် ၄ ပါး

(၃) ရံခါမှီ မမှီသော မနောဝိညာဏဓာတ် ၄၂ ပါး

(၄) ဒွေးပဉ္စဝိညာဏ် ၁၀ ပါး တို့ဖြစ်သည်။

ပကိဏ်းပိုင်းပြီး၏။

ဝီထိပိုင်း မှတ်သားသရုပ်ခွဲ

မေး။ အဘယ်ကို ဝီထိပိုင်းဟု ခေါ်ပါသည်။

ဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း စသည်တို့ဖြင့်ရှေ့စိတ်နောက်စိတ်တို့၏ ဖြစ်စဉ်ကို ပြသောအခဏ်း အပိုင်းကိုဝီထိပိုင်းဟုခေါ်ပါသည်။

မေး။ အဘယ်ကို ဝီထိဟု ခေါ်သနည်း။

ဖြေ။ စက္ခုဒွါရစသော (၆) ဒွါရ၌ ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်သော စိတ်တို့၏ ဖြစ်စဉ်ကို ဝီထိဟု ခေါ်ပါသည်။

မေး။ ပဋိသန္ဓိ ပဝတ္တိယံ၌ ပဋိသန္ဓ အခါ ပဝတ္တိအခါတို့ကို ပိုင်းခြားပြဆိုပါ။

ဖြေ။ ပဋိသန္ဓိ အခါကား ပဋိသန္ဓေ စိတ်စေသိက်တို့နှင့် ကမ္မဇရုပ်တို့၏ တစ်ဘဝ၌ အစဆုံး ဖြစ်ရာ အခါကို ပဋိသန္ဓေအခါဟု ခေါ်ပါသည်။ ပဝတ္တိအခါကာ ပဋိသန္ဓေ စိတ်စေတသိက် တို့နှင့် ကမ္မဇရုပ်တို့၏ ဋ္ဌီမှစ၍ စုတိမကျမိအတွင်းကို ပဝတ္တိ အခါဟု ခေါ်သည်။

မေး။ ဝီထိပိုင်း၌ သိထိုက်သော ဆက္က (၆) ပါးကို ဖော်ပြပါ။

ဖြေ။ (၁) ဆဝတ္ထုံ၊ (၂) ဆဒွါရံ၊ (၃) ဆအာရမ္မဏ၊ (၄) ဆဝိညာဏ၊ (၅) ဆဝီထိ၊ (၆) ဆဓါဝိသ ယပ္ပပတ္တိ အားဖြင့် ဆက္က (၆) ပါးဖြစ်ပါသည်။

အမှာ ဝီထိစိတ်တို့မှာ သာဝိသယပ္ပဝတ္တိ (၆) ပါး ရနိုင်သည် ဝိမုတ်စိတ် (၁၉) ပါး တို့မှာ ဝိသယပ္ပိတ္တိ ကား ကံကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် (၃) မျိုး သာရနိုင်သည်ဟု မှတ်သားပါ။ ဆက္က (၆) ပါး တို့တွင် ဆဝတ္ထုံ ဆဒွါရ ဆအာရမ္မဏ ပေါင်း (၃) ပါး တို့အား ပကိဏ်းပိုင်း၌ ပြခဲ့သည့်အတိုင်း မှတ်သားပါ။

http://www.dhammadownload.com

မေး။ ဝိညာဏ ဆက္ကတို့ကို ဖော်ပြပါ။

ဖြေ။ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်ပေါင်း (၆) ပါးသည် ဆဝိညာဏ်အရဖြစ်ပါသည်။ ရှေ့ (၅) ပါးကား ဒွေးပဉ္စဝိညာဏ် (၁၀) ဖြစ်ပါသည်။ မနောဝိညာဏ်အရကား ဒွေး ပဉ္စဝိညာဏ် (၁၀) မှ ကြွင်းသောစိတ်အားလုံး ကို မနောဝိညာဏ်ဟုခေါ်ပါသည်။

ဒွါရနှင့်စပ်၍ စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ ပေါင်း ၆ ပါးသည် ဆဝီထိ အရဖြစ်ပါသည်။ ဝိညာဏ်နှင့် ယှဉ်၍ စက္ခုဝိညာဏဝီထိ၊ သောတဝိညာဏဝီထိ၊ ဃာနဝိညာဏဝီထိ၊ ဇိဝှါဝိညာဏဝီထိ၊ ကာယဝိညာဏဝီထိ၊ မနောဝိညာဏဝီထိ အားဖြင့် ပေါင်း ၆ ပါးသည် ဆဝီထိအရ ဖြစ်ပါသည်။

မေး။ ဆဓာဝိသယပ္ပဝတ္တိ ဆက္ကအရ ဖော်ပြပါ။

ဖြေ။ အတိမဟန္တာရုံ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံဟူ၍ ပဉ္စဒွါရ၌ ၄ ပါး၊ ဝိဘူတာရုံ၊ အဝိဘူတာရုံဟူ၍ မနောဒွါရ၌ ၂ ပါး ပေါင်း ၆ ပါးသည် ဆဓာဝိသယပ္ပဝတ္တိ ဆက္ကအရ ဖြစ်ပါသည်။

မေး။ ဝိသယပ္ပဝတ္တိ ဘေဒကို စုံလင်စွာ ဖော်ပြပါ။

ဖြေ။ အတိမဟန္တာရုံ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံ၊ ဝိဘူတာရုံ၊ အဝိဘူတာရုံ ကံ ကမ္မနိမိတ်အားဖြင့် ၉ ပါးရှိပါသည်။ ထို ၉ ပါးတို့တွင် အတိမဟန္တာရုံ စသော ရှေ့ ၆ ပါးကို ဝီထိပိုင်းမှာ အလိုရှိအပ်ပါသည်။ နောက် ၃ ပါးကား ဝီထိမုတ်ပိုင်းမှာ အလိုရှိအပ်ပါသည်။

ရုပ်အသက်သည် စိတ္တက္ခဏခေါ်သောခဏကြီးဖြင့် ရေတွက်ပါမူ (၁၇) ချက် အသက်ရှည်၏။ ဝိညတ်ဒွေး၊ လက္ခဏာရုပ် (၄) ခုကြဉ်သော ၂၂ ပါးသော ရုပ်တို့၏အသက်မည်၏။ ထို့ကြောင့် ရုပ်၏အသက်သည် စိတ္တက္ခဏ (၁၇) ပါးနှင့် ညီမျှသည်ဟု မှတ်သားထားပါ။ ဝိညတ်ဒွေးလက္ခဏာရုပ် (၄) ခုတို့ကား (၁၇) ချက် အသက်မရှည်နိုင်သောကြောင့် ကြဉ်ထားရပေသည်။

http://www.dhammadownload.com

ခဏငယ် ၃ ချက် စိတ်သက်

စိတ္တက္ခဏတစ်ခုမှာ ဥပါဒ် (ဖြစ်ပေါ်လာမှုခဏ) ဌီ (ဖြစ်ပြီးနောက် တည်နေမှု ခဏ) ဘင် (တည်ပြီးနောက် ပျက်စီးချုပ်ပျောက်မှုခဏ) ဤသို့ စိတ္တက္ခဏတစ်ခု၌ ဥပါဒ် ဌီ၊ ဘင် ဖြစ်တည် ပျက်အရ အခိုက်အတန့် ၃ မျိုး ရှိ၏။ လည်းကောင်း ၃ မျိုးကိုပင် တစ်ခုတစ်ခုကို ခဏငယ် ဟု ခေါ်ပါသည်။ ထိုခဏငယ် ၃ ခု အပေါင်းကို စိတ္တက္ခဏ တစ်ခုမည်၏။

ဋီကာ၃

မေး။ အတိမဟန္တာရုံ မဟန္တာရုံ ပရိတ္တာရုံ အတိပရိတ္တာရုံ ဝိဘူတာရုံ အဝိဘူတာရုံ အမည်ရပုံ အကြောင်းကို ဖော်ပြပါ။

ဖြေ။ အာရုံထင်ခြင်းသို့ ရောက်သည်မှစ၍ အလွန်များသော ဝိထိစိတ္တုပ္ပါဒ် အသက်ကြွင်း ရှိသောကြောင့် အတိမဟန္တာရုံမည်ပါသည်။

အာရုံထင်ခြင်းသို့ ရောက်သည်မှစ၍ နည်းသောဝိထိစိတ္တုပ္ပါဒ် အသက်ကြွင်း ရှိသောကြောင့် ပရိတ္တာရုံမည်ပါသည်။ အာရုံထင်ခြင်းသို့ရောက်သည်မှစ၍ ဝိထိစိတ်ဖြစ်ခွင့် မရမှု၍ နည်းသော ချုပ်ခြင်းရှိသောကြောင့် အတိပရိတ္တာရုံ မည်ပါသည်။ ထင်ရှားပေါ်လွင်သော အာရုံသည် ဝိဘူတာရုံ မည်ပါသည်။ မထင်ရှားမပေါ်လွင်သော အာရုံသည် အဝိဘူတာရုံ မည်ပါသည်။

မေး။ စိတ္တယမိုက်၌ စိတ်၏ ဌီခဏကိုမဟောပါဘဲလျက် အဘယ့်ကြောင့် အရှင်နုရုဒ္ဓါ ဆရာသည် ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန ဟူသောစကားကို ဆိုပါသနည်း။

ဖြေ။ စိတ္တယမိုက်၌ ဘုရားမဟောသော်လည်း စိတ်တို့၏ ဌီခဏကို အလိုရှိအပ်သောကြောင့် ဥပ္ပါဒ ဌိတိ ဘင်္ဂဝသေန ဟူသောစကားကို ဆိုပါသည်။

http://www.dhammadownload.com

မေး။ စိတ္တယမိုက်၌ အဘယ့်ကြောင့် ဌီခဏကိုဘုရား မဟောသနည်း။

ဖြေ။ စိတ္တယမိုက်၌ ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုအား မဆန့်ကျင်သော အားဖြင့် မိဂပဒဝလဉ္ဇန နည်း၏ အစွမ်းဖြင့် ဌီခဏကို ပြလိုသောကြောင့် ဌီခဏကို ဘုရားမဟောခြင်း ဖြစ်ပါသည်။

မေး။ စိတ်သက်ရုပ်သက်တို့သည် မတူမူ၍ စိတ်အသက်မှာတို၍ ရုပ်မှာအသက်ရှည်ခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ အာရုံကိုကို ယူတတ်သောစိတ်သည် စိတ္တက္ခဏတစ်ချက်၏ အစွမ်းဖြင့် လျင်မြန်စွာပြီး ခြင်းကြောင့် စိတ်၏ အသက်မှာ တိုပါသည်။ အာရုံ၏ အဖြစ်ယူအပ်သော ရုပ်သည် စိတ္တက္ခဏ (၁၇) ချက် ၏ အစွမ်းဖြင့် လေးသောအဖြစ်ပြီးသောကြောင့် ရုပ်၏အသက်မှာ ရှည်ပါသည်။

စက္ခုဒွါရိက အတိမဟန္တာရုံဝီထိအာရုံထင်ပုံ

စက္ခုဒွါရိက ဝီထိခဏ်း

ဧကစိတ္တက္ခဏာတီတာနိ ဝါ ဒွိတိပ္ပတ္တာနေဝ

ရူပါရုံစသော (၅) ပါးသော အာရုံတို့သည် စက္ခုပသာဒစသော (၅) ဒွါရမှာ ထင်ရာ၌ အနည်းဆုံး စိတ္တက္ခဏ တစ်ချက်ခန့် လွန်ပြီးနောက် ရုပ်၏ ဌီသို့ အရောက်မှာ ထင်လာနိုင်သည်။ ဗဟုစိတ္တက္ခဏာတီတာနိဝါ ဌိတိပ္ပတ္တာနေဝ။

စက္ခုအာလောက, ရူပ, မနသိကာရ ဟူသော စက္ခုဝိညာဏ်ဖြစ်ကြောင်း (၄) ပါးတို့တွင် တစ်ခုခုညံ့ဖျင်းအားနည်းရာ ရူပါရုံစသော (၅) ပါးသော အာရုံတို့သည် စက္ခုပသာဒစသော ၅ ဒွါရ၌ အနည်းဆုံး စိတ္တက္ခဏ (၂) ချက်ခန့်မှစ၍ (၁၅) ချက်ခန့်လွန်ပြီး နောက်ရုပ်၏ ဌီသို့အရောက်မှာ ထင်လာနိုင်သည်။ ရုပ်တို့မည်သည် ဌီအခိုက်မှာသာ အားကောင်းသောကြောင့် ဌီအခိုက်မှာ ထင်မြင်ခြင်း ဖြစ်နိုင်သည်။ သဒ္ဒါရုံစသည်တို့၌လည်း ဤနည်းပင်ဖြစ်သည်။

(တသ္မာယဒိ (ပ) မာဂစ္ဆတိ) ရူပါရုံစသော (၅) ပါးသော အာရုံတို့တွင် ရူပါရုံသည် စိတ္တက္ခဏ တစ်ချက်ခန့် အလွန်စက္ခု ပသာဒအား ထင်လာငြားအံ့ လွန်သောစိတ္တက္ခဏ တစ်ချက်ကို ဘဝင်စိတ်ဖြစ် သောကြောင့် အတီတ ဘဝင်ဟုခေါ်ပါ သည်။

http://www.dhammadownload.com

တတောဒွိက္ခတ္တုံဘဝင်ေ စလိတေ

ထိုရူပါရုံထင်ပြီးနောက် ဘွင် ၂ ကြိမ်လှုပ်သည်။ ရှေ့ဘွင်ကို ဘဂ်စလန၊ နောက်ဘွင်ကို ဘဝင်္ဂုပစ္ဆေဒရခေါ်သည်။ **ဘဝဂ်သောတံ (ပ) ပဥ္စဒွါရ၊** ဝဇ္ဇန စိတ္တံ၊ ဘွင် အစဉ်ကို ဖြတ်ပြီး နောက်ထက်လာသော အာရုံသစ်ကို ဆင်ခြင်သကဲ့သို့ ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဖြစ်၍ ချုပ်၏။ တတော **(ပ) ဝေါဋ္ဌဗ္ဗနစိတ္တံ** ထို့နောက် ရူပါရုံမြင်တတ်သော စက္ခုဝိညာဏ်စိတ်ဖြစ်သည်။ ထိုရူပါရုံကို ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်သည်။ ထိုရူပါရုံကို စုံစမ်းသကဲ့သို့ ဖြစ်သောသန္တီရဏ စိတ်ဖြစ်သည်။ ထိုရူပါရုံကိုပင် အမှန် ရူပါရုံဟု ဆုံးဖြတ်သကဲ့သို့ဖြစ်သော ဝုဋ္ဌောစိတ် ဖြစ်၍ချုပ်၏။

တတောပရံ (ပ) ယံကိဉ္စိ

ယေဘုယေန သတ္တက္ခတ္တုံဇဝတိ

ထိုဝုဋ္ဌောစိတ်ချုပ်ပြီးနောက် ကာမဇော (၂၉) ခုတို့တွင် ယောနိသောမနသိကာရ အစရှိသည်တို့၏ အစွမ်းဖြင့် တစ်ခုခုသော ဇောသည် အများဆုံး (၇) ကြိမ် ဖြစ်သည်။ ထို့နောက် ဇောသို့အစဉ်လိုက်၍ဖြစ်သော တဒါရုံ (၂) ကြိမ်ဖြစ်သည်။ ဒုတိယ တဒါရုံချုပ်ပြီးနောက် ဝီထိစိတ်အစဉ် ကုန်သဖြင့် ဘွင်ကျသည်။

ဋီကာ

မေး။ ယံကိဉ္စိ လဒ္ဓပစ္စယံ၌ လဒ္ဓပစ္စယ အဓိပ္ပါယ်ကို ရေးသားပါ။

ဖြေ။ အသင့်အတင့်နှလုံးသွင်းမှုရှိသောအခါ ကုသိုလ်ဇောစောသည်။ အသင့်အတင့် နှလုံးသွင်းမှုမရှိသောအခါ အကုသိုလ်ဇောသည် အနုသယကင်းသော ရဟန္တာသန္တာန် ဖြစ်လျှင် ကြိယာဇောစောသည်ဟု ဆိုပါသည်။

မေး။ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ၌ ယေဘုယျ သဒ္ဒါဆိုရခြင်းအကြောင်းကို ဖော်ပြပါ။

ဖြေ။ အများအားဖြင့် (၇) ကြိမ် စောသည်ဟု ဆိုသော်လည်း တွေဝေ မိန်းမောသော ကာလ၊ သေခါနီးကာလတို့၌ အနည်းအကျဉ်းအားဖြင့် (၆) ကြိမ်၊ (၅)ကြိမ် စောသေးသည်ဟု သိစေလိုသောကြောင့် ယေဘုယျေန သဒ္ဒါကို ဆိုရပါသည်။

http://www.dhammadownload.com

မေး။ ဒွေ တဒါရမ္မဏ ပါကာနိ ယထာရဟံ ဉ္စ ယထာရဟအဓိပ္ပါယ်ကို ဖော်ပြပါ။

ဖြေ။ အာရုံ ဇော၊ သတ္တဝါ အားလျော်စွာ တဒါရုံဖြစ်သည် ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

(အတိမဟန္တာရုံဝီထိချရန် ဆိုရိုး) တဒါရမ္မဏ စက္ခုဒွါရိက

(ဆောင်) အတိမဟန္တာရုံ ဝီထိဖြစ်ဟန်ကား- ရူပါရုံနှင့်စက္ခုပသာဒတို့ ရှေးရှုအတူ ဥပါဒ်ကြသည်မှ စ၍ အတီတဘွင်တစ်ချက် အလွန်တွင် ပသာဒဉ္စ ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာ ဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော(၇)ကြိမ် တဒါရုံ (၂)ကြိမ် ထိုနောင်ဘွင် ဖြစ်ထိုက်သမျှဖြစ်၍ ရူပါရုံနှင့် စက္ခုပသာဒ တို့သည် (၁၇) ချက် ရုပ်သက်စေသဖြင့် ဒုတိယတဒါရုံ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည်စက္ခုဒွါရိက အတိမဟန္တာရုံ ဝီထိမည်၏။

(ပုံစံ) အတီတဘွင် န ။ ဒ ။ ပ ။ စ ။ သံ ။ န္တိ ဝု ။ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ- ရုံ --- ရုံ ဘွင်

(မှတ်ချက်) မဟန္တာရုံ (၂) မျိုး ရှိသည်။ အတီဘွင် (၂) ချက် (၃) ချက်ခန့် လွန်ပြီးမှ စက္ခုပသာဒဉ္စ ထင်နိုင်သည်။ အတိမဟန္တာရုံ လောက်စိတ္တက္ခဏမများချေ။ ထို့ကြောင့် အတိသဒ္ဒါမပါတဲ့ မဟန္တာရုံဟု အမည်ရသည်။ ဤစကားအရ အတီတဘွင် (၂) ချက် လွန်သော ပဌမ မဟန္တာရုံ ဝီထိ၊ (၃) ချက် လွန်သော ဒုတိယ မဟန္တာရုံဝီထိဟု မဟန္တာရုံ (၂) မျိုးရှိပါသည်။

ဇနဝါရစက္ခုဝါရိက (ပဌမ မဟန္တာရုံ ဝီထိချရန်ဆိုရိုး) ပဌမ မဟန္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူ ဥပါဒ်ဖြစ်ကြသည်မှစ၍ အတီတဘွင် (၂)ကြိမ် အလွန်တွင် စက္ခုပသာဒဉ္စ ရူပါရုံထင်ခြင်း သို့ရောက်သဖြင့် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော (၇) ကြိမ်ဖြစ်ပြီးလျှင် ဘွင်တစ်ကြိမ် အကျတွင် ရူပါရုံနှင့် စက္ခုပသာဒ တို့ (၁၇) ချက် ရုပ်သက်စေ့ရကာ ပဌမဘွင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမမဟန္တာရုံ ဝီထိမည်၏ ထို့နောင်ဘွင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

ပထမ မဟာန္တာရုံဝီထိပုံစံ

တီတီ န ဒ ပ စ သံ န္တိ - ဝု-ဇော ဇ-ဇ-ဇ-ဇ-ဇ-ဇ ဘွင်

(ဒုတိယ) တီ တီ တီ န ဒ ပ စ သံ န္တိ ဝု ဇော ဇဇဇဇဇဇ ဘွင်

http://www.dhammadownload.com

ဇော (၇) ကြိမ်ဖြစ်သည်တိုင်အောင် တည်နေခြင်းငှာ မစွမ်းနိုင်သော လွန်ခြင်းရှိ၍ ထင်လာသော အာရုံကို ပရိတ္တာရုံ ဝီထိဟု ခေါ်သည်။ မဟန္တာရုံလောက်မများ နည်းပါးသော စိတ္တက္ခဏ အသက်ရှိသောဝီထိ ဟု ဆိုသည်။ ပရိတ္တာရုံ ဝီထိသည် (၆) ဝီထိရှိသည်။

(ပဌမ ပရိတ္တာရုံ ဝီထိချရန်ဆိုရိုး) ပဌမပရိတ္တာရုံတို့ ဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒ ရှေ့ရှု အတူဥပါဒ်ကြသည်မှစ၍ အတီဘွင် (၄) ကြိမ် အလွန်တွင် စက္ခုပသာဒ၌ ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဒ္ဓော (၃) ကြိမ် ဖြစ်ပြီးလျှင် ဘွင် (၄) ကြိမ် အကျတွင် ရူပါရုံနှင့် စက္ခုပသာဒ တို့ (၁၇) ချက် ရုပ်သက်စေ့ရကား စတုတ္ထဘွင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမ ပရိတ္တာရုံ ဝီထိမည်၏

ထိုနောင်ဘွင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။ (အမှာ) ဒုတိယဝီထိ စသည်များကိုလည်း ဤဆိုရိုးအတိုင်းနည်းမှီပါ။

ဝေါဋ္ဌပွနဝါရစက္ခုဒွါရိက ပရိတ္တာရုံ (၆) ဝီထိပုံစံ

ပဌ	တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု ဝု ဘွင် ဘွင် ဘွင် ဘွင်
ဒုတိ	တီ တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု ဝု ဘွင် ဘွင် ဘွင်
တတိ	တီ တီ တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု ဝု ဘွင် ဘွင်
စတု	တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု ဝု ဘွင်
ပဉ္စ	တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု ဝု
ဆဋ္ဌ	တီ တီ တီ တီ တီ တီ တီ တီ တီ န ဒ ပ စ သံ န္တီ ဝု ဝု

ဘွင်လှုပ်ရုံမျှဖြစ်သောစိတ် အကြိမ်ကို မောဃဝါရဆိုသည်။ စက္ခုပသာဒ၏ အလွန်အားသေးမှုစသော အကြောင်းတို့ကြောင့် ဝုဒ္ဓော (၂) ကြိမ် ဖြစ်သည့် တိုင်အောင်ပင်တည်နေခြင်းငှာမစွမ်းနိုင်ခြင်းရှိ၍ ထင်လာသော အာရုံကို အတိပရိတ္တာ ဟုခေါ်သည်။ အတိပရိတ္တာရုံသည် (၆) ဝီထိရှိသည်။

(ပထမအတိပရိတ္တာရုံဝီထိဆိုရိုး) ပဌမပရိတ္တာရုံဝီထိဖြစ်ဟန်ကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုအတူဥပါဒ်ကြသည်မှ စ၍ အတီတဘွင် (၁၀) ကြိမ် အလွန်တွင် ရူပါရုံထင်ခြင်းသို့ရောက်သဖြင့် ဘဝင်စလန (၂) ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ်အစဉ် မဖြစ်ဘဲ ဘွင်ဆက်၍ ဖြစ်ပြီးလျှင် ပထမဘွင်

http://www.dhammadownload.com

အကျုရုပါရုံစက္ခုပသာဒတို့ (၁၇) ချက် ရုပ်သက်စေ့ရကား ဒုတိယ ဘဂ်စလန နောင်ပဌမဘွင်၏ ဘင်နှင့် ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမအတိပရိတ္တာရုံဝီထိမည်၏။ ထို့နောင်ဘွင်ဖြစ်ထိုက် သမျှဖြစ်၍ ချုပ်၏။

မောဃဝါရ အတီပရိတ္တာရုံ (၆) ဝီထိပုံစံ

ပုံစံ ပဌမ - ပရိတ္တာရုံ ဝီထိ (၁) တီတီတီတီတီတီတီတီတီတီ နန ဘွင် ဘွင် ဘွင် ဘွင်

ဒုတိ - တီတီတီတီတီတီတီတီတီတီတီ နန ဘွင် ဘွင် ဘွင်

တိယ - တီတီတီတီတီတီတီတီတီတီတီတီ နန ဘွင် ဘွင်

စတုတ္ထ- တီတီတီတီတီတီတီတီတီတီတီတီတီ နန ဘွင်

ပဥ္စမ - တီတီတီတီတီတီတီတီတီတီတီတီတီတီ နန ဘွင်

ဆဋ္ဌမ - တီတီတီတီတီတီတီတီတီတီတီတီတီတီတီ နန

စက္ခုဒွါရ၌ ပေါင်း (၁၅) ဝီထိပုံစံပြီးပါပြီ။

သောတဒွါရ စသည်တို့၌လည်း စက္ခုဒွါရနည်းကို မှီ၍ ပုံစံ ချပါလေ

(မခဲယဉ်းပေ)

စက္ခုအစား သောတစသည် လဲလှယ်၍ ထည့်ရုံသာထူးသည်။

မေး။ ပဥ္စဒွါရဝီထိခေါ်ရပုံကို ရေးသားပါ။

ဖြေ။ စက္ခုစသော (၅) ဒွါရ၌ အာရုံထင်လာမှုကို အစွဲပြု၍ ဖြစ်သောစိတ်ကို ပဥ္စဒွါရဝီထိ ဟု ခေါ်ပါသည်။

မေး။ ပဥ္စဒွါရ၌ ဝီထိပေါင်း (၇၅) ဝီထိကို အကျဉ်းရေတွက်ပြပါ။

ဖြေ။ အလွန်များသော ဝီထိစိတ္တုပ္ပါဒ် ရှိသော အတိမဟန္တာရုံ ဝီထိ တဒါရုမ္မဏ ဝါရ (၁) ဝီထိ၊ များသော ဝီထိစိတ္တုပါဒ်ရှိသော မဟန္တာရုံ ဝီထိ ဇဝနဝါရ (၂) ဝီထိ၊ နည်းသော ဝီထိစိတ္တုပ္ပါဒ်ရှိသော ပရိတ္တာရုံဝီထိ ဝေါဋ္ဌပ္ပနဝါရ (၆) ဝီထိ၊ အလွန်နည်းသော ဝီထိ

http://www.dhammadownload.com

စိတ်ရှိသော အတိပရိတ္တာရုံဝီထိ မောဃဝါရ (၆)× ဝီထိ ပေါင်း (၁၅) ဝီထိသည် စက္ခုဒွါရ၌ ဖြစ်၏။ စက္ခုဒွါရ နည်းတူသောတဒွါရ၌ (၁၅) ဝီထိ၊ ဃာနဒွါရ (၁၅) ဝီထိ၊ ဇိဝှါဒွါရ (၁၅) ဝီထိကာယဒွါရ (၁၅) ဝီထိ၊ အားဖြင့် (၅) ဒွါရ၌ (၇၅) ဝီထိဖြစ်သည်။

မေး။ **အဘယ်ကို အတီတဘင်ဟု ခေါ်ပါသနည်း။**

ဖြေ။ **အာရုံနှင့် ပသာဒရုပ်တို့ မထိခိုက် မတိုက်ဆိုင်မီ ချုပ်ပျောက်သောဘင်ဖြစ်သောကြောင့် အတီတဘင်ဟုခေါ်ပါသည်။**

(အတီတဘင်လွန်ပုံဆောင်ပုဒ်)။ အတိမဟန်တစ်ချက်လွန်၊ မဟန်နှစ်သုံး - လေးလုံးကစ၊ နဝပရိတ်၊ တိပရိတ်ဝယ်၊ တစ်ဆယ် အစ၊ ဆဲ့ငါးကျ အတီတ လွန်ပုံ - မှတ်တမ်းတည်း။

ဋီကာ

မေး။ မဟန္တာရုံဝီထိ၌ တဒါရုံ မဖြစ်ခြင်း အကြောင်းကို ဖြေဆိုပါ။

ဖြေ။ ဒုတိယ မဟန္တာရုံဝီထိ၌ သတ္တမဇောတွင် အာရုံချုပ်သွားသောကြောင့် လည်းကောင်း၊ ပထမ မဟန္တာရုံ ဝီထိ၌ သတ္တမဇောနောင် စိတ္တက္ခဏတစ်ချက်သာ ကြွင်းသည်ဖြစ်၍ တဒါရုံ (၂) ကြိမ်ဖြစ်ခြင်းငှာ မလောက်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ တဒါရုံ မဖြစ်ပါ။

မေး။ ပရိတ္တာရုံဝီထိ၌ ဇောမဖြစ်ခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။(တတိယ) ဝုဋ္ဌောနောင်စိတ္တက္ခဏ (၄)ချက်အသက်ကြွင်းသည် ဖြစ်၍အာရုံ အားနည်းသောကြောင့် ပရိတ္တာရုံဝီထိ၌ ဇောမ ဖြစ်ပါ။

မေး။ အတိပရိတ္တာရုံဝီထိ၌ ဝီထိစိတ်မဖြစ်ခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ အလွန်အားဖြင့် စိတ္တက္ခဏ (၇) ချက် အသက်ကြွင်းရှိသော အာရုံ၏လည်း (၂) ကြိမ် (၃) ကြိမ် ဝုဋ္ဌောဖြစ်ခြင်းငှါ မလောက်သည်၏ အဖြစ်ကြောင့် ဝီထိစိတ် မဖြစ်ပါ။

http://www.dhammadownload.com

မေး။ ပရိတ္တာရုံဝီထိ၌ ဝုဋ္ဌော (၂) ကြိမ် (၃) ကြိမ် ဖြစ်ခြင်း အကြောင်းကိုဖြေဆိုပါ။

ဖြေ။ ပရိတ္တာရုံဝီထိ၌ တစ်ပါးသောဝီထိကဲ့သို့ ဇောမဖြစ်သောကြောင့် ဝုဋ္ဌော (၂) ကြိမ် (၃) ကြိမ် ဖြစ်ပါသည်။

မေး။ နောက်ဆုံးဝါရကို မောဃဝါရဟု ခေါ်ရခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ အခြင်းခပ်သိမ်း ဝီထိစိတ်ဖြစ်ခြင်း မရှိသောကြောင့် နောက်ဆုံးဝါရကို မောဃဝါရဟု ခေါ်ပါသည်။

မေး။ အာရမ္မဏဘူတာ ------------ စတုန္နံဝါရာနံ အရတို့ကိုဖော်ပြပါ။

ဖြေ။ အတိမဟန္တာရုံ ------------ တဒါရမ္မဏ ဝါရ

မဟန္တာရုံ ------------ ဇဝနဝါရ

ပရိတ္တာရုံ ------------ ဝေါဋ္ဌဗ္ဗနဝါ

အတိပရိတ္တာရုံ ------------ မောဃဝါရ

(မှတ်ချက်) ပဉ္စဒွါရတွင်လည်း ဝါရ (၄) ပါး ပြားပါသည်။

မေး။ သာမညအားဖြင့် ဝီထိစိတ္တာနိ သတ္တေဝအရကို ဖော်ပြပါ။

ဖြေ။ (၁) ပဉ္စဒွါရာဝဇ္ဇာန်း (၂) စက္ခုဝိညာဏ် (၃) သမ္ပဋိစ္ဆိုင်း (၄) သန္တီရဏ (၅) ဝုဋ္ဌော (၆) ဇော (၇) တဒါရုံ ပေါင်း (၇) ပါးသည် သတ္တအရဖြစ်ပါသည်။

မေး။ ဝိသေသအားဖြင့် စိတ္တုပ္ပါဒ စတုဒ္ဒသအရကို ဖော်ပြပါ။

ဖြေ။ (၁) ပဉ္စဒွါရဝဇ္ဇန်း (၂) စက္ခုဝိညာဏ် (၃) သမ္ပဋိစ္ဆိုင်း (၄) သန္တီရဏ (၅) ဝုဋ္ဌော (၆) ဇော (၇) ကြိမ်၊ (၇) တဒါရုံ ၂ ကြိမ်၊ ပေါင်း (၁၄) ပါးသည် စတုဒ္ဒသအရဖြစ်ပါသည်။ စတုပညာသဝိတ္တာရာ အရ ကာမစိတ် (၅၄) ပါး ဖြစ်ပါသည်။

ပဉ္စဒွါရာဝီထိခဏ်းပြီးပါပြီ။

http://www.dhammadownload.com

မနောဒွါရ ပရိတ္တာရုံ ဇဝနဝါရခဏ်း

မနောဒွါရ၌ ကာမ ဇောဝါရ အပ္ပနာဇောဝါရအားဖြင့် (၂) မျိုးရှိပါသည်။

မေး။ အဘယ်ကို ကာမဇောဝါရဟု ခေါ်ပါသနည်း။

ဖြေ။ ကာမဇောစောသောစိတ်ဖြစ်လှည့်သော အကြိမ်ကိုကာမဇောဝါရဟုခေါ်ပါသည်။

မေး။ ကာမဇော ဝါရ၌ဝီထိ မည်မျှရှိပါသနည်း။

ဖြေ။ ကာမဇော ဝါရ၌ဘူတာရုံ (၂) ဝီထိ-အဝိဘူတာရုံ (၂) ဝီထိရှိပါသည်။

ဆောင်ပုဒ်- တစ်က ငါးမှတ် ဝိဘူတတ် ဆသတ် အဝိဘူ

(ပထမဝိဘူတာရုံ ဝီထိချရန်ဆိုရိုး) ပစ္စုပ္ပန်ရုပ် ဗာဝီသ ဥပါဒ်သည်မှစ၍ အတီတဘွင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း ဇော (၇) ကြိမ် တဒါရုံ (၂) ကြိမ် ထိုနောင်ဘွင် ဖြစ်ထိုက်သမျှ ဖြစ်၍ပစ္စုပ္ပန်ရုပ်ဗာဝီသသည် (၁၇) ချက် ရုပ်သက်စေ့သဖြင့် စတုတ္ထဘွင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းရှိသော ဝီထိသည် ပဌမဝိဘူတာရုံ ဝီထိမည်၏။

(ပစ္စုပ္ပန် ရုပ်ဗာဝီသကို အာရုံပြု၍ ဝိဘူတာရုံ ဝီထိပုံစံများ)

ပ တီ န ဒ မ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ ရုံရုံ ဘွင်ဘွင်ဘွင်ဘွင်

ဒု တီတီ န ဒ မ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ ရုံရုံ ဘွင်ဘွင်ဘွင်

တ တီတီတီ န ဒ မ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ ရုံရုံ ဘွင်ဘွင်

စတု တီတီတီတီ န ဒ မ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ ရုံရုံ ဘွင်

ပဥ္စ တီတီတီတီတီ န ဒ မ ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ ရုံရုံ

(အဝိဘူတာရုံ ဝီထိပုံစံ)

ပ တီတီတီတီတီတီ န ဒ မ ဇဇဇဇဇဇဇ ဘွင်

ဒု တီတီတီတီတီတီတီ န ဒ မ ဇဇဇဇဇဇဇ

ဒဲမှာ အထက်ပါ ဝီထိပုံစံများ၌ အတိတ်ရုပ် အနာဂတ်ရုပ် ပညတ်နိဗ္ဗာန်စသော အာရုံများဖြစ်က အတီတဘွင် မချရ ဟုမှတ်သားပါ။

http://www.dhammadownload.com

မေး။ သာမညအားဖြင့် ဝီထိစိတ္တာနိ တိကောဝအရ ဖော်ပြပါ။

ဖြေ။ (၁) မနောဒွါရာ ဝဇ္ဇန်း (၂) ဇော (၃) တဒါရုံ ပေါင်း (၃) ပါး သည် တိကော၀ အရဖြစ်ပါသည်။

မေး။ ဝိသေသအားဖြင့်စိတ္တုပ္ပါဒါ ဒသေရိတာအရ ဖော်ပြပါ။

ဖြေ။ မနောဒွါရာဝဇ္ဇန်း (၁) ဇော (၇) ကြိမ် တဒါရုံ (၂) ကြိမ်ပေါင်း (၁၀) ပါး သည် ဒသအရဖြစ်ပါသည်။

မေး။ ဒွေးပဉ္စဝိညာဏ် (၁၀) မနောဓာတ် (၃) ခုကြဉ်ရခြင်း အကြောင်းကိုဖော်ပြပါ။

ဖြေ။ ဒွေး ပဉ္စဝိညာဏ် (၁၀) မနောဓာတ် (၃) ခု တို့သည် ပဉ္စဒွါရ၌သာ သက်သက်ဖြစ်သောကြောင့် မနောဒွါရမှ ကြဉ်ရပါသည်။ ကျန်ကာမစိတ် (၄၁) ပါးသည် ဧကစတ္တာလီသအရဖြစ်ပါသည်။ မနောဒွါရကာမဇောဝါရပြီးပါပြီ။

(အပ္ပနာဇောဝါရ)

မေး။ အဘယ်ကို အပ္ပနာဇောဟု ခေါ်ပါသနည်း။

ဖြေ။ မဟဂ္ဂုတ် လောကုတ္တရာ ဇော (၂၆) ပါး ကို အပ္ပနာဇောဟု ခေါ်ပါသည်။

မေး။ အဘယ်ကို အပ္ပနာဇောဝါရဟု ခေါ်ပါသနည်း။

ဖြေ။ အပ္ပနာဇော စောသောစိတ်များ၏ ဖြစ်လှည့်အကြိမ်ကို အပ္ပနာဇော ဝါရဟု ခေါ်ပါသည်။ အပ္ပနာဇောဝါရ၌ ကသိုဏ်းပညတ်စသော အာရုံထင်သောအခါ၌သာလျှင် အပ္ပနာဇောဖြစ်သင့်သောကြောင့် ဝိဘူတ အဝိဘူတ မရှိပါ။ ဝိဘူတ (၁) မျိုးသာ ရှိပါသည်။ (အဝိဘူတမရှိပါ တဒါရုံလည်းမကျနိုင်ပါ)

ကာမဇောများသာတဒါရုံကျပါသည်။

မေး။ အပ္ပနာ ဇောဝါရ၌ အတီတဘွင် မချရခြင်း၊ အကြောင်းကို ဖော်ပြပါ။

ဖြေ။ အပ္ပနာဇောဝါရ၌ ရုပ်အာရုံများ မဟုတ် ကသိုဏ်း ပညတ်စသော အာရုံ၊ နိဗ္ဗာန် အာရုံများသာဖြစ်သောကြောင့် အတီတဘွင် မချရပါ။

http://www.dhammadownload.com

ဉာဏသမ္ပယုတ္တ (ပ) အညတရသို့

ကမ္မဋ္ဌာန်း ပေါက်ခါနီး၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် (၄) ပါး မဟာကြိယာ ဉာဏသမ္ပယုတ် (၄) ပါးပေါင်း (၈) ပါး သော ဉာဏသမ္ပယုတ် စိတ်တို့တွင် တစ်ခုခုသော ဉာဏသမ္ပယုတ်ဇောသည် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ နောင်ပရိကမ်၊ ဥပစာ၊ အနုလုံ ဂေါတြဘု ဟူသော အမည်များဖြင့် တိက္ခပညာပုဂ္ဂိုလ်များအတွက် ပရိကမ်၊ မထည့်မူ၍ ဥပစာရသမာဓိဇော (၃) ကြိမ် (၄) ကြိမ်မြောက်၌ အပ္ပနာဇော တစ်ခုခုစောသည်။ မန္ဒပည ပုဂ္ဂိုလ်များအတွက် ပရိကမ် ဥပစာ အနုလုံဂေါတြဘုဟူသော ဥပစာ သမာဓိ ဇော (၄) ကြိမ် (၅) ကြိမ်မြောက်၌ အပ္ပနာဇောတစ်ခုခု စောသည်ဟု မှတ်သားပါ။

မေး။ ပရိကမ် ဥပစာ အနုလုံဂေါတြဘုဟု ခေါ်ရပုံကို ဖြေဆိုပါ။

ဖြေ။ အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံဟုခေါ်ပါသည်။

အောက်အဘို့၌ ပရိကံတို့အား ပစ္စယုပ္ပန်အဖြစ်ဖြင့်လျော်သည်၏ အဖြစ်ကြောင့်ငင်း အထက်၌ အပ္ပနာ၏ ပစ္စည်းအဖြစ်ဖြင့် လျော်သည်၏ အဖြစ်ကြောင့်ငင်း အနုလုံဟု ခေါ်ပါသည်။

ကာမအနွယ် ပုထုဇဉ်အနွယ်ကို နှိပ်စက် ဖျက်စီးတတ်သောကြောင့်ငင်း မဟဂ္ဂုတ် အနွယ်များ၊ လောကုတ္တရာအနွယ်ကို ပွားစေတတ်သောကြောင့်ငင်း ဂေါတြဘူဟု ခေါ်ပါ သည်။

(ဈာနဝီထိချရန် ဆိုရိုး)

အာဒိကမ္မိကဈာန ဝီထိ ဖြစ်ဟန်ကား ဘဂ်စလန ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း (မန္ဒပည ပုဂ္ဂိုလ်အား) ပရိကမ် ဥပစာ အနုလုံဂေါတြဘု ဟူသော ဥပစာရ သမာဓိဇော (၄) ကြိမ် (တိက္ခ) ပညပုဂ္ဂိုလ်အား ပရိကမ် မထည့်ဘဲ ဥပစာအနုလုံ ဂေါတြဘုဟု ဆိုအပ်သော ဈာန်ဇော (၁) ကြိမ် ထိုနောင်ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ချုပ်၏

မန္ဒပညပုဂ္ဂိုလ်၏ အစဆုံး ရအပ်သော ဈာနဝီထိပုံစံ။

ကသိုဏ်း ပဋိဘာဂ နိမိတ်ကို အာရုံပြု၍

http://www.dhammadownload.com

န ဒ မ ပ ဥ န ဂေါ ဈာန် ဘွင်

တိက္ခပညာပုဂ္ဂိုလ်၏ အစဆုံး ရအပ်သောဈာနဝီထိပုံစံ န ဒ မ ဥ နု ဂေါ ဈာန် ဘွင်။ ကာမာဝစရ ဉာဏသမ္ပယုတ်ဇော (၈) ခု တို့တွင် ရှေ့ဥပစာရ သမာဓိဇောက သောမနဿ ဖြစ်လျှင် နောက်အပ္ပနာဇောကလည်း သောမနဿဖြစ်ရမည်။ ရှေ့ဥပစာ သမာဓိ ဇောက ဥပေက္ခာဖြစ်လျှင် နောက် အပ္ပနာဇောကလည်း ဥပေက္ခာဖြစ်ရမည်။ ရှေ့နောက်တူညီရမည်ဟု ဆိုလိုသည်။ မဟာကုသိုလ် မဟာကြိယာ သောမနဿဉာဏသမ္ပယုတ်ဇော (၄) ခုတို့တွင် တစ်ခုခု နောင်မဟဂ္ဂုတ် သောမနဿဇော (၈) ခု မဂ်ဖိုလ်သောမနဿဇော (၃၂) ခု ပေါင်း (၄၀) တို့တွင် တစ်ပါးပါး စေါနိုင်၏ လည်းကောင်း (၄၀) သည် ဒွတ္တိံသ သုခပုညမှာ သုခိတကြိယာတော အဌအရ တို့ဖြစ်လိမ့်မည်။

မဟာကုသိုလ် မဟာကြိယာ ဥပေက္ခာဉာဏ သမ္ပယုတ်ဇော (၄) ခုတို့တွင် တစ်ခုခု နောင်မဟဂ္ဂုတ် ဥပေက္ခာသဟဂုတ်ဇော (၁၀) မဂ်ဖိုလ် ဥပေက္ခာ သဟဂုတ်ဇော ပေါင်း (၁၈) ပါး တို့တွင် တစ်ပါးပါးစေါနိုင်၏ ၎င်းဒ (၁၈) ပါးတို့သည် ဒွါဒသော ပေက္ခကာပရံ သမ္ဘောတ္တိ ဥပေက္ခကာ အရ တို့ဖြစ်လိမ့်မည်။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၄) ခုတို့တွင် တစ်ခုခုနောင် မဟဂ္ဂုတ် ကုသိုလ်ဇော (၉) ခု လောကုတ္တရာ ကုသိုလ်ဇော (၂၀) အရဟတ္တဖိုလ်ကြဉ် အောက်ဖိုလ် ဉာဏသမ္ပယုတ်ဇော (၁၅) ခုပေါင်း (၄၄) ပါးသည် **ပုထုဇ္ဇနာ နသေက္ခာနံ ကာမပုည တိဟေတုတော** ဆိုတဲ့ဂါထာ ပါဒအရ ဖြစ်လိမ့်မည်။ သောမနဿ ချင်းချင်း ဥပေက္ခာချင်းချင်း ရှေ့နောက်တူရမည်။ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော (၄) ခုတို့တွင် တစ်ခုခု နောင်မဟဂ္ဂုတ်ကြိယာဇော (၉) ခု အရဟတ္တဖိုလ် ဇော (၅) ခု ပေါင်း၊ (၁၄) ပါးသည် **တိဟေတုကာမ ကြိယာတော ဝီတရာဂါနမပ္ပနာ** ဟူသော ဂါထာပါဒ်အရ ဖြစ်လိမ့်မည် **ဒွတ္တိံသသုခပုညမှာ** အရ မဟာကုသိုလ် သောမနဿဇော (၁၆) ခု အောက်ဖိုလ် (၃) ခု သောမနဿ ဇော (၁၂) ခု ပေါင်း (၃၂) ပါး သည် ဒွတ္တိံသ သုခပုညမှ အရဖြစ်ပါသည်။

မေး။ ဒွါဒသော ပေက္ခကာပရံ အရကောက်ပြပါ။

ဖြေ။ မဟာကုသိုလ် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော (၂) ခု နောင် ရူပကုသိုလ် ဥပေက္ခာ သဟဂုတ်ဇော (၁) ပါး အရူပကုသိုလ် ဥပေက္ခာဇော (၄) ပါးလောကုတ္တရာမဂ် ဥပေက္ခာဇော (၄) ပါး အောက်ဖိုလ် (၃) ခု ဥပေက္ခာဇော (၃) ပါး ပေါင်း (၁၂) ပါးသည် ဒွါဒသော ပေက္ခကာပရံအရ ဖြစ်ပါသည်။

မေး။ သုခိတကြိယာတော အဋ္ဌအရ ကောက်ပြပါ။

ဖြေ။ မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ဇော (၂) ခု နောင်ရူပကြိယာ သောမနဿဇော (၄) ပါး အရဟတ္တဖိုလ် သောမနဿဇော (၄) ပါးပေါင်း (၈) ပါးသည် သုခိတကြိယာတော အဋ္ဌအရ ဖြစ်ပါသည်။

မေး။ ဆသမ္ဘောန္တိ ဥပေက္ခကာအရ ကောက်ပြပါ။

ဖြေ။ မဟာကြိယာ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ်ဇော (၂) ခုနောင်ရူပကြိယာဥပေက္ခာ ဇော (၁) ပါး ရူပကြိယာ ဥပေက္ခာဇော (၄) ပါး အရဟတ္တဖိုလ် ဥပေက္ခာဇော (၁) ပါး ပေါင်း (၆) ပါး သည် ဆသမ္ဘောန္တိ ဥပေက္ခကာအရဖြစ်ပါသည်။

မေး။ ပုထုဇ္ဇနာ နသေက္ခာနံ ကာမ ပုညတိဟေတုတော အရဖော်ပြပါ။

ဖြေ။ တိတိတ် ပုထုဇဉ် ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်များမှာ (၄၄) ပါးသော အပ္ပနာဇောများ စောနိုင် သည် ဒွတ္တိံသ အရနှင့် ဒွါဒသအရ ကောက်ပြီး ပေါင်းပါ (၄၄) ပါးသော ဇောများ ရရှိပါသည်။

မေး။ တိဟေတုကာမကြိယတော ဝီတရာဂါန မပ္ပနာ အရဖော်ပြပါ။

ဖြေ။ ရဟန္တာ ပုဂ္ဂိုလ်များမှာ (၁၄) ပါးသော အပ္ပနာဇောများ စောနိုင်ပါသည်။ အဋ္ဌအရနှင့် ဆအရကောက်ပြီး ပေါင်းပါ (၁၄) ပါးသော ဇောများ ရရှိနိုင်ပါသည်။

အမှာ မဟဂ္ဂုတ် လောကုတ္တရာစိတ်အကျယ် ဝေဒနာဘေဒနည်းကို လေ့လာပါ။

http://www.dhammadownload.com

ဋီကာ

မေး။ သောမနဿသဂုတ် ဉာဏသမ္ပယုတ်ဇော (၄) ခုနောင် ဥပေက္ခာ သဟဂုတ်အပ္ပနာဇော မဇောနိုင်ခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ဝေဒနာ ပြားသောဇော အချင်းချင်း အာသေဝန ပစ္စည်း မတပ်သောကြောင့် မဇောနိုင်ပါ။

မေး။ ဉာဏသမ္ပယုတ် ကုသိုလ်ဇော (၄) ခု နောင်ကြိယာ အပ္ပနာဇော မဖြစ်ခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ ပြားသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သောကြောင့် ကြိယာအပ္ပနာဇော မဖြစ်ပါ။

တဒါရမ္မဏနိယမ

မေး။ အဘယ်ကို တဒါရမ္မဏနိယမ ဟုခေါ်ပါသနည်း။

ဖြေ။ မည်သည့်ဇော နောင်မည်သည့်တဒါရုံဖြစ်၏ဟု ပိုင်းခြားသတ်မှတ်ခြင်းကို တဒါရမ္မဏ နိယမဟုခေါ်ပါသည်။

မေး။ အနိဋ္ဌာရုံ၌ အဘယ်ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့ဖြစ်ပါသနည်း။

ဖြေ။ စင်စစ်အလိုမရှိအပ်သော မရှုထိုက်သော မစင်ခွေးကောင်ပုပ် အစရှိသော အနိဋ္ဌာရုံ၌ အကုသလဝိပါက် ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့ ဖြစ်ကြပါသည်။

မေး။ ဣဋ္ဌာရုံ ဟုခေါ်ဆိုအပ်သော ထမင်း၊ အဖျော် အိပ်ရာနေရာ အဝတ်တန်ဆာ အစရှိသော အလယ်အလတ် အတန်းအစား အလိုရှိအပ်သော ဣဋ္ဌာရုံ၌ အဘယ်ဝိညာဏ် စသော တရားများ ဖြစ်ပါသနည်း။

ဖြေ။ ထမင်း အဖျော် အိပ်ရာနေရာ အဝတ်တန်ဆာ အစရှိသော အလယ် အလတ် တန်းစား ဣဋ္ဌာရုံ၌ ကုသလ ဝိပါက် ပဥ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ တဒါရုံတို့ဖြစ်ပါသည်။

မေး။ အလွန်အလိုရှိအပ်သော အတိဣဋ္ဌာရုံ၌ အဘယ်တရားများ ဖြစ်ထိုက်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ အလွန်အလိုရှိအပ်သော ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်သာလျှင် ဖြစ်သော သန္တီရဏတဒါရုံတို့ဖြစ်ကြပါသည်။

မေး။ အဘယ်ဇောနောင် အဘယ်တဒါရုံတို့ဖြစ်ကြပါသနည်း။ အသီးသီးဖော်ပြပါ။

ဖြေ။ လောဘမူဇော (၈) ခု မောဟမူဇော (၂) ခု မဟာကုသိုလ်ဇော (၈) ခု ပေါင်း (၁၀) ပါး နောင်တဒါရုံ (၁၁) ပါး ဖြစ်နိုင်ပါသည်။ ဒေါသနောင် အဟိတ်ဥပေက္ခာ တဒါရုံ (၂) ပါး မဟာဝိပါက် ဥပေက္ခာတဒါရုံ (၄) ပါး ပေါင်း (၆) ပါး ဖြစ်နိုင်ပါသည်။ သောမနဿကြိယာဇော (၅) ခု နောင်သောမနဿ သန္တီရဏတဒါရုံ (၁) ပါး မဟာဝိပါက်သောမနဿ တဒါရုံ (၄) ပါး ပေါင်း (၅) ပါး ဖြစ်နိုင်ပါသည်။ ဥပေက္ခာ မဟာကြိယာဇော (၄) ခု နောင် ဥပေက္ခာသန္တီရဏ တဒါရုံ (၂) ပါး မဟာဝိပါက်ဥပေက္ခာတဒါရုံ (၄) ပါး ပေါင်း (၆) ပါး ဖြစ်နိုင်ပါသည်။

ဆောင်ပုဒ် -လော မော ကုနောင် အကုန်ဆောင်၍ ဒေါနောင် ဥ ဆ သောမန ကြိမှာ သောပဉ္စာတည်း ကြိယာ ဥ မှ ဥ ဆ-တဒါ ဖြစ်တို့လာသည် သေချာမှတ်လေအမြဲတည်း။

မေး။ ပုဂ္ဂိုလ်နှင့် တဒါရုံများကိုဝေဘန်၍ပြဆိုပါ။

ဖြေ။ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်များအဟိတ်တဒါရုံ (၃) ပါး ဖြစ်၍ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ အဟိတ်တဒါရုံ (၃) ပါး ဒွိဟိတ်တဒါရုံ (၄) ပါး ပေါင်း (၇) ပါးတို့ဖြစ်ကြပြီး တိဟိတ်ပုဂ္ဂိုလ်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄) ယောက်တို့မှာတဒါရုံ (၁၁) ပါးလုံး ဖြစ်နိုင်ပါသည်။

ဆောင် အဟိတ်တဒါသုံးပါးမှာ ဒုသာအမှန်ဖြစ်၊ အဟိတ်ဒွိဒါခုနှစ်ဖြာသုံးမှာဒွိ၌ဖြစ်၊ ဧကာဒသံ တိဖလန် ငါးတန်သူတို့ဖြစ်။

မေး။ အာဂန္တုက ဘဝင်ခေါ် ရပုံကိုဖော်ပြပါ။

ဖြေ။ ပဋိသန္ဓေနှင့်တူစွာဖြစ်ရိုးဖြစ်စဉ် အာဝါသိကဘဝင်မဟုတ်မူ၌ လက်တလောအခိုက်အတန့်ဖြစ်ရသော ဘဝင်ဖြစ်သောကြောင့် အာဂန္တုကဘဝင်ဟုခေါ်ပါသည်။

မေး။ တဒါရုံကျနိုင်ဖြစ်နိုင်သောအင်္ဂါ (၃) ပါးကိုဖော်ပြပါ။

ဖြေ။ ၁။ ကာမဇောဖြစ်ခြင်း ၂။ ကာမသတ္တဝါဖြစ်ခြင်း ၃။ ကာမအာရုံဖြစ်ခြင်း ဤ အင်္ဂါ (၃) ပါးနှင့်ညီညွတ်လျှင် ဝိဘူတာရုံအတိမဟန္တာရုံ ဝိထိတို့၌တဒါရုံဖြစ်နိုင်ကျနိုင်ပါသည်။

ဋီကာ

မေး။ ကာမဇော၏ အဆုံး၌တဒါရုံဖြစ်ခြင်းအကြောင်းကို ဖြေဆိုပါ။

ဖြေ။ ကာမတဏှာလျှင်အကြောင်းရင်း ရှိသောကံကြောင့်သာလျှင်ဖြစ်သောကြောင့် ကာမဇော၏ အဆုံး၌သာလျှင် တဒါရုံဖြစ်ပါသည်။

မေး။ မဟဂ္ဂုတ်လောကုတ္တရာဇောတို့၏ အဆုံး၌တဒါရုံမဖြစ်ခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ မဟဂ္ဂုတ်လောကုတ္တရာကံသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်၎င်း၊ တဒါရုံကို ဖြစ်စေတတ်သောကာမာဝစရကံနှင့် ဘုံအားဖြင့်တူသော သဘောမရှိသောကြောင့်၎င်း မဟဂ္ဂုတ်လောကုတ္တရာဇောတို့၏ အဆုံး၌တဒါရုံမဖြစ်ပါ။

မေး။ ပြဟ္မာတို့အားတဒါရုံ မဖြစ်ခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ တဒါရုံ၏အားကြီးသောအကြောင်းဖြစ်သော ကာမာဝစရပဋိသန္ဓေဟူသော မျိုးစေ့မရှိသောကြောင့် ပြဟ္မာတို့အား တဒါရုံမဖြစ်ပါ။

မေး။ မဟဂ္ဂုတ်လောကုတ္တရာပညတ်အာရုံစသည်တို့၌ တဒါရုံမဖြစ်ခြင်းအကြောင်းကိုဖော်ပြပါ။

ဖြေ။ လေ့ကျက်အပ်သောအာရုံမဟုတ်သည်၏အဖြစ်ကြောင့် မဟဂ္ဂုတ်လောကုတ္တရာပညတ်စသော အာရုံတို့၌တဒါရုံမဖြစ်ပါ။

ဇဝနနိယမ

မေး။ အဘယ်ကို ဇဝနနိယမ ဟု ခေါ်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ ငါးဆယ့်ငါးပါးသောဇောတို့ကိုပိုင်းခြားမှတ်သား၍ပြသောစကားရပ်ကို ဇဝနနိယမ ဟု ခေါ်ပါသည်။

မေး။ ကာမဇောတို့စောနိုင်သော အကြိမ်တို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ ကာမဇောတို့သည် ပကတိကာလ၌အများဆုံး (၇) ကြိမ် အနည်းဆုံး ၆ ကြိမ်စောနိုင်ပါသည်။ မရဏာသန္နအခါ၌ မှီရာဝတ္ထုရုပ်အားနည်းသည်ဖြစ်၍ နုံ့နှေးနေသော အရှိန်အဟုန် ရှိသောကြောင့် (၅) ကြိမ်စောပါသည်။ မရဏကာလ မုစ္ဆာကာလ၊ ဝိသညီကာလ၊ အတိတရုဏ စသော ကာလ သာဝက နှင့် မုဒိန္ဒြိယ ပုဂ္ဂိုလ်တို့၏ ယမက ပါဋိဟာရိယကာလ တို့၌ (၅) ကြိမ်စောပါသည်။ မြတ်စွာဘုရား နှင့် တိက္ခပုဂ္ဂိုလ်တို့၏ ယမကပါဋိဟာရိယကာလစသည်တို့၌ (၄) ကြိမ် မန္ဒပုဂ္ဂိုလ်၏ ဈာနမဂ္ဂဝီထိ၏ ရှေ့အဘို့၌ (၄) ကြိမ် တိက္ခပုဂ္ဂိုလ်၏ဈာနမဂ္ဂဝီထိ၏ ရှေ့အဖို့၌ (၃) ကြိမ်အသီးသီးစောပါသည်။

ဆောင်။ ပကတိကာလာ ဆသတ္တာ နှင့် မုစ္ဆာမရဏ သညာကင်းပ တရုဏာစ မုဒိန္ဒြိယ သာဝကမှာ ပဉ္စသာတည်း ဘဂဝါတိက္ခတန်ခိုးပြနှင့် မန္ဒမထတ်၊ ဈာန်မဂ်ပုဗ္ဗ၊ လေးကြိမ်ကျ၏။ တိက္ခထတ်မြေ့၊ ဈာန်မဂ်ရှေ့မှာ သုံးကြိမ်လာသည်။ သေချာမှတ်လေ အမြဲတည်း။

(မဟဂ္ဂုတ်ဇော) အာဒိကမ္မိကမဂ္ဂုတ်ဇောသည် (၁) ကြိမ် သာစောသည်။ အဘိညာဏ်ဇောများ သည်အခါခပ်သိမ်း (၁) ကြိမ်သာစောသည်။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိ ဖိုလ်ဇော အရဟတ္တဖိုလ်ဇောတို့သည်။ (၁) ကြိမ်သာစောသည် (ဆောင်ပုဒ်) [အာဒိကမ္မိက လောကီဘိညာ မဂ္ဂါဝုဋ္ဌာနတစ်ကြိမ်မျှ စောရမှန်မလွဲ]

မဂ္ဂါနန္တရဖိုလ်ဇော သည် (၂) ကြိမ် (၃) ကြိမ်စောသည်။

မန္ဒပညပုဂ္ဂိုလ် = န. ဒ. မ. ပ. ဥ-နူ ဂေါ မဂ် ဖိုလ်ဖိုလ်ဘွင်

၃။ တိက္ခပုညပုဂ္ဂိုလ် = န. ဒ. မ × ဥ-နူ ဂေါမဂ်-ဖိုလ် ဖိုလ် ဖိုလ် ဘွင်

http://www.dhammadownload.com

မေး။ ယထာရဟံ ဒွေတိဏ်ဆိ ဖလ စိတ္တာနိ၏ အဓိပ္ပာယ်ရှင်းပြပါ။

ဖြေ။ ပန္နပညာပုဂ္ဂိုလ်၌ ဥပစာရ သမာဓိဇော (၄) ကြိမ် မဂ်ဇော နောင်ဖိုလ်ဇော (၂) ကြိမ်ချ ရပါသည်။ တိက္ခပညာပုဂ္ဂိုလ်၌ ဥပစာရ သမာဓိဇော (၃) ကြိမ် မဂ်ဇောနောင်ဖိုလ်ဇော (၃) ကြိမ်ချရပါသည်။ နိရောဓသမာပတ် ဝင်စားခါနီး ရှေ့အဘို့၌ စတုတ္ထ အာရုပ္ပ ခေါ် နေဝသညာနာသညာယတန ကုသိုလ် ကြိယာဇောများသည် (၂) ကြိမ်စောပါသည်။ အနာဂါမ်ဖြစ်လျှင် ကုသိုလ်ဇော ရဟန္တာဖြစ်လျှင် ကြိယာဇော (၂) ကြိမ်စီ စောပါသည်။ သမာပတ္တိ ဝီထိယံ၌ (ဈာနသမာပတ္တိ) ဈာန်သို့ရောက်၍ ဈာန်ဇောချည်းထပ်တလဲလဲ များစွာဖြစ်နေခြင်းကို ဈာန သမာပတ္တိ (ဈာန်ဝင်စားနေသည်) ဟုခေါ်သည်။ ဖလသမာပတ္တိ ဖိုလ်ဇောချည်း ထပ်တလဲလဲ များစွာဖြစ်နေခြင်းကို ဖလသမာပတ္တိ ဖိုလ်ဝင်စားသည်ဟုခေါ်သည်။ သမာပတ်ကိုဝင်စားရာကာလအတွင်း၌ ဈာန်ဇော ဖိုလ်ဇောများသည် အကြိမ်ပေါင်းများစွာ စောနိုင်သည်။ (နိရောဓသမာပတ္တိ) စိတ် စေတသိက် စိတ္တဇရုပ်တို့၏အခိုက်အတန့် ချုပ်ငြိမ်းမှုသို့ ကောင်းစွာရောက်ခြင်းကို (နိရောဓသမာပတ် ဝင်စားသည်) ဟုခေါ်သည်။ (ဝုဋ္ဌာန ကာလ) စိတ် စေတသိက် စိတ္တဇရုပ်များပြန်၍ ဖြစ်ပေါ် လာမှု - ကို (နိရောဓသမာပတ်မှထသည်) ဟုခေါ်သည်။

သတ္တက္ခတ္တုံပရိတ္တာနိ ကာမဇောတို့သည် အလွန်ဆုံး (၇) ကြိမ်စောပါသည်။

မဂ္ဂါဘိညာသကိံမတာ မဂ်ဇော အဘိညာဏ်ဇောတို့သည် (၁) ကြိမ်သာစောပါသည်။ (အဝသေသာနိ (ပ) ဗဟူနိပိ) ကြွင်းသောဈာန်ဇော ဖိုလ်ဇောတို့သည် အကြိမ်ပေါင်း များစွာစောနိုင်ပါသည်။ အပိသဒ္ဒါဖြင့် ဈာန်ရစအခါ၌ (၁) ကြိမ် နိရောဓသမာပတ်ကို ဝင်စားခါနီး၌ စတုတ္ထာရုပ္ပဇောတို့သည် (၂) ကြိမ် မဂ်ရပြီးစအခါ၌ ဖိုလ်ဇောများသည် (၂) ကြိမ် (၃) ကြိမ် နိရောဓသမာပတ်မှထသောအခါ၌ (၁) ကြိမ် စောရပါသည်။ ဤသို့ အနည်းငယ်စောနိုင်ပုံကို ပေါင်းစည်းပါသည်။

http://www.dhammadownload.com

ဋီကာ

မေး။ မဂ်စိတ်နောင်ဖိုလ်ဇော (၂) ကြိမ် (၃) ကြိမ်စောရခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ တစ်ခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ဇော (၇) ကြိမ်သာ ဖြစ်ခွင့်ရှိ၍ (၄) ကြိမ် မြောက်ဖြစ်သော မဂ်စိတ် နောင်ဖိုလ်ဇော (၃) ကြိမ်၊ (၅) ကြိမ်မြောက်ဖြစ်သော မဂ်စိတ်နောင်ဖိုလ်ဇော (၂) ကြိမ် ဖြစ်ရပါသည်။

မေး။ သမာပတ္တိဝီထိ၌ဇောအကြိမ်များစွာဖြစ်ရခြင်းအကြောင်းကိုဖြေဆိုပါ။

ဖြေ။ နေ့ညဉ့်ပတ်လုံးသမာပတ်ဝင်စားခြင်း ဖြစ်နိုင်သောကြောင့် ဝီထိတို့၌မဂ်ဇော အဘိညာဏ်ဇောမှတပါးကြွင်းသောမဟဂ္ဂုတ်လောကုတ္တရာဇောတို့သည် အကြိမ်ပေါင်းများစွာ ဖြစ်ကြပါသည်။

မှာထားချက်။ ။ မည်သည့်ဇောသည် မည်သည့်အခါ မည်မျှသော အကြိမ်များစောနိုင်ပုံကို အထက်ကပြဆိုခဲ့သည့်အတိုင်း အကြိမ်ကြိမ်လေ့လာပါ။

(ပုဂ္ဂလဘေဒ)

မေး။ အဘယ်ကို ပုဂ္ဂလဘေဒ ဟုခေါ်ပါသနည်း။

ဖြေ။ ပုဂ္ဂိုလ်အပြားအားဖြင့်ခွဲခြား၍ ရထိုက်သော ဝီထိစိတ်များကို ပြသောစကားရပ်ကို ပုဂ္ဂလဘေဒ ဟုခေါ်ပါသည်။ (ပုဂ္ဂိုလ်စိတ်ရဟု မှတ်သားပါ)

(ပုဂ္ဂိုလ်အပြား)

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် ၃။ ဒွိဟိတ်ပုဂ္ဂိုလ် ၄။ တိဟိတ်ပုဂ္ဂိုလ် ပေါင်း **ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက်**

၁။ သောတာပတ္တိမဂ်ဖိုလ်ပုဂ္ဂိုလ် ၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ် ၃။ အနာဂါမိမဂ်ပုဂ္ဂိုလ်
၄။ အရဟတ္တမဂ်ပုဂ္ဂိုလ် ပေါင်း **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄) ယောက်**

http://www.dhammadownload.com

၅။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် ၆။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် ၇။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်
၈။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်ပေါင်း **ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄) ယောက်၊** ပေါင်း ပုဂ္ဂိုလ် (၁၂) ယောက်

ဆောင် ဒု သု ဒွိ တို ဋ္ဌ အရိ ပေါင်း ဘိဇ္ဇါဒသာ [(၁၂) ယောက်]

ဒွိဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ်ပုဂ္ဂိုလ် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (၃) ယောက်တို့၌ ကာမတိဟိတ်ဇော (၉)-ခု အပ္ပနာဇော (၂၆) ခုတို့ မရနိုင်ပါ။ ထို (၃) ယောက်တို့တွင် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် (၄) မျိုး လုံးမရနိုင်ပါ။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ မဟာဝိပါက်စိတ် (၈) ပါးလုံး မရနိုင်ပါ။

မေး။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်စိတ်အရကို ဖော်ပြပါ။

ဖြေ။ ဟသိတုပ္ပါဒ်ကြဉ်သော - ကျန်အသောဘနစိတ် (၂၄) ပါး မဟာကုသိုလ်စိတ် (၈) ပါး ပေါင်း (၃၇) ပါးသည် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၏ စိတ်ရ ဖြစ်ပါသည်။

ဆောင် ဟသိတုပ္ပါဒ်ပယ်ရလေပြန် အသောဘနကျန်ထသဗ္ဗံ မဟာကုရှစ်ထည့်စွက် အမှန်
သတ္တိံ - သ - ရကြ ဒုကို မှန်

မေး။ သုဂတိအဟိတ်ပုဂ္ဂိုလ် ဒွိဟိတ် ပုဂ္ဂိုလ်တို့၏ စိတ်အရကို ဖော်ပြပါ။

ဖြေ။ ဟသိတုပ္ပါဒ်ကြဉ်သောကျန်အသောဘနစိတ် (၂၉) ပါး မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် (၄) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါးပေါင်း (၄၁) ပါးသည် သုဂတိ အဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်တို့၏ စိတ်အရဖြစ်ပါသည်။

ဆောင် အသောဘန သုံးဆယ်မှလျှင် ပယ်ခွါဟသိ နှစ်ဆယ့်ကိုးပင် ဝိပါက်ဉာဝိပ်မဟာကုယှဉ် လေးဆဲ့တစ် သု, ဒွိပုဂ္ဂိုလ်ပင်။

မေး။ တိဟိတ်ပုဂ္ဂိုလ်တို့၏ စိတ်အရကို ဖော်ပြပါ။

ဖြေ။ ကာမကြိယာဇော (၉) ခုကြဉ်သော ကျန်ကာမစိတ် (၄၅) ပါး မဟဂ္ဂုတ်ကုသိုလ် (၉) ခု

http://www.dhammadownload.com

ပေါင်း (၅၄) ပါးသည် တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၏ စိတ်ရ ဖြစ်ပါသည်။

အမှာ။ ဈာန်ရပုဂ္ဂိုလ်၏အတွက်ဖြစ်သည်။ ဈာန်မရက မဟဂ္ဂုတ် (၉) ခုကြဉ်၍ ကျန် ၄၅ ပါး ရပါသည်။

ဆောင် ကြိယာဇောမျိုး ကိုးခု ပယ်ပါ။ လေးဆယ့်ငါး၀ ကာမစိတ်မှာ။ ကုသိုလ်မဟတ် ပေါင်း စွက်ပေးပါ။ တိပုထု စတု ပညာသာ။

မေး။ သောတာပန်သကဒါဂမ်ပုဂ္ဂိုလ်တို့၏ စိတ်ရ နှင့် မရသောစိတ်ကို ဖော်ပြပါ။

ဖြေ။ ထိုပုဂ္ဂိုလ်များမှာ ကြိယာဇောများနှင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ခု ဝိစိကိစ္ဆာသဟဂုတ်စိတ်များမရနိုင်ပါ။

ဖြေ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ခု ဝိစိကိစ္ဆာဟဂုတ်စိတ် (၈) ခု ဟသိတုပ္ပါဒ်ကြဉ်သော ကျန်အသောဘနစိတ် (၂၄) ပါး မဟာဝိပါက်စိတ် (၈) ပါး လောကိကုသိုလ်စိတ် (၁၇) ပါး သောတာပတ္တိမဂ်စိတ် (၁) ပါး ပေါင်း (၅၀) သည် သောတာပန်ပုဂ္ဂိုလ်၏ စိတ် ရ ဖြစ်ပါသည်။

အမှာ။ သကဒါဂါမ်ဖြစ်က သောတာပတ္တိဖိုလ်စိတ်ကိုပယ်၍ သကဒါဂါမိမဂ်စိတ်ကိုလဲထည့်ပါ။ ဈာန်ရပုဂ္ဂိုလ်အတွက်ဖြစ်သည်။ ဈာန်မရက မဟဂ္ဂုတ်ကုသိုလ် (၉) ခု ကြဉ်သော ကျန် (၄၁) ပါးရသည်။

ဆောင်။ ဒိဋ္ဌ, သံ, ဝိစိ, ဟသိဖယ်ပြန် အသောဘန ကျန်ထသဗ္ဗ မဟာဝိရှစ်လောကီကုသလံ ကိုယ်ဖိုလ်လဲလို့ ရောစွက်လေပြန် ပညာသ ရဘိ သသောပန်။

မေး။ အနာဂါမ်ပုဂ္ဂိုလ်၏ စိတ် ရ ကို ဖော်ပြပါ။

အမှာ။ အနာဂါမ် ပုဂ္ဂိုလ်၌ ဒေါသမူဇော (၂) ပါးကို မရနိုင်ပါ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါး ဒေါသမူဒွေ၊ ဟသိတုပ္ပါဒ်ကြဉ်သောကျန်အသောဘနစိတ် (၂၂) ပါး မဟာဝိပါက်စိတ် (၈) ပါး လောကီကုသိုလ်စိတ် (၁၇) ပါး အနာဂါမိမဂ်စိတ် (၁) ပါး ပေါင်း (၄၈) ပါးသည် အနာဂါမိမဂ်ပုဂ္ဂိုလ်၏ စိတ် ရ ဖြစ်ပါသည်။ (အမှာ) ဖိုလ်ပုဂ္ဂိုလ်ဖြစ်က အနာဂါမိဖိုလ်စိတ် လဲထည့်ပါ။ ဈာန်မရက မဟဂ္ဂုတ် ကုသိုလ် (၉) ခုကြဉ်၍ (၃၉) ပါးရပါသည်။

ဆောင်။ ဒိဋ္ဌ, သံ, ဒေါ, ဝိ - - ဟသိပယ်ပြန်၊ အသောဘန - ကျန် ထသဗ္ဗ မဟာဝိရှစ်၊ လောကီကုသလ်၊ ကိုယ် ဖိုလ်လဲလို့၊ ပေါင်းစွက်လေပြန်၊ အဌစက် - ရလတ်အနာဂါမ်။

မေး။ ရဟန္တာပုဂ္ဂိုလ်၏စိတ်ရကိုဖော်ပြပါ။

ဖြေ။ ကာမဝိပါက်စိတ် (၂၃) ပါး ကြိယာစိတ် (၂၀) အရဟတ္တဖိုလ်စိတ် (၁) ပါး ပေါင်း (၄၄) ပါးသည် ရဟန္တာပုဂ္ဂိုလ်၏စိတ်ရဖြစ်ပါသည်။ (အမှာ) ဈာန်မရက မဟဂ္ဂုတ်ကြိယာ စိတ် (၉) ပါးကိုကြဉ်၍ ကျန် (၃၅) ပါးသောစိတ်များရပါသည်။

ဆောင်။ ကာမဝိပါက်နှစ်ဆယ့်သုံးဖြာ ကြိဝီသဖလတစ်ဖြာ လေးဆယ့်လေးခုစတုစတ္တာ ဈာန်ကို ရ-ကာမရန္တာ။

မေး။ အသေက္ခာန် စတုစတ္တာလီသအရ ဖော်ပြပါ။

ဖြေ။ ကာမဝိပါက် (၂၃) ပါး ကြိယာစိတ် (၂၀) ပါး အရဟတ္တဖိုလ်စိတ် (၁) ပါး ပေါင်း (၄၄) ပါးသည် စတုစတ္တာလီသအရ ဖြစ်ပါသည်။ နံပါတ် (၆) ဆောင်ပုဒ်အတိုင်းသိပါ။

မေး။ အသေက္ခာန် သပညာဆအရ ဖော်ပြပါ။

ဖြေ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါး ဝိစိကိစ္ဆာ (၁) ပါး ဟသိတုပ္ပါဒ်စိတ် (၁) ပါး ကြဉ်သော အသောဘနစိတ် (၂၄) ပါး ဖြစ်သည်။ မဟာဝိပါက်စိတ် (၈) ပါး ကုသိုလ်စိတ် (၂၁) ပါး အောက် ဖိုလ်စိတ် (၃) ပါး ပေါင်း (၅၆) ပါးသည် အသေက္ခာန်ဆပညာသအရဖြစ်ပါ သည်။

ဆောင်။ ဒိဋ္ဌိသံဝိစိ ဟသိပယ်ပြန်အသောဘန ကျန်ထသဗ္ဗ၊ မဟာဝိရှစ်၊ ကော်ဝီကုသလ်၊ ဖိုလ်မှာ သုံး၊ ပေါင်းရုံး ဆပဉ္စ။

မေး။ အဝသေသာန် စတုပညာသအရ ဖော်ပြပါ။

ဖြေ။ ကာမကြိယာဇော (၉) ခုကြဉ်သော ကျန်ကာမစိတ် (၄၅) ပါး မဟဂ္ဂုတ်ကုသိုလ် စိတ် (၉) ပါး ပေါင်း (၅၄) ပါးသည် အဝသေ သာန်စတုပညာသ အရဖြစ်သည်။ (နံပါတ် ၃ ဆောင်ပုဒ်အတိုင်းမှတ်ပါ)

မှတ်ချက်။ ။

အထက်ပါပုဂ္ဂိုလ်စိတ်ရသည် ကာမဘုံသားများအတွက်သာ ဖြစ်သည်။ ရူပ အရူပ ဘုံသားများအတွက် နောက်မှာပြပါမည်။

ဘူမိဝိဘာဂခေါ်ရပုံ

ဘုံအားဖြင့် ရသင့်ရထိုက်သော ဝီထိစိတ်တို့ကို ခွဲခြားဝေဘန်၍ ပြရာစကားရပ်ကို ဘူမိဝိဘာဂဟုခေါ်သည်။ (ဘုံ၌စိတ်ရဟုခေါ်သည်။)

ဝီထိစိတ် (၈၀) စိတ်တစ်ခုယုတ် (၉၀) မှာ မဟဂ္ဂုတ်ဝိပါက် (၉) ခုကြဉ်သော ကျန် (၈၀) သော စိတ်ကို ဝီထိစိတ်ဟုခေါ်သည်။ ထို (၈၀) သောဝီထိစိတ်တို့သည် ကာမဘုံ၌ထိုက်သည့်အား လျော်စွာရပါသည်။။

ရခြင်းအကြောင်းကား။ ။ဒွါရခြောက်ပါးလုံးနှင့် အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ထိုကာမဘုံ၌ ဖြစ်သင့်သောကြောင့် အလုံးစုံသော ဝီထိစိတ်တို့ကို ကာမဘုံ၌ ရပါသည်။

အသညသတ်ကြဉ်သော ရူပဘုံ၌ ဒေါသမူဒွေနှင့် တဒါရုံကိစ္စတပ်သော မဟာဝိပါက်စိတ် (၈) ပါး မရနိုင်ပါ။

အရူပဘုံ၌ သောတာပတ္တိမဂ်စိတ် (၁) ပါး ရူပစိတ် (၁၅) ပါးအောက်ဖြစ်သော အရူပစိတ်များ မရနိုင်ပါ။

မိမိဆိုင်ရာဘုံ၌ဖြစ်သော စိတ်များသာရပါသည်။ မည်သည့်ဘုံ၌မဆို ထိုထိုပသာဒမရှိသူ သန္တာန်၌ ထိုထိုပသာဒဒွါရနှင့် စပ်သော ဝီထိစိတ်များမရထိုက်ဟု မှတ်ပါ။

ရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရ

ဃာနဝိညာဏ်ဒွေ ဇိဝှါဝိညာဏ်ဒွေ ကာယဝိညာဏ်ဒွေ ဒေါသမူဒွေ ဟသိတုပ္ပါဒ်ကြဉ်သော အသောဘနစိတ် (၂၁) ပါး ရူပဝိပါက်စိတ် (၅) လောကီကုသိုလ်စိတ် (၁၇) ပါး ပေါင်း (၄၃) ပါး သည် ရူပတိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်။

ဆောင်ပုဒ်။ ဈာ ဇီ ကာ ဒေါ ဟသိပယ်ပြန် အသောဘန ကျန်ထသဗ္ဗ ရူပဝိပါက်လောကီ ကုသလံ၊ လေးဆဲ့သုံး သိမ်းကြုံးတိရူပံ။

မေး။ ရူပသောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ စိတ်ရတို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ ဈာနဝိညာဏ်ဒွေ ဇိဝှါဝိညာဏ် ဒွေ ကာယဝိညာဏ်ဒွေ ဒေါသမူဒွေ ဟသိတုပ္ပါဒ် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါး ဝိစိကိစ္ဆာကြဉ်သော ကျန်အသောဘနစိတ် (၁၆) ပါး ရူပဝိပါက်စိတ် (၅) ပါးလောကီကုသိုလ်စိတ် (၁၇) ပါး သောတာပတ္တိ မဂ်စိတ် (၁) ပါး ပေါင်း (၃၉) ပါးသည် သောတာပန်ပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်။ သကဒါဂါမ်ဖြစ်က သောတာပတ္တိမဂ်စိတ် အစားသကဒါဂါမ်မဂ်စိတ် လဲလှယ်ထည့်ပါ။ သို့မဟုတ်ဖိုလ်စိတ် ထည့်ပါ။ အနာဂါမ်လည်း နည်းတူမှတ်ပါ။

ဆောင်ပုဒ်။ ဈာ ဇီ ကာ ဒေါ ဟသိပယ်ပြန် ဒိဋ္ဌသံဝိစိနှုတ်ဘိအမှန် အသောဘန ကျန်ထသဗ္ဗံ၊ ရူပဝိပါက် လောကီကုသလံ၊ သုံးဆဲ့ကိုး ရရှိုးသသောနာမ် ကိုယ့်ဖိုလ်လဲ မလွဲထည့် အမှန်။

ရူပရဟန္တာပုဂ္ဂိုလ်၏စိတ်ရ

ဈာနဝိညာဏ်ဒွေ ဇိဝှါဝိညာဏ်ဒွေ ကာယဝိညာဏ်ဒွေ ကြဉ်သောကျန်အဟိတ်စိတ် (၉) ပါး ရူပဝိပါက်စိတ် (၅) ကြိယာစိတ် (၂၀) အရဟတ္တဖိုလ် (၁) ပါးပေါင်း (၃၅) ပါး သည် ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်။

ဆောင်ပုဒ်။ ဈာန ဒိဆပယ်ပြီး၍သာ ရူအဟိတ်ဝိ တစ်ဆဲ့လေးပါ ကြိဝိသ ဖလတစ်ဖြာ သုံးဆဲ့ငါး ရငြားရဟန္တာ။

အရူပတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏စိတ်ရ

ဒေါသမူဒွေးကြဉ်သော ကျန်အကုသိုလ်စိတ် (၁၀) ပါး၊ မနောဒွါရာဝဇ္ဇန်း (၁) ပါး မဟာကုသိုလ်စိတ် (၈) ပါး အရူပကုသိုလ် စိတ် (၄) အရူပဝိပါက်စိတ် (၄) ပါး ပေါင်း (၂၇) ပါးသည် အရူပတိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်

http://www.dhammadownload.com

ဆောင်ပုဒ်။ ဒေါသပယ်ပြစ်အကု (၁၀) အရူကုဝိမနောတစ်သွယ်၊ မဟာကုရှစ်သတ္တဝီရယ် အရူပ ရကြတိပုဝယ်။

(အရူပသောတာပန်၊ သကဒါဂါမ်အနာဂါမ်ပုဂ္ဂိုလ်တို့၏ စိတ်ရ)

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါး ဒေါသမူဒွေ့, ဝိစိကိစ္ဆာ ကြဉ်သော ကျန်အကုသိုလ်စိတ် (၅) ပါး မနောဒွါရာဝဇ္ဇန်း (၁) မဟာကုသိုလ်စိတ် (၈) ပါး အရူပကုသိုလ်စိတ် (၄) အရူပဝိပါက်စိတ် (၄) သောတာပတ္တိဖိုလ်စိတ် (၁) ပါး ပေါင်း (၂၃) ပါး သည် သောတာပန် ပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်။ (သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်များအတွက် ကိုယ့်ဆိုင်ရာမဂ်ဖိုလ်လဲထည့်ပါ)

ဆောင်ပုဒ်။ ဒိဋ္ဌိသံဒေါဝိပယ်ဘိအမှန် အကုသလကျန်ထသဠံ၊ အရူကုဝိမနောထည့်ပြန် မဟာကုရှစ်ထည့်စွက်အမှန်၊ တေဝီသ ရကြ သ, သော, နာမ် ကိုယ်ဖိုလ်လဲ မလွဲ ထည့်အမှန်။

အရူပရဟန္တာပုဂ္ဂိုလ်၏စိတ်ရ

မနောဒွါရာဝဇ္ဇန်း (၁) မဟာကြိယာစိတ် (၈) ပါးအရူပဝိပါက်စိတ် (၄) ပါး အရူပကြိယာစိတ် (၄) ပါး အရဟတ္တဖိုလ်စိတ် (၁) ပါး ပေါင်း (၁၈) ပါး အရူပရဟန္တာပုဂ္ဂိုလ်၏ စိတ်ရဖြစ်သည်။

ဆောင်ပုဒ်။ ရှစ်မဟာကြိမနောထည့်ပါ အရူဝိပါက်ကြိစွက်ပါ၊ အရဟတ္တဖိုလ်ထည့် ဆဲ့ရှစ်ရှိရာ၊ အရူပရကြရဟန္တာ။

အသီတိဝီထိစိတ္တာနိကာမေအရ ကာမ (၁၁) ဘုံ၌ မဟဂ္ဂုတ်ဝိပါက် (၉) ခုကြဉ်သော ကျန် (၈၀) သော ဝီထိစိတ်များကို ထိုက်သည့်အားလျော်စွာ ရပါသည်။
ရူပစတုသဋ္ဌိအရ ဒေါသမူဒွေ့ကြဉ်သော အကုသိုလ်စိတ် (၁၀) ပါး

http://www.dhammadownload.com

ဃာနဝိညာဏ်ဒွေ ဇိဝှါဝိညာဏ်ဒွေ ကာယဝိညာဏ်ဒွေကြဉ်သော အဟိတ်စိတ် (၁၂) ပါး မဟာကုသိုလ်စိတ် (၈) ပါး မဟာကြိယာစိတ် (၈) ပါး မဟဂ္ဂုတ်ကုသိုလ်စိတ် (၉) ပါး မဟဂ္ဂုတ်ကြိယာစိတ် (၉) ပါး လောကုတ္တရာစိတ် (၈) ပါး ပေါင်း (၆၄) ပါးသော စိတ်တို့သည် အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ ထိုက်သည့် အားလျော်စွာ ရကြပါသည်။

(အသညသတ်ဘုံ၌ မည်သည့်ဝီထိစိတ်မျှမရကြပါ)

အရူပဒွေစတ္တာလီသအရ အရူပ (၄) ဘုံ၌ ဒေါသမူဒွေးကြဉ်သော အကုသိုလ်စိတ် (၁၀) ပါး မနောဒွါရာဝဇ္ဇန်း (၁) မဟာကုသိုလ်စိတ် (၈) ပါး မဟာကြိယာစိတ် (၈) ပါး အရူပကုသိုလ်စိတ် (၄) ပါး အရူပကြိယာစိတ် (၄) ပါး သောတာပတ္တိမဂ်စိတ်ကြဉ်သော လောကုတ္တရာစိတ် (၇) ပါး ပေါင်း (၄၂) ပါးသော စိတ်တို့သည် အရူပ (၄) ဘုံ၌ ထိုက်သည့်အားလျော်စွာ ရကြပါသည်။

ဣစ္စေဝံဆဒွါရိက စိတ္တပ္ပဝတ္တိစသော စကားရပ်သည်ဆိုခဲ့ ပြီးသောနည်းအရ (၆) ဒွါရ၌ ဖြစ်သော ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် တစ်ဝီထိနှင့် တစ်ဝီထိအကြား၌ ဘဝင်ခြားလျှက်ဆက်ခါ ဆက်ခါ အသက်ရှည်သမျှကာလပတ်လုံး မပြတ်မစဲတစ်ဖွဲဖွဲဖြစ်ကြပါသည်။

ဆောင်ပုဒ်။ မဟဂ်ဝိကြဉ်ဘိ ဝီထိ (၈၀) ကာမဘုံထဲရမြဲမှတ်ဘွယ်၊ ဒေါ, ဃာနာဒိ, မဟာဝိထပ်ပယ် စတုသင်္ဂ ရအပ်ရူပဝယ်။

လောဘမူမော ဝုဋ္ဌော တစ်တန် မဟာကုကြိ၊ ကုကြိအရူပ် လောကုတ္တရသတ္တ၊ ယူရန်၊ ဒွေစတ္တာ၊ ရပါ အရူပ်။

(ဝီထိပိုင်း မှတ်စုပြီးပါပြီ)

http://www.dhammadownload.com

ဝီထိမုတ်ပိုင်းမှတ်သားဘွယ်

ဝီထိမုတ်ပိုင်းခေါ်ရပုံ

ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စတပ်သော (၁၉) ပါးသော စိတ်ကို ဝီထိမုတ်ဟု ခေါ်သည်။ ထိုဝီထိ မုတ်စိတ်တို့ကို ပြရာအပိုင်းအခဏ်းကို ဝီထိမုတ်ပိုင်းဟု ခေါ်သည်။

တနည်းကား ဘုံစဉ်ဘုံနန်းတို့ကို တခမ်းတနားပြရာဖြစ်သောကြောင့် ဘုံပိုင်းဟုလည်းခေါ်ကြ၏။

ဝီထိစိတ္တဝသေနေဝံ (ပ) ဒါနိဝုစ္စတိဟူသောဂါထာဖြင့် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြသည်။

အခြေခံအကျဉ်းချုပ် မာတိကာ စတုက္က (၄) မျိုး

၁။ ဘူမိစတုက္က ဘုံ (၄) မျိုး

၂။ ပဋိသန္ဓိစတုက္က ပဋိသန္ဓေ (၄) မျိုး

၃။ ကမ္မစတုက္က ကံ (၄) မျိုး

၄။ မရဏုပ္ပတ္တိစတုက္က သေခြင်း (၄) မျိုး ပေါင်းစတုက္က (၄) မျိုးတို့ကို သိထိုက်၏။

ဘုံ (၄) မျိုး ၁။ အပါယ်ဘုံ ၂။ ကာမသုဂတိဘုံ ၃။ ရူပါဝစရဘုံ ၄။ အရူပါဝစရဘုံ ဟူ၍ ဘုံ (၄) မျိုးသတ္တဝါတို့၏ နေရာဖြစ်ရာ ဌာနကို (ဘူမိ) ဘုံဟု ခေါ်သည်။

ကုသိုလ်ကောင်းမှုများစွာ ပြုခွင့်မရသော ဘုံကိုအပါယ်ဘုံဟု ခေါ်သည်။

အပါယ်ဘုံသည် ၁။ ငရဲဘုံ ၂။ တိရစ္ဆာန်ဘုံ ၃။ ပြိတ္တာဘုံ ၄။ အသုရကာယ်ဘုံဟူ၍ အပါယ် (၄) ဘုံ။ ငရဲဘုံသည် သိဉ္ဇိုင်း ၂။ ကာဠသုတ် ၃။ သံဃာတ ၄။ ရောရုဝ ၅။ မဟာရောရုဝ ၆။ တာပန ၇။ မဟာတာပန ၈။ အဝီစိငရဲဟူ၍ ငရဲကြီးရှစ်ထပ်ရှိ၏။

မြေပြင်မှအောက်ယူဇနာတစ်သောင်းငါးထောင်ဝေးကွာသော အရပ်မှစ၍ တစ်ထပ်နှင့် တစ်ထပ် တစ်သောင်းငါးထောင်စီဝေးကွာလျှက် အထက်အောက်တည်နေ၏။

ငရဲကြီးရှစ်ထပ်တို့တွင် တစ်ထပ်တစ်ထပ်၌ ၁။ ဘင်ပုတ်ငရဲ ၂။ ပြာပူငရဲ ၃။ လက်ပန်တောငရဲ

http://www.dhammadownload.com

၄။ သံလျက်ရွက်တောငရဲ ၅။ ကြိမ်ပိုက်ချောင်းငရဲဟူသော ဥဿဒ ငရဲငယ်ငါးခုတို့က ဝန်းရံတည်နေ၏။ (ဒေဝဒူတသုတ်ပါဠိတော်)

ဆောင်ပုဒ်။ သိဥ္စိုဝ်းကာဠ သံဃာတ ဒွယရောရုဝ၊ တာပန ဒွိ'အဝီစိ၊ တည်ရှိငရဲရှာ၊ သောင်းငါး ထောင်စီ၊ သချာညီ ရှစ်လီငရဲရှာ၊ အထပ်တိုင်းမှာ ဘင်, ပြာ, လက်, သန်, ကြိမ် ပိုက်ရံ၊ ငါးတန်ဥဿဒ တည်နေကြ၏။

(မှတ်ချက်)။ အချို့ကလက်ပန်တောငရဲ မပြမူ၍ ဥဿဒငရဲငယ်လေးထပ်ကို ပြသည်ဟုမှတ်ပါ။

တိရစ္ဆာနယောနိ- လူနတ်တို့ကဲ့သို့ မတ်တတ်ထောင်၍ မသွားဘဲ ဖီလာကန့်လန့်အလျား လိုက်သွားတတ်သော သတ္တဝါ ပေါင်းကို၊ တနည်းမဂ်ဖိုလ်မှ ဖီလာကန့်လန့်သွား သော သတ္တဝါတွေကို တိရစ္ဆာန်ဟု ခေါ်သည်။

တိရစ္ဆာန်မျိုးတို့၏ ပေါင်းစုရ၍ အပြုံနေရာအရပ်ကိုပင် တိရစ္ဆာန်ဘုံဟုခေါ်သည်။ ဘုံသီးခြား မရှိပါ။

ပေတ္တိဝိသယ - ချမ်းသာသုခမှ ကင်းဝေးသော တစ္ဆေ မှင်စာ၊ ဘီလူး၊ သားရဲသားဘက်၊ အစိမ်း စသော အမျိုးမျိုးသော သတ္တဝါတွေကို ပြိတ္တာဟု ခေါ်သည်။ ဘုံသီးခြားမရှိ။ ပြိတ္တာတို့၏ နေရာအရပ်ကိုပင် ပြိတ္တာဘုံဟုခေါ်သည်။

အသုရကာယ ဟူသည် ပြိတ္တာအကြီးစားတို့အပေါင်းကို ဆိုသည်။ (နတ်အသုရာကို မယူရပါ) ဘုံလည်းသီးခြားမရှိပါ။ အသုရာအပေါင်းတို့၏ နေရာကိုပင် အသုရကာယ်ဘုံခေါ်သည်။

ကာမသုဂတိ (၇) ဘုံ

ကာမတဏှာနှင့်တကွ ဖြစ်သော ကောင်းသောလားရောက်ရာဘုံကို ကာမသုဂတိဟု ခေါ်သည်။

၁။ လူ့ဘုံ ၂။ စတုမဟာရာဇ်ဘုံ ၃။ တာဝတိံသာဘုံ ၄။ ယာမာဘုံ ၅။ တုသိတာဘုံ ၆။ နိမ္မာနရတိဘုံ ၇။ ပရနိမ္မိတဝသဝတ္တိဘုံ ပေါင်း ကာမသုဂတိ (၇) ဘုံ၊ တစ်ဘုံနှင့်တစ်ဘုံ ယူဇနာအားဖြင့် သောင်းနှစ်ထောင်စီဝေးကွာ၏။

ဆောင်ပုဒ်။ လေးသောင်းနှစ်ထောင်ဆောင်လေယူဇနာ၊ လူ့ရွာနှင့်စပ် နတ်ခြောက်ရပ်၊ ဝေးလတ်သီးသီးသာ။

http://www.dhammadownload.com

အပါယ် (၄) ဘုံ ကာမသုဂတိ (၇) ဘုံ ပေါင်း (၁၁) ဘုံကို ကာမဘုံဟု ခေါ်သည်။ (ခန္ဓာ ငါးပါးလုံး ဖြစ်ရာဘုံ ပဥ္စဝေါကာရ)

ရူပါဝစရဘုံသည် (၁၆) ဘုံရှိသည် အသညသတ်ဘုံ ကြဉ်သော ကျန် (၁၅) ဘုံသည် ခန္ဓာ (၅) ပါးဖြစ်၏။ (ပဥ္စဝေါကာရ) အသညသတ်ဘုံသည်ခန္ဓာ (၁) ပါး ဖြစ်သောဘုံဖြစ်သည်။ (ဧကဝေါဟာရ)

၁။ ဗြဟ္မပါရိ သဇ္ဇာဘုံ — အခြွေအရံအလုပ်အကျွေး ဗြဟ္မာဘုံ

၂။ ဗြဟ္မပုရောဟိတာဘုံ — အတိုင်ပင်ခံပုရောဟိတ်ဗြဟ္မာများ

၃။ မဟာဗြဟ္မာဘုံ အစိုးရဗြဟ္မာကြီးများ

ပေါင်းပဌမစျာန် (၃) ဘုံ

၁။ ပရိတ္တာဘာဘုံ — နည်းသောအရောင်ရှိသော ဗြဟ္မာများ

၂။ အပ္ပမာဏာဘာဘုံ — အတိုင်းမသိအရောင်ရှိသော ဗြဟ္မာများ

၃။ အာဘဿရာဘုံ — တစ်လျှပ်တစ်လျှပ် အရောင်ရှိသော ဗြဟ္မာများ

ပေါင်း ဒုတိယစျာန် (၃) ဘုံ

၁။ ပရိတ္တသုဘာဘုံ — နည်းသော တစ်ခဲနက်အရောင်ရှိသော ဗြဟ္မာများ

၂။ အပ္ပမာဏသုဘာဘုံ - အတိုင်းမသိတစ်ခဲနက်အရောင်ရှိသော ဗြဟ္မာများ

၃။ သုဘကိဏှာဘုံ — ကောင်းမြတ်သော အရောင်အပေါင်းတို့ဖြင့် ပြွန်းလျှက်ရှိသော ဗြဟ္မာများ

ပေါင်း တတိယစျာန် (၃) ဘုံ

၁။ ဝေဟပ္ဖိုလ်ဘုံ — စျာန်၏ အာနုဘော်ကြောင့် ဖြစ်သော ပြန့်ပြောသော အကျိုးရှိသော ဗြဟ္မာများ

၂။ အသညသတ်ဘုံ — သညာနှင့်တကွနာမ်ခန္ဓာတို့ မရှိသော သတ္တဝါဖြစ်သော ဗြဟ္မာများ သုဒ္ဓါဝါသာ စင်ကြယ်သောအနာဂါမ်ရဟန္တာ ဗြဟ္မာတို့၏ နေရာဘုံ တည်း။

သုဒ္ဓါဝါသ (၅) ဘုံ

၁။ အဝိဟာ — မိမိဘုံဌာနကို ခေတ္တခဏဖြင့် မစွန့်ကြဘဲ ကမ္ဘာပေါင်း အတော်ကြာအောင် တည်ကြသောဗြဟ္မာများ

၂။ အတပ္ပါ — မည်သည့်အကြောင်းကြောင့်မျှ မပူပန်ရဘဲ အလွန်အေးမြသော ဗြဟ္မာများ

၃။ သုဒဿာ — အလွန်လှပတင့်တယ်ကြသဖြင့် ချမ်းသာစွာရှုစားအပ်သော ဗြဟ္မာများ

၄။ သုဒဿီ — သည်းခြေသလိပ်သွေးပြည် အစရှိသောဘေးကင်းလျှက် အလွန်စင်ကြယ်သော စက္ခုဝိညာဏ်ဖြင့် တစ်ပါးသူကိုချမ်းသာစွာ ရှုသော ဗြဟ္မာများ

၅။ အကနိဋ္ဌာ — လွန်ကဲသော စည်းစိမ်ဂုဏ်သိရ်ရှိသဖြင့် စည်းစိမ်ဂုဏ်သိရ်သေးငယ်မှု မရှိသော ဗြဟ္မာများ

ဝေဟပ္ဖိုလ် အသညသတ် သုဒ္ဓါဝါသ ၅ ဘုံပေါင်း စတုတ္ထဈာန် (၇) ဘုံ

အရူပါဝစရဘုံသည်

၁။ အာကာသာနဉ္စာယတနဘုံ ၂။ ဝိညာနဉ္စာယတနဘုံ
၃။ အာကိဉ္စညာယတနဘုံ ၄။ နေဝသညာနာသညာယတနဘုံ ဟုလည်းခေါ်သည်။

ပေါင်းအရူပ (၄) ဘုံ နာမ် ခန္ဓာ (၄) ပါးဖြစ်၏။ ရုပ်ခန္ဓာ မဖြစ် (စတုဝေါကာရဘုံ)

ပဌမဈာန် (၃) ဘုံ ဒုတိယဈာန် (၃) ဘုံ တတိယဈာန် (၃) စတုတ္ထဈာန် (၇) ဘုံ ပေါင်း ရူပ (၁၆) ဘုံ၊ အရူပ (၄) ဘုံ၊ ပေါင်း ဗြဟ္မာဘုံ (၂၀)၊ ကာမ (၁၁) ဘုံ ပေါင်း (၃၁) ဘုံဖြစ်သည်။

သုဒ္ဓါဝါသငါးဘုံတို့၌ ပုထုဇဉ်၊ သောတာပန် သကဒါဂါမ် တို့သည် အခါခပ်သိမ်းမရအပ်ကုန်။ အပါယ် (၄) ဘုံ အသညသတ်ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့သည် မရအပ်ကုန်။ သုဒ္ဓါဝါသ

http://www.dhammadownload.com

(၅) ဘုံ၊ အပါယ် (၄) ဘုံ၊ အသညသတ် အသညသတ်ဘုံတို့မှ ကြွင်းသော (၂၁) ဘုံတို့၌ အရိယာပုဂ္ဂိုလ် (၈) ယောက် သုဂတိအဟိတ် ဒွိဟိတ် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် (၃) ယောက်တို့သည် ရအပ်ကုန်၏။

(ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်ရှိပုံကို ဝီထိပိုင်း၌ပြခဲ့ပြီ)

(၃၁) ဘုံ၌ ပုဂ္ဂိုလ်အပြားရနိုင်ပုံ

အပါယ် (၄) ဘုံ၌ ဒုဂ္ဂတိ ပုဂ္ဂိုလ်အမျိုးအစားအားဖြင့် ဒုဂ္ဂတိအဟိတ်တစ်ယောက်စီသာ ရသည်။ (၄) ဘုံဖြစ်သောကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် (၄) ယောက်ရ၏။

လူ့ဘုံ စတုမဟာရာဇ်ဘုံတို့၌ ပုဂ္ဂိုလ်အမျိုးအစားအားဖြင့် ဒုဂ္ဂတိအဟိတ်ကြဉ်သော ကျန်ပုဂ္ဂိုလ် (၁၁) ယောက်စီရသည်။ နှစ်ဘုံဖြစ်သောကြောင့် ပုဂ္ဂိုလ် (၂၂) ယောက် ရသည်။

တာဝတိံသာစသော အထက်နတ်ငါးဘုံ၌ ပုဂ္ဂိုလ်အမျိုးအစား ဒုဂ္ဂတိအဟိတ်သုဂတိအဟိတ်ကြဉ်သော ကျန်ပုဂ္ဂိုလ် (၁၀) ယောက်စီရသည်။ ငါးဘုံဖြစ်သောကြောင့် ပုဂ္ဂိုလ် (၅၀) ယောက်ရ၏။

ပဌမစျာန် (၃) ဘုံ ဒုတိယစျာန် (၃) ဘုံ တတိယစျာန် (၃) ဘုံ ဝေဟပ္ဖိုလ် ဘုံတို့၌ ပုဂ္ဂိုလ်အမျိုးအစားဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ် (၃) ယောက် ကြဉ်သော ကျန်ပုဂ္ဂိုလ် (၉) ယောက်စီရသည်။ ဆယ်ဘုံဖြစ်သောကြောင့် (၉၀) ယောက်ရသည်။

အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ်တစ်ယောက်သာရပါသည်။

သုဒ္ဓါဝါသ ငါးဘုံတို့၌ ပုဂ္ဂိုလ်အမျိုးအစားများမှာ- အနာဂါမိဖိုလ် ပုဂ္ဂိုလ် အရဟတ္တမဂ်ပုဂ္ဂိုလ် အရ ဟတ္တဖိုလ် ပုဂ္ဂိုလ်အားဖြင့် (၃) ယောက်စီရသည်။ ငါးဘုံဖြစ်သောကြောင့် ပုဂ္ဂိုလ် (၁၅) ယောက်ရ၏။

အရူပ (၄) ဘုံတို့၌ ပုဂ္ဂိုလ်အမျိုးအစားများမှာ- တိဟိတ်ပုထုဇဉ် (၁) ယောက် သောတာပတ္တိမဂ် ပုဂ္ဂိုလ်ကြဉ်သော ကျန်အရိယာပုဂ္ဂိုလ် (၇) ယောက်စီရသည် (၄) ဘုံဖြစ်သောကြောင့် ပုဂ္ဂိုလ် (၃၂) ယောက်ရ၏။

(၃၁) ဘုံတို့၌ ပုဂ္ဂိုလ်ပေါင်း (၂၁၄) ယောက်ရပါသည်။

http://www.dhammadownload.com

ဆောင်ပုဒ်။ ၁။ ပယ်ဒုတစ်ရ လူနတ်စ ဒုပယ်ဆဲ့တစ်စီ

၂။ ထက်ဘုံနတ်ဝယ် ဒု သု ပယ် ဆယ်ဆယ်ငါးရပ်မှီ။

၃။ ပ ဒု တ ဝေ ဆယ်ဘုံနေ ပယ်လေ ဒု သု ဒွီ။

၄။ သညသုသာ သုဒ္ဓါဝါ ရိယာ ခေါင်သုံးစီ။

၅။ အရူပဝယ် စမဂ်ပယ်တိဆွယ် ရှစ်ယောက်မှီ။

၆။ ပုဂ္ဂိုလ်အပြား ဝါကရား မှတ်သားကျမ်းအညီ။

ပဋိသန္ဓိစတုက္က

၁။ အပါယ်ပဋိသန္ဓေ ၂။ ကာမသုဂတိပဋိသန္ဓေ

၃။ ရူပဝစရ ပဋိသန္ဓေ ၄။ အရူပါဝစရ ပဋိသန္ဓေ ဟူ၍ ပဋိသန္ဓေ (၄) မျိုး

၁။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ဘုံ၌ ပဋိသန္ဓေယူခြင်းကိစ္စ၊ ဘဝင်အယဉ်ဖြစ်ခြင်းကိစ္စ၊ စုတိသေခြင်းကိစ္စတပ်၍ ဖြစ်၏။ လည်းကောင်း စိတ်ကို ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ စိတ်ဟုခေါ်သည်။ တဘဝ၌ စိတ်စေတသိက်တို့နှင့် ကမ္မဇရုပ်တို့၏ အစဆုံးဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းဟု ခေါ်သည်။

ပဋိသန္ဓေခဏမှ နောက်ဝီထိစိတ်မဖြစ်သမျှ ဘဝင်ကိစ္စတပ်၍ဖြစ်၏ ဘဝတုံး၍ ဆုံးသည်အခါသေသည့်အခါ စုတိကိစ္စတပ်၍ ဖြစ်သည်။ တစ်ဘဝ၌ ပဋိသန္ဓေဘဝင်စုတိကိစ္စတပ်သောစိတ်သည် စိတ်တစ်မျိုးတည်းသာ ဖြစ်ရိုးရှိ၏။

၂။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ဇစ္စန္ဓစသော လူနှင့်အချို့သော ဝိနိပါတိက အသုရာတို့၏ သန္တာန်၌ ပဋိသန္ဓေယူခြင်းကိစ္စဘဝင်ကိစ္စ စုတိကိစ္စတပ်လျှက်ဖြစ်၏။ ၎င်းစိတ်ကို သုဂတိအဟိတ်ပဋိသန္ဓေဟုခေါ်သည်။

ဇစ္စန္ဓာဒိ၌ အာဒိအရ ဇစ္စဗဓိရ ပဋိသန္ဓေအားဖြင့် နားထိုင်းသူ ဇစ္စမူဂ - ပဋိသန္ဓေအားဖြင့် ဆွံ့အသူ၊ ဇစ္စဇဠ - ပဋိသန္ဓေအားဖြင့် ဆွံ့အပြီး တောင်မြောက်လေးထွေမသိသူ၊ ဇစ္စုမ္မတ္တက

http://www.dhammadownload.com

ပဋိသန္ဓေအားဖြင့် ရှုးနှမ်းသူ ပဏ္ဍုက်ဥဘတောဗျည်း၊ နပုံးပဏ္ဍုက် (မိန်မအင်္ဂါယောက်ျားအင်္ဂါမထင်ရှားသူ) မမွ - စကားတစ်ငင်ငင်အမြင်မပြတ်ဒရွတ်ဆွဲ၍ ပြောသူစသည်ကို ယူရပါသည်။

ဆောင်ပုဒ်။ ဇစ္စန္ဓာဒိ, သဒ္ဒါရှိဝယ်, အာဒိအရ, ဗဓိရနှင့် မူဂ, ဇဠာ

ဥမ္မတ္တာ ပဏ္ဍကော၊ ဥဘတောဗျည်း တစ်နည်းထုံးပြ နပုံသကပြင် မမ္မတွင်သည် လူစင်မမှီ လူမည်ကာသား၊ ထိုသူများကို သွယ်ပွားယူရလေသတည်း။

မဟာဝိပါက်စိတ် (၈) ခုတို့သည် ကာမသုဂတိ (၇) ဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်၍ဖြစ်၏။ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် (၁) ပါး မဟာဝိပါက်စိတ် (၈) ပါး ပေါင်း (၉) ပါးသည် ကာမသုဂတိပဋိသန္ဓေမည်၏။

အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ပဋိသန္ဓေမည်၏။ (ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ) ကာမသုဂတိ ပဋိသန္ဓေ (၉) ပါး အပါယ်ပဋိသန္ဓေ (၁) ပါး ပေါင်း (၁၀) ပါးသည် ကာမပဋိသန္ဓေမည်၏။

ကာမပုဂ္ဂိုလ်တို့၏ အသက်တမ်း

အပါယ် (၄) ဘုံသား လူ ဝိနိပါတိက အသုရာတို့သည် အသက်တမ်းအမြဲမရှိပါ။

အမြဲမရှိခြင်းအကြောင်းကား

တချို့သောပုဂ္ဂိုလ်တို့မှာ တစ်ရက်တစ်နံက်တစ်ခဏမျှ အသက်ရှည်၏။ အချို့ပုဂ္ဂိုလ်တို့မှာ အသင်္ချေတိုင်အောင် အသက်ရှည်သောကြောင့်တည်း။

ဆောင်ပုဒ်။ အပါယ်လူ ဇာတ်၊ ဝိနိပါတ်တို့၊ တစ်ချို့တစ်ရက်၊ တစ်နံက်မျှ၊ အသက်အသင်္ချေ တစ်ချို့နေ၊ မှတ်လေ သက်တမ်းမမြဲတည်း။

စတုမဟာရာဇ်နတ်များ၏ အသက်အတိုင်းအရှည်ကား စတုမဟာရာဇ်နတ်အရေအတွက်ဖြင့် နှစ်ပေါင်းငါးရာကြာ၏။ လူအရေအတွက်ဖြင့် နှစ်ပေါင်း (၉) သန်းကြာ၏။ (အသက်ရှည်၏)

တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်ကား ၎င်းတို့၏ အရေအတွက်ဖြင့်အနှစ်တစ်ထောင်ကြာ၏။ လူ့အရေအတွက်ဖြင့် နှစ်ပေါင်း (၃) ကုဋေ (၆) သန်းကြာ၏။

ယာမာနတ်တို့၏ အသက်အတိုင်းအရှည်ကား ၎င်းတို့၏ အရေအတွက်ဖြင့် အနှစ်နှစ်ထောင်ကြာ၏။ လူတို့၏အရေအတွက်ဖြင့် နှစ်ပေါင်း (၁၄) ကုဋေ (၄)သန်းကြာ၏။

တုသိတာနတ်တို့၏ အသက်အတိုင်းအရှည်ကား ၎င်းတို့၏ အရေအတွက်ဖြင့် အနှစ်လေးထောင်ကြာ၏။ လူတို့၏ အရေအတွက်ဖြင့် (၅၇) ကုဋေ (၆) သန်းကြာ၏။

နိမ္မာနရတိနတ်တို့၏ အသက်အတိုင်းအရှည်ကား ၎င်းတို့၏ အရေအတွက်ဖြင့် အနှစ် (၂၃၀) ကုဋေ (၄) သန်းကြာ၏။

ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်အတိုင်းအရှည်ကား ၎င်းတို့၏ အရေအတွက်ဖြင့် အနှစ်တစ်သောင်းခြောက်ထောင်ကြာ၏။ လူတို့အရေအတွက်ဖြင့် နှစ်ပေါင်း (၉၂၁) ကုဋေ (၆) သန်း ကြာ၏။ (အသက်ရှည်၏။)

(တတောစတုဂ္ဂုဏံ တာဝတိံသာနံ၌ စာတုမဟာရာဇ်နတ်တို့၏ အသက်ထက်တာဝတိံသာနတ်တို့၏ အသက်လေးဆတက်ပုံ - ယခုလူတို့အနှစ်ငါးဆယ်သည် စာတုမဟာရာဇ်နတ်ဘုံ၌ တစ်ရက်သာ ဖြစ်၏။ ထိုရက်ဖြင့် လနှစ်ဖွဲ့၍ အနှစ်ငါးရာသည် စာတုမဟာရာဇ်နတ်တို့၏ အသက်ဖြစ်သည်။

စာတုမဟာရာဇ်နတ်တို့ထက် တာဝတိံသာနတ်တို့သည် (၄) ဆ အသက်ရှည်၏။ ထို့ကြောင့် တာဝတိံသာနတ်တို့၏ အသက်ကိုစာတုမဟာရာဇ်တို့က လှမ်း၍ရေတွက်က နှစ်ပေါင်း (၂၀၀၀) အသက်ရှည်၏။ (၅၀၀) ကို (၄) နှင့် မြှောက်က နှစ်ပေါင်း (၂၀၀၀) ဖြစ်၏။ ထိုနှစ်ထောင်မှာ စာတုမဟာရာဇ်နတ်တို့၏ အရေအတွက်ဖြင့် နတ်သက် (၅၀၀) က တက်သော်လေးဆတက်ဖြစ်၏။ တာဝတိံသာနတ်တို့၏ တွက်ကိန်းဖြင့် ရေတွက်လျှင်နှစ်ပေါင်း (၁၀၀၀) ၁၀၀၀ အတိုင်းပင်အသက်ရှည်၏။

လူတို့တွက်ကိန်းဖြင့် ရေတွက်လျှင် ယခင် (၉) သန်းကို (၄) နှင့် မြှောက်က (၃) ကုဋေ (၆) သန်းကြာ၏။ ၎င်းနည်းအတိုင်း ယာမာဘုံစသည် (၄) ဆတက်ပုံတွက်တတ်ပါစေ။

http://www.dhammadownload.com

ပိဋကသင်္ချာနည်း

ကာဒိ ဋ္ဌာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ၊
ပဉ္စသင်္ချာ ပကာရာဒိ၊ သုညာနာမ သရ-ည-နာ။

အနက်။ ကာဒိ - ကအစ ဈအဆုံး အက္ခရာ (၉) လုံး တို့ကိုဒင်း၊ ဋ္ဌာဒိ - ဋ္ဌအစ ဓအဆုံးအက္ခရာ (၉) လုံးတို့ကိုဒင်း၊ ယကာရာဒိ - ယအစဋ္ဌအဆုံး အက္ခရာ (၉) လုံးတို့ကိုဒင်း၊ နဝသင်္ချာ ၁, ၂, ၃, ၄, ၅, ၆, ၇, ၈, ၉ သင်္ချာတို့ဟူ၍ ပကာသိကာ ပြအပ်ကုန်၏။

ပကာရာဒိ - ပအစ မအဆုံးအက္ခရာငါးလုံးတို့ကို ပဉ္စသင်္ချာ ၁, ၂, ၃, ၄, ၅ သင်္ချာတို့ဟူ၍၊ ပကာသိတာ ပြအပ်ကုန်၏။ သရ-ညနာ - သရရှစ်သွယ် န-ငယ်နှင့် ည တို့သည် သုညနာမ-သုညတို့မည်၏။

ပိဋကသင်္ချာဟူသမျှ နောက်ပြန်စဉ်၍ ချပါလေ။

ဆောင်ပုဒ်။ မ-ကိုဋ္ဌ-ခဲ ဝါ ဟ (နှင့်) တယာ၊ သုညာဒွေစ အောက်သုံးချ မှတ်ကြ နတ်ဘုံသက် (နတ်သက်)

သုညဒွေစ အစဆုံး၌ သုညနှစ်လုံးချ အောက်အတန်းများ၌ သုညသုံးလုံး စီချပါ။

ဈာန်စလာ ဝါဝါက စောသမ ဝင်းနုလာခါ၊ စောပုခေဋ္ဌာ ခြောက်သုညာ ညီညာထည့်စွက်၊ နတ်ခြောက်၊ ဘုံ လူက တွက် ဟော ဤမျှထွက်။ (လူအသက်)

တနည်းလူအသက်ဆောင်ပုဒ်

၉ မှာ စတု၊ ၃၆ ခုတာ၊ ၁ ၄ ၄ ဟု ဖြစ်မှုယာမာ၊
၅ ၇ ၆ ရှိ တုသိတာမှာ၊ ၆ လုံးစီ တိုးပြီ သုညမှာ၊
၂ ၃ ၀ ၄ ကနိမ္မာ၊ ၉ ၂ ၁ ၆ ဖြစ်ခြောက်ပရာ၊
သုည ၆ ခု တိုးပြုလေပါ၊ နတ်ဘုံသက်လူသက်ချင့်နှိုင်းစာ။

http://www.dhammadownload.com

ဘုံ	နတ်သက်	လူ့အသက်
စာတုမဟာရာဇ်	၅၀၀	၉၀၀၀၀၀၀
တာဝတိံသာ	၁၀၀၀	၃၆၀၀၀၀၀၀
ယာမာ	၂၀၀၀	၁၄၄၀၀၀၀၀၀
တုသိတာ	၄၀၀၀	၅၇၆၀၀၀၀၀၀
နိမ္မာနရတိ	၈၀၀၀	၂၃၀၄၀၀၀၀၀၀
ပရနိမ္မိတဝသဝတ္တိ	၁၆၀၀၀	၉၂၁၆၀၀၀၀၀၀

ရူပါဝစရပဋိသန္ဓေ

ရူပါဝစရပဌမစျာန်ဝိပါက်စိတ်သည် ပဌမစျာန်ဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ ဖြစ်၏။

ရူပါဝစရ ဒုတိယစျာန်ဝိပါက်စိတ်၊ တတိယစျာန်ဝိပါက်တို့သည် ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ ဖြစ်၏။

အဓိပ္ပါယ် = ဒုတိယစျာန်၊ တတိယစျာန်ဝိပါက်စိတ်တို့သည် ဒုတိယစျာန်၊ တတိယစျာန်တို့၌ အသီးအသီး မဖြစ်ပုံကား စတုက္ကနည်း၏ အစွမ်းဖြင့် ဒုတိယစျာန်ဘုံ၌သာ ဖြစ်ပါသည်။

ရူပါဝစရစတုတ္ထစျာန်ဝိပါက်စိတ်သည် တတိယစျာန်ဘုံ၌ ပဋိသန္ဓေဘဝင် စုတိကိစ္စတပ်၍ ဖြစ်၏။

ရူပါဝစရ ပဉ္စမစျာန်ဝိပါက်စိတ်သည် စတုတ္ထစျာန်ဘုံ၌ ပဋိသန္ဓေဘဝင် စုတိကိစ္စတပ်၍ဖြစ်၏။
ဇီဝိတနဝက ကလာပ်ရုပ်သည် အသညသတ်ဘုံ၌ ပဋိသန္ဓေဘဝင် စုတိကိစ္စတပ်၍ ဖြစ်၏။
(စိတ်၊ စေတသိက်များမရှိ၊ စုတိအခါ၌လည်း ရုပ်ဖြင့်သာ စုတိကျသည်)
ပေါင်း ရုပ်ပဋိသန္ဓေနှင့်တကွ ရူပပဋိသန္ဓေ ပေါင်း (၆) ပါးရှိ၏။

http://www.dhammadownload.com

ရူပဗြဟ္မာတို့၏ သက်တမ်း

ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာသည် အသင်္ချေယျကပ်၏။ သုံးပုံတစ်ပုံ အသက်ရှည်၏။
ဗြဟ္မပုရောဟိတာ ဗြဟ္မာသည်အသင်္ချေယျကပ်၏ ထက်ဝက်အသက်ရှည်၏။
မဟာဗြဟ္မာသည် အသင်္ချေယျတစ်ကပ်အသက်ရှည်၏။

အဓိပ္ပါယ် = ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿတတိယောဉ္ဇ ကပ္ပဿအရ အသင်္ချေယျကပ်ကို ယူရပါသည်။

ယူရခြင်းအကြောင်းကား

ပဥ္စမဈာန်သုံးဘုံတို့သည် တစ်ခုသောကပ်၌ မပျက်စီးခြင်း မည်သည်မရှိ ပျက်စီးသည်သာ ဖြစ်၍ ပြည့်စုံစွာဖြစ်သော မဟာကပ်၌ မဖြစ်သင့်သောကြောင့်တည်း။

ပရိတ္တာဘာဘုံ	မဟာကပ် (၂) ကပ် အသက်ရှည်၏။
အပ္ပမာဏာဘာဘုံ	မဟာကပ် (၄) ကပ် အသက်ရှည်၏။
အာဘဿရာဘုံ	မဟာကပ် (၈) ကပ် အသက်ရှည်၏။
ပရိတ္တသုဘာဘုံ	မဟာကပ် (၁၆) ကပ် အသက်ရှည်၏။
အပ္ပမာဏသုဘာဘုံ	မဟာကပ် (၃၂) ကပ် အသက်ရှည်၏။
သုဘကိဏှာဘုံ	မဟာကပ် (၆၄) ကပ် အသက်ရှည်၏။
ဝေဟပ္ဖိုလ်ဘုံနှင့်အသညသတ်ဘုံ	မဟာကပ် (၅၀၀) အသက်ရှည်၏
အဝိဟာဘုံ	မဟာကပ် (၁၀၀၀) ကပ် အသက်ရှည်၏။
အတပ္ပါဘုံ	မဟာကပ် (၂၀၀၀) ကပ် အသက်ရှည်၏။
သုဒဿာဘုံ	မဟာကပ် (၄၀၀၀) ကပ် အသက်ရှည်၏။
သုဒဿီဘုံ	မဟာကပ် (၈၀၀၀) ကပ် အသက်ရှည်၏။
အကနိဋ္ဌာဘုံ	မဟာကပ် (၁၆၀၀၀) ကပ် အသက်ရှည်၏။

http://www.dhammadownload.com

အရူပပဋိသန္ဓေ (၄) ပါး

အရူပ ပဌမ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် ပဌမ အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ဖြစ်၏။

အရူပဒုတိယဝိညာနဉ္စာယတနဝိပါက်စိတ်သည် ဒုတိယဝိညာနဉ္စာယတနဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ဖြစ်၏။

အရူပတတိယအာကိဉ္စညာယတနဝိပါက်စိတ်သည် တတိယအာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ဖြစ်၏။

အရူပစတုတ္ထနေဝသညာနာသညာယတနဝိပါက်စိတ်သည် စတုတ္ထနေဝသညာနာ သညာ ယတနဘုံ၌ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတပ်၍ဖြစ်၏။

အရူပဗြဟ္မာတို့၏ အသက်တမ်း

အကာသာနဉ္စာယတနဗြဟ္မာသည်	မဟာကပ် ၂၀၀၀၀ အသက်ရှည်၏။
ဝိညာနဉ္စာယတနဗြဟ္မာသည်	မဟာကပ် ၄၀၀၀၀ အသက်ရှည်၏။
အာကိဉ္စညာယတနဗြဟ္မာသည်	မဟာကပ် ၆၀၀၀၀ အသက်ရှည်၏။
နေဝသညာနာသညာယတနဗြဟ္မာသည်	မဟာကပ် ၈၄၀၀၀ အသက်ရှည်၏။

အမှာ။ ပဋိသန္ဓေစိတ်ပေါင်း (၁၉) ပါးရှိသည်။

ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေပေါင်း (၂၀) ရှိသည်။

ကာမပဋိသန္ဓေ (၁၀) ပါး ရူပပဋိသန္ဓေ (၅) ပါး အရူပပဋိသန္ဓေ (၄) ပါး၊ အသညသတ်ရုပ် ပဋိသန္ဓေ (၁) ပါး ပေါင်း (၂၀) ပါး။

တစ်ဘဝ၌တူမြဲတရားသုံးပါး

ပဋိသန္ဓေဘဝင်စ္စုတထာစဝနမာနသံစသော ဂါထာ၌ ဆိုလိုရင်းအဓိပ္ပါယ်။

ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်အံ့ ဘဝင်စုတိစိတ်တို့သည်လည်း ကာမဘဝင် ကာမစုတိစိတ်

http://www.dhammadownload.com

သာဖြစ်ရမည်။ (ရူပ အရူပလည်း ၎င်းအတိုင်းသိပါလေ) (ဘုံတူပုံ)

ပဋိသန္ဓေစိတ်သည် မဟာဝိပါက်ဖြစ်အံ့ ဘဝင်စုတိစိတ်တို့သည်လည်း မဟာဝိပါက်ဖြစ်ရမည်။ (ဤကားဇာတ်တူပုံ)

ပဋိသန္ဓေစိတ်သည် ဖဿစသောစေတသိက်တို့နှင့် ယှဉ်အံ့ ဘဝင်စုတိစိတ်တို့သည်လည်း ဖဿစသောစေတသိက်တို့နှင့် ယှဉ်ရမည်။ (ဤကားသမ္ပယုတ္တဓမ္မအားဖြင့်တူပုံ)

ပဋိသန္ဓေမဟာဝိပါက်အသင်္ခါရိကဖြစ်အံ့ ဘဝင်စုတိစိတ်တို့သည်လည်း မဟာဝိပါက် အသင်္ခါရိက စိတ်ဖြစ်ရမည်။ (ဤကားသင်္ခါရအားဖြင့်တူပုံ)

ပဋိသန္ဓေစိတ်သည် ကံကိုအာရုံပြုသည်ဖြစ်အံ့ ဘဝင်စုတိစိတ်တို့သည်လည်း ကံကိုအာရုံပြု ရမည်။ (ဤကားအာရုံတူပုံ)

ကမ္မစတုက္က

ကုသိုလ်အကုသိုလ်၌ရှိသော စေတနာကို ကံဟုခေါ်သည်။ ကံ (၄) မျိုးအပေါင်းကို ကမ္မစတုက္ကဟုခေါ်သည်။

၁။ ပဋိသန္ဓေ ပဝတ္တိအခါတို့၌ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်စေတနာသည် ဇနကကံမည်၏။

၂။ ဇနကကိုင်း ဇနကံ၏အကျိုးကိုင်း ပဝတ္တိအခါ၌သာ မြဲမြံခိုင်ခန့်တည်တန့်ဖွံ့ဖြိုးအောင် ထောက်ပံ့တတ်သော ကုသိုလ်အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။

၃။ ဇနကံ၏ အကျိုးကိုအားနည်းချိနဲ့မဖွံ့ဖြိုးအောင် ကပ်၍နှိပ်စက်တတ်သော ကုသိုလ် အကုသိုလ်ကံသည် ဥပပီဠက ကံမည်၏။

၄။ တပါးသောကံကို အကျိုးမပေးနိုင်အောင် ပေးပြီးသောအကျိုးများကိုလည်း ပြတ်အောင်သတ် ဖြတ်တတ်သော ကုသိုလ် အကုသိုလ်ကံသည် ဥပဃာတက ကံမည်၏။

(တစ်ပါးသောကံ၏ အကျိုးကိုဖြတ်၍ မိမိ၏အကျိုးကိုပေးတတ်သောကံကို ဥပဃာတက ကံဟုဆိုလိုသည်) ဤသို့ ကိစ္စနှင့်စပ်၍ ကိစ္စ၏အစွမ်းဖြင့် ကံ (၄) မျိုး။

၁။ တစ်ပါးသောကံများမတားမြစ်နိုင်ဘဲ စုတိ၏ အခြားမဲ့၌ အကျိုးပေးနိုင်သော အလွန်ပြစ်ကြီး အလွန်အာနုဘော်ကြီးသောကံသည် ဂရုကကံမည်၏။

ဂရုကံသည် ကုသိုလ်အရာ၌ **မဟဂ္ဂုတ်ကံ** ကိုယူပါ။

http://www.dhammadownload.com

အကုသိုလ်အရာ၌ **ပဉ္စာနန္တရိယကံငါးပါး** နှင့် **နိယတမိစ္ဆာဒိဋ္ဌိကံ** ကိုယူပါ။

၂။ သေခါနီးကာလ၌ ပြုအပ်သော ကုသိုလ်အကုသိုလ်ကံသည်၎င်း၊ ရှေးကပြုခဲ့ပြီး၍ သေခါနီး ကာလ၌အောက်မေ့အပ်သော ကုသိုလ်အကုသိုလ်ကံသည်၎င်း အာသန္နကံမည်၏။

၃။ အမြဲမပြတ်လေ့ကျက်အပ်သော ကုသိုလ်အကုသိုလ်ကံသည်၎င်း တစ်ကြိမ်နှစ်ကြိမ် ပြုဘူး၍ အမြဲမပြတ်အောက်မေ့အပ်သော ကုသိုလ်အကုသိုလ်ကံသည်၎င်း အာစိဏ္ဏကံ မည်၏။

၄။ ဂရုကံစသော ကံအဖြစ်သို့ မရောက်မူ၍ ပြုကာမျှသာဖြစ်သော ကံဟူ၍ဆိုရုံမျှသာဖြစ် သော ကံသည် ကဋတ္တာကံမည်၏။

အမှာ။ ၎င်းကံသည် ဂရုကံစသော ကံကြီးများရှိက အကျိုးမပေးနိုင်ပါ။ မရှိပါက အာသေဝန ပစ္စည်းကို ရသော် အကျိုးပေးနိုင်သေး၏။

ဤသို့ အကျိုးပေးသောအစဉ်အလှည့်အကြိမ်ဖြင့် ကံ (၄) မျိုး။

၁။ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ခံစားအပ်သည်ဖြစ်၍ အကျိုးပေးသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

၂။ အခြားမဲ့ဒုတိယဘဝ၌ ခံစားအပ်သည်ဖြစ်၍ အကျိုးပေးသောကံသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

၃။ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအတွင်း၌ အကျိုးပေးသောကံသည် အပရာပရိယ ဝေဒနီယ ကံမည်၏။

၄။ အကျိုးပေးဆဲလည်းမဟုတ်ပေး ပြီးလည်းမဟုတ် ပေးလတ္တံ့လည်းမဟုတ် လုံးလုံးအကျိုးမပေး သော ကံသည် အဟောသိကံမည်၏။

ဤသို့အကျိုးပေးရာကာလ၏အစွမ်းဖြင့် ကံ (၄) မျိုး ပြား၏။

၀

၁။ အပါယ်ဘုံ ၂။ ကာမသုဂတိဘုံ ၃။ ရူပဘုံ ၄။ အရူပဘုံ ဤသို့အကျိုးပေးရာ ဘုံဌာန နှင့်စပ်၍ အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကုသိုလ်ကံ အရူပါဝစရကုသိုလ်ကံ ဟူ၍ကံ (၄) မျိုး။ ကမ္မဒွါရနှင့်စပ်၍ ၁။ ကာယကံ ၂။ ဝစီကံ ၃။ မနောကံဟူ၍ (၃) မျိုး ပြား၏။

http://www.dhammadownload.com

ကာယကံ (၃) ပါး

၁။ ပါဏာတိပါတ သူ့အသက်သတ်ဖြတ်မှု

၂။ အဒိန္နာဒါန ကိုယ်နှုတ်တို့ဖြင့် မပေးဘဲ သူ့ဥစ္စာကိုခိုးဝှက်တိုက်ခိုက် လုယ့်ပတ်၍ယူမှု

၃။ ကာမေသု မိစ္ဆာစာရ မေထုန်ကိုလွန်ကြူးခြင်းဟုဆိုအပ်သော မိမိဇနီး မိမိယောကျ်ားမှတပါးသော ဇနီးယောကျ်ားတို့၌ ဖေါက်ပြားမှားယွင်း၍ ယုတ်မာစွာကျင့်မှု

၎င်း (၃) ပါးသည် ကိုယ်၌ များသောအားဖြင့် အဖြစ်များမှုရှိသောကြောင့် ကာယကံဟုခေါ်သည်။

အပ္ပကအားဖြင့် ဝစီဒွါရ၌လည်း ဖြစ်သေးသည်။

ဝစီကံ (၄) ပါး

၁။ မုသာဝါဒ မဟုန်မမှန်သည်ကို အဟုတ်အမှန်လိမ်လည်ညာဖြန်း၍ ပြောဆိုမှု

၂။ ပိသုဏာဝါစာ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုမှု

၃။ ဖရုသဝါစာ မကြားကောင်းမနာသာကြမ်းတမ်းစွာသော စကားကိုပြောဆိုမှု

၄။ သမ္ဖပ္ပလာပ မိမိနှင့်သူတစ်ပါးအကျိုးမများဘဲ (ပိန်ဖျင်း) သိန်ဖျင်းသောစကားကို ပြောဆိုမှု

၎င်း (၄) ပါးသည် နှုတ်ဖြင့်အဖြစ်များမှုရှိသောကြောင့် ဝစီကံဟုဆိုသည်။ အပ္ပကအားဖြင့် ကာယဒွါရ၌ လည်း ဖြစ်သေးသည်။

မနောကံ (၃) ပါး

၁။ အဘိဇ္ဈာ၊ သူတစ်ပါးစည်းစိမ်းကို ရှေးရှုကြံ၍ မတရားလိုချင်မှု

၂။ ဗျာပါဒ သူတစ်ပါးသေကြေပျက်စီးစေရန်ကြံစည်မှု

၃။ မိစ္ဆာဒိဋ္ဌိ ဖောက်ပြန်သောအားဖြင့် မြင်မှုအယူမှားမှု

၎င်း (၃) ပါးသည် စိတ်၌သာအဖြစ်များမှုရှိသောကြောင့် မနောကံဟု ခေါ်သည်။

အပ္ပကအားဖြင့် ကယဒွါရ ဝစီဒွါရတို့၌လည်းဖြစ်သေးသည်။

ကာယကံ (၃) ဝစီကံ (၄) ပါး မနောကံ (၃) ပါး ပေါင်း (၁၀) ပါးကို အကုသလကမ္မပထ တရားဟုခေါ်သည်။

http://www.dhammadownload.com

အကုသလကမ္မ - အကုသိုလ်ကံ - ပထ - အပါယ်ရောက်ကြောင်း လမ်းကြောင်း
၎င်းအကုသလကမ္မပထတရား (၁၀) ပါး ကိုပင် ဒုစရိုက်တရား (၁၀) ပါးဟုလည်း ခေါ်သည်။
(ဒု - မကောင်းသော၊ စရိတ - အကျင့်)
ဒုစရိုက် (၁၀) ပါးတို့တွင် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ ၎င်း (၃)ပါး တို့သည် **ဒေါသ** အရင်းခံ ကြောင့်ဖြစ်ကုန်၏။
ကာမေသုမိစ္ဆာစာရ အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ ၎င်း (၃) ပါးတို့သည် **လောဘ** အရင်းခံကြောင့် ဖြစ်ကုန်၏။
အဒိန္နာဒါနာ မုသာဝါဒ ပိသုဏဝါစာ သမ္ဖပ္ပလာပ၎င်း (၄) ပါးတို့သည် အရင်းခံ ရံခါ**လောဘ** ကြောင့် ရံခါ**ဒေါသ**ကြောင့်ဖြစ်ကုန်၏။
၎င်းဒုရိုက် (၁၀) ပါးတို့သည် စိတ်တို့၏ ဖြစ်ပုံ၏အစွမ်းဖြင့် အကုသိုလ်စိတ် (၁၂) ပါးပင်တည်း။
အကုသိုလ်ကံနှင့် အတူကာမာဝစရ ကုသိုလ်ကံသည်လည်း ၁။ ကာယကံ၊ ၂။ ဝစီကံ၊ မနောကံ ဟူ၍ (၃) မျိုးပြား၏။

ကာယကံ (၃) ပါး

၁။ ပါဏာတိပါတဝိရတီ (သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း)
၂။ အဒိန္နာဒါနဝိရတီ (သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း)
၃။ ကာမေသုမိစ္ဆာစာရဝိရတီ (ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း)

ဝစီကံ (၃) ပါး

၁။ မုသာဝါဒဝိရတီ (လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)
၂။ ပိသုဏဝါစာဝိရတီ (ချောပစ်ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)
၃။ ဖရုသဝါစာဝိရတီ (ကြမ်းတမ်း ဆဲရေးစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)
၄။ သမ္ဖပ္ပလာပဝိရတီ (ပိန်ဖြင်းသောစကားပြောဆိုခြင်းမှ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း)

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

မနောကံ (၃) ပါး

၁။ အနဘိဇ္ဈာ (အဘိဇ္ဈာမဖြစ်အောင်စောင့်စည်းခြင်း)

၂။ အဗျာပါဒ

၃။ သမ္မာဒိဋ္ဌိ (အယူမှန်အမြင်မှန်ခြင်း)

ပေါင်း (၁၀) ပါးကို ကုသလကမ္မပထတရားဟူ၍ဇင်း သုစရိုက် (၁၀) ပါးဟူ၍ ဇင်းခေါ်သည်။

ကာယကံ ဝစီကံ မနောကံအားဖြင့် ပြားသောကုသိုလ်ကံသည်လည်း ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်အားဖြင့် (၃) မျိုးပြားပြန်၏။

စိတ်တို့၏ဖြစ်ခြင်း၏ အစွမ်းအားဖြင့် မဟာကုသိုလ်စိတ် (၈) ပါးပင်တည်း။

ပုညကြိယာဝတ္ထု (၁၀) ပါး

၁။ ဒါန-ပေးကမ်းလှူဒါန်းမှု၊ ၂။ သီလ-ငါးပါးသီလရှစ်ပါးသီလ စသော သီလကို ဆောက်တည်မှု၊ ၃။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှု၊ ၄။ အပစာယန ရတနာသုံးပါး ဆရာမိဘစသောသူတို့နှင့်တကွ အသက်သိက္ခာဂုဏ်ကြီးသောသူတို့အား အရိုအသေပြုမှု၊ ၅။ ဝေယျာဝစ္စ ရတနာသုံးပါး ဆရာမိဘစသောသူတို့နှင့်တကွ အသက်သိက္ခာဂုဏ်ကြီးသောသူတို့၏ အမှုကြီးငယ်ကိုဆောင်ရွက်မှု၊ ၆။ ပတ္တိဒါန မိမိရသော (ပြုသော) ကုသိုလ်အဘို့ကို အမျှပေးဝေမှု၊ ၇။ ပတ္တာနုမောဒန မိမိသို့ရောက်သောကုသိုလ်အဘို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊ ၈။ ဓမ္မသဝန လာဘ်ဘာဘကိုမငဲ့ဘဲ တရားနာမှု၊ ၉။ ဓမ္မဒေသနာ - လာဘ်လာဘကို မငဲ့ဘဲ တရားဟောမှု၊ ၁၀။ ဒိဋ္ဌိဇုကမ္မ - သမ္မာ အယူကို ဖြောင့်မတ်စွာ ယူမှု ပေါင်း (၁၀) ပါး ဇင်း (၁၀) ပါးကို ပုညကြိယာ ဝတ္ထုဟုခေါ်သည်။

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှု (၁၀) ပါး ဟုဆိုလိုသည်။ (ပုညကြိယာဝတ္ထုနှင့် သုစရိုက်တရား (၁၀) ပါး တခြားစီဟု မှတ်သားပါ။)

ပုညကြိယာ (၁၀) ပါးက (၃) ပါးဖြစ်ပုံ - ဒါန၊ သီလ၊ ဘာဝနာသုံးပါးကို အစဉ်အတိုင်းထား၍ ပတ္တိဒါန ပတ္တာနုမောဒန (၂) ပါးကို ဒါန၌သွင်း၊ အပစာယန ဝေယျာဝစ္စ (၂) ပါးကို သီလ၌သွင်း

http://www.dhammadownload.com

ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မသုံးပါးကို ဘာဝနာ၌ သွင်း တနည်းဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာ သုံးပါးလုံး၌သွင်း၍ ရေတွက်လျှင် ဒါနသီလဘာဝနာ သုံးပါး၌ ပါဝင်၏။

ဆောင်ပုဒ်။ ဒါန သီလ ဘာဝနာ သုံးဖြာစဉ်၍ခင်း ပတ္တိဒါနာ နုမောဒါ နှစ်ဖြာ ဒါနသွင်း၊
ပစာယန ဝေဝစ္စ သွင်းရသီလတွင်း၊ ဓမ္မနှစ်ခု ဒိဋ္ဌိဇု သွင်းမှု 'ဘာ' အတွင်း။

ပုညကြိယာ (၁၀) ပါးကို ကာယကံစသော (၃) ပါးဖြင့်ဝေဘန်ပုံ

ဒါန အပစာယန ဝေယျာဝစ္စသုံးပါးသည် **ကာယကံ**မည်၏။ ဘာဝနာ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဒေသနာ ဤလေးပါးသည် **ဝစီကံ**မည်၏။ သီလ ဓမ္မသဝန ဒိဋ္ဌိဇုကမ္မသုံးပါးသည် **မနောကံ**မည်၏။

အကုသိုလ်စိတ် (၁၂) ပါး မဟာကုသိုလ်စိတ် (၈) ပါးပေါင်း (၂၀) သော စိတ်၌ယှဉ်သော စေတနာ (၂၀) ကို ကံဟုဆိုသည်။

အကုသိုလ်ကံ (၁၂) ပါးမဟာကုသိုလ်ကံ (၈) ပါးပေါင်း (၂၀) ကို ကာမာဝစရကံဟု ခေါ်သည်။

ရူပါဝစရ ကုသိုလ်ကံသည် ကာယကံပစီကံ မနောကံသုံးမျိုးမရှိ မနောကံတစ်မျိုးသာရှိ သည်။ ဒါန သီလ ဘာဝနာ သုံးမျိုးမရှိ ဘာဝနာတစ်မျိုးသာရှိသည်။ မနောကံ ဘာဝနာဆိုသော်လည်း ကာမကုသိုလ်မနောကံ ဘာဝနာမျိုးမဟုတ် အပ္ပနာစျာန်သို့ ရောက်သော မနောကံဘာဝနာ မယသာ တည်း။

ယှဉ်ဘက်စျာန်အင်္ဂါတို့က ငါးမျိုးပြားသောကြောင့် ရူပကုသိုလ်ကံလည်း ငါးမျိုးပြားရသည်။

အရူပကုသိုလ်ကံသည်လည်း မနောကံဘာဝနာ မယ အပ္ပနာပတ္တာဖြစ်ပုံမှာ - ရူပ ကုသိုလ်ကံ အတိုင်းမှတ်ပါ။ ကောင်းကင်ပညတ်စသော အာရုံလေးမျိုးပြားသောကြောင့် အရူပကု သိုလ်ကံ (၄) မျိုးပြားသည်။

ကာမကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

- အကျိုးပေးရာ၌ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးဟူ၍ (၂) မျိုးရှိ၏။

ဥဒ္ဓစ္စသဟဂုတ်စိတ်မှတပါး ကျန်အကုသိုလ်ကံ (၁၁) ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေကျိုးကို ပေး၏။ (၎င်း ၁၁ ပါးတို့တွင် တစ်ပါးပါးသော စိတ်ကြောင့် ပဋိသန္ဓေနေသည်ဟုဆိုလိုသည်)

ဥဒ္ဓစ္စစေတနာကြဉ်ရခြင်းအကြောင်း

ဥဒ္ဓစ္စစေတနာသည် နာနာက္ခဏိကပစ္စည်းမတပ်သောကြောင့် ပဋိသန္ဓေကျိုးကိုမပေးနိုင်ပါ။ ထို့ကြောင့်ကြဉ်ရပါသည်။

ပဝတ္တိအခါ၌ကား ဥဒ္ဓစ္စသဟဂုတ်နှင့်တကွ အကုသိုလ်ကံ (၁၂) ပါးလုံးသည် အကုသလဝိပါက် (၇) ပါး ကာမ (၁၁) ဘုံ၌၎င်း အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌၎င်း ထိုက်သလို အကျိုးကိုဖြစ်စေနိုင်၏။ (အကျိုးကိုပေး၏။)

ကာမဝစရ ကုသိုလ်ကံသည်လည်း ကာမသုဂတိ (၇) ဘုံ၌သာ ပဋိသန္ဓေကျိုးကိုပေး၏။ ပဝတ္တိအခါ၌ကား မဟာဝိပါက်စိတ် (၈) ပါးကို ကာမသုဂတိ (၇) ဘုံ၌သာ အကျိုးကိုဖြစ်စေနိုင်၏။ (အပါယ်ဘုံ ရူပဘုံတို့၌ မဖြစ်စေ) အဟိတ်ကုသလဝိပါက်စိတ် (၈) ခုကိုကား ကာမ (၁၁) ဘုံ အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံတို့၌ ထိုက်သလိုဖြစ်စေနိုင်၏။ (အရူပဘုံ၌မဖြစ်စေ)

တိဟိတ်ဥက္ကဋ္ဌကုသိုလ်

ကုသိုလ်ပြုသည့်အခါ ကံ၏ အကျိုးကို သိသော ကမ္မဿကတာဉာဏ်နှင့် အနိစ္စ ဒုက္ခ အနတ္တ ဟု ဆင်ခြင်တတ်သော ဝိပဿနာဉာဏ်ပါဝင်ပြီး ကုသိုလ်ပြုသောအခါရှေး၌၎င်း နောက်၌၎င်း ကုသိုလ်ကံတို့သည် ခြံရံနေလျှင် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၏ (အလောဘစသောဟိတ်များနှင့် ယှဉ်သည်ဟုဆိုလိုသည်)။ တရားကိုယ်မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တည်း။

http://www.dhammadownload.com

မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်ဟူသော ထိုတိဟိတ်ဥက္ကဋ္ဌ ကုသိုလ်သည် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် (၄) ခုဟူသော တိဟိတ်ပဋိသန္ဓေကျိုးပေး၏။ ပဝတ္တိအခါ မဟာဝိပါက်စိတ် (၈) ပါး အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးပေါင်း (၁၆) ပါးသော အကျိုးကိုပေး၏။

တိဟိတ်ကုသိုလ်ကံ (၄) ခုသည် အလျှု၏ရှေး၌ရင်း နောက်၌ရင်း အကုသိုလ်များခြံရံနေလျှင် တိဟိတ်ဩမကဖြစ်၏။

ကုသိုလ်ပြုသည့်အခါ ကံ ကံ၏အကျိုးကိုသိသော ဉာဏ်နှင့်မယှဉ်လျှင်ဒွိဟိတ်ကုသိုလ်ဖြစ်၏။ (မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်တည်း)

ကုသိုလ်ပြုသည့်အခါ ရှေး၌ရင်း နောက်၌ရင်း ကုသိုလ်ခြံရံလျှင် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၏။ မခြံရံလျှင်ဒွိဟိတ် ဩမကကုသိုလ်ဖြစ်၏။

တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်သည် မဟာဝိပါက်ဉာဏဝိပ္ပယုတ်ဟူသော ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပေး၏။ ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ် (၄) ပါး အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး ပေါင်း (၁၂) ပါးသော အကျိုးကိုပေး၏။

ဒွိဟိတ်ဩမက ကုသိုလ်သည် ပဋိသန္ဓေအခါအဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ကိုဖြစ်စေ၏။ (ပေး၏) ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် (၈) ပါးကိုသာ ဖြစ်စေ၏။ (ဤကားသမာနဝါဒတည်း) အများသဘောတူဆုံးဖြတ်သော ဝါဒတည်း)

အသင်္ခါရိက ကုသိုလ်ကံသည် သသင်္ခါရိကအကျိုးကို မပေးနိုင်၊ သသင်္ခါရိက ကုသိုလ်ကံသည်လည်း အသင်္ခါရိက အကျိုးကိုမပေးနိုင်ဟု ကေစိဆရာတို့ဆို၏။

ထိုကေစိဆရာတို့၏ အယူအဆရေတွက်ပုံမှာ အောက်ပါအတိုင်းဖြစ်၏။

တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ဉာဏသမ္ပယုတ်အသင်္ခါရိကဖြစ်အံ့ အဟိတ်ကုသလဝိပါက်(၈)ခု မဟာဝိပါက်အသင်္ခါရိကစိတ် (၄) ခု ပေါင်း (၁၂) ပါးကို ဖြစ်စေ၏။ (အကျိုးကိုပေး၏။)

သသင်္ခါရိကဖြစ်အံ့ အဟိတ်ကုသလဝိပါက်စိတ် (၈)ခု မဟာဝိပါက် သသင်္ခါကစိတ် (၄) ခု ပေါင်း (၁၂) ပါးကို ဖြစ်စေ၏။

http://www.dhammadownload.com

တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်အသင်္ခါရိကဖြစ်အံ့ အဟိတ်ကုသလဝိပါက် (၈) ခု မဟာဝိပါက်ဉာဏ ဝိပ္ပယုတ်အသင်္ခါရိကစိတ် (၂) ခု ပေါင်း (၁၀) ပါးသော အကျိုးကိုဖြစ်စေ၏။

သသင်္ခါရိကဖြစ်အံ့ အဟိတ်ကုသလဝိပါက်စိတ် (၈) ခု မဟာဝိပါက်ဉာဏ ဝိပ္ပယုတ်သသင်္ခါရိကစိတ် (၂) ခု ပေါင်း (၁၀) ပါးသော အကျိုးကို ဖြစ်စေ၏။

ဒွိဟိတ်ဩမက ကုသိုလ်သည် အသင်္ခါရိက သသင်္ခါရိက (၂) ပါးလုံးပင် အဟိတ်ကုသလဝိပါက် (၈) ပါးကိုသာဖြစ်စေ၏။ (ဤကားကေစိဆရာတို့အလိုတည်း)

(အဟိတ်ဝိပါက်ကား အသင်္ခါရိက သသင်္ခါရိကမဆိုရ၍ နှစ်ဘက်ရဖြစ်သည်။)

ကေစိဝါဒခေါ်ရခြင်းအကြောင်း

အကျိုးဝိပါက်၏ သင်္ခါရအပြားကို သေခါနီးကာလ၌ထင်သော ကံ ကမ္မနိမိတ်စသော အကြောင်း ပစ္စယ၏အစွမ်းဖြင့်သာ အလိုရှိအပ်၏။ ကံ၏အစွမ်းဖြင့် အလိုမရှိအပ်သောကြောင့် ထိုဝါဒကို အနုရုဒ္ဓါဆရာသည် ကေစိဝါဒဟုဆိုပါသည်။

ကုသိုလ်ကံ၏အမည်	သမာနဝါဒဝိပါက်	ကေစိဝါဒဝိပါက်
တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက	၁၆	၁၂
တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိက	၁၆	၁၂
တိဟိတ်ဩမက အသင်္ခါရိက	၁၂	၁၀
ဒွိဟိတ်ဥက္ကဋ္ဌ		
သသင်္ခါရိက	၁၂	၁၀
ဒွိဟိတ်ဩမက အသင်္ခါရိက	၈	၈
သသင်္ခါရိက	၈	၈

http://www.dhammadownload.com

ရူပဝစရ ကုသိုလ်ကံ၏ အကျိုးပေးရာဘုံ

ဆန္ဒ စိတ္တ ဝီရိယ ဝီမံသဟူသော ဈာန်နှင့် ယှဉ်သောတရားတို့တွင် အဓိပတိဖြစ်ထိုက်သော တရားသည် ညံ့နေလျှင် **ပရိတ္တဈာန်**ဖြစ်၏။ ထိုအဓိပတိသည် အလတ်တန်းစားသို့ရောက်နေလျှင် **မဇ္ဈိမဈာန်** ဖြစ်၏။

ထိုအဓိပတိသည် ထက်မြက်လျှင် မြက်လျှင် **ပဏီတဈာန်**ဖြစ်၏။

ဆောင်ပုဒ်။ အဓိပတိထိုက်ငြား တစ်ပါးပါးပင် ယုတ်လျှင်ပရိ လယ်မဇ္ဈိ တက်ဘိပဏီတ။

၁။ အညံ့စားပဌမဈာန် ကုသိုလ်ကံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ အကျိုးပေး၏။

၂။ အလတ်တန်းပဌမဈာန်ကုသိုလ်ကံသည် ဗြဟ္မပုရောဟိတာဘုံ၌ အကျိုးပေး၏။

၃။ အမြတ်စားပဌမဈာန်ကုသိုလ်ကံသည် မဟာဗြဟ္မာဘုံ၌ အကျိုးပေး၏။

၁။ အညံ့စားဒုတိယဈာန် တတိယဈာန်ကုသိုလ်ကံသည် ပရိတ္တာဘာဘုံ၌ အကျိုးပေး၏။

၂။ အလတ်တန်းစား ဒုတိယ တတိယဈာန်ကုသိုလ်ကံသည် အပ္ပမာဏာ ဘာဘုံ၌ အကျိုးပေး၏။

၃။ အမြတ်ဆုံး ဒုတိယ တတိယဈာန် ကုသိုလ်ကံသည် အာဘဿရာဘုံ၌ အကျိုးပေး၏။

၁။ အညံ့စားစတုတ္ထဈာန်ကုသိုလ်ကံသည် ပရိတ္တသုဘာဘုံ၌ အကျိုးပေး၏။

၂။ အလတ်တန်းစား စတုတ္ထဈာန်ကုသိုလ်ကံသည် အပ္ပမာဏ သုဘာဘုံ၌ အကျိုးပေး၏။

၃။ အမြတ်စား စတုတ္ထဈာန် ကုသိုလ်ကံသည် သုဘကိဏှာဘုံ၌ အကျိုးပေး၏။

ပဥ္စမဈာန်ကုသိုလ်ကံသည် ဝေဟပ္ဖိုလ်ဘုံ၌အကျိုးပေး၏။

(အမှာ မှတ်ချက်)

ပဥ္စမဈာန်အရအဘိညာဉ်အဖြစ်သို့ မရောက်သောပဥ္စဈာန်မျိုးကိုသာယူရပါသည်။

အဘိညာဉ်အဖြစ်သို့ရောက်သော ပဥ္စမဈာန်ကား အကျိုးပေးခြင်းသဘောမရှိသောကြောင့် မယူရပါ။

အကြောင်းကား။ အာသေဝနပစ္စည်းကို မရ၍ အားနည်းသောကြောင့် အကျိုးပေးခြင်းသဘော မရှိပါ။

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

စိတ်စေတသိက်တရားအားလုံးကို စက်ဆုတ်၍ နာမ်တရားကိုပျောက်ကင်းအောင် ထပ်ခါ ထပ်ခါပွားများအပ်သောဘာဝနာနှင့် ယှဉ်သောစိတ်ကို ပဉ္စမစျာန် ကုသိုလ်သည် အသညသတ်ဘုံ၌ ရုပ်ပဋိသန္ဓေကိုဖြစ်စေ၏။

ပဉ္စမစျာန်ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်၏။

အနာဂါမ်ပုဂ္ဂိုလ်မှ တပါးအခြားပုဂ္ဂိုလ်များ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေမနေနိုင်ပါ။

အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ် (၃) ယောက်တို့သည် သုဒ္ဓါဝါသဘုံ၌ဖြစ်၏။ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်အဖြစ် ရဟန္တာပုဂ္ဂိုလ်အဖြစ် ပဋိသန္ဓေနေခွင့်မရှိ၍ အနာဂါမ် ပုဂ္ဂိုလ်တစ်ယောက်သာပဋိသန္ဓေနေနိုင်သည်။

ပဉ္စမစျာန်ကို ပွားများသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ငါးဘုံရှိသည့်အနက် သဒ္ဓိန္ဒြေထက်သော အနာဂါမ်သည် **အဝိဟာဘုံ၌** ဖြစ်၏။

ဝီရိယိန္ဒြေထက်သော အနာဂါမ်သည် **အတပ္ပါဘုံ၌** ဖြစ်၏။

သတိန္ဒြေထက်သော အနာဂါမ်သည် **သုဒဿာဘုံ၌**ဖြစ်၏

သမာဓိန္ဒြေထက်သော အနာဂါမ်သည် **သုဒဿီဘုံ၌** ဖြစ်၏။

ပညိန္ဒြေထက်သောအနာဂါမ်သည် **အကနိဋ္ဌာဘုံ၌** ဖြစ်၏။

ဤသို့ဣန္ဒြေငါးပါးထက်မြက်ပုံအစဉ်အားဖြင့် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကြ၏။

ဆောင်ပုဒ်။ သဒ္ဓါ ဝီရိ သတိ သမာ ဓိပညာ ငါးဖြာ ဣန္ဒြေခင်း၊ သုဒ္ဓါဘုံငါးထက်သူများခံစား စဉ်တိုင်းသွင်း။

အရူပါဝစရပဋိသန္ဓေ၏ အကျိုးပေးရာဘုံ

၁။ အာကာသာနဉ္စာယတနစျာန်ကို ရလျှင် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်၏။

၂။ ဝိညာနဉ္စာယတနစျာန်ကိုရလျှင် ဝိညာနဉ္စာယတနဘုံ၌ ဖြစ်၏။

၃။ အာကိဉ္စ ညာယတနစျာန်ကိုရလျှင် အာကိဉ္စညာယတနဘုံ၌ ဖြစ်၏။

၄။ နေဝသညာ နာသညာယတနစျာန်ကို ရလျှင်နေဝသညာ နာသညာယတနဘုံ၌ ဖြစ်၏။

http://www.dhammadownload.com

အဘိဓမ္မတ္ထအောင်တံခွန်

ဣတ္ထံ မဟဂ္ဂတံပုညံစသော ဂါထာကား ရူပ, အရူပကံတို့၏ ပါကဌာနကို နိဂုံးပြသော ဂါထာဖြစ်သည်။ **ဇနေတိသဒိသံပါကံ**အရ ပဌမစျာန် ကုသိုလ်က ပဌမစျာန် ဝိပါက်အကျိုးကိုပေး၏ (ဖြစ်စေ၏) စသည်ဖြင့် နေဝသညာနာသညာယတနကုသိုလ်တိုင်အောင်သိပါ။

ကာမကုသိုလ်များတွင် မဟာကုသိုလ်ပဌမစိတ်သည် မိမိနှင့်တူသော ပဌမမဟာဝိပါက် အကျိုးကိုရင်း မတူသောဒုတိယ မဟာဝိပါက်စသော သဟိတ်ဝိပါက်နှင့် အဟိတ်ဝိပါက်များကိုရင်း ပေးနိုင်၏။ ထို့ကြောင့် **မဟာကုသိုလ်များ၌ ဇနေတိသဒိသံ ပါကံဟုမဆိုဘဲ** မဟဂ္ဂုတ်ကုသိုလ် များ၌သာ ဆိုသည်။

မရဏုပ္ပတ္တိစတုက္က

သေရခြင်းအကြောင်းလေးပါးကို ပြသောစတုက္ကကို မရဏုပ္ပတ္တိစတုက္ကဟု ခေါ်သည်။

၁။ အာယုက္ခယမရဏ = အသက်မသေနေရမည့်ကံရှိသော်လည်း အသက်တမ်းကုန်၍ စေ့၍ သေခြင်း။

၂။ ကမ္မက္ခယမရဏ = အသက်ရှိသော်လည်းအကြောင်းကံကုန်၍သေခြင်း

၃။ ဥဘယက္ခယမရဏ = အသက်တမ်း,အကြောင်းကံနှစ်ပါးကုန်ခြင်းကြောင့်သေခြင်း

၄။ ဥပစ္ဆေဒကံမရဏ = အသက်တမ်း အကြောင်းကံ နှစ်ပါးပင်ရှိသော်လည်း ဥပစ္ဆေဒကမရဏ ကံကြောင့် ဓါးလှံ လက်နက်စသည်ဖြင့် တပါးကံဖြတ်၍ သေခြင်း။

ဥပစ္ဆေဒက မရဏ မဖြစ်သောပုဂ္ဂိုလ်များကား

ငရဲသူ, မြောက်ကျွန်းသူ မြောက်ကျွန်းသား, ဘုမ္မဇိုင်း နတ်မှတစ်ပါးသော နတ်ပြဟ္မာများ ဥပစ္ဆေဒ က မရဏမဖြစ်ကြပါ။

ဆောင်ပုဒ်။ ကေသဥ္စိနတ် မြောက်ကျွန်းရပ်နှင့် နိရယပါ ပစ္ဆေဒါ ငြိကာမရှိမိန့်။

http://www.dhammadownload.com

ဥပလဒ္ဓနှင့် ဥပကရဏအခိပ္ပါယ်

ဥပလဒ္ဓ　　ကုသိုလ်အကုသိုလ်ကံပြုစဉ်က ကျောင်းကန်ဘုရားစေတီ သားငါးစသည်ကို မြင်ရခြင်းသည် ဥပလဒ္ဓ ကမ္မနိမိတ်။

ဥပကရဏ　　ထိုကုသိုလ်အကုသိုလ်ကံကိုပြုစဉ်အခါက ဆွမ်း သင်္ကန်းပန်းစသည်နှင့် ဓားလှံ လက်နက်စသော အဆောက်အဦအခြံအရံစသည်ကိုမြင်ရခြင်းသည် ဥပကရဏ ကမ္မနိမိတ်မည်၏။

တနည်း　　ကံနှင့်စပ်၍ ရအပ်ဖူးသော ပဓာနအာရုံသည် ဥပလဒ္ဓ အာရုံမည်၏။ ကံပြီးမြောက်ဘို့ရာအခြံအရံမျှဖြစ်သော အပဓာနအာရုံသည် ဥပကရဏအာရုံမည်၏။

ဥပလဘိတဗ္ဗနှင့် ဥပဘောဂအခိပ္ပါယ်

နောက်၌ ဆိုက်ရောက်ခံစားရမည့် အမိဝမ်းရေး ငရဲဘုံ နတ်ဘုံ တောတောင်မြစ်ကမ်းအစရှိသော သုဂတိနိမိတ် ဒုဂ္ဂတိနိမိတ်အာရုံသည် ဥပလဘိတဗ္ဗ ဂတိနိမိတ်။

ဥပဘောဂ　　နောက်၌ခံစားအပ်သောဘဝအားလျော်စွာ ထင်လာသော နတ်သမီးနတ်သား ဥယျာဉ်ဗိမာန် ပဒေသာပင် ငရဲမီးလျှံ လင်းတ ခွေး ကျီး အစရှိသော အတွင်းအပ အသုံးအဆောင်အခြံအရံသည် ဥပဘောဂ ဂတိနိမိတ်မည်၏။

စုတေခါနီး စိတ်အစဉ်ဖြစ်ပုံ

ဝိပစ္စမာနက ကမ္မာနုရူပ ပရိသုဒ္ဓ

ကုသိုလ်ကံကအကျိုးပေးမည်ဖြစ်လျှင် ကောင်းသောအာရုံများထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျှက်ဖြူစင်ကြည်လင်သော ကုသိုလ်စိတ်အစဉ်သည် ဖြစ်နေ၏။

ဥပက္ကိလိဋ္ဌဝါ အကုသိုလ်အကျိုးပေးမည်ဖြစ်လျှင် မကောင်းသောအာရုံထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျှက် ညစ်နွမ်းသောမကြည်လင်သော အကုသိုလ်စိတ်အစဉ်သည် ဖြစ်၏။

ပစ္စာသန္နမရဏာသာ　　မရဏာသန္နဝီထိတစ်ဝီထိကျပြီးနောက် စုတေမည့်သတ္တဝါ (သို့) မရဏာသန္နဝီထိနောင်ဘွင်အနည်းငယ်ကျပြီးနောက် စုတေမည့်သတ္တဝါကို ပစ္စာသန္နမရဏ သတ္တဝါ ဟုခေါ်သည်။

http://www.dhammadownload.com

မရဏာသန္နဝီထိသည် ၁။ ဇောနောင်စုတိကျသော သတ္တဝါ၊ ၂။ တဒါရုံနောင်စုတိကျသော သတ္တဝါ၊ ၃။ ဇောဘွင်နောင်စုတိကျသောသတ္တဝါ၊ ၄။ တဒါရုံဘွင်နောင်စုတိကျသော သတ္တဝါ ဟူ၍ အချုပ်အားဖြင့် မရဏာသန္နဝီထိသည် (၄) ပါးရှိ၏။

မရဏာသန္နဇောတို့သည် မှီရာဝတ္ထုရုပ်အားနည်းသည်ဖြစ်၍ နုံ့နွေးသောအရှိန်အဟုန်ရှိသောကြောင့် (၅) ကြိမ်သာစောပါသည်။ (၆ ကြိမ် ၇ ကြိမ် မစောပါ။)

(မရဏာသန္နဝီထိ အကျယ် (၂၄) ဝီထိရှိသည်) -

စက္ခုဒွါရ၌ (၄) ဝီထိ၊ သောတဒွါရ၌ (၄) ဝီထိ၊ ဃာနဒွါရ၌ (၄) ဝီထိ၊ ဇိဝှါဒွါရ၌ (၄) ဝီထိ၊ မနောဒွါရ၌ (၄) ဝီထိ အားဖြင့် (၂၄) ဝီထိ

စက္ခုဒွါရ၌ (၄) ဝီထိဟူသော်ကား တဒါရုံနောင်စုတိကျသော စက္ခုဒွါရမရဏာသန္န (၁) ဝီထိ၊ ဇောနောင်စုတိကျသော စက္ခုဒွါရ မရဏာသန္န (၁) ဝီထိ၊ တဒါရုံ နောင်ဘွင် ဘွင်နောင်စုတိကျသော စက္ခုဒွါရမရဏာသန္န (၁) ဝီထိ၊ ဇောနောင်ဘွင် ဘွင်နောင်စုတိကျသော စက္ခုဒွါရမရဏာသန္န (၁) ဝီထိ ဖြစ်ပါသည်။

အခြားသောတဒွါရဝီထိတို့ကိုလည်း စက္ခုဒွါရမရဏာသန္န ဝီထိကိုမှီပြီး ရေတွက်ပါ။

စက္ခုဒွါရ မရဏာသန္နဝီထိ၌ တဒါရုံနောင် စုတိကျသော စက္ခုဒွါရိကမရဏာသန္နဝီထိဖြစ်ဟန်ကား - အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်းစက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော၊ မရဏာသန္နဇော (၅) ကြိမ် တဒါရုံ (၂) ကြိမ် စုတိ(၁)ကြိမ် ပဋိသန္ဓေ (၁) ကြိမ် ဘဝင် (၁၅) ကြိမ် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော (၇) ကြိမ် ထို့နောင်ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၍ ချုပ်၏။

ဝီထိပုံစံ

တီ န ဒ ပ စ သံ ဏ် ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ စုတိ ပဋိ ၁ ဘွင် (၁၅) ကြိမ်၊ (၁၆) ကြိမ်၊ ဇော (၇) ဘွင်ဘွင်

ဇောနောင်စုတိကျသော စက္ခုဒွါရမရသန္တဝိထိ အကျဉ်းပုံစံ တီ ․ န ․ ဒ ․ မ ․ စ သံ န္တိ ဇော (၅) ကြိမ် စုတိ (၁) ကြိမ် ပဋိသန္ဓေ (၁) ဘွင် (၁၅) ကြိမ် (၁၆) ကြိမ် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော (၇) ကြိမ် ထိုနောင်ဘွင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။

တဒါရုံနောင်ဘွင် ဘွင်နောင်စုတိကျသော စက္ခုဒွါရမရဏာသန္န ဝိထိပုံစံအကျဉ်း

တီ န ․ ဒ ․ မ ․ စ သံ န္တိ ဝုံ မရဏာသန္နဇော (၅) ကြိမ် ရုံ ရုံ ဘဝင် (၁) ကြိမ် စုတိ(၁)ကြိမ် ပဋိသန္ဓေ (၁) ဘွင် (၁၅) ဘွင် (၁၆) ကြိမ် မနောဒွါရဝဇ္ဇန်း

ဘဝနိကန္တိကလောဘဇော (၇) ကြိမ် ထိုနောင်ဘွင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်၏။

ဇောနောင်ဘွင် ဘွင်နောင်စုတိကျသော စက္ခုဒွါရမရဏာသန္နဝိထိပုံစံ အကျဉ်း

တီ ․ န ․ ဒ ․ မ ․ စ သံ န္တိ ․ ဝုံ မရဏာသန္နဇော (၅) ကြိမ် ဘွင် (၁) ကြိမ် စုတိ (၁) ကြိမ် ပဋိသန္ဓေ (၁) ကြိမ် ဘွင် (၁၅) ကြိမ် (၁၆) ကြိမ်၊ မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိကလောဘဇော (၇) ကြိမ် ထိုနောင်ဘွင်ဖြစ်ထိုက်သမျှဖြစ်၍ ချုပ်ပါသည်။

သောတဒွါရစသည်တို့၌လည်း အထက်ပါနည်းကိုမှီး၍ သိပါလေ။

ကံကမ္မနိမိတ် ဂတိနိမိတ် (၃) ပါးကို ဒွါရကာလအာရုံအားဖြင့်ခွဲခြားပုံ

ကုသိုလ် အကုသိုလ် ကံနိမိတ်သည် မနောဒွါရ အတိတ်ကာလ ဓမ္မာရုံကိုအာရုံပြုသည်။ ကမ္မနိမိတ်သည် (၆) ဒွါရ ပစ္စုပ္ပန်ကာလ အတိတ်ကာလ အာရုံ (၆) ပါးကို ပြုပါသည်။

ဂတိနိမိတ်သည် မနောဒွါရ ပစ္စုပ္ပန်ကာလ ရူပါရုံကိုအာရုံပြုသည် (ဋီကာနည်း) (တနည်း)ကံနိမိတ်သည် မနောဒွါရ အတိတ်ကာလ ကာမအာရုံဖြစ်သည်။

ကမ္မနိမိတ်သည် ဒွါရ (၆) ပါး ပစ္စုပ္ပန်ကာလအတိတ်ကာလ ကာမအာရုံဖြစ်ပါသည်။

ဂတိနိမိတ်သည် မနောဒွါရ ပစ္စုပ္ပန်ကာလကာမအာရုံဖြစ်ပါသည်။

http://www.dhammadownload.com

ဤသို့ပြဆိုအပ်ခဲ့သော ကံ ကမ္မနိမိတ်ဂတိနိမိတ် အာရုံတို့သည် တရားကိုယ်အားဖြင့် ကာမတရားတို့သာဖြစ်ကုန်၏။ (မဟဂ္ဂုတ်ပညတ်အာရုံများမဟုတ်ပါ)

ရူပါဝစရပဋိသန္ဓေစိတ်၏ အာရုံအကျဉ်း

ရူပဝစပဋိသန္ဓေစိတ် (၅) ခုသည် ပညတ်ဖြစ်၍ ဖြစ်သောပထဝီကသိုဏ်း အစရှိသော ကမ္မနိမိတ်ကိုသာ အာရုံပြုပါသည်။
(အမှာ) အာရမ္မဏသင်္ဂဟ မှတ်စုမှာ အကျယ်ပြထားသည်။ (ပကိဏ်းပိုင်း)

အရူပပဋိသန္ဓေစိတ်၏ အာရုံ

အရူပပဋိ သန္ဓေ(၄) ခုသည် ထိုက်သည်အားလျော်စွာ မဟဂ္ဂုတ်ပညတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်၊ ကောင်းကင်ပညတ်အစရှိသော ကမ္မနိမိတ်ကိုသာ အာရုံပြုပါသည်။

အရူပပဋိသန္ဓေ၏ အသေးစိတ်အာရုံများ

အရူပအာကာသာနဉ္စာ ယတန ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

အရူပဝိညာနဉ္စာယတနပဋိသန္ဓေစိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

အရူပအာကိဉ္စညာယတနပဋိသန္ဓေစိတ်သည် နတ္ထိဘောပညတ်ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

အရူပနေဝသညာနာသညာယတန ပဋိသန္ဓေစိတ်သည် အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံကို အာရုံပြုပါသည်။

အသညသတ်ပုဂ္ဂိုလ်သည် စိတ်စေတသိက်ဟူသော နာမ်တရားများမရှိရကား ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင် ပဋိသန္ဓေ၏ အဖြစ်ဖြင့်တည်သောကြောင့် ထိုအသညသတ် ပုဂ္ဂိုလ်တို့သည်

ရုပ်လျှင် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ပါသည်။ ၎င်းကို ရုပ်ခန္ဓာ (၁) ပါးသာရှိသောကြောင့် (ဧကဝေါကာရ) ဘုံဟူ၍၎င်း အရူပဘုံသည် ရုပ်မရှိမူ၍ စိတ်စေတသိက်ဟူသော နာမ်တရားဖြင့်သာ ပဋိသန္ဓေနေ၏။ ထို့ကြောင့် အရူပ (၄) ဘုံကို (စတုဝေါကာရ) နာမ်ခန္ဓာ (၄) ပါးသာ ရှိသော ဘုံဟူ၍၎င်း၊ ကြွင်းသော (၂၆) ဘုံ၌ကား ရုပ်နာမ် (၂) ပါး ပဋိသန္ဓေနေ၏။ ထိုကြောင့် (၂၆) ဘုံကို (ပဉ္စဝေါကာရ) ခန္ဓာ (၅) ပါး ဖြစ်သော ဘုံဟူ၍၎င်း ခေါ်၏။

အရူပ္ပစုတိယာ ဟောန္တိစသော (၂) ဂါထာတို့ကား မည်သည့်စုတိနောင် မည်မျှသောပဋိသန္ဓေ နှောင်းနိုင်ဖြစ်နိုင်ပုံကို ပြသောဂါထာဟူ၍၎င်း စုတိပဋိသန္ဓိက္ကမအဆုံး (၂) ဂါထာဟူ၍၎င်း (၃၁) ဘုံကျင်လည်ပုံကိုပြသော (၂) ဂါထာဟူ၍၎င်းခေါ်ပါသည်။

အာရုပ္ပစုတိနောင်နှောင်းနိုင်ဖြစ်နိုင်သောပဋိသန္ဓေ (၈) ပါး

အရူပပဋိသန္ဓေစိတ် (၄) ပါး ကာမတိဟိတ်ပဋိသန္ဓေစိတ် (၄) ပါး ပေါင်း (၈) ပါး နှောင်းနိုင်ပါသည်။

(ဟေဋ္ဌိမာရူပ္ပဝဇ္ဇိတာအရ) အောက်အောက်အရူပပဋိသန္ဓေစိတ်ကို ကြဉ်ပါ။ (ဥပမာ) ဝိညာနဉ္စာယတန စုတိနောင် အာကာသာနဉ္စာယတနပဋိသန္ဓေမနှောင်းနိုင်ပါ။ ဤသို့စသည် သိပါလေ။

ရူပါဝစရ စုတိ (၅) ခု နောင် နှောင်းနိုင်ဖြစ်နိုင်သော ပဋိသန္ဓေ (၁၇) ပါးကား (အဟိတ်ပဋိသန္ဓေ (၂) ခုကိုကြဉ်၍) ကာမတိဟိတ်ပဋိသန္ဓေ (၄) ကာမဒွိဟိတ်ပဋိသန္ဓေ (၄) ခု ရူပ ပဋိသန္ဓေ (၅) ခု အရူပပဋိသန္ဓေစိတ် (၄) ခု ပေါင်း (၁၇) ပါး ဟူသော ပဋိသန္ဓေ များနှောင်းနိုင်ဖြစ်နိုင်၏။

အသညသတ်စုတိနောင် ကာမတိဟိတ်ပဋိသန္ဓေ (၄)ခု ကာမဒွိဟိတ် ပဋိသန္ဓေ (၄) ခု ပေါင်း (၈) ပါးသော ပဋိသန္ဓေစိတ် နှောင်းနိုင် ဖြစ်နိုင်၏။

ကာမတိဟိတ် စုတိ (၄) ခု နောင် ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေပေါင်း (၂၀) လုံး ဖြစ်နိုင်နှောင်းနိုင်၏။

ဇီဝိတနဝက ကလာပ်ရုပ် (၁) ခု ဥပေက္ခာ သန္တီရဏ (၂) ပါး မဟာဝိပါက်စိတ် (၈) ပါး မဟဂ္ဂုတ် ဝိပါက်စိတ် (၉) ပါး ပေါင်း (၂၀)

http://www.dhammadownload.com

ကာမဒွိဟိတ်စုတိ (၄) ခုနောင် ကာမပဋိသန္ဓေ (၁၀) ပါး နှောင်းနိုင် ဖြစ်နိုင်၏။

အဟိတ်စုတိ (၂) ခုနောင်ကာမပဋိသန္ဓေ (၁၀) ပါး နှောင်းနိုင်ဖြစ်နိုင်၏။

က္ကစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ (လ) ပဝတ္တာတိဟူသော စကားရပ်ကား ပဋိသန္ဓေနောက်မှ စ၍ ဘဝင်စိတ်ဖြစ်ပုံကိုပြသော စကားတည်း။

ထိုဘဝင်များသည် ပဋိသန္ဓေစိတ်ယူအပ်သော အာရုံကိုပင်လိုက်၍ယူသည်။

(ဥပမာ) ပဋိသန္ဓေစိတ်က ကံကိုအာရုံပြုလျှင် ထိုဘဝအတွက် ဘဝင်စိတ်တို့ကလည်း ကံကို အာရုံပြုရ မည်ဟုဆိုလိုသည်။ ကမ္မနိမိတ်စသည်တို့၌လည်း (နည်းမှီသိပါလေ)

ဘဝဿအင်္ဂဘာဝေန ဝီထိစိတ်ပြတ်သည့်အခါ ဘဝင်ဆက်၍ မဖြစ်လျှင်ဘဝပြတ်၍ စုတေ၏။ ထို့ကြောင့်ဘဝင်ကို ဘဝ၏ အကြောင်းဖြစ်သော စိတ်ဟုဆိုရသည်။ ထိုဘဝင်တို့သည် မြစ်ရေစီးသကဲ့သို့ အကြိမ်ပေါင်းများစွာ ဆက်၍ဖြစ်သည်။

ပရိယောသာနေစ (လ) နိရုဇ္ဈတိ ဘဝဆုံးသည့်အခါ ပဋိသန္ဓေစိတ်နှင့်တူစွာသော စိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်၍ချုပ်၏။ တစ်ဘဝ၌ ပဋိသန္ဓေဘဝင် စုတိစိတ် တစ်မျိုးတည်းဖြစ်ရမည် ဟုဆိုလိုသည်။ (နောက်မှာ တစ်ဘဝ၌ တူမြဲတရား (၃) ပါးပြခဲ့ပြီး)

ပဋိသန္ဓေဘဝင်စုတိဟူသော စိတ်တို့သည် ရဟန္တာမဖြစ်သေး၍ ဘဝမပြတ်သမျှကာလပတ်လုံး ရထားလှည့်ဘီးလည်ပုံကဲ့သို့ ဆက်ခါဆက်ခါ ခြာခြာလည်၍ မပြတ်ဖြစ်၏ဟု ဆိုလိုသည်။

ပဋိသန္ဓိဘဝင်္ဂဝီထိယော (ပ) စိတ္တသန္တတိဟူသော ဂါထာသည် သံသရာစက်လည်ပုံကို ပြပြီး ဝီထိပိုင်း ဝီထိမုတ်ပိုင်းတို့၏ နိဂုံးကိုပြသောဂါထာတည်း။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေဘဝင်ဝီထိစိတ်တို့သည်ရှင်း စုတိစိတ်သည်ရှင်း လည်၍ဖြစ်ကုန် သကဲ့သို့ ထို့အတူ တစ်ဖန်ဘဝတစ်ပါး၌ ပဋိသန္ဓေဘဝင်အစရှိသော ဤစိတ်အစဉ်သည် လည်၍ဖြစ် ၏။

ပဋိသင်္ခါယပနေတမဒ္ဓုဝံ (ပ) စိရာယသုဗ္ဗတာဟူသော ဂါထာသည် သံသရာစက်ပြတ်ပုံကိုပြ ပြီး တိုက်တွန်းကြောင်း ဥယျောဉ်ဇဉ်ဂါထာတည်း။

http://www.dhammadownload.com

ဤပဋ္ဌပွန်ဘဝမှ ပဋိသန္ဓေဘဝင်စုတိစိတ်သည် အစဉ်အတိုင်းဖြစ်ပျက်ချုပ်ပျောက်၍ နောင်ဘဝသစ်၌လည်း ဤပဋိသန္ဓေ ဘဝင်စုတိစိတ်တို့ အစဉ်အတိုင်း ဖြစ်ပျက် ချုပ်ပျောက်လျှက် အဆက်မပြတ်လည်ပတ်နေသည်ကို သံသရာဟုခေါ်သည်။ (သံသရာခေါ်ရပုံ)

(ဝီထိမုတ်ပိုင်း မှတ်စုပြီးပါပြီ)

ရုပ်ပိုင်းအခြေပြုသရုပ်ခွဲ
အနုသန္ဓေနှင့် ပဋိညာဉ်

ဇတ္တာဝတာ ဝိဘတ္တာဟိ၊ သပ္ပဘေဒပဝတ္တိကာ စသောဂါထာသည် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြပါသည်။

သပ္ပဘေဒပ္ပဝတ္တိကာ၏သဘောအဓိပ္ပါယ်

ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် သုံးပါးသောပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သော အပြား ပဝတ္တိပဋိသန္ဓေတို့၏ အစွမ်းဖြင့် နှစ်ပါးကုန်သော ပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော စိတ်စေတသိက်တရားများကို ဆိုပါသည်။

ရုပ်ပိုင်း၌ အကျယ်ပြမည့်အကျဉ်းချုပ် ခေါင်းစဉ်မာတိကာ

၁။ ရူပသမုဒ္ဒေသ ရုပ်ကို အကျဉ်းချုပ်ပြဆိုခြင်း
၂။ ရူပဝိဘာဂ အကျဉ်းပြရုပ်ကို တဆင့်တက်ပြီးဝေဘန်၍ ပြခြင်း
၃။ ရူပသမုဋ္ဌာန ကံအစရှိသော အကြောင်းတို့ကြောင့် ရုပ်တို့၏ ဖြစ်ကြောင်းကိုပြဆိုခြင်း
၄။ ရူပကလာပ ရုပ်တို့ကိုဖွဲ့စည်းပေါင်းစု၍ ပြခြင်း
၅။ ရူပပဝတ္တိက္ကမ ရုပ်တို့၏ ဖြစ်စဉ်ကို ပြဆိုခြင်းပေါင်း ၅ ပါး

http://www.dhammadownload.com

ရူပသမုဒ္ဒေသခေါ်ရုပ်

ရုပ် ၂၈ ပါးတို့ကို အကျဉ်းသရုပ်မျှ ထုတ်ပြရာစကားရပ်ကို ရူပသမုဒ္ဒေသဟု ခေါ်သည်။

ရုပ်သည်အချုပ်အားဖြင့် (က) (မဟာဘုတ်) အခြေခံအမှီခံရုပ်၊ (ခ) (ဥပါဒါရုပ်) မှီ၍ဖြစ်သော ရုပ်အားဖြင့် ၂ မျိုးရှိ။

ထို ၂ မျိုးတို့ကို သဘောတူပေါင်း၍ ခွဲလျှင် အကျဉ်းအားဖြင့် (၁၁) မျိုးရှိ၏။

(၁) ဘူတရုပ်၊ (၂) ပသာဒရုပ်၊ (၃) ဂေါစရရုပ်၊ (၄) ဘာဝရုပ်၊ (၅) ဟဒယရုပ်၊ (၆) ဇီဝိတရုပ်၊ (၇) အာဟာရရုပ်၊ (၈) ပရိစ္ဆေဒရုပ်၊ (၉) ဝိညတ်ရုပ်၊ (၁၀) ဝိကာရရုပ်၊ (၁၁) လက္ခဏာရုပ် ပေါင်း အကျဉ်း ၁၁ မျိုးရှိ၏။

အခြားသော ရုပ်များထက်သဘောလက္ခဏာအားဖြင့်ရင်း အထည်ဒြပ်အားဖြင့်ရင်း ကြီးကျယ်ထင်ရှားသောရုပ်ကို မဟာဘူတ မဟာဘုတ်ဟု ခေါ်သည်။

မဟာဘုတ် (၄) ပါး

၁။	ပထဝီ = ခက်မာခြင်းသဘော၊	၂။	အာပေါ = ဖွဲ့စည်းခြင်းသဘော
၃။	တေဇော = အပူအအေးအငွေ့သဘော	၄။	ဝါယော = ထောက်ပံ့ခိုင်ခန့်မှုသဘော

ပထဝီသည် = လက္ခဏပထဝီ, သသမ္ဘာရပထဝီ,
အာရမ္မဏပထဝီ, သမ္မုတိပထဝီ ဟူ၍ ၄ မျိုးရှိသည်။

အဇ္ဈတ္တသန္တာန်၌ဖြစ်သော ပထဝီဓာတ်၏ လက္ခဏာသည် **လက္ခဏပထဝီ** မည်၏။

ကေသာလောမာစသော ကောဋ္ဌာသ ၂၀ နှင့် သံပြဒါးစသော ဗာဟိရပထဝီသည် **သသမ္ဘာရပထဝီ** မည်ပါသည်။ ပထဝီကသိုဏ်းဝန်းစသည်သည် **အာရမ္မဏပထဝီ** မည်၏။ ပထဝီကသိုဏ်းစျာန် ရသော ပုဂ္ဂိုလ်ဆိုင်ရာ၌ ပထဝီသည် **သမ္မုတိပထဝီ** မည်၏။

တေဇောသည် (ပကတိ ကိုယ်ငွေ့သည်) **ဥသ္မာတေဇော**၊ (ပြင်းစွာပူလောင်စေတတ်သော) **သန္တပ္ပနတေဇော**၊ (ပူရုံတွင် မကဘဲ မီးကဲ့သို့ လောင်ကျွမ်းတတ်သော) **ဒဟတေဇော**၊ အရွယ်အိုမင်း

http://www.dhammadownload.com

အောင် ဆံဖြူသွားကြွေ အရေတွန့်တွဲ မျက်စိမွဲအောင် ပြုတတ်သောဇိရဏတေဇော၊ အစာအဟာရကို ကြေကျက်စေတတ်သော **ပါစကတေဇော** (ဝမ်းမီး)ဟု ၅ မျိုးရှိ၏။

ဆောင်ပုဒ်- ကိုယ်ငွေ့ဥသ္မာ သန္တပ္ပန ဒဟနနှင့် ဇိရဏပါ ပါစကာ ငါးဖြာတေဇောမှတ်

ဝါယောသည် အထက်သို့ဆန်တက်သော ဥဒ္ဓင်္ဂမဝါယော၊ အောက်သို့စုန်ဆင်းသော အဓောဂမဝါယော၊ ဝမ်းတွင်း၌ တည်သောကုစ္ဆိဋ္ဌဝါယော၊ အူမ၌တည်သောကောဋ္ဌာသယဝါယော၊ အင်္ဂါကြီးငယ်တို့၌ လျှောက်သောအင်္ဂမင်္ဂါနုသာရိဝါယော၊ ထွက်သက်ဝင်သက်ဖြစ်သော အဿာသ ပဿာသ ဝါယော ဟု ၆ မျိုးရှိသည်။

ဆောင်ပုဒ်- ဥဒ္ဓံအဓော ကုစ္ဆိဋ္ဌောနှင့် ကောဋ္ဌာသောတဝ မင်္ဂမင်္ဂါ အဿာသာခြောက်ဖြာ ဝါယောမှတ်

ပသာဒရုပ် ၅ ပါး

၁။ စက္ခုပသာဒ မျက်စိအကြည်ဓာတ်
၂။ သောတပသာဒ နားအကြည်ဓာတ်
၃။ ဃာနပသာဒ နှာခေါင်းအကြည်ဓာတ်
၄။ ဇိဝှါပသာဒ လျှာအကြည်ဓာတ်
၅။ ကာယပသာဒ ကိုယ်အကြည်ဓာတ်

မေး။ အဘယ်ကြောင့်ပသာဒရုပ်မည်ပါသနည်း။

ဖြေ။ မဟာဘုတ်လေးပါးတို့၏ ကြည်လင်ကြောင်းဖြစ်သောကြောင့် ပသာဒရုပ်မည်ပါသည်။

ဂေါစရရုပ် (၇) ပါး

၎င်းကို ဝိသယရုပ်ဟုလည်း ခေါ်၏။

၁။ ရူပါရုံ = အဖြူအနီစသော အဆင်းဟူသမျှ

၂။ သဒ္ဒါရုံ = ကြားရသော အသံဟူသမျှ

၃။ ဂန္ဓာရုံ = မွှေးနံသော အနံ့ဟူသမျှ

http://www.dhammadownload.com

၄။ ရသာရုံ = ချိုချဉ်ငံခါးစပ်ဖန်ဟူသော အရသာဟူသမျှ

၅။ ဖေါဋ္ဌဗ္ဗာရုံ = တွေ့ထိရကောင်းသော အတွေ့အထိ အာရုံဟူသမျှ

(အမှာ) ပထဝီ တေဇော ဝါယောဟူသော ဓာတ်ကြီး ၃ ပါးကိုဖေါဋ္ဌဗ္ဗာရုံဟု ခေါ်သည်။

ပေါင်း (ဂေါစရရုပ်) ဝိသယရုပ် (၇) ပါး

အာပေါဓာတ်ကြဉ်ရခြင်းအကြောင်း။ အာပေါဓာတ်ကား သိမ်မွေ့သည် ဖြစ်၍ တွေ့ထိစမ်းသပ်ခြင်းငှာ မရကောင်းသောကြောင့် ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော (၃) ခုသော အာပေါဓာတ်ကိုကြဉ်ရပါသည်။

မေး။ အဘယ်ကြောင့် ဂေါစရရုပ်မည်ပါသနည်း။

ဖြေ။ ပဉ္စဝိညာဏ်၏ အာရုံဖြစ်သောကြောင့် ဂေါစရရုပ်မည်ပါသည်။ စက္ခုစသောဣန္ဒြေတို့၏ ကျက်စားရာအာရုံဖြစ်သောကြောင့် ဂေါစရဟူသောအမည်သည် အာရုံ၏အမည်ဖြစ်ပါသည်။

ဘာဝရုပ် (၂) ပါး

၁။ ဣတ္ထိဘာဝ မိန်းမ၏ အဖြစ်

၂။ ပုရိသဘာဝ = ယောကျ်ား၏အဖြစ်

မေး။ ဣတ္ထိလိင်္ဂ ဣတ္ထိနိမိတ္တ စသည်တို့၏ အရကို အသီးသီးပြဆိုပါ။

ဖြေ။ လက်အစရှိသော သဏ္ဌာန်သည်လိင် = ပြုံးရယ်ခြင်း အစရှိသည် သည်နိမိတ္တ၊ ဘန်းငယ်စသည်ဖြင့်ဖြင့် ကစားခြင်းသည် ကုတ္တ၊ သွားခြင်းအစရှိသည်သည် အာကပ္ပမည်၏။

ဆောင်ပုဒ်- လက်စသဏ္ဌာန်လိင်မှန်၊ ပြုံးပြန်နိမိတ္တ ဘန်းငယ်ကစား ကုတ္တထား သွားခြင်းအာကပ္ပ

ဟာဒယရုပ် (၁) ပါး

သားမြတ်နှစ်ခုတို့၏အလယ်၊ နှလုံးသား၏အတွင်း၌ ပုန်းညက်စေ့ခန့် ကျယ်သောတွင်းငယ်၏အတွင်း၌ တည်သော တလက်ဖက်၊ တလက်ဆွမ်းမျှလောက်သော သွေးများကို မှီ၍တည်သော စိတ်စေတသိက်တို့၏ မှီရာဝတ္ထုရုပ်ပင်တည်း။

ဇီဝိတရုပ် (၁) ပါး

သဟဇာတ်ဖြစ်သော ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်စောင့်ရုပ်ပင်ဖြစ်၏။

မေး။ တကိုယ်လုံးပြန့်နှံ့တည်နေသော ရုပ်များကိုအသီးအသီး ဖော်ပြပါ။

ဖြေ။ တကိုယ်လုံးပြန့်နှံ့တည်နေသော ရုပ်များကား ဘာဝရုပ်၊ ကာယ ပသာဒရုပ် ဇီဝိတရုပ် သွေး၊ သည်းခြေ၊ သုက်များ ဖြစ်ပါသည်။

ဆောင်ပုဒ်- ဘော ပသာဒ၊ ဇီဝိတ သုက္က သွေး၊ သည်းခြေ၊ အစိုကာယ ရှိသမျှ မုချအနှံ့နေ

ဆံပင်ဖျား အမွေးဖျားခြေသည်းလက်သည်းဖျား ခြောက်နေသော အမာရွတ်များကို ချန်လှပ်၍ တကိုယ်လုံးမှာပြန့်နှံ့တည်နေသည်။

အာဟာရရုပ် (၁) ပါး

မျိုအပ်သောအစာ၌ပါသော အဆီအနှစ်အစေးဟု ဆိုအပ်သော ဩဇာကို အာဟာရရုပ်ဟု ခေါ်ပါသည်။

ဆိုခဲ့ပြီးသော (၁၈) ပါးသော ရုပ်တို့သည် -

၁။ ကက္ခဠစသည်ဖြင့် အသီးအသီးကိုယ်ပိုင်လက္ခဏာရှိသောကြောင့် သဘာဝရုပ်ဟုလည်းခေါ်ရပါသည်။

၂။ အနိစ္စအစရှိသော ဆိုင်ရာလက္ခဏာရှိသောကြောင့် သလက္ခဏာရုပ်ဟုလည်းခေါ်ရပါသည်။

၃။ ကံ-စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည် ဖြစ်စေအပ် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်ဟုလည်းခေါ်ရပါသည်။

http://www.dhammadownload.com

၄။ ရှေးအစဉ်မှ အသွင်ထူးခြားစွာဖေါက်ပြန်တတ်သောကြောင့် ရူပရုပ်ဟုလည်းခေါ်ရပါသည်။

၅။ အနိစ္စဒုက္ခ အနတ္တတည်းဟူသော လက္ခဏာယာဉ်တင်၍ သုံးသပ်ကောင်းသောကြောင့် သမ္မသနရုပ်ဟုလည်း ခေါ်ရပါသည်။

ကြွင်းကျန်သော (၁၀) ပါးသော ရုပ်တို့သည် ထိုမှပြန်၍ အသဘာဝရုပ် အလက္ခဏရုပ် အနိပ္ဖန္နရုပ် အရူပရုပ် အသမ္မသနရုပ်ဟု အမည်ရကြပါသည်။

မေး။ အဘယ့်ကြောင့် အာကာသမည်ပါသနည်း။

ဖြေ။ တစုံတခုသောဝတ္ထုဖြင့် ရေးခြစ်ထိပါး၍ မရသောကြောင့် ထိုရေးခြစ်ထိပါး၍ မရသော အရပ်သည် အာကာသမည်ပါသည်။

ပရိစ္ဆေဒရုပ် (၁) ပါး

၁။ ရုပ်တို့ကို တခုနှင့် တခုမရောယှက်အောင် ပိုင်းခြားတတ်သော အာကာသဓာတ်ကို ပရိစ္ဆေဒရုပ်ဟု ခေါ်သည်။

(အမှာစကား)

ရုပ်ကလပ်တခုနှင့် တခုကိုသာ မရောယှက်အောင် ပိုင်းခြားသည်။ ရုပ်ကလာပ်တခုတည်းက ရုပ်တခုနှင့် တခုကိုပိုင်းခြားသည်မဟုတ်ဟုမှတ်ပါ။

မေး။ အဘယ့်ကြောင့် ကာယဝိညတ်ဝစီဝိညတ်မည်ပါသနည်း။

ဖြေ။ လှုပ်သောကိုယ်ဖြင့် မိမိအလိုကိုသူတပါးတို့အား သိစေတတ် မိမိ၏အလိုကို သူတပါးတို့သည် သိအပ်သောကြောင့် ကာယဝိညတ်မည်ပါသည်။

သဝိညာဏကသဒ္ဒဟုဆိုအပ်သော အသံဖြင့် မိမိ၏ အလိုကို သူတပါးတို့အား သိစေတတ် မိမိ၏အလိုကိုသူတပါးတို့သည် သိအပ်သောကြောင့် ဝစီဝိညတ်မည်ပါသည်။

http://www.dhammadownload.com

ဝိညတ်ရုပ် (၂) ပါး

၁။ ကာယဝိညတ်ရုပ် ကိုယ်၏လှုပ်ရှားမှု အမူအရာအထူးကို ကာယဝိညတ်ဟုခေါ်သည်။

၂။ ဝစီဝိညတ်ရုပ် စကားသံဖြင့် သိစေတတ်သော အမူအရာအထူးကို ဝစီဝိညတ်ရုပ်ဟုခေါ်သည်။

ဝိကာရရုပ် (၅) ပါး

၁။ ရူပဿ လဟုတာ တိဇနိပ္ဖန္နရုပ် (၁၈) ခု တို့၏ လျင်မြန်ပေါ့ပါးမှု

၂။ ရူပဿ မုဒုတာ တိဇနိပ္ဖန္နရုပ် (၁၈) ခု တို့၏ နူးညံ့မှုသဘော

၃။ ရူပဿ ကမ္မညတာ တိဇနိပ္ဖန္နရုပ် (၁၈) ခု တို့၏ ကောင်းမွန်ခံ့ညားခြင်း ဖြတ်လတ်သွက်လက်ခြင်းအမူအရာ ဝိညတ်ရုပ် ၂ ပါး ထပ်ထည့်လျှင် ဝိကာရရုပ် (၅) ပါး

မေး။ ရူပဿ လဟုတာစသည်၌ ရူပဿအရအဘယ်ရုပ်ကိုသာ ယူရပါမည်နည်း။

ဖြေ။ ရူပဿအရ စိတ် ဥတု အာဟာရကြောင့် ဖြစ်သော မဟာဘုတ် (၀) နိပ္ဖန္နရုပ်ကိုသာ ယူရပါသည်။

လက္ခဏာရုပ် ၄ ပါး

၁။ ဥပစယ နိပ္ဖန္နရုပ်တို့၏ အစဆုံးဖြစ်မှုတိုးတက်၍ ဖြစ်မှုသဘော

၂။ သန္တတိ နိပ္ဖန္နရုပ်တို့၏ ပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထပ်ခါထပ်ခါဖြစ်ခြင်းသဘော

၃။ ဇရတာ ရုပ်တို့၏ ရင့်ရော်မှုသဘော

၄။ အနိစ္စတာ ရုပ်တို့၏ မမြဲမှု ပျက်စီးမှုသဘော ပေါင်း အနိပ္ဖန္နရုပ် ၁၀ ပါး

သုတ္တန်ပါဠိတော်၌ ဟောတော်မူအပ်သော ဇာတိရုပ် (၁) ခုကိုပင်လျှင် ဤအဘိဓမ္မာ၌ ဝေနေယျသတ္တဝါတို့ အလိုကျအောင် ဥပစယ သန္တတိဟူ၍ နှစ်မျိုးခွဲခြား၍ ဟောတော်မူအပ်ပါသည်။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့်လက္ခဏာရုပ်မည်ပါသနည်း။

ဖြေ။ ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲသော နိပ္ဖန္နရုပ်တရားတို့၏ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းဟူသော အခိုက်အတန့်အစွမ်းအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်မည်ပါသည်။

(ရုပ်အဋ္ဌဝီသ ၂၈ ပါးဇယားပုံ)

သဘာဝရုပ်သလက္ခဏာရုပ်နိပ္ဖန္နရုပ် သမ္မသနရုပ်	အသဘာဝရုပ် အနိပ္ဖန္နရုပ်အလက္ခဏာရုပ် အရူပရုပ် အသမ္မသနရုပ်
ဘူတရုပ် ၄ ပါး ပထဝီ အာပေါ် တေဇော ဝါယော	ပရိစ္ဆေဒရုပ် ၁ ပါး (အာကာသဓာတ်)
ပသာဒရုပ် ၅ ပါး စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ	ဝိညတ်ရုပ် ၂ ပါး ကာယဝိညတ်ဝစီဝိညတ် ဝိညတ်ဒွေးကြည့်
ဖေါဋ္ဌဗ္ဗာရုံကြည် ဂေါစရရုပ် ၄ ပါး ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ	ဝိကာရရုပ် ၃ ပါး ရူပဿ လဟုတာ ရူပဿမုဒုတာ ရူပဿကမ္မညတာ
ဘာဝရုပ် ၂ ပါး ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်	လက္ခဏာရုပ် (၄) ပါး
ဟဒယရုပ် ၁-ပါး ဟဒယဝတ္ထုရုပ်	ဥပစယ သန္တတိ ဇရတာအနိစ္စတာ
ဇီဝိတရုပ် ၁ ပါး ဇီဝိတိန္ဒြိယရုပ်	ပေါင်း (၁၀) ပါး
အာဟာရရုပ် ၁ ပါး မျိုအပ်သောအာဟာရ၌ပါသော ဩဇာ = ပေါင်း ၁၈ ပါး	

ရူပဝိဘာဂခေါ်ရပုံ

ရုပ် ၂၈ ပါးတို့ကို အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်စသည်ဖြင့် ခွဲခြားဝေဘန်ရာ အပိုင်းအခဏ်းကို ရူပဝိဘာဂဟု ခေါ်သည်။

ရုပ် ၂၈ ပါး ပေါင်းရနိုင်သောအမည်

၁။ အဟေတုက အလောဘစသော ဟိတ်များနှင့်မယှဉ်သောကြောင့် ရုပ်အားလုံးသည် အဟေတုကမည်၏။

http://www.dhammadownload.com

၂။ သပစ္စယ = ကံစိတ် ဥတု အာဟာရဟူသော အကြောင်းတို့နှင့်တကွ ဖြစ်သောကြောင့် ရုပ်အားလုံးသည် သပစ္စယမည်၏။

၃။ သာသဝ = ကာမာသဝစသော အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် ရုပ်အားလုံး သည် သာသဝမည်၏။

၄။ သင်္ခတ = ကံစသော အကြောင်းတို့သည် ပြုပြင်စီမံအပ်သောကြောင့် ရုပ်အားလုံးသည် သင်္ခတမည်၏။

၅။ လောကိယ = ဥပါဒါန်၏အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သောကြောင့် ရုပ်အားလုံး သည် လောကိယမည်၏။

၆။ ကာမာဝစရ = ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ရုပ်အားလုံးသည် ကာမာဝစရ လည်း မည်၏။

၇။ အနာရမ္မဏ = အာရုံကိုမယူနိုင်သောကြောင့် ရုပ်အားလုံးသည် အနာရမ္မဏလည်း မည်၏။

၈။ အပ္ပဟာတဗ္ဗ = မင်္ဂဖြင့်မပယ်အပ်သောကြောင့် ရုပ်အာလုံးသည် အပ္ပဟာတဗ္ဗလည်းမည်၏။

(ရုပ် ၂၈ ပါးတို့ကို အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်စသည် ခွဲပြသောအချက်)

အဇ္ဈတ္တိကရုပ်ကား ပသာဒရုပ် ၅ ပါး၊ ဗာဟိရရုပ်ကားကြွင်း ၂၃ ပါး ပေါင်း ၂၈ ပါး။

ဆောင်ပုဒ်- အဇ္ဈတ္တိကေ ပသာဒေ ကြွင်းလေဗာ ဟိရ။

ဝတ္ထုရုပ်ကား ပသာဒရုပ် ၅ ပါး ဟဒယရုပ် ၁ ပါး ပေါင်း ၆ ပါး၊ အဝတ္ထုရုပ်ကား ကြွင်းရုပ် ၂၂ ပါး ပေါင်း ၂၈ ပါး။

ဆောင်ပုဒ်- ပသာဒမူ ဝတ္ထုယူ ကြွင်းမူ အဝတ္ထု။

ဒွါရရုပ်ကား ပသာဒရုပ် ၅ ပါး ဝိညတ်ရုပ် ၂ ပါး ပေါင်း (၇) ပါး၊ အဒွါရရုပ်ကား ကြွင်း ၂၁ ပါး ပေါင်း ၂၈ ပါး။

ဆောင်ပုဒ်- ပသာ, ဝိညတ်, ဒွါရမှတ် ကြွင်းလတ်အဒွါရ။

ဣန္ဒြိယ ရုပ်ကာ, ပသာဒရုပ် ၅ ပါး ဘာဝရုပ် ၂ ပါး ဇီဝိတရုပ် ၁ ပါး ပေါင်း ၈ ပါး။

အနိန္ဒြိယရုပ်ကား ကြွင်းရုပ် ၂၀ ပေါင်း ၂၈ ပါး။

http://www.dhammadownload.com

ဆောင်ပုဒ်- ပသာဘာဇီကြန္ဒြီ ကြွင်းပြီးအနိန္ဒြီ။
ဩဠာရိကရုပ် သန္တိကေရုပ် သပ္ပဋိဃရုပ်တို့ကား ပသာဒရုပ် ၅ ပါး ဂေါစရရုပ် ၇ ပါး ပေါင်း ၁၂ ပါး
သုခုမရုပ် ဒူရေရုပ် အပ္ပဋိဃရုပ်တို့ကား ကြွင်းရုပ် ၁၆ ပါး ပေါင်း ၂၈ ပါး

ဆောင်- ပသာဂေါစရ ဩသန်သပ် ကြွင်းလတ်သုဒူအပ်
ဥပါဒိန္နရုပ်ကား ကမ္မဇရုပ် ၁၈ပါး။
အနုပါဒိန္နရုပ်ကား ကြွင်းတိဇရုပ် ၁၀ ပါး ပေါင်း ၂၈ ပါး။

ဆောင်- ရုပ်ကမ္မဇ ၁၈ရသ ဥပါဒိန္နပေ ကြွင်းလတ်တိဇ ရုပ်ဒသ အနုပါဒိန္နပေ
သနိဒဿ နရုပ်ကား ရူပါရုံ ၁ ပါး၊ အနိဒဿနရုပ်ကားကြွင်းရုပ် ၂၇ ပါး ပေါင်း၂၈ပါး။

ဆောင်ပုဒ်- စက္ခုမြင်ရ ရုပ်ရူပ ခေါ်ကြသနိဒဿ
သတ္တဝီသ ကြွင်းရုပ်မျှ ခေါ်မှတ်အနိဒဿ
ဂေါစရဂ္ဂါဟိကရုပ်ကား ပသာဒရုပ် ၅ ပါးကား အဂေါစရဂ္ဂါဟိကရုပ်ကား ကြွင်းရုပ် ၂၃ ပါး ပေါင်း ၂၈ ပါး။

ဆောင်ပုဒ်- အသမ္ပတ္တ ဂါဟက သောတစက္ခုယူ ရုပ်သမ္ပတ္တ ဂါဟက ဃာန ဇိကာယူ -

အဝိနိဗ္ဘောဂရုပ်ကား မဟာဘုတ် ၄ ပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ပေါင်း (၈) ပါး။
ဝိနိဗ္ဘောဂရုပ်ကား ကြွင်းရုပ် ၂၀ ပါး ပေါင်း ၂၈ ပါး
အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်စသည်တို့ကို ဇယားပုံဖြင့် ပြဆိုသောအချက်

အဇ္ဈတ္တိကရုပ်	၅	ဗာဟိရရုပ်	၂၃	ပေါင်း ၂၈
ဝတ္ထုရုပ်	၆	အဝတ္ထုရုပ်	၂၂	ပေါင်း ၂၈
ဒွါရရုပ်	၇	အဒွါရရုပ်	၂၁	ပေါင်း ၂၈
ဣန္ဒြိယရုပ်	၈	အနိန္ဒြိယရုပ်	၂၀	။ ၂၈
ဩဠာရိကရုပ်	၁၂	သုမရုပ်	၁၆	။ ၂၈

http://www.dhammadownload.com

သန္တိကေရုပ်	၁၂	ဒူရေရုပ်	၁၆	။	၂၈
သပ္ပဋိဃရုပ်	၁၂	အပ္ပဋိဃရုပ်	၁၆	။	၂၈
ဥပါဒိန္နရုပ်	၁၈	အနုပါဒိန္နရုပ်	၁၀	။	၂၈
သနိဒဿနရုပ်	၁	အနိဒဿနရုပ်	၂၇	။	၂၈
ဂေါစရဂ္ဂါဟိကရုပ်	၅	အဂေါစရဂ္ဂါဟိက	၂၃	။	၂၈
အဝိနိဗ္ဘောဂရုပ်	၈	ဝိနိဗ္ဘောဂရုပ်	၂၀	။	၂၈

ရူပသမုဋ္ဌာနခေါ်ရုပ်ပုံ

ကံစိတ်ဥတု အာဟာရတည်းဟူသော အကြောင်းတရား ၄ ပါးတို့ကြောင့် ရုပ်တို့၏ ဖြစ်ပုံကို ပြရာအခန်းကို ရူပသမုဋ္ဌာနဟုခေါ်သည်။

ရုပ်တို့ကို ဖြစ်စေတတ်သောအကြောင်းတရားတို့ကား ၁။ ကံ၊ ၂။ စိတ်၊ ၃။ ဥတု၊ ၄။ အာဟာရ ပေါင်း ၄ ပါး။

၁။ **ကံအရ** အကုသိုလ်ကံ ၁၂ မဟာကုသိုလ် ၈ ပါး ရူပကုသိုလ်ကံ ၅ ပါး ပေါင်း ၂၅ ပါးသော ကုသိုလ် အကုသိုလ်စိတ်တို့နှင့် ယှဉ်သော စေတနာ ၂၅ ပါးတို့တည်း။ ထို ၂၅ ပါးတို့သည် အဇ္ဈတ္တိက သန္တန်၌ ကံကြောင့်ဖြစ်သော ရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်း ဖြစ်စေ၏။

၂။ **စိတ်အရ** အရူပဝိပါက် ၄ခု ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ် ကျန် ၇၅ ပါးသော စိတ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်းစိတ်ကြောင့် ဖြစ်သော ရုပ်ကို ဖြစ်စေ၏။

၃။ **ဥတုအရ** သီတ အအေး၊ ဥဏှ အပူအနွေး အငွေ့ဟူသော တေဇောဓာတ်သည် ဥပါဒ်ပြီး နောက်ဌီသို့ အရောက်ဘွင်ဥတုကြောင့် ဖြစ်သော ရုပ်ကို အဇ္ဈတ္တဗဟိဒ္ဓသန္တာန်၌ ထိုက်သင့်သလို ဖြစ်စေ၏။

http://www.dhammadownload.com

၄။ **အာဟာရအရ** ဩဇာဟူသော အာဟာရသည် စားသောက်ဘွယ်ကို မျိုသောအခါ ရောက်ရာအရပ်၌ အသစ်ဥပါဒ်ပြီးနောက်ဌီသို့ အရောက်မှာ အာဟာရကြောင့်ဖြစ်သော ရုပ်ကို အဇ္ဈတ္တသန္တာန်၌ ဖြစ်စေ၏။

ဆောင်ပုဒ်- ကံစိတ် ဥ - ဟာ ကြောင်းလေးဖြာမှတ်ပါ သမုဋ္ဌာန် (ရုပ်ဖြစ်ကြောင်း ၄ ပါး)

ရုပ်ကိုမဖြစ်စေတတ်သောစိတ်

အရူပဝိပါက်စိတ် ၄ ခု၊ ဒွေးပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်၊ ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ် ပေါင်း ၁၆ ပါး။

ဆောင်ပုဒ်- အရူဝိလေးဒွေးပဉ်တဆယ်၊ ရဟန္တာ၏ စုတိတသွယ်၊ ပဋိသန္ဓေစိတ်ပေါင်း ကြိတ်ပါကွယ်၊ စိတ်ကြောင့် ရုပ်၊ အဟုတ်မဖြစ်ဘွယ်။

အဓိပ္ပါယ်ရှင်းလင်းချက်

အရူပဝိပါက်စိတ် ၄ ခုတို့သည် ထိုအရူပဘုံ၌ ရုပ်၏မရှိသည်၏ အဖြစ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

ဒွေးပဉ္စဝိညာဏ် ၁၀ တို့သည် ဟိတ် ဈာနင် မဂ္ဂင်ကင်းသဖြင့် စိတ်အင်္ဂါအားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

ရဟန္တာတို့၏ စုတိစိတ်သည် သံသရာဝဋ်မြစ်ငြိမ်းပြီးသည်၏အဖြစ်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူဥပါဒ်သော ဟဒယဝတ္ထု၏ အားနည်းသည်၏ အဖြစ်ကြောင့်ရင်း တည်တန့်ခြင်းမရှိသောကြောင့်ရင်း အကြောင်းချို့တဲ့သည်၏ အဖြစ်ကြောင်းရင်း ဘဝသစ်၌ ဖြစ်စဖြစ်၍ ညှော်သည်သဘွယ် ဖြစ်သောကြောင့်ရင်း ရုပ်ကို မဖြစ်စေနိုင်ပါ။ (အဋ္ဌကထာ)

စိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်သောစိတ် (၁၉)

သန္တီရဏစိတ် (၃) ခု မနောဓာတ် (၃) ခု မဟာဝိပါက်စိတ် (၈) ခု ရူပဝိပါက်စိတ် (၅) ခု ပေါင်း (၁၉)

ဆောင်ပုဒ်- သန္တီသုံးရပ် မနောသုံးတန် မဟာဝိပါက်၊ ရှစ်ချက်တဖန်
ရူပဝိပါက်ပေါင်းစွက်လေပြန် စိတ္တဇဖြစ်ထရုပ်ကေန်

စိတ္တဇရုပ် - ဣရိယာပုထ် (၂)ပါး ကို ဖြစ်စေနိုင်သောစိတ်ကား (၂၆) ပါး အပ္ပနာဇော (၂၆) ပါး (ဆဗ္ဗီသ)

ဆောင်ပုဒ်- အပ္ပနာဇောခေါ်သောစိတ်မှာ စိတ္တဇရုပ်လဲ ဖြစ်မြဲမှတ်ပါ
လျောင်းထိုင်ရပ်သွား လေးပါးဣရိယာ ခိုင်စေတတ် ဇောဆဗ္ဗီသမှာ

စိတ္တဇရုပ် - ဣရိယာပုထ် ဝိညတ် (၃) ပါး ကိုသာဖြစ်စေနိုင်သောစိတ် (၁၉) ပါး

မဟာကုသိုလ်ဥပေက္ခာ (၄) ခု မဟာကြိယာဥပေက္ခာ (၄) ခု လောဘမူ ဥပေက္ခာ (၄)ခု ဒေါသမူစိတ် (၂) မောဟမူစိတ် (၂) ဝုဋ္ဌော စိတ် (၁) ခု အဘိညာဏ်ဒွေး ပေါင်း (၁၉) ခု

ဆောင်ပုဒ်- မဟာကြိကု ဥပေက်ရှစ်တန် လောဥဒေါမော ဝုဋ္ဌော ဘိညာဏ်၊ တဆဲ့ကိုး၀ စိတ္တဇ
ရူပံ ခိုင်စေတတ် ဝိညတ်ဖြစ်စေပြန်။

(တနည်း)

ဝုဋ္ဌောစိတ်(၁)ခု ကာမဇော (၂၉) ခု၊ အဘိညာဏ်ဒွေ ပေါင်း ၃၂ ပါးသည် စိတ္တဇရုပ် ဣရိယာပုတ်
ဝိညတ် (၃) ပါး ကိုလည်း ဖြစ်စေနိုင်သည်။

စိတ္တဇရုပ် ဣရိယာပုတ် ဝိညတ် ရယ်ရွှင်ခြင်း (၄) ပါးကို ဖြစ်စေနိုင်သောစိတ် (၁၃) ပါး

လောဘမူသောမနဿ (၄) ပါး မဟာကုသိုလ်သောမနဿ (၄) ပါး မဟာကြိယာ သောမနဿ (၄) ပါး ဟသိတုပ္ပါဒ်သောမနဿ (၁) ပါး ပေါင်း (၁၃) ပါး။

ဆောင်ပုဒ်- ကာဇောတွင်လည်း တနည်းမှတ်ရန်၊ လောဘမူသော ကုသော လေးတန် ကြိသော
ဟသိပေါင်း ဘိသဗ္ဗ တဆဲ့သုံး ရွှင်ပြုံးစေနိုင်ပြန်။

ဘုရား ရဟန္တာ သေက္ခ ပုထုဇဉ် အသီးသီးရယ်ရွှင်သော စိတ်များ

လောဘမူသောမနဿ (၄) ပါး မဟာကုသိုလ်သောမနဿ (၄) ပါး ပေါင်း (၈) ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်များ ရယ်ရွှင်သည်။

ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ (၂) ခု မဟာကုသိုလ်သောမနဿ (၄) ခု ပေါင်း (၆) ပါးသည် သေက္ခပုဂ္ဂိုလ်များ ရယ်ရွှင်သည်။

မဟာကြိယာသောမနဿ (၄) ပါး ဟသိတုပ္ပါဒ်သောမနဿ (၁) ပါး ပေါင်း (၅) ပါးသည် ဘုရား ရဟန္တာပုဂ္ဂိုလ်တို့ ရယ်ရွှင်သည်။

ဆောင်ပုဒ်- ပုထုရှစ်တန် ခြောက်သေက္ခံ ငါးတန်အသေက္ခ ရယ်ရွှင်စိတ်မှာ ရွေးစစ်ပါ သင်္ချာတေရသ။

ရုပ် (၂၈) တို့မှာ

ကမ္မဇရုပ်ကေန် ဟဒယရုပ် (၁) ပါး ဣန္ဒြိယရုပ် (၈) ပါး ပေါင်း (၉) ပါး

ကမ္မဇရုပ် အနေကန် အဝိနိဗ္ဘောဂရုပ် (၈) ပါး အာကာသဓာတ် (၁) ပါး ပေါင်း (၉) ပါး။

ကေန် အနေကန် (၂) ရုပ်ပေါင်းက ကမ္မဇရုပ် (၁၈) ပါးရှိသည်။

ဆောင်ပုဒ်- ဟဒယိန်ကေန် နေကန်မှတ်ပိန့် ဝိနိဗ်ကာသ ဆဲ့ရှစ်ဝ ရူပကမ္မဇာ

စိတ္တဇကေန်ကား ဝိညတ်ရုပ် (၂) ပါး

စိတ္တဇအနေကန်ကား လဟုတာ မုဒုတာ ကမ္မညတာ

အဝိနိဗ္ဘောဂရုပ် (၈) ပါး အာကာသဓာတ် (၁) ပါး သဒ္ဒရုပ် (၁) ပါး ပေါင်း (၁၃) ပါး

ကေန်အနေကန် (၂) ရုပ် ပေါင်းက စိတ္တဇရုပ်သည် (၁၅) ပါး

ဆောင်ပုဒ်- ဝိညတ်ကေန် နေကန်မှတ်ပိန့် လဟုတာဒိတ် ဝိနိဗ်ကာသ ရုပ်သဒ္ဒ စိတ္တပန္နရာ

ဥတုဇရုပ်ကေန်မရှိ အနေကန်သာရှိသည်။

လဟုတာမုဒုတာ ကမ္မညတာ အဝိနိဗ္ဘောဂရုပ် (၈) ပါး အာကာသဓာတ် (၁) ပါး သဒ္ဒရုပ် (၁) ပါး ပေါင်း (၁၃) ပါးသည် ဥတုဇရုပ်အနေကန်ဖြစ်သည်။

ဆောင်ပုဒ်- လဟုတာဒိတ် ဝိနိဗ်ကာသ ရုပ်သဒ္ဒ တေရဥတုဇာ

အာဟာရဇရုပ်ကေန်မရှိ အနေကန်သာရှိသည်။

လဟုတာ မုဒုတာ ကမ္မညတာ အဝိနိဗ္ဘောဂရုပ် (၈) ပါး အာကာသဓာတ် (၁) ပါး ပေါင်း (၁၂) ပါးသည် အာဟာရဇရုပ် အနေကန်ဖြစ်သည်။

ဆောင်ပုဒ်- လဟုတာဒိတ်၊ ဝိနိဗ်ကာသ၊ ဒွါဒသ မှတ်ကြဟာရဇာ၊ ကံစိတ် ဥတု အာဟာရ အကြောင်း (၄) ပါးကြောင့် ဖြစ်သောရုပ်ကား အဝိနိဗ္ဘောဂရုပ် (၈) ပါးအာကာသ ဓာတ် (၂) ပါး ပေါင်း (၉) ပါး

မည်သည့်အကြောင်းကြောင့်မျှ မဖြစ်သော နကုတောစိရုပ်ကား လက္ခဏာရုပ်(၄)ပါး

ရုပ် (၂၈) ပါးတို့ကို ကေဇ ဒွိဇ တိဇ စတုဇ နကုတောစိရုပ်ခွဲပြပုံ

ဧကဇရုပ်	ဒွိဇရုပ်	တိဇရုပ်	စတုဇရုပ်	နကုတောစိရုပ်ကား
၁၁	၁	၃	၉	၄

ဆောင်ပုဒ်- ကံ စိတ်ဧကဇ ကောဒသာ၊ ဒွိဇသဒ္ဒေါ တိဇောလဟုတာ အဝိနိဗ္ဘော ကာသော စတုဇာ၊ လက္ခဏော နကုတောစိပါ။

	ကေန်	အနေကန်	ပေါင်း	ဥပစယသန္တတိထည့်၍
ကမ္မဇရုပ်	၉	၉	၁၈	၂၀
စိတ္တဇရုပ်	၂	၁၃	၁၅	၁၇
ဥတုဇရုပ်	မ	၁၃	၁၃	၁၅
အာဟာရဇရုပ်	မ	၁၂	၁၂	၁၄

အဋ္ဌကထာဆရာတို့အလိုအားဖြင့် ဥပစယနှင့် သန္တတိ ၂ ပါးတို့ သည် ကံစိတ် ဥတု အာဟာရတို့ ကြောင့်ဖြစ်သည်ဟု အဆိုရှိသောကြောင့် ၎င်း (၂) ပါးတည့်ပါက ကမ္မဇရုပ် (၂၀) ပါး စိတ္တဇရုပ် (၁၇) ပါး ဥတုဇရုပ် (၁၅) ပါး အာဟာရဇရုပ် (၁၄) ပါးဖြစ်သည်။

ဝိသုဒ္ဓါရုံဆောင်ပုဒ်လင်္ကာအရ
တနည်းပြပါဦးမည်။

၁။ မနောဓာတ်သုံးခု တဒါရုံကောဒသ ရူပဝိပါက် (၅) ခု ပေါင်း (၁၉) ပါးသည် ရုပ်ကိုသာဖြစ်စေနိုင်ပါသည်။

၂။ အပ္ပနာဇော ဆဗ္ဗိသသည် ရုပ်ဣရိယာပုတ် (၂) ပါးကို ဖြစ်စေနိုင်သည်။

၃။ ဝုဋ္ဌော ကာမဇော (၂၉) ခု အဘိညာဏ်ဒွေအားဖြင့် (၃၂) ပါးသော စိတ်တို့သည် ရုပ်ဣရိယာပုတ် ဝိညတ် (၃) ပါးကို ဖြစ်စေနိုင်ပါသည်။

၄။ လောဘမူ သောမနဿ (၄) ပါး မဟာကုသိုလ်သောမနဿ (၄) ပါး (မဟာကြိယာသောမန (၄) ပါး၊ ဟသိတုပ္ပါဒ် - သောမနဿ (၁) ပါး၊ ပေါင်း - သောမနဿဇော (၁၃) ခုတို့သည် ရုပ် ဣရိယာပုတ် ဝိညတ် ရယ်ရွှင်ခြင်း ပေါင်း (၄) ပါးကို ဖြစ်စေနိုင်ပါသည်။

၅။ အရူပဝိပါက် (၄) ခု ဒွေးပဉ္စဝိညာဏ် (၁၀) ပေါင်း (၁၄) ပါးသော စိတ်တို့သည် ဘယ်ဟာကိုမှ မဖြစ်စေနိုင်ပါ။ (ပဋိသန္ဓေစိတ်နှင့် စုတိစိတ်ကို ထည့်၍ ပေါင်းပါက ရုပ်ကိုမဖြစ်စေနိုင်သော စိတ် (၁၆) ပါးရှိသည်။

ဆောင်ပုဒ်- မနောဓာတုံ၊ တဒါရုံက ရူပဝိပါက်ဆဲ့ကိုးချက်မှာ ရုပ်ကိုသာတည်း အပ္ပနာဇဝန ဆဗ္ဗိသကား ယာပထလည်း ဖွဲ့တည်းခိုင်စေ တထွေဝုဋ္ဌော၊ ကာဇောဘိညာ၊ ဒွတ္တိံသာကားနှစ်ဖြာဝိညတ်၊ ကိုလည်းတပ်၏၊ သောမနဿဟု ဆဲ့သုံးခုကား ရယ်မူ ရွှင်ခြင်း လည်းပြုလျှင်း၏။ ကြွင်းအာရုပ္ပ ဝိပါကနှင့် ပဉ္စဝိညာ ဆဲ့လေးဖြာသည် ဘယ်ဟာဖြစ်စေနိုင်ဘူးတည်း။

ရူပကလာပ

အတူတကွ ဖြစ်ဘက်ရုပ်များကို ပေါင်းစပ်ဖွဲ့စည်း၍ ပြရာအခန်းကို ရူပကလာပဟုခေါ်သည်။

ရုပ်ကလာပ်ဖွဲ့စည်းနိုင်သော အင်္ဂါ (၃) ပါး

၁။ ဧကုပ္ပါဒ = ရုပ်ကလာပ်တစည်းတည်း၌ ရုပ်တရားတို့သည် မရှေးမနှောင်းတပြိုင်တည်းဖြစ်ခြင်း

၂။ ဧကနိရောဓ = ရုပ်ကလာပ်တစည်းတည်း၌ ရုပ်တရားတို့သည် မရှေးမနှောင်းတပြိုင်တည်းချုပ်ခြင်း

၃။ ဧကနိဿယ = ရုပ်ကလာပ် တစည်းထည်း၌ ရုပ်တရားတို့သည် မဟာဘုတ်ဟူသော တူသောမှီရာရှိခြင်း ပေါင်း အင်္ဂါ ၃ ပါး

မှတ်ချက်။ သဟဝုတ္တိနေသည် အင်္ဂါမဟုတ် ဧကုပ္ပါဒ အတူဖြစ်ရမည်ဆိုသော်လည်း အသီးသီးသော ကလာပ်တို့တွင် ကလာပ်တူရုပ်များ ရုပ်စုများကိုသာ အတူဖြစ်ရမည်ဆိုလိုသည် ကလာပ်တပါးရုပ်များနှင့် အတူဖြစ်ရမည်မဆိုလိုပါ။

ကမ္မဇကလာပ် (၉) စည်း

၁။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး၊ စက္ခုပသာဒရုပ် (၁)ပါး ပေါင်း (၁၀) ပါးသည် စက္ခုဒသက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး သောတပသာဒရုပ် (၁) ပါး ပေါင်း (၁၀) ပါးသည် သောတဒသက ကလာပ်မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး ဃာနပသာဒရုပ် (၁) ပါး ပေါင်း (၁၀) ပါးသည် ဃာနဒသကကလာပ်မည်။

၄။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ ဇီဝိတရုပ် (၁) ပါး ဇိဝှါပသာဒရုပ် (၁) ပါး ပေါင်း (၁၀) ပါသည် ဇိဝှါဒသကကလာပ်မည်၏။

၅။ အဝိနိဗ္ဘောဂရုပ် (၈)ပါး၊ ဇီဝိတရုပ် (၁) ပါး ကာယပသာဒရုပ် (၁) ပါး ပေါင်း (၁၀)ပါးသည် ကာယဒသက ကလာပ်မည်၏။

၆။ အဝိနိဗ္ဘောဂရုပ် (၈) ပါးသည် ဇီဝိတရုပ် (၁) ပါး ဣတ္ထိဘာဝရုပ် (၁) ပါး ပေါင်း (၁၀)ပါးသည် ဣတ္ထိဘာဝဒသက ကလာပ်မည်၏။

http://www.dhammadownload.com

၇။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး ပုမ္ဘာဝရုပ် (၁) ပါး ပေါင်း (၁၀) ပါးသည် ပုမ္ဘာဝဒသကကလာပ်မည်၏။

၈။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး ဟဒယဝတ္ထုရုပ် (၁) ပါး ပေါင်း (၁၀) ပါးသည် ဝတ္ထုဒသကကလာပ်မည်၏။

၉။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဇီဝိတရုပ် (၁) ပါး ၊ ပေါင်း (၉) ပါး သည် ဇီဝိတ နဝက ကလာပ် မည်၏။

ပေါင်း ကမ္မဇကလာပ် (၉) စည်း။

စိတ္တဇကလာပ် (၆) စည်း

၁။ အဝိနိဗ္ဘောဂရုပ် (၈) ခုကို တစ်ပါးသော ရုပ်များနှင့် မရောမယှက်သက်သက် ဖြစ်သော ကြောင့် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ကာယဝိညတ်ရုပ် (၁) ပါး၊ ပေါင်း (၉) ပါးသည် ကာယဝိညတ္တိနဝက ကလာပ်မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဝစီဝိညတ်ရုပ် (၁) ပါး၊ သဒ္ဒရုပ် (၁) ပါး၊ ပေါင်း (၁၀)ပါး သည် ဝစီဝိညတ္တိဒသက ကလာပ်မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ လဟုတာ မုဒုတာ ကမ္မညတာရုပ် (၃) ပါး၊ ပေါင်း (၁၁) ပါးသည် လဟုတာဒိဧကာဒသက ကလာပ်မည်၏။

၅။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ကာယဝိညတ်ရုပ် (၁) ပါး၊ လဟုတာမုဒုတာ ကမ္မညတာရုပ် (၃) ပါး၊ ပေါင်း (၁၂) ပါးသည် ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်မည်၏။

၆။ အဝိနိဗ္ဘောဂရုပ် (၈) ပါး၊ ဝစီဝိညတ်ရုပ် (၁) ပါး၊ သဒ္ဒရုပ် (၁)ပါး၊ လဟုတာ မုဒုတာ ကမ္မညတာရုပ် (၃) ပါး၊ ပေါင်း (၁၃) ပါးသည် ဝစီဝိညတ္တိ လဟုတာဒိတေရသက ကလာပ်မည်၏။

ပေါင်းစိတ္တဇကလာပ် (၆) စည်း။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာအလို့ = သဒ္ဒနဝကကလာပ် သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ် (၂) စည်း လည်း ရနိုင်သည် ဟုပြသည်။

ဥတုဇကလာပ် (၄) စည်း

၁။ အဝိနိဗ္ဘောဂရုပ် (၈) ခုကို တပါးသောရုပ်များနှင့် မရောမယှက်သက်သက်ဖြစ်သောကြောင့် သုဒ္ဓဋ္ဌကကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် (၈) ပါး သဒ္ဒရုပ် (၁) ပါးပေါင်း (၉) ပါး သည် သဒ္ဒနဝက ကလာပ်မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် (၈) ပါး လဟုတာ မုဒုတာ ကမ္မညတာ ရုပ် (၃)ပါး ပေါင်း (၁၁) ပါးသည် လဟုတာဒိဧကာဒသက ကလာပ်မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် (၈) ပါး သဒ္ဒရုပ် (၁) ပါး လဟုတာမုဒုတာ ကမ္မညတာရုပ် (၃) ပါးပေါင်း (၁၂) ပါးသည် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်မည်၏။

ပေါင်းဥတုဇကလာပ် (၄) စည်း။

အာဟာရဇကလာပ် (၂) စည်း

၁။ အဝိနိဗ္ဘောဂရုပ် (၈) ပါးကို တစ်ပါးသောရုပ်များနှင့် မရောမယှက် သက်သက်ဖြစ်သောကြောင့် သုဒ္ဓဋ္ဌက ကလာပ်မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် (၈) ပါး လဟုတာ မုဒုတာ ကမ္မညတာရုပ် (၃) ပါး ပေါင်း (၁၁) ပါးသည် လဟုတာ ဒိဧကာဒသက ကလာပ်မည်၏။

ပေါင်းအာဟာရဇကလာပ် (၂) စည်း။

၁။	ကမ္မဇကလာပ်	၉	စည်း
၂။	စိတ္တဇကလာပ်	၆	စည်း
၃။	ဥတုဇကလာပ်	၄	စည်း
၄။	အာဟာရဇကလာပ်	၂	စည်း

ပေါင်းကလာပ် ၂၁ စည်း

http://www.dhammadownload.com

၎င်း (၂၁) စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်နှင့်သဒ္ဒနဝကကလာပ်ဟူသော ဥတုဇကလာပ် (၂) စည်း တို့သည် အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် (၂) ပါးလုံး၌ ဖြစ်နိုင်၏။ ကြွင်းသော ကလာပ် (၁၉) စည်းကား အဇ္ဈတ္တသန္တာန် ဖြစ်နိုင်ပါသည်၊ ရနိုင်ပါသည်။ ဗဟိဒ္ဓသန္တာန်၌ မဖြစ်နိုင်ပါ။

အမှာ- ကလာပ် (၂၁) စည်းလုံး အဇ္ဈတ္တသဏ္ဍာန်၌ ရနိုင်သည်ဟုမှတ်ပါ။

ပရိစ္ဆေဒရုပ်သည် ကလာပ်တခုနှင့် တခုကို ပိုင်းခြားကြောင်းမျှဖြစ်သောကြောင့် ကလာပ်၏အင်္ဂါမဖြစ်ပါ (ကလာပ်စည်းအတွင်းသို့ မဝင်ဟုဆိုလိုပါသည်။)

လက္ခဏရုပ် (၄) ခုတို့သည်လည်း ရုပ်ကလာပ်တို့၏ ဖြစ်ဆဲ ရင့်ဆဲ ချုပ်ဆဲဟု မှတ်ကြောင်းမျှ ဖြစ်သောကြောင့် ကလာပ်အင်္ဂါတွင် မပါဝင်ပါ။

ဆောင်ပုဒ်- ကမ္မဇကိုး စိတ်မျိုးခြောက်တန်၊ ဥတုဇလေး၊ ဟာဒွေးမှတ်ရန်၊ ပိုင်းခြားကြောင်းနှင့်၊ မှတ်ကြောင်းဖြစ်ပြန်၊ လက္ခဏော၊ ကာသော ဝိမုတ္တံ။

"ရူပပဝတ္တိက္ကမ"

ရုပ်တို့၏ဖြစ်ပုံ ပျက်ပုံအစဉ်ကို ပြရာအခဏ်းအပိုင်းကို ရူပပဝတ္တိက္ကမဟုခေါ်ပါသည်။

ပဝတ္တိအခါ ကာမဘုံ၌ အလုံးစုံသော (၂၈) ပါးသော ရုပ်တို့သည် ထိုက်သင့်သည်အားလျော်စွာ ရနိုင်ပါသည်။

အမ ဖြစ်လျှင် ပုရိသဘာဝရုပ်မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ်မရဟုမှတ်ပါ။ စက္ခုသောတစသည် ချို့သောသူတို့၌ ချို့သောရုပ်များ မရသောကြောင့် ယထာရဟဟုဆိုပါသည်။

စက္ခုစသည် ချို့သောသူများ၌ ချို့သောရုပ် များမရနိုင်သော်လည်း ကာမဘုံတစ်ခုလုံးအတွက် ရုပ် (၂၈) ပါး လုံး ရနိုင်သောကြောင့် အနူနာနိဟုဆို ပါသည်။

(ပဋိသန္ဓေနှင့်ပဝတ္တိအခါကို ပိုင်းခြားပြဆိုသောအချက်)

ပဋိသန္ဓေစိတ်စေတသိက်တို့နှင့် ကမ္မဇရုပ်တို့ တဘဝ၌အစဆုံးဖြစ်ရာ အခါကို ပဋိသန္ဓေ အခါဟုခေါ်သည်။

http://www.dhammadownload.com

ထိုအစဆုံးဖြစ်သော စိတ်စေတသိက် ကမ္မဇရုပ်တို့၏ ဌီမှစ၍ စုတိမကျမီအတွင်းကို ပဝတ္တိအခါဟု ခေါ်သည်။

ပဋိသန္ဓေသည် (၃) မျိုး၊ တနည်း (၄) မျိုး

၁။ သံသေဒဇ ကြာတိုက်ဝမ်း၏ အညစ်အကြေးအညှိ၌ ကပ်ငြိ၍ ဖြစ်သောပဋိသန္ဓေ။

၂။ ဩပပါတိက ဘဝဟောင်းမှ ခုန်လွှား၍ ဘွားကနဲ ပြုန်းကနဲကောင်းကင်မှ ကျလာ သကဲ့သို့ ခန္ဓာကိုယ်အထင်အရှား ဖြစ်ပေါ်လာသော ပဋိသန္ဓေကို ဩပပါတိက ပဋိသန္ဓေဟုခေါ်သည်။

၃။ ဂဗ္ဘသေယျက အမိဝမ်းတိုက်၌ ကိန်းအောင်း၍ ပဋိသန္ဓေနေသော သတ္တဝါကို ဂဗ္ဘသေယျက သတ္တဝါ ဂဗ္ဘသေယျက ပဋိသန္ဓေဟုခေါ်သည်။

ၚင်းဂဗ္ဘသေယျကကိုပင်

၁။ အဏ္ဍဇ အဉ၌ပေါက်ဖွား၍ ဖြစ်သောသတ္တဝါကို အဏ္ဍဇ ပဋိသန္ဓေနေသော သတ္တဝါဟုခေါ် ပါသည်။

၂။ ဇလာဗုဇ လူစသောသူတို့ကဲ့သို့ သူငယ်အိမ်၌ ပေါက်ဖွားသော သတ္တဝါကို ဇလာဗုဇ သတ္တဝါ ဇလာဗုဇ ပဋိသန္ဓေဟုခေါ်သည်။

အမှာ- ဂဗ္ဘသေယျကပဋိသန္ဓေကို အဏ္ဍဇ၊ ဇလာဗုဇဟု နှစ်မျိုးပြားသည်။
၁။ သံသေဒဇ၊ ၂။ ဩပပါတိက၊ ၃။ အဏ္ဍဇ၊ ၄။ ဇလာဗုဇ ပေါင်း (၄) ပါး ၚင်း (၄) ပါးတို့ကို ပဋိသန္ဓေ (၄) မျိုး ယောနိ (၄) မျိုးဟုလည်းခေါ်သည်။

ပဋိသန္ဓေအခါရနိုင်သောရုပ်ကလာပ်များ

သံသေဒဇနှင့် ဩပပါတိက ပဋိသန္ဓေနေသော သတ္တဝါတို့မှာ ၁။ စက္ခုဒသက၊ ၂။ သောတဒသက ၃။ ဃာနဒသက၊ ၄။ ဇိဝှါဒသက၊ ၅။ ကာယဒသက၊ ၆။ (အထီးဖြစ်လျှင်) ပုမ္ဘာဝဒသက၊ (အမဖြစ်လျှင်) ဣတ္ထိဘာဝဒသက၊ ၇။ ဝတ္ထုဒသက ပေါင်း (၇) ပါး ဖြစ်နိုင်၏။ ၚင်း (၇) ပါးသည် သံဒေဒဇ နှင့် ဩပပါတိက ပုဂ္ဂိုလ်တို့မှာ အများဆုံးအလွန်ဆုံး ဖြစ်နိုင်သည်ဟု မှတ်ပါ။

ထို (၇) ပါးတို့တွင် အချို့သံသေဒဇ ဩပပါတိက ပုဂ္ဂိုလ်တို့သည်-

ပဋိသန္ဓေအခါ ၁။ စက္ခုဒသက၊ ၂။ သောတဒသက၊ ၃။ ဃာနဒသက၊ ၄။ ဘာဝဒသက ၄င်း (၄) ပါးတို့ချို့တတ်သည်။ (မရခြင်းဖြစ်တတ်သည်)။

အဏ္ဍဇ ဇလာဗုဇခေါ်သော ဂဗ္ဘသေယျက ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များမှာ

ပဋိန္ဓေအခါ ၁။ ကာယဒသက၊ ၂။ ဘာဝဒသက၊ ၃။ ဝတ္ထုဒသကကလာပ် (၃) စည်းတပြိုင်နက်ဖြစ်ကုန်၏။ ၄င်း (၃)စည်းကိုပင် ကလလရေကြည်ဟု ခေါ်သည်။ ထို (၃) စည်းတို့တွင် အချို့သတ္တဝါများမှာ ဘာဝဒသက မရဘဲ ဖြစ်တတ်သေးသည်။

ပဌမံကလံဟောတိ၊ ကလလာဟောတိအဗ္ဗုဒံ၊ အဗ္ဗုဒါဇာယတေပေသိ၊ ပေသိနိဗ္ဗတ္တတေဃနော။ ဃာနပသာခါဇာယန္တိ ကေသာလောမနခါပိစ။

ပဋိသန္ဓေတည်ပြီးနောက် (၁၁) သတ္တာဟ (၇၇) ရက် မြောက်နေ့၌ စက္ခုဒသက၊ သောတ၊ ဃာန၊ ဇိဝှါဒသက၊ ကလာပ်တို့ ဖြစ်ကြသည်။

(မူလဋီကာ၊ ပရမတ္ထဒီပနီဋီကာဆိုသည်)

ယောနိ (၄) မျိုး နှင့် ဖြစ်နိုင်သောပုဂ္ဂိုလ်များ

ဘုမ္မဇိုဝ်းနတ်ကိုထား၍ ကြွင်းသောနတ်ဗြဟ္မာများ

နိရ္ဗာမတဏှိက ပြိတ္တာမျိုးနှင့် ငရဲဘုံများ၌ဥပပါတ် ပဋိသန္ဓေ တမျိုးသာရသည်။ ကြွင်းသောလားရာဂတိများ၌ ယောနိ (၄) ပါးလုံးရပါသည်။

ကမ္ဘာဦးက လူတို့သည် ဥပပါတ်ပဋိသန္ဓေနေကြသည်။ ပေါက္ခရသာတိ ပုဏ္ဏား ပဒုမဝတီ မိဖုရား စသော သူတို့သည် သံသေဒဇပဋိသန္ဓေနေကြသည်။

ယခုလူတို့သည် ဇလာဗုဇပဋိသန္ဓေနေကြသည်။ သီရိဓမ္မာသောကမင်းကြီးလက်ထက်က ကောဏ္ဍပုတ္တခေါ် ဘာတိယညီနောင် မထေရ်နှစ်ပါးတို့သည် အဏ္ဍဇပဋိသန္ဓေနေကြသည်။

တိရိစ္ဆာန် ပြိတ္တာနှင့် ဘုမ္မဇိုဝ်းနတ်များ၌လည်း ယောနိ (၄) ပါးလုံး ရနိုင်သည်။

http://www.dhammadownload.com

ပရမတ္ထသရူပဘေဒနီကာဆောင်ပုဒ်

ဘုမ္မိဇိုဝ်းဖြတ်၊ ကြွင်းနတ်နိဗ္ဗာ၊ ငရဲရွာတစ်သာ့ဥပပါတ် အကြွင်း ဂတိ၊ လေးယောနိ ရဘိ ပုံသေမှတ်။

အဏ္ဍဇ ဇလာဗုဇခေါ် ဂဗ္ဘသေယျက (၂) မျိုးနှင့် သံသေဒဇ သတ္တဝါတို့၌ စက္ခုဒသက သောတဒက ဃာနဒသက ဘာဝဒသက (၄) မျိုး ချို့တဲ့နိုင်၏။

(မရခြင်းဖြစ်တတ်သည်)

ဥပပါတ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့တွင် အပါယ်ဥပပါတ် ပုဂ္ဂိုလ်တို့၌သာ စက္ခုဒသက၊ သောတ၊ ဘာဝဒသက (၃) မျိုး ချို့တတ်၏ ချို့ကောင်း၏။

သုဂတိဘုံသား ဥပပါတ်ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးကလူ ဥပပါတ်၌ ဘာဝဒသက ကလာပ် ချို့တတ်၏ ချို့ကောင်း၏။

အခြားသုဂတိဘုံသား ဥပပါတ်များကား မည်သည့်ရုပ်ကလာပ်မျှ မချို့ကောင်းဟုမှတ်ပါ။

ဆောင်ပုဒ်- စက္ခုသောတ။ ဃာန ဘာဝါချို့ကောင်းရာကား နှစ်ဖြာဂဗ္ဘ သံသေဒမှတ် ဥပပါတ်မှာ၊ ပါယ်၌သာလျှင် စက္ခာသောတ ဘာဝချို့ဘိ သုဂတိကား ကပ်ဦးသား ချို့ငြားသောတခု။

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် တို့၏ ဖြစ်စဉ်ကိုပြဆိုသောအချက်။

ပဋိသန္ဓိမုပါဒါယကမ္မသမုဋ္ဌာနာ

ပဋိသန္ဓေအရ - ပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅ ခုကိုယူရပါသည်။

ကမ္မသမုဋ္ဌာနာအရ - ကမ္မဇရုပ် (၁၈) ပါး လုံးကို ယူရပါသည်။

၁။ ကမ္မဇရုပ် (၁၈) ခုတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်းခဏတိုင်း ကမ္မဇရုပ်များ ဖြစ်ပါသည်။

ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာန

ပဋိသန္ဓေစိတ်ကို ထောက်သောအားဖြင့် ပဌမဘဝင်စိတ်ကို ဒုတိယစိတ်ဟုဆိုသည်။

ဥပါဒါယအရ ပဌမဘဝင်စိတ်၏ ဥပါဒ်ကာလမှစ၍ ယူရပါသည်။

http://www.dhammadownload.com

စိတ္တသမုဋ္ဌာနအရ အဝိနိဗ္ဘောဂရုပ် (၈) ပါး ပရိစ္ဆေဒရုပ် (၁) ပါး ပေါင် (၉) ပါး ကို ယူရပါသည်။

ပဝတ္တိအခါ စိတ္တဇရုပ် ပန္နရသကိုယူပါသည်။

၂။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘွင်၏ ဥပါဒ်ခဏမှစ၍ ဥပါဒ်တိုင်းဥပါဒ်တိုင်း စိတ္တဇရုပ်များဖြစ်ပါသည်။

ဌီတိကာလမှပါဒါယ ဥတုသမုဋ္ဌာနာ

ဌီတိကာလအရ ပဋိသန္ဓေစိတ်၏ ဌီကာလနှင့်ညီမျှသော ရုပ်၏ ဌီကာလကိုယူရပါသည်။

ဥတုသမုဋ္ဌာနအရ ဥတုကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် (၈) ပါး ပရိစ္ဆေဒရုပ် (၁) ပါး ပေါင်း (၉) ပါးကို ယူရပါသည်။

ပဝတ္တိအခါ ဥတုဇရုပ် တေရသကို ယူရပါသည်။

၃။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဥတုဇရုပ်များဖြစ်ပါသည်။

ဩဇာဖရဏာမုပါဒါယ အာဟာရသမုဋ္ဌာနာ

ဩဇာဖရဏအရ တစ်သတ္တာဟ နှစ်သတ္တာဟကျော်မြောက်သော ကာလကိုယူရပါသည်။

ဥပါဒါယအရ ဩဇာပြန့်နှံ့သောအခါ ရုပ်၏ဌီကာလကိုယူရပါသည်။

အာဟာရသမုဋ္ဌာနအရ အဝိနိဗ္ဘောဂရုပ် (၈) ပါး

ပရိစ္ဆေဒရုပ် (၁) ပါး ပေါင်း (၉) ပါးကို ယူရပါသည်။ ပဝတ္တိအခါ အာဟာရဇရုပ် ၁၂ ပါးလုံးကို ယူရပါသည်။

၄။ အဟာရရုပ်တို့သည် ဂဗ္ဘသေယျ သတ္တဝါတို့အား

တစ်သတ္တာဟ၊ နှစ်သတ္တာဟအလွန် မိခင်မျိုချသော အစာအာဟာရမှ ဩဇာ၏ ကိုယ်ခန္ဓာအတွင်း ပြန့်နှံ့သောအခါမှစ၍ ဖြစ်ပါသည်။

ဩပပါတိက နှင့် သံသေဒဇ သတ္တဝါတို့အား မိမိမျိုချသော သလိပ်၊ တံတွေးနှင့် အာဟာရမှဖြစ်သော ဩဇာ၏ပြန့်နှံ့သော ကာလမှစ၍ ဖြစ်ကြပါသည်။

http://www.dhammadownload.com

ဆောင်ပုဒ် - ပဋိစိတ်က, ဥပ္ပါဒ --- ဖြစ်ကြ ကမ္မဇာ
'ပ' ဘဝင်က ဥပ္ပါဒ --- ဖြစ်ကြ စိတ္တဇာ
'ပဋိ' စိတ်က ဋ္ဌီခဏ --- ဖြစ်ကြ ဥတုဇာ
သြဇာဖရဏ ထိုခါမှ ဖြစ်ကြ ဟာရဇာ

ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ်တို့၏ချုပ်- ပျက်ပုံ

၁။ ကမ္မဇရုပ်များသည် စုတိစိတ်နှင့် ပြိုင်၍ချုပ်သည်။

၂။ စိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက် စိတ္တက္ခဏ (၁၆) ချက်ခန့်ကာလ ကြာမှချုပ်သည်။

၃။ အာဟာရာ ရုပ်များသည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် (၅၀) ခန့်ကြာမှ ချုပ်သည်။

၄။ ဥတုဇရုပ်များသည် သေ၍ အကောင်ပုတ်ဖြစ်သည့်တိုင်အောင် မချုပ်သေးဘဲ အရိုးဆွေးသည့်တိုင်အောင် ဘုတ်အဆက်ဆက်ဖြစ်၍ ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်ကြပါသည်။

ဆောင်ပုဒ်- စုတိတွင်စေ့၊ ပြိုင်ယှဉ်၍၊ ချုပ်လေကမ္မဇာ။
စိတ္တက္ခဏ ဆဲ့ခြောက်မျှ နောက်ကြစိတ္တဇာ။
ငါးဆယ်ခဏ နောက်ကြာမှချုပ်ကြဟာရဇာ။
သေရာတွင်လဲ ဘုတ်ဆက်တွဲ ဖြစ်မြဲဥတုဇာ။
ကမ္ဘာဆုံးမှ ချုပ်ပျောက်ကြ ကာလကြာရှည်စွာ။

စက္ခုဒွါရ မရဏာသန္နဝီထိဖြစ်ပုံ (ပုံစံ)

အတီတဘွင် ဘွင် န . ဒ . ပ . စ . သံ တ္တိ ဝု ဇော . ဇ ဇ ဇ ဇ ရုံ ရုံ စုတိ

က္လစ္စေဝံ မတသတ္တာနံ (ပ) ရူပံပဝတ္တတိကား - ရုပ်သံသရာစက်လည်ပုံကို ပြသော ဂါထာဖြစ်သည်။

အသညသတ်ကြည်သော ရူပ (၁၅) ဘုံ၌ ရနိုင်သော ရုပ်ကလာပ်နှင့် မရနိုင်သော ရုပ်ကလာပ်

ပဋိသန္ဓေအခါရူပ ၁၅ ဘုံ၌ စက္ခုဒသက သောတဒသက ဝတ္ထုဒသက ကလာပ် ဇီဝိတနဝက ကလာပ်ပေါင်း (၄) စည်းရနိုင်ပါသည်။

http://www.dhammadownload.com

ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ပဝတ္တိအခါ ဥတုဇကလာပ် (၄) စည်း။
ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ ပဝတ္တိအခါ စိတ္တဇကလာပ် (၆) စည်း။
ပဋိသန္ဓေ ပဝတ္တိ နှစ်ရပ်ပေါင်း (၁၄) စည်း ရနိုင်ပါသည်။

ရူပ (၁၅) ဘုံ၌ မရနိုင်သော ရုပ်ကလာပ်

ဃာနဒသက ဇိဝှါဒသက ကာယဒသက ဘာဝဒသကကလာပ် (၂) စည်း အဟာရဇ ကလာပ် (၂) စည်း ပေါင်း (၇) စည်းသော ကလာပ်များမရနိုင်ပါ။

ရူပဘုံ၌ ဘာဝရုပ် (၂) ခု မရခြင်းအကြောင်း

ဘာဝရုပ် (၂) ခု သည် အားကြီးထူထဲသော ကာမဂုဏ်ဟူသော အကြောင်းကြောင့်ဖြစ်ရပါသည်။ ပြဟ္မာတို့မှာ ထိုအားကြီးထူထဲသော ကာမဂုဏ်ဟူသော အကြောင်းမရှိသောကြောင့် ဘာဝရုပ် (၂) ခုကို ရူပဘုံ၌ မရနိုင်ပါ။

(ဃာနစသည်မရခြင်းအကြောင်း ပကိဏ်းပိုင်း ဝတ္ထုသင်္ဂဟမှာ ပြခဲ့ပြီး)

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ဇီဝိတနဝက ကလာပ်တစ်စည်းသာရသည်။ (ကမ္မဇရုပ်)

ပဝတ္တိအခါ သုဒ္ဓဋ္ဌက ကလာပ်တစ်စည်း

လဟုတာဒေကာဒသက ကလာပ်တစ်စည်း (ဥတုဇ)

ပေါင်း ပတ္တိအခါ (၂) စည်း

ပဋိသန္ဓေအခါ ပဝတ္တိအခါပေါင်းက (၃) စည်းသာရသည်။

ကာမရူပ အသညသတ် အရူပဘုံတို့၌ ပဝတ္တိပဋိသန္ဓေအခါရနိုင်သောရုပ် မရနိုင်သောရုပ်များကို ပြဆိုသောအချက်။

ကာမ (၁၁) ဘုံ၌ ပဝတ္တိအခါရုပ် (၂၈) ပါးလုံး ထိုက်သင့်သည်အားလျော်စွာ ရနိုင်ပါသည်။

ပဋိသန္ဓေအခါ သဒ္ဒရုပ် (၁) ပါး ဝိကာရရုပ် (၅) ပါး ဇရတာ အနိစ္စတာပေါင်း (၈) ပါး ကြဉ်က ကျန် (၂၀) သောရုပ်များရနိုင်ပါသည်။ (သဒ္ဒရုပ် ဝိကာရရုပ် ဇရတာ အနိစ္စတာ ပေါင်း (၈) ပါးသောရုပ်တို့သည် ပဋိသန္ဓေအခါမရနိုင်သော ရုပ်များဟုမှတ်ပါ)

http://www.dhammadownload.com

အသညသတ်ကြဉ်သော ရူပ (၁၅) ဘုံ၌ ပဝတ္တိအခါ ဃာနဇိဝှါ ကာယ ဘာဝရုပ် (၂) ပါး ပေါင်း (၅) ပါးကြဉ်၍ ကျန် (၂၃) ပါးသော ရုပ်များရနိုင်ပါသည်။ ထို (၂၃) ပါးတို့တွင် ပဋိသန္ဓေအခါ၌ သဒ္ဒရုပ် (၁) ပါး ဝိကာရရုပ် (၅) ပါး၊ ဇရတာ၊ အနိစ္စ ပေါင်း (၈) ပါးကို ထပ်ကြဉ်ပါက ကျန် (၁၅) ပါးသော ရုပ်များရနိုင်ပါသည်။

ဆောင်ပုဒ်- ဃာဇိန် ကာယဒွေဘာဝ ပဉ္စကြဉ်လေပါ၊

ရူပဘုံဆီ၊ ရုပ်တေဝီ၊ ရပြီပဝတ္တာ။

ဇရာ မရဏ ဝိကာရ၊ သဒ္ဒထပ်ကြဉ်ပါ၊

ရူပဘုံက၊ ပန္နရ၊ ရကြပဋိမှာ။

အသညသတ်ဘုံ၌ ပဝတ္တိအခါ လဟုတာစသောရုပ် (၃) ပါး အဝိနိဗ္ဘောဂရုပ် (၈) ပါး ပရိစ္ဆေဒရုပ် (၁) ပါး လက္ခဏရုပ် (၄) ပါး ဇီဝိတရုပ် (၁) ပါး ပေါင်း (၁၇) ပါး ရသည်။ ထို (၁၇) ပါးတို့တွင် ပဋိသန္ဓေအခါ၌ ဇရတာ အနိစ္စတာ လဟုတာစသော ရုပ် (၃) ပါးပေါင်း (၅) ပါး ကို ထပ်ကြဉ်ပါက ကျန် (၁၂) ပါးသော ရုပ်များရပါသည်။

ဆောင်ပုဒ်- ဇီဝိနဝလက္ခဏ၊ ကာသလဟုတာ

အသညာက၊ သတ္တရ၊ ရကြပဝတ္တာ

ဇရာမရဏ၊ လဟုတ၊ ငါးဝထပ်ကြဉ်ပါ

အသညာက၊ ဒွါဒသ၊ ရကြပဋိမှာ

[ကာမဘုံ၌ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ရနိုင်သောရုပ်ကလာပ်များကို အစိတ်အစိတ် ဝေဘန်၍ ပြဆိုသောအချက်]

ကာမသုဂတိ ကမ္ဘာဦးဥပပါတ်ပုဂ္ဂိုလ် ပဋိသန္ဓေအခါ၌ စက္ခုဒသက သောတဒသက၊ ဃာန ဇိဝှါ ကာယ ဝတ္ထုဒသက ကလာပ်ဟုဆိုအပ်သော ကမ္မဇကလာပ် (၆) စည်း

ပဝတ္တိအခါ စိတ္တဇကလာပ် (၆) စည်း ဥတုဇကလာပ် (၄) စည်း အာဟာရဇကလာပ် (၂) စည်း ပေါင် (၁၈) စည်း ရနိုင်၏။

http://www.dhammadownload.com

ကာမသုဂတိ ကမ္ဘာနောက်ပိုင်း ဥပပါတ်ပဋိသန္ဓေအခါ၌ စက္ခုဒသက သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထု ဒသကကလာပ်ဟုဆိုအပ်သော ကမ္မဇကလာပ် (၈) စည်း။ ပဝတ္တိအခါ စိတ္တဇကလာပ် (၆) စည်း၊ ဥတုဇကလာပ် (၄) စည်း အဟာရကလာပ် (၂) စည်း ပေါင်း (၂၀) ရနိုင်၏။

အပါယ်ဥပပါတ်ပဋိသန္ဓေအခါ စက္ခုဒသက သောတဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသက ကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် (၈) စည်း၊ ပဝတ္တိအခါ စိတ္တဇကလာပ် (၆) စည်း ဥတုဇ ကလာပ် (၄) စည်း အာဟာရဇကလာပ် (၂) စည်း ပေါင်း (၂၀) ရနိုင်ပါသည်။

သံသေဒဇသတ္တဝါ၌ ပဋိသန္ဓေအခါ စက္ခုဒသက သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် (၈) စည်း၊ စိတ္တဇကလာပ် (၆) စည်း ဥတုဇကလာပ် (၄) စည်း အာဟာရဇကလာပ် (၂) စည်း ပေါင်း (၂၀) ရနိုင်၏။

ဂဗ္ဘသေယျက သတ္တဝါ ပဋိသန္ဓေအခါ ကာယဒသက ဘာဝဒသက ဝတ္ထုဒသက ကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် (၃) စည်း ရနိုင်သည်။ ပဝတ္တိအခါ စက္ခုဒသက သောတဃာန ဇိဝှါဒသက ကလာပ်ဟုဆိုအပ်သော ကမ္မဇကလာပ် (၄) စည်း။ စိတ္တဇကလာပ် (၆) စည်း ဥတုဇကလာပ် (၂) စည်း ပေါင်း (၂၀) ရနိုင်ပါသည်။

(အမှာ- ရူပပြဟ္မာများအတွက် နောက်ကပြခဲ့သော နည်းအတိုင်းမှတ်ပါ)

ရူပပြဟ္မာ ပဋိသန္ဓေအခါ စ, သော, ဝတ္ထု, ဇီဝိတနဝက ကလာပ် (၄) စည်း။

ပဝတ္တိအခါ စိတ္တဇကလာပ် (၆) စည်း၊ ဥတုဇကလာပ် (၄) စည်း၊ ပဋိသန္ဓေ ပဝတ္တိ (၂) ရပ်ပေါင်း (၁၄) စည်းရနိုင်၏။

အသညသတ်ပြဟ္မာများ၌ ပဋိသန္ဓေအခါ ဇီဝိတနဝက ကလာပ် (၁) စည်း သာရသည်။

ပဝတ္တိအခါ ဥတုဇကလာပ် (၂) စည်း ပေါင်း (၃) စည်း သာရနိုင်ပါသည်။ (သဒ္ဒရုပ်ပါသော ဥတုဇကလာပ် (၂) စည်းမရနိုင်ပါ)

အရူပ (၄) ဘုံ၌ မည်သည့်ရုပ်ကိုမျှမရပါ။

http://www.dhammadownload.com

နိဗ္ဗာန်ကိုပြဆိုခြင်း

ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ၊ ၎င်းနိဗ္ဗာနကို ဝါန နိဟုဆိုလိုလျှက် ဝါနနှင့် နိကို ရှေ့နောက်ပြန်ထား ၍ နိဝါနဟုဖြစ်သည်။ ဝ အက္ခရာကိုဒွေးဘော်ဆောင်ပြီး ဒေါဓဃေစသုတ်စသဒ္ဒါဖြင့် ဝ အက္ခရာနှစ်လုံး ကို ဗ အက္ခရာ (၂) လုံးပြုသဖြင့် နိဗ္ဗာနဟု ဖြစ်သည်။ မြန်မာလို န အက္ခရာကို တန်ခွန်လွှား၍ နိဗ္ဗာန်ဟု ဖြစ်လာသည်။

ဝါနဟု ဆိုအပ်သော တဏှာလောကမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်မည်၏။

လောကုတ္တရသင်္ခါတံဟု ဆိုခြင်းအကျိုး

သတ္တလောက သင်္ခါရလောက ဩကာသလောကဟု ဆိုအပ်သော လောကသုံးပါးထဲမှ ထွက်ပြီး အသီးအခြားနေတဲ့ တရား၊ လောကသုံးပါးနှင့် ဘယ်တော့မှ မယှဉ်ဘဲနေတဲ့ တရားကို နိဗ္ဗာန်ခေါ်သည်ဟု သိစေလို၍ လောကုတ္တရ သင်္ခါတံဟုဆိုသည်။

နိဗ္ဗာန်သည် ခပ်သိမ်းသောသင်္ခတ တရားတို့၏ ဒုက္ခအမျိုးမျိုးမှ ငြိမ်းခြင်း သန္တိလက္ခဏာအားဖြင့် တပါးသာရှိသည်ဟု ဆိုပါသည်။

ကာရဏာပရိယာယအားဖြင့် (၂) ပါး

၁။ သဥပါဒိသေသနိဗ္ဗာန် = ကိလေသာမရှိသော ခန္ဓာ (၅) ပါးနှင့် တကွဖြစ်သော (ဝါ) ကိလေသာ မရှိတော့ဘဲ ခန္ဓာ (၅) ပါးမျှသာ ကြွင်းကျန်ရစ်သော ကိလေသာ အဘာဝမတ္တဘောဂုဏ် သည်ပင် သဥပါဒိသေသနိဗ္ဗာနဓာတ်မည်၏။

၂။ အနုပါဒိသေသနိဗ္ဗာန် = ထိုကိလေသာမရှိကုန် ငြိမ်းသော သဥပါဒိသေသခန္ဓာအစဉ်သည် အသက်အတိုင်းနေ၍ ပရိနိဗ္ဗာန်ပြုသောအခါ ခန္ဓာပြုတ်၏၊ ခန္ဓာပြတ်၏။ တဘန်မဖြစ်မူ၍ ထက်ဝန်း ကျင်ချုပ်ငြိမ်း၏။ ထို့ကြောင့် ပရိနိဗ္ဗာန်ဟူ၍၎င်း အနုပါဒိသေသနိဗ္ဗာန်ဟူ၍၎င်း ဆိုပါသည်။

http://www.dhammadownload.com

နိဗ္ဗာန်သည် အာကာရအားဖြင့် (၃) ပါး

၁။ အာရုံ၏အစွမ်းအားဖြင့်၎င်း သမ္ပယုတ်၏ အစွမ်းအားဖြင့်၎င်း ရာဂဒေါသ မောဟတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် (တနည်း) အလုံးစုံသော သင်္ခါရတို့မှ ကင်းသောကြောင့် သုညတနိဗ္ဗာန် ခေါ်သည်။

၂။ ရာဂစသော နိမိုတ်သုံးပါးမှ ကင်းသောကြောင့် (တနည်းအလုံးစုံသော သင်္ခါရနိမိတ်မှကင်းခြင်းကြောင့် အနိမိတ္တ နိဗ္ဗာန်ခေါ်သည်။

၃။ ရာဂစသောတောင့်တခြင်းမှကင်းခြင်းကြောင့် (တနည်းတဏှာတည်းဟူသော တောင့်တခြင်း မရှိသောကြောင့် အပ္ပဏိဟိတ နိဗ္ဗာန်ခေါ်ပါသည်။

(ရုပ်ပိုင်းဆိုင်ရာ မှတ်သားဖွယ်ပြီးပါပြီ)

သမုစ္စည်းပိုင်း

ပရမတ္ထတရားတို့ကို သဘောတူရာပေါင်းစပ်ဖွဲ့စည်း၍ ပြရာအခဏ်းအပိုင်းကို သမုစ္စည်းပိုင်းဟု ခေါ်သည်။

ဒွါသတ္တတိဝိဓာဝုတ္တာဝယ် ဒွါသတ္တတိအရ အာရမ္မဏ ဝိဇာနနနည်းအားဖြင့် စိတ် (၁) ပါး စေတသိက် (၅၂) ပါး နိပ္ဖန္နရုပ် (၁၈) ပါး နိဗ္ဗာန် (၁) ပါး ပေါင်း (၇၂) ပါးသည် ဒွါသတ္တတိအရဖြစ်ပါသည်။

ဆောင်ပုဒ်- စိတ်မှာကား ဧက် ငါးဆဲ့နှစ်စေ
နိပ္ဖန်ဆဲ့ရှစ်၊ နိဗ္ဗာန် တစ်ပေ
ခုနှစ်ဆဲ့နှစ်၊ ပေါင်းစစ်ပါလေ
ပရမတ်၊ လေးရပ်အကျယ်ပေ

သမုစ္စည်းပိုင်း၌ ပြမည့်သင်္ဂဟခေါင်းစဉ်မာတိကာ (၄) ပါး

၁။ အကုသလသင်္ဂဟ၊ ၂။ မိဿကသင်္ဂဟ၊ ၃။ ဗောဓိပက္ခိယသင်္ဂဟ၊ ၄။ သဗ္ဗသင်္ဂဟ အားဖြင့် (၄) ပါး။

အကုသလသင်္ဂဟခေါ်ရပုံ

အကုသိုလ်တရားတို့ကို သင်္ဂြိုဟ်ရေတွက်ရာ အခဏ်းကို အကုသလသင်္ဂဟဟု ခေါ်သည်။

အာသဝတရား (၄) ပါး ကာမာသဝ ဘဝါသဝတို့ကို (တရားကိုယ်လောဘ ၄စေတသိက်ကောက်ပါ) ဒိဋ္ဌာသဝကို (ဒိဋ္ဌိစေတသိက်ကောက်ပါ) အဝိဇ္ဇာသဝကို (မောဟစေတသိက်ကောက်ပါ)

ဩဃ (၄) ပါး ကာမောဃ ဘဝေါဃကို (တရားကိုယ်လောဘ စေတသိက်ကောက်ပါ) ဒိဋ္ဌောဃကို (ဒိဋ္ဌိစေတသိက်ကောက်ပါ) အဝိဇ္ဇောဃကို (မောဟစေတသိက်ကောက်ပါ)

ယောဂ (၄) ပါး ကာမယောဂ ဘဝယောဂတို့ကို (တရားကိုယ် လောဘစေတသိက်ကောက်ပါ) ဒိဋ္ဌိယောဂကို (ဒိဋ္ဌိစေတသိက်ကောက်ပါ) အဝိဇ္ဇာယောဂကို မောဟ စေတသိက်ကောက်ပါ)

ဂန္ထ (၄) ပါး အဘိဇ္ဈာကာယဂန္ထကို (တရားကိုယ်လောဘစေတသိက်ကောက်ပါ) သီလဗ္ဗတပရာ မာသ ကာယဂန္ထကြွံ သစ္စာဘိနိဝေသ ကာယဂန္ထတို့ကို (ဒိဋ္ဌိစေတသိက်ကောက်ပါ) ဥပါဒါန် (၄) ပါး ကာမုပါဒါန်ကို (လောဘစေတသိက်ကောက်ပါ) ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် (၃) ပါးတို့ကို ဒိဋ္ဌိစေတသိက်ကောက်ပါ။

ဆောင်ပုဒ်- လောဘ ဒိဋ္ဌိမော အာ ဩယောဂါ
လောဒိဋ္ဌိနှစ်ခု ဥပါဒါနာ
လော ဒေါ ဒိဋ္ဌိ တြိဂန္ထာ၊ ဒိဋ္ဌိတစ်ခေါ်လစ်ပရမာ

ဋီကာ - အာသဝမည်ခြင်းအကြောင်း

တဏှာ ဒိဋ္ဌိ အဝိဇ္ဇာတရားတို့၏စ၍ဖြစ်ပေါ်လာရာ မထင်သည်ဖြစ်၍ ကြာမြင့်စွာ ထုံအပ်သောအရက်နှင့်တူသောကြောင့် တနည်း ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သောကြောင့် အာသဝမည်ပါသည်။

ဩဃမည်ခြင်းအကြောင်း

လွှမ်းမိုး၍ဆောင်တတ်သောကြောင့်၄င်း မိမိ၏အောက်၌ထားသည်ကိုပြု၍ နစ်မြုပ်စေတတ်သောကြောင့်၄င်း ဩဃမည်ပါသည်။

ယောဂမည်ခြင်းအကြောင်း

တေဘူမကဝဋ်ဆင်းရဲ၌ယှဉ်တတ်သောကြောင့်၄င်း၊ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် သုံးပါး၌ ယှဉ်တတ်သောကြောင့်၄င်း၊ ဘဝတစ်ပါးကို ဘဝတစ်ပါးနှင့် ယှဉ်တတ်သောကြောင့်၄င်း၊ ကာယိကဒုက္ခ စေတသိကဒုက္ခနှင့်ယှဉ်တတ်သောကြောင့်၄င်း ယောဂမည်ပါသည်။

ဂန္ထမည်ခြင်းအကြောင်း

နာမ်တရားအပေါင်းနှင့် ရုပ်တရားအပေါင်းကို ဖြေခြင်းငှာ တတ်နိုင်ခဲသည်ကိုပြု၍ ရစ်ပတ်ချည်နှောင်တတ်သောကြောင့်၄င်း အကြောင်းဖြစ်သော ပစ္စုပ္ပန်ကာယနှင့်အကျိုးဖြစ်သော အနာဂတ်ကာယကို ဖြေခြင်းငှာတတ်နိုင်ခဲသည်ကိုပြု၍ ရစ်ပတ်တတ်သောကြောင့်၄င်း ဂန္ထမည်ပါသည်။

ဥပါဒါန်မည်ခြင်းအကြောင်း

ပြင်းထန်စွာအာရုံကို ယူတတ်သောကြောင့် ဥပါဒါန်မည်ပါသည်။ ဥပမာ - သားငယ်ကို ကိုက်မိသောမြွေသည် ထိုသားငယ်ကို မလွှတ်နိုင်သကဲ့သို့ မိမိစွဲလမ်းအပ်ပြီးသော အာရုံကိုမလွှတ်နိုင်အောင် စွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်ပါသည်။

နီဝရဏ ၆ ပါး၊ ကာမစ္ဆန္ဒ နီဝရဏကို လောဘစေတသိက်ကောက်ပါ) ဗျာပါဒနီဝရဏ ကို (ဒေါသစေတသိက်ကောက်ပါ) အဝိဇ္ဇာနီဝရဏကို မောဟစေတသိက်ကောက်ပါ) ကြွင်းနီဝရဏ များတရားကိုယ် (ပါဌ်ရှိသည့်အတိုင်း ကောက်ပါ လွယ်ပါပြီ) တရားကိုယ် ၈ ပါးရပါသည်။

အနုသယ ၇ ပါး ကာမရာဂါနုသယ ဘဝရာဂါ နုသယ တို့ကို (တရားကိုယ်လောဘစေတသိက် ကောက်ပါ) ပဋိဃာနုသယကို (ဒေါသစေတသိက်ကောက်ပါ)

အဝိဇ္ဇာနုသာယကို (မောဟစေတသိက်ကောက်ပါ) ကြွင်းတရားကိုယ်များ ပါဠိရှိအတိုင်း ကောက်ပါ။ ထင်ရှားပါသည်။ တရားကိုယ် ၆ ပါး။

http://www.dhammadownload.com

သုတ္တန်နည်း သံယောဇဉ် ၁၀ ပါး၊ ကာမရာဂ သံယောဇဉ် ရူပရာဂသံယောဇဉ် အရူပ သံယောဇဉ်တို့ကို (လောဘစေတသိက်ကောက်ပါ) ပဋိဃသံယောဇဉ်ကို (ဒေါသစေတသိက် ကောက်ပါ) အဝိဇ္ဇာသံယောဇဉ်ကို (မောဟစေတသိက်ကောက်ပါ) ကြွင်းတရားကိုယ်လွယ်ပါပြီ ကောက်ပါ။

တရားကိုယ် ၇ ပါး

အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါး၊ ကာမရာဂသံယောဇဉ် ဘဝရာဂသံယောဇဉ် တို့ကို (လောဘစေတသိက်ကောက်ပါ) ဒိဋ္ဌိသံယောဇဉ်နှင့် သီလဗ္ဗတသံယောဇဉ်တို့ကို ဒိဋ္ဌိစေတသိက် ကို ယူပါ) ကြွင်းတရားကိုယ်များ လွယ်ပါပြီ။

တရားကိုယ် ၈ ပါး

သုတ္တန်နည်း အဘိဓမ္မာနည်းတို့ကို သဘောတူရာ ပေါင်းယူပါက သံယောဇဉ်တရားကိုယ် ၉ ပါး ရပါသည်။

ဆောင်ပုဒ်- လော၊ ဒေါ၊ မော၊ ဒိ၊ စိ၊ ဣဿ မစ်မာ

ဥဒ်သံယောဇ နဝမတာ၊ လော - ဒေါ - မော - ထိ၊ မိ- ဥဒ်- ကုက်-စိ၊ ရှစ်မည် ရှိ၊ နီဝရဏပါ။

ကိလေသာ ၁၀ ပါး

ဆောင်ပုဒ်- လောဘ၊ ဒေါသ၊ မောဟ တဖြာ၊ မာနဒိဋ္ဌိ ဝိစိ ထည့်ပါ။

ထိ၊ ဥဒ်၊ ဟိရိကတ်၊ နောတ္တဆယ်ဖြာ၊ ပေါင်း၍ချုပ် သရုပ်ကိလေသာ။

နီဝရဏမည်ခြင်းအကြောင်း

သတ္တဝါတို့သန္တာန်၌ မဟဂ္ဂုတ်ဈာန်လောကုတ္တရာဈာန် စသည်တို့၏အစွမ်းအားဖြင့် ဖြစ် ထိုက်သောကုသိုလ်စိတ်တို့ကို ဖြစ်စိမ့်သောငှာ အခွင့်မပေးဘဲ တားမြစ်ပိတ်ပင်တတ်သောကြောင့်၄င်း၊ တနည်း။ သတ္တဝါတို့၏သန္တာန်၌ ပညာမျက်စိ၏အလင်းကို မဖြစ်စိမ့်သောငှာ ဖုံးလွှမ်းတတ် တားမြစ် တတ်သောကြောင့်၄င်း နီဝရဏမည်ပါသည်။

http://www.dhammadownload.com

မေး။ ထိနမိဒ္ဓနှင့် ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ ၂ ပါးစီကို နီဝရဏ တပါးတည်းပြု၍ဟောခြင်း အကြောင်းကို ဖော်ပြပါ။

ဖြေ။ ကိစ္စအကြောင်း ဆန့်ကျင်ဘက်အားဖြင့်တူသောကြောင့် နှစ်ပါးစီကို တပါးတည်းပြု၍ ဟောထားပါသည်။

အနုသယမည်ခြင်းအကြောင်း

မဂ်ဖြင့်မပယ်ရသေးသဖြင့် သတ္တဝါတို့၏ သန္တာန်၌ အဖန်တလဲလဲဖြစ်တတ် ကိန်းတတ်သော ကြောင့် အနုသယမည်ပါသည်။

သံယောဇဉ်မည်ခြင်းအကြောင်း

ဖွဲ့ချည်တုပ်နှောင်တတ်သော ကြိုးသဘွယ်သတ္တဝါတို့ကို ဝဋ္ဋဒုက္ခဆင်းရဲနှင့်ဖွဲ့ချည်တုပ်နှောင် တတ်သောကြောင့် သံယောဇဉ်မည်ပါသည်။

ကိလေသာမည်ခြင်းအကြောင်း

စိတ်၏ပူပန်စေကြောင်းဖြစ်သောကြောင့်၄င်း စိတ်ကိုနှိပ်စက်ညှဉ်းဆဲတတ်သောကြောင့်၄င်း ကိလေသာမည်ပါသည်။

တထောင့်ငါးရာ ကိလေသာ

နာမ်တေပညာသ၊ နိပ္ဖန္နရုပ် ၁၈ပါး၊ လက္ခဏာရုပ် ၄ ပါး ပေါင်း ၇၅ ပါးကိုတည်၍ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သန္တာန် ၂ ပါး နှင့်မြှောက်က ၁၅၀ ဖြစ်၏။ ၄င်း ၁၅၀ ကို ပြန်တည်၍ ကိလေသာ ၁၀ ပါးနှင့် မြှောက်ပါက ၁၅၀၀ ကိလေသာဖြစ်ပါသည်။

ဆောင်ပုဒ်၊ နာမ်တေပည် ရုပ်နိပ္ဖာန် လက္ခဏ် ရုပ်လေး၊ သန္တာန် နှစ်ဝ မြှောက်ဆင့်က တရာ ငါးဆယ်ရေး၊ ဆယ် ကိလေသာ မြှောက်ဆင့်ကာ ငါးရာတထောင်တွေး။

တဏှာအစစ်တရာ့ရှစ်

ကာမ၊ ဘဝ၊ ဝိဘဝ တဏှာသုံးပါးကိုတည် အာရုံခြောက်ပါးနဲ့မြှောက်က ၁၈ ပါးဖြစ်၏။ ၄င်း ၁၈ ပါးကို ပြန်တည် ကာလသုံးပါးနဲ့မြှောက်ပါက ၅၄ ပါး ဖြစ်၏။ ၄င်း ၅၄ ပါးကို ပြန်တည် သန္တာန် ၂ ပါးနဲ့မြှောက်ပါက တဏှာအစစ် ၁၀၈ ပါးဖြစ်၏။

http://www.dhammadownload.com

ဆောင်ပုဒ်။ တဏှာသုံးတန်၊ တည်ထားပြန်၊ အာကာသန်နှင့်မြှောက်တဏှာအစစ် တရာ့ရှစ်၊ ဖြစ်၏အမှန်ရောက်။

အာသဝါဒီသုပနေတ္ထ ကာမဘဝနာခမေနတဗ္ဗတ္ထုကြာ တဏှာအမိပ္ပေတာ ဆိုလိုရင်း ဤ အကုသလသင်္ဂဟ၌ ကာမာသဝ ကာမောဃ ကာမယောဂ ကာမုပါဒါန် ကာမစ္ဆန္ဒနီဝရဏ ကာမာရာဂါ နုသယ ကာမရာဂါရ သံယောဇန ဟူသော ကာမအသံ၊ ကာမအမည်ပါသော ၇ ချက်ကိုင်း ဘဝါသဝ ဘဝေါဃ၊ ဘဝယောဂ၊ ဘဝရာဂါနုသယ ဘဝရာဂသံယောဇန ဟူသော ဘဝအသံ ဘဝအမည်ပါ သော ၅ ချက်ကိုင်း၊ တရားကိုယ်အားဖြင့် လောဘစေတသိက်ကို ကောက်ယူရမည်ဟု ဆိုလိုပါသည်။

သီလဗ္ဗတပရာမာသော ဣဒံသစ္စာဘိနိဝေသော အတ္တဝါဒါပါဒါနတထာ ပဝတ္တိ ဒိဋ္ဌိဂတ မေဝ ပဝုစ္စတိ တို့၌ဆိုလိုရင်း သီလဗ္ဗတရာမာ သကာယဂန္ထ၊ သီလဗ္ဗတုပါဒါန၊ သီလဗ္ဗတ ပရာမာသ သံယောဇနပေါင်း ၃ ချက် ဣဒံ သစ္စာ ဘိနိဝေသကာယဂန္ထ ၁ ချက်၊ အတ္တဝါဒုပါဒါန် ၁ချက်၊ ဤ ၅ ချက်ကို တရားကိုယ်အားဖြင့် ဒိဋ္ဌိ စေတသိက်ကို ကောက်ယူရမည်ဟု ဆိုလိုပါသည်။

အကုသလသင်္ဂဟ၌ လောဘစသော အကုသိုလ်စေတသိက် ၁၄ ပါးတို့၏ ရနိုင်သောအမည်များ

လောဘစေတသိက်ကို ၉ မည်၊ ဒိဋ္ဌိကို ၈ မည်၊ မောဟစေတသိက်သည် ၇ မည်၊ ဒေါသ စေတသိက်သည် ၅ မည်၊ ဝိစိကိစ္ဆာစေတသိက်သည် ၄ မည်၊ မာန ဥဒ္ဓစ္စစေတသိက်တို့သည် ၃ မည်၊ ထိနစေတသိက်သည် ၂ မည်၊ ကုက္ကုစ္စ မိဒ္ဓ အဟိရိက အနောတ္တပ္ပ ဣဿာ မစ္ဆရိယ ၄င်း ၆ ပါးတို့ သည် တပါးစီသောအမည်တို့ဖြင့် ရနိုင်ပါသည်။

မိဿက သင်္ဂဟ

ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးတို့ကို ရောနှောပေါင်းစု၍ ပြရာအခဏ်းအပိုင်းကို မိဿက သင်္ဂဟ ဟုခေါ်သည်။

(အမှာ - ဟိတ် ၆ ပါး နှင့် ဟိတ်မည်ပုံ ပဏ်ကဏ်ပိုင်းက ပြခဲ့ပြီး)

http://www.dhammadownload.com

ဈာနင် ၇ ပါး၊ ဝိတက်ယှဉ်သော စိတ် ၅၅ ပါး ၌ရှိသော ဝိတက်သည် ဝိတက်ဈာန်နင်မည်၏။ ဝိစာရ ပီတိ တို့ကိုလည်း သမ္ပယောဂ နည်းကိုကြည့်၍သိပါ။

ဒွေးပဉ္စဝိညာဏ် ၁၀ မှတပါး ကျန်စိတ် ၇၉ ပါးသောစိတ်၌ ရှိသောဧကဂ္ဂတာ စေတသိက်သည် ဧကဂ္ဂတာဈာနင်မည်၏။ သောမနဿသဟဂုတ် ၆၂ ပါး၌ ရှိသောဝေဒနာသည် သောမနဿ ဝေဒနာသည် ဒေါမနဿ သဟဂုတ်စိတ် ၂ ပါး၌ရှိသော ဒေါမနဿဝေဒနာသည် ဒေါမနဿဈာနင် ဒွေးပဉ္စဝိသညာဏ် ၁၀ ၌ ဥပေက္ခာသဟဂုတ်စိတ် ၈ ပါးကြဉ် ကျန်ဥပေက္ခာ သဟဂုတ်စိတ် (၄၇) ပါးသည် ဥပေက္ခာဈာနင်မည်၏။ (အမှာ- ဒွေးပဉ္စဝိညာဏ် ၁၀ ၌ ရှိသော ဧကဂ္ဂတာနှင့်ဝေဒနာ တို့သည် ဈာနင်မထိုက်သောကြောင့် ကြဉ်ရသည်)

တရားကိုယ်အားဖြင့် ၅ ပါး ရသည်။ သောမနဿ ဒေါမနဿ ဥပေက္ခာ ဝေဒနာသုံးပါးတို့ကို ဝေဒနာတပါးတည်းယူ၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ ဝေဒနာ ဟူ၍တရားကိုယ် ၅ ပါးကို ကောက်တတ်ပါစေ။

စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် ဈာန်မည်ပါသည်။ အောက်ရူပစိတ်၌ ပြခဲ့ပြီ။

မဂ္ဂင် ၁၂ ပါး သမ္မာဒိဋ္ဌိ စသော ၈ ပါးသော မဂ္ဂင်တို့သည် သုဂတိဘုံသို့ရောက်ရန် နိဗ္ဗာန်သို့ရောက်ရန် သွားရန် လမ်းကြောင်းဖြစ်၏။

မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင် ၄ ပါးတို့သည် ဒုဂ္ဂတိဘုံသို့ရောက်ရန် သွားရန် လမ်းကြောင်းဖြစ်သည်။ ၎င်းမိစ္ဆာမဂ္ဂင်၊ ၄ ကား မင်္ဂသာမည်၍ မဂ္ဂသစ္စာ မထိုက်ပါ။

သမ္မာဒိဋ္ဌိစသော မဂ္ဂင် ၈ ပါးကား မင်္ဂလည်းမည်၏။ မဂ္ဂသစ္စာလည်းထိုက်ပါသည်။ (အမှာ - မဂ္ဂသဒ္ဒါလမ်းကြောင်း ဟူသော အနက်ကိုဟော၏။)

မဂ္ဂင်တရားကိုယ် ၉ ပါး၊ သမ္မာဒိဋ္ဌိ ၄၇ ပါး၊ သောဘနစိတ်၌ရှိသော ပညာစေတသိက် ကို ကောက်ပါ။ သမ္မာသင်္ကပ္ပ သောဘနစိတ်၌ရှိသော ဝိတက်စေတသိက်ကိုကောက်ပါ။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်တို့သည် ဝိရတီ စေတသိက် ၃ ပါးကို အစဉ်အတိုင်း သမ္ပယောဂနည်းကိုနှလုံးသွင်း၍ကောက်ပါ။ သမ္မာသတိကို (သတိစေတသိက်ကို ကောက်ပါ) သမ္မာဝါယမကို သောဘနစိတ်၌ရှိသော ဝီရိယစေတသိက်ကို ကောက်ပါ) သမ္မာသမာဓိကို (သောဘနစိတ်၌ရှိသော

http://www.dhammadownload.com

ကေဂ္ဂတာစေတသိက်ကို ကောက်ပါ)

မိစ္ဆာဒိဋ္ဌိ ကို (ဒိဋ္ဌိစေတသိက်ကို ကောက်ပါ) မိစ္ဆာသင်္ကပ္ပကို အကုသိုလ်စိတ်၌ရှိသော ဝိတက်စေတသိက်ကိုကောက်ပါ) မိစ္ဆာဝါယာမကို အကုသိုလ်စိတ်၌ရှိသော ဝီရိယကိုကောက်ပါ) မိစ္ဆာသမာဓိကို ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ကြဉ် ကျန်အကုသိုလ်စိတ် ၁၁ ပါး၌ရှိသော ဧကဂ္ဂတာ စေတသိက်ကို ကောက်ပါ)။

(အမှာ- သမ္ပယောဂနည်းကို အလေ့အလာပြုပေးပါ)

ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ ပေါင်း မဂ္ဂင်တရားကိုယ် ၉ ပါး။

မဂ်နှင့် မဂ္ဂင်အထူး

သမ္မာဒိဋ္ဌိစသော တခုတခုအစိတ်အစိတ်သည် မဂ္ဂင်မည်၏။ သမ္မာဒိဋ္ဌိစသော မဂ္ဂင် တို့၏ အပေါင်းသည် မဂ်မည်၏။

မေး။ အဘယ်အနက်ကြောင့် ဣန္ဒြေ ဟုခေါ်ပါသနည်း။

ဖြေ။ သဟဇာတ်တရားတို့ကို မိမိတို့၏အလိုသို့လိုက်စေကုန်လျက် သဟဇာတ်တရားတို့၏ အပေါ်၌အစိုးရခြင်းဟူသောအနက်ကြောင့် ဣန္ဒြေ ဟုခေါ်ပါသည်။

ဣန္ဒြေ ၂၂ ပါး

စက္ခုန္ဒြေမှစ၍ ပုရိသိန္ဒြေတိုင်အောင် ၇ ပါးကား ရုပ်သက်သက်ဣန္ဒြေ များတည်း၊ တရားကိုယ် စက္ခုပသာဒ သောတ ဃာန ဇိဝှါ ကာယ၊ ဣတ္ထိဘာဝ ပုရိသဘာဝရုပ်များကို ကောက်ပါ။

ဇီဝိတိန္ဒြေကား ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေဟူ၍ ၂ ပါး ရှိသည်။ ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေ စေတသိက်ကို ကောက်ပါ။

မနိန္ဒြေ၌ တရားကိုယ်စိတ်အားလုံးကို ကောက်ပါ။ သုခိန္ဒြေကို (သုခသဟဂုတ်ကာယဝိညာဏ် ၌ ရှိသော ဝေဒနာကိုယူပါ။ ဒုက္ခိန္ဒြေ သောမနဿ ဒေါမနဿ ဥပေက္ခိန္ဒြေတို့ကို တရားကိုယ်ကောက်ပုံ ဝေဒနာသင်္ဂဟကို သတိပြု၍ကောက်ပါ။ ၎င်းသုခိန္ဒြေစသော ဣန္ဒြေ ၅ ပါးတို့ကို တရားကိုယ်ဝေဒနာ ၁ ပါး သာယူပါ။

http://www.dhammadownload.com

သဒ္ဓိန္ဒြေ သတိန္ဒြေတို့ကို (သောဘနစိတ်၌ ယှဉ်သော သဒ္ဓါ, သတိ စေတသိက်တို့ကို ကောက်ယူပါ။

ဝီရိယန္ဒြေ (ဝီရိယယှဉ်သော ၇၃ ပါးသော စိတ်၌ရှိသော ဝီရိယ စေတသိက်ကို ကောက်ပါ။

သမာဓိန္ဒြေကို (ပဉ္စဒွါရာဝဇ္ဇန်း ဒွေးပဉ္စဝိညာဏ် (၁၀) သမ္ပဋိစ္ဆိုင်း ၂ ပါး၊ သန္တီရဏ ၃ ပါး၊ ဝိစိကိစ္ဆာ ပေါင်း ၁၇ ပါးကြဉ် ကျန် ၇၂ ပါးသော စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်ကို ကောက်ပါ။

ပညိန္ဒြေကို (တိဟိတ်စိတ် ၄၇ ပါး၌ရှိသော ပညာကိုယူပါ။ အနညာတညသာ မီတိန္ဒြေကို သောတာပတ္တိမဂ်၌ ရှိသောပညာကိုယူပါ။ အညိန္ဒြေကို အထက်မဂ် ၃ ခု အောက်ဖိုလ် ၃ ခု၌ ရှိသော ပညာကိုယူပါ။ အညတာဝိန္ဒြေကို = အရဟတ္တဖိုလ်၌ရှိသော ပညာကိုယူပါ။ ပညိန္ဒြေမှစ၍ ၎င်းဣန္ဒြေ ၄ ပါးကို ပညာစေတသိက် ၁ ပါးတည်းသာယူပါ။ ဣန္ဒြေတရားကိုယ် ၁၆ ပါးရှိသည်။ ရုပ်ဣန္ဒြေတရားကိုယ် (၈) ပါး၊ နာမ်ဣန္ဒြေတရားကိုယ် (၈) ပါး ပေါင်း (၁၆) ပါး

ဆောင်ပုဒ်။ ဇီဝိတ နှင့် စိတ္တဝေဒနာ၊ သဒ္ဓါ ဝီရိ သတိ သမာ၊

ပညာအဌပေါင်းကြလေပါ၊ နာမ်ဣန္ဒြေရှစ်ထွေမှတ်စရာ၊

ပသာဒငါးနှစ်ပါး၊ ဘာဝါ၊ ဇီဝိတတစ်၊ ရုပ်ရှစ်မှတ်ပါ။

ရုပ်ဣန္ဒြေက အဌယူပါ။ ပေါင်းနှစ်ရပ်သောဋသိန္ဒြိယာ၊

ဗိုလ် ၉ ပါး တရားကိုယ်လည်း ၉ ပါး

သဒ္ဒါဗိုလ်စသည်တို့၏ တရားကိုယ်ကောက်ကား သဒ္ဓိန္ဒြေစသည်တို့ကောက်နည်းအတိုင်းကောက်ပါ။ ဟိရိဗိုလ် ဩတ္တပ္ပဗိုလ်တို့ကား သောဘနစိတ်၌ ယှဉ်သော ဟိရိဩတ္တပ္ပစေတသိက်တို့ကိုကောက်ပါ။ အဟိရိက - အနောတ္တပ္ပတို့ကား (အကုသိုလ်စိတ်၌ယှဉ်သော အဟိရိက - အနောတ္တပ္ပ စေတသိက် တို့ကို ကောက်ယူပါ)

ဗိုလ်မည်ခြင်းအကြောင်း

သဒ္ဓါဗိုလ် (လ) ဩတ္တပ္ပဗိုလ် ဤ ၇ ပါးတို့သည် ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေတတ်သောအနက်ကြောင့်၎င်း၊ သမ္ပယုတ်တရားတို့၌ မြဲမြံခိုင်ခံ့သောအဖြစ်ကြောင့်၎င်း ဗိုလ်မည်ပါသည်။

http://www.dhammadownload.com

အဟိရိက အနောတ္တပ္ပတို့ကား သမ္ပယုတ်တရားတို့၌ မြဲမြံခိုင်ခံ့သောအနက်ကြောင့်သာ ဗိုလ်မည်ပါသည်။

(အဓိပတိတရား ၄ ပါး တရားကိုယ်လည်း ၄ ပါး သာဓိပတိဇော ၅၂ ခု၌ ရှိသော ဆန္ဒ စေတသိက်ကို **ဆန္ဒာဓိပတိ ခေါ်သည်။**

သာဓိပတိဇော ၅၂ ခု၌ ရှိသော ဝီရိယစေတသိက်ကို **ဝီရိယာဓိပတိ** ဟုခေါ်သည်။

သာဓိပတိဇော ၅၂ ခုကိုပင် **စိတ္တာဓိပတိ** ခေါ်သည်။

တိဟိတ်ဇော ၃၄ ခု၌ရှိသော ပညာစေတသိက်ကို **ဝီမံသာဓိပတိ** ဟုခေါ်သည်။

(အမှာ) ဒွိဟိတ်ဇော ၁၈ ခု တိဟိတ်ဇော ၃၄ ခု

ပေါင်း ၅၂ ခုကို သာဓိပတိဇော ခေါ်သည်ဟုမှတ်ပါ)

ဒွိဟိတ်ဇော ၁၈ ပါး

ဆောင်ပုဒ်၊ လော၊ ဒေါ၊ ဆယ်ဝ ကုသလ ကြိယံ - ဉာဏဝိပ္ပယုတ်သရုပ်ရှစ်တန်
ပေါင်း တဆယ့်ရှစ် မှတ်လစ်ဧကန် ဒွိဟိတ်ဇော သဘောမှတ်ကြရန်

တိဟိတ်ဇော ၃၄ ပါး

ဆောင်ပုဒ်၊ ဉာဏသမ္ပယုတ် သရုပ်ရှစ်တန် အပ္ပနာဇော သဘောအမှန် သုံးဆယ့်လေးပါး
ပေါင်းငြားဧကန် တိဟိတ်ဇော သဘောမှတ်ကြရန်။

(အဓိပတိအစိုးရခြင်းနှင့် ဣန္ဒြေအစိုးရခြင်းအထူး)

တပါးကုန်သောအဓိပတိတရားတို့၏ အစိုးရခြင်းကို တားမြစ်၍ မိမိတပါးတည်း အစိုးရခြင်းသည် **အဓိပတိ၏ အစိုးရခြင်းမည်၏။**

တပါးကုန်သော ဣန္ဒြေတို့၏အစိုးရခြင်းကိုမဖြစ်မူ၍ မိမိဆိုင်ရာကို အစိုးရနိုင်ခြင်းသည် **ဣန္ဒြေ၏အစိုးရနိုင်ခြင်းမည်ပါသည်။**

http://www.dhammadownload.com

ဆောင်ပုဒ်၊ ဥပမာ

အဓိပတိနိုင်း၊ တိုင်းပြည်သခင်၊ ဘုရင်မင်းမျိုး၊ အုပ်စိုးအသွင် ဣန္ဒြေရောက်၊ လက်အောက်ပြည်တွင် အမတ်မျိုးအုပ်စိုးပုံအသွင်

(အာဟာရတရား ၄ ပါး တရားကိုယ်လည်း ၄ ပါး)

ကဗဠီကာရ အဟာရဟူသည် (ရုပ်ပိုင်းကပြခဲ့သော ဩဇာရုပ်ပင်တည်း)၄င်း ကဗဠီကာရ အာဟာရသည် ဩဇာ ဋ္ဌမကရုပ်ကို ဆောင်သည်ဖြစ်စေသည်။

ဖဿအဟာရဟူသည် စိတ်အားလုံး၌ယှဉ်သောဖဿစေတသိက်ပေတည်း။

၄င်းဖဿာ, ဟာရသည် ဝေဒနာသုံးပါးကိုဆောင်သည်ဖြစ်စေသည်။

မနောသဉ္စေတနာဟာရဟူသည် = စိတ်အားလုံးနှင့်ယှဉ်သော စေတနာ စေတသိက်ပင်တည်း။ လည်းကောင်း မနောသဉ္စေတနာဟာရသည် သုံးပါးသောဘဝ၌ ပဋိသန္ဓေသုံးပါးကိုဆောင်သည်။

ဝိညာဏာဟာရသည် စိတ်အားလုံးကို ပင်ဆိုလိုသည်။ ၄င်းဝိညာဏာ, ဟာရသည် ပဋိသန္ဓေခဏ၌ သဟဇာတ်ဖြစ်သော နာမ်ရုပ်တရားတို့ကိုဆောင်သည်ဖြစ်စေသည်။

ဆောင်ပုဒ်၊ ကဗဠီဆောင်ထ၊ ဩဇဋ္ဌမကော၊ ဖဿဆောင်းပြားသုံးပါးဘဝေ သဉ္စေဆောင်ပြားသုံးပါးသန္ဓေ ဝိညာဏသဟနာမ်ရုပ်တွေ

ဣန္ဒြိယေသု ပနေတ္ထမှစ၍ ရူပါရူပဝသေန ဒုဝိဓံဟောတိတိုင်အောင် စကားရပ်သည် နောက်ကတရားကိုယ်ကောက်မှာပြခဲ့ပြီ။

(ပဉ္စဝိညာဏေသုဈာနင်္ဂါနိ) ဒွေးပဉ္စဝိညာဏ် ၁၀ ၌ ယှဉ်သော ဧကဂ္ဂတာနှင့် ဝေဒနာတို့သည် ဈာန်နှင့်မထိုက်ပါ။ အကြောင်းကား ဒွေးပဉ္စဝိညာဏ် ၁၀ တို့သည် ဝိတက်ကင်းသဖြင့် အာရုံကိုကပ်၍ ရှုခြင်းသဘောမရှိ အာရုံ၌ကျကာမတ္တသဘောမျှဖြစ်သောကြောင့် ဈာနင်ကိစ္စမတပ်ပါ။

အဝီရိယေသုဗလာနိ ဝီရိယနှင့်မယှဉ်သောစိတ် ၁၆ ခုတို့၌ ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ်အမည်မရထိုက်ပါ။

http://www.dhammadownload.com

အကြောင်းကား ဝီရိယနှင့်မယှဉ်သော ၁၆ ပါးသောစိတ်တို့သည် ထက်သောဝီရိယနှင့်မယှဉ်သောကြောင့် ဗိုလ်မရခြင်းဖြစ်ပါသည်။

အဟေတုကေသုမဂ္ဂင်္ဂါနိ နလဗ္ဘန္တိ အဟိတ်စိတ်များ၌ယှဉ်သော ဝိတက် ဝီရိယ ဧကဂ္ဂတာတို့သည် မဂ္ဂင်မထိုက်ပါ မဂ္ဂင်မမည်ပါ။

အကြောင်းကား အဟိတ်စိတ် ၁၈ ခုတို့၌ သမ္ပယုတ်ဟိတ်ကင်းသောကြောင့် မဂ္ဂင်မထိုက်ပါ၊ မဂ္ဂင်မမည်ပါ။

ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ နဂစ္ဆတိ၊ ဝိစိကိစ္ဆာစိတ်၌ ယှဉ်သောဧကဂ္ဂတာသည် မဂ္ဂင်အမည်လည်းမရထိုက်၊ က္ကန္ဒြေဗိုလ်အမည်လည်းမရထိုက်ပါ။

အကြောင်းကား ဝိစိကိစ္ဆာ၌ယှဉ်သော ဧကဂ္ဂတာသည် ဆုံးဖြတ်ခြင်း လက္ခဏာရှိသော အဓိမောက္ခနှင့်ကင်းသောကြောင့် စိတ်၏တည်တံ့ရုံမျှသာဖြစ်ပါသည်။ ထို့ကြောင့် ဝိစိကိစ္ဆာ၌ယှဉ်သော ဧကဂ္ဂတာသည် မိစ္ဆာသမာဓိဖြစ်၍ သမာဓိန္ဒြေ သမာဓိဗိုလ်အဖြစ်သို့ မရောက်ပါ။

(အမှာ - ဒွိဟိတ်ဇော တိဟိတ်ဇော တို့ကိုနောက် အဓိပတိတရားကိုယ်ကောက်မှာပြခဲ့ပြီ) ဆဟေတူ ပဉ္စစျာနင်္ဂါ (ပ) ဝုတ္တောမိဿကသင်္ဂဟောဟူသော ၂ ဂါထာတို့သည် တရားကိုယ်ကိုကောက်ပြသည်။

ဗောဓိပက္ခိယသင်္ဂဟ

မေး။ အဘယ်အနက်ကြောင့် ဗောဓိပက္ခိယသင်္ဂဟမည်ပါသနည်း။

ဖြေ။ အရိယာမဂ်၏ အပင်းအသင်းဖြစ်ကုန်သော သတိပဋ္ဌာန်သမ္မပ္ပဓာန်စသောတရားတို့ကို အကျဉ်းချုံး၍ သိမ်းယူရာသိမ်းယူကြောင်း ဖြစ်သောကြောင့် ဗောဓိပက္ခိယသင်္ဂဟမည်ပါသည် -

မေး။ (က) ဗောဓိအရ (ခ) ဗောဓိပက္ခအရ (ဂ) ဗောဓိပက္ခိယ အရ တရားများကို ဖော်ပြပါ။

ဖြေ။ (က) အရိယာမဂ်ဉာဏ်ရ၏။

(ခ) အပင်းအသင်းဖြစ်သော ဗောဓိသမ္ဘာရတရားကိုရ၏။

(ဂ) ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို ရပါသည်။

သတိပဋ္ဌာန် ၄ ပါး = တရားကိုယ်အားဖြင့် မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော ဆဗ္ဗိသဉ်ရှိသော သတိစေတသိက် (၁) ပါးသာ ကောက်ယူပါ။

သတိစေတသိက် (၁) ပါးတည်းက ၄ ပါး ပြားရပုံ

အာရုံက ကာယ ဝေဒနာ စိတ္တ ဓမ္မအားဖြင့် ၄ မျိုးပြားခြင်း ထိုအာရုံများ၌ အသုဘ ဒုက္ခ အနိစ္စ အနတ္တ အခြင်းအရာတို့ကိုယူသည်၏အစွမ်းအားဖြင့်၄င်း၊ သုဘ၊ သုခ၊ နိစ္စ၊ အတ္တဟု ဖြစ်သော သညာဝိပလ္လာသ တရားတို့ကို ပယ်ခြင်းကိစ္စလေးမျိုးပြားခြင်းကြောင့် လေးပါးပြားရပါသည်။

သတိပဋ္ဌာန်ခေါ်ရခြင်းအကြောင်း

ကာယအစရှိသော အာရုံ၌ လွန်စွာသက်ဝင်၍ တည်တတ်ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန် ဟုခေါ်ပါသည်။

သမ္မပ္ပဓာန် ၄ ပါး

တရားကိုယ်အားဖြင့် ကုသိုလ်စိတ် ၈၀ီသဉ်ရှိသော ဝီရိယစေတသိက် (၁) ပါးသာ ကောက်ယူပါ။

(အမှာ- ဗောဓိပက္ခိယတရား ၃၇ ပါး တရားကိုယ်ကောက်ရာ၌ ခါတုကထာ၊ ဥဒ္ဒေသမှာ လောကုတ္တရာစိတ် ၈ ခုတို့၌ ယှဉ်သောတရားများကိုသာကောက်ယူသည်။ လောကီမပါဟု မှတ်သားပါဦး။

ဝီရိယစေတသိက် (၁) ပါးတည်းက ၄ ပါး ပြားရပုံ ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကိုမဖြစ်စေခြင်း၊ စသော ကိစ္စ ၄ ပါးရှိသောကြောင့် ၄ ပါး ပြားရပါသည်။

http://www.dhammadownload.com

သမ္မပ္ပဓာန်ခေါ်ရခြင်းအကြောင်း

ကောင်းစွာအားထုတ်ကြောင်း ပြီးစေကြောင်း ဖြစ်သောကြောင့် ဝီရိယကို သမ္မပ္ပဓာန် ဟုခေါ်ပါသည်။

ဣဒ္ဓိပါဒ်သရုပ် ၄ ပါး တရားကိုယ်အားဖြင့်လည်း ၄ ပါး ဣဒ္ဓိပါဒ် ၄ ပါး တရားကိုယ်အစဉ်အတိုင်း ကုသိုလ်စိတ် ဇောဝီသဉ်ရှိသော ဆန္ဒစေတသိက် ဝီရိယစေတသိက် ကုသိုလ်စိတ်ကို စိတ္တိဒ္ဓိပါဒ် ပညာစေတသိက်ကို ဝီမံသိဒ္ဓိပါဒ် ဟုဆိုသည်။

မေး။ အဘယ်ကို ဣဒ္ဓိပါဒ်ဟုခေါ်ပါသနည်း။

ဖြေ။ ပြီးစီးထမြောက်သောချာန်မဂ်ဖိုလ်အကျိုးတို့၏ အခြေခံအကြောင်းတရားကိုသာ ဣဒ္ဓိပါဒ် ဟုခေါ်ပါသည်။

မေး။ (၁) ဣဒ္ဓိအရ (၂) ပါဒရ (၃) ဣဒ္ဓိပါဒအရ တို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ (၁) ဣဒ္ဓိဝိဓိ အဘိညာဉ်ပညာရ၏။

(၂) သဟဇာတ ဥပနိဿယ ပစ္စည်း၏အစွမ်းဖြင့် တည်ရာဖြစ်သောအကြောင်းတရားရ၏။

(၃) ဆန္ဒိဒ္ဓိပါဒ်စသော ဣဒ္ဓိပါဒ်လေးပါးရ၏။

ဣဒ္ဓိပါဒ နှင့် ဣဒ္ဓိအထူး

သမထ ဝိပဿနာ နှစ်ပါးတို့၏ ပုဗ္ဗဘာဂသည် ဣဒ္ဓိပါဒ မည်၏။ သထမ ဝိပဿနာတို့ကြောင့် ရအပ်သောချာန်မဂ်တရားသည် ဣဒ္ဓိမည်၏။

ဣန္ဒြေသရုပ် ၅ ပါး တရားကိုယ်လည်း ၅ ပါး

မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော တို့၌ ယှဉ်သောသဒ္ဓါ စေတသိက်စသည်ကို ကောက်ယူပါ။

ဖိုလ်တရား ၅ ပါး တရားကိုယ်လည်း ၅ ပါး (ဣန္ဒြေ ၅ ပါး၊ တရားကိုယ် ကောက်အတိုင်း ကောက်ပါ)။

http://www.dhammadownload.com

(ဗောဇ္ဈင်သရုပ် ၇ ပါး တရားကိုယ်လည်း ၇ ပါး)၊ သတိသမ္ဗောဇ္ဈင် သတိစေတသိက်ကို ကောက်ပါ။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ပညာစေတသိက်ကို ကောက်ပါ။

ဝီရိယသမ္ဗောဇ္ဈင် ဝီရိယစေတသိက်ကို ကောက်ပါ။

ပီတိသမ္ဗောဇ္ဈင်ကို ပီတိစေတသိက် ကို ကောက်ပါ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်တို့ကိုကောက်ပါ။

သမာဓိသမ္ဗောဇ္ဈင်ကို ဧကဂ္ဂတာစေတသိက်ကို ကောက်ပါ။

ဥပေက္ခာသမ္ဗောဇ္ဈင်ကို တတြမဇ္ဈတ္တတာစေတသိက်ကိုကောက်ပါ။

ဗောဓိမည်ပုံနှင့် ဗောဇ္ဈင်မည်ပုံ

သတိစသောတရားအပေါင်းသည် ကိလေသာအစဉ်တည်းဟူသော အိပ်ပျော်ခြင်းမှ ထကြွနိုးကြားတတ်သောကြောင့် ဗောဓိမည်ပါသည်။

တနည်း။ ယောဂီပုဂ္ဂိုလ်တို့၏ သစ္စာလေးပါးတို့ကို သိစေကြောင်းဖြစ်သော သတိ ပညာ စသော တရားအပေါင်းသည် ဗောဓိမည်၏။

သစ္စာလေးပါးကိုသိကြောင်းတရားအပေါင်း၏ အစိတ်စိတ် တခုတခုသည် ဗောဇ္ဈင်မည်၏။

မဂ္ဂင်သရုပ် ၈ ပါး တရားကိုယ်လည်း ၈ ပါး မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇော၌ ရှိသော ပညာစေတသိက်ကိုကောက်ပါ။ (နောက်မှာပြခဲ့ပြီ)

မဂ်မည်ပုံ နှင့် မဂ္ဂင်မည်ပုံ

နိဗ္ဗာန်ကိုအလိုရှိကုန်သော သူတို့သည်ရှာအပ်သောကြောင့် မဂ်မည်ပါသည်။

တနည်း။ ကိလေသာတို့ကို သတ်၍နိဗ္ဗာန်သို့သွားတတ်သောကြောင့် မဂ်မည်ပါသည်။

နိဗ္ဗာန်ကိုရှာတတ်သောပုဂ္ဂိုလ်၏ (ဝါ) မဂ်၏အကြောင်းသည် မဂင်မည်ပါသည်။

http://www.dhammadownload.com

တရားကိုယ်	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁	၁၄
အမည်	သတိ	ဝီရိ	ဆန္ဒ	လောကုတ္တရာ	ပညာ	သဒ္ဓါ	ဧကဂ္ဂ	ပီ	ပဿ	တတြ	ဝိတက်	ဝါစာ	န္တ	ဇီဝ	သရုပ်
သတိပဋ္ဌာန်	၄						တာ								၄
သမ္မပ္ပဓာန်		၄													၄
ဣဒ္ဓိပါဒ်		ဝီရိ	ဆန္ဒ	စိတ္တ	ဝီမံ										၄
ဣန္ဒြေ	သတိ	ဝီရိ			ပညိ	သဒ္ဓိ	သမာ								၅
ဗိုလ်	သတိ	ဝီရိ			ပညာ	သဒ္ဓါ	သမာ								၅
ဗောဇ္ဈင်	သတိ	ဝီရိ			ဓမ္မဝိ		သမာ	ပီ	ပဿ	တတြ					၇
မဂ္ဂင်	သတိ	ဝီရိ			သမ္မာဒိ		သမာ				သင်္က်	ဝါစာ	ကမ္မန္တ	ဇီဝ	၈
ဌာနပေါင်း	၈	၉	၁	၁	၅	၂	၄	၁	၁	၁	၁	၁	၁	၁	၃၇

ဆန္ဒောစိတ္တ မုပေက္ခာစ (ပ) သတ္တဓာတတ္ထ သင်္ဂဟော ဟူသောဂါထာတို့ကား ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်နှင့်အမည် ၇ ပါးကို ပြသည်။

သင်္ကပ္ပပဿဒ္ဓိ (ပ) ပဝရောဝီဘာဝေါဟူသော ဂါထာတို့ကား တရားကိုယ် ၁၄ ပါးတို့၏ ဖြစ်ရာဌာကိုပြသည်။ တဘက်ပါဇယားပုံစံကို လေ့လာပါ)

သဗ္ဗေလောကုတ္တရာ (ပ) ဆပ္ပိသုဒ္ဓိပဝတ္တိယံဟူသော ဂါထာကား ဗောဓိပက္ခိယတရားတို့ ရထိုက်ရာစိတ်ကို သတ်မှတ်ပြသည်။

သဗ္ဗသင်္ဂဟ

စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော အလုံးစုံသော ပရမတ္ထတရားတို့ကို သိမ်းကျုံးရေတွက်ရာအခဏ်းကို သဗ္ဗသင်္ဂဟ ဟုခေါ်သည်။

မေး။ အဘယ်ကြောင့် ခန္ဓာမည်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ အပေါင်းအစုဟူသောအနက်ကြောင့် ခန္ဓာမည်ပါသည်။ ဥပါဒါနက္ခန္ဓာအရ ကာမုပါဒါန် စသည်တို့၏ အာရုံဖြစ်သော လောကီ စိတ် စေတသိက် ရုပ်တရားအားလုံးတို့ကို ဥပါဒါ နက္ခန္ဓာအရ ကောက်ယူရပါသည်။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာအထူး

လောကီ လောကုတ္တရာ တရားအားလုံးတို့ကို သိမ်းယူခြင်း၏ အစွမ်းဖြင့် သာသဝ အနာသဝ တရားတို့ကို ဟောခြင်းသည် ပဌမပဉ္စက္ခန္ဓာမည်၏။

ယောဂီပုဂ္ဂိုလ်တို့၏ ဝိပဿနာစီးဖြန်းသည့်အခါ ဝိပဿနာရှုရန်အတွက် လောကီတရား သက်သက်ကိုသာ ဟောခြင်းသည် ဒုတိယဥပါဒါနက္ခန္ဓာမည်၏။

ခန္ဓာ ၅ ပါး

၁။ ရုပ်အဌဝီသ သည် ရူပက္ခန္ဓာမည်၏။

၂။ ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ ကြွင်းသောစေတသိက် ၅၀ သည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ်အားလုံးသည် ဝိညာဏက္ခန္ဓာမည်၏။

(အမှာ၊ ရုပ်သည် ၁ ပါးပင်ဖြစ်စေ၊ အများပင်ဖြစ်စေ၊ ရူပက္ခန္ဓာ ၁ ပါးသာဖွဲ့ပါ။)

စိတ်သည်လည်း ၁ ပါးဘဲဖြစ်စေ၊ အများဘဲဖြစ်စေ၊ ဝိညာဏက္ခန္ဓာ ၁ ပါးသာဖွဲ့ပါ။ ဝေဒနာ သညာကြဉ်၍ ကျန်စေတသိက် ၅၀ လုံးပင်ဖြစ်စေ၊ ၅၀ တည်းကတပါးပါးပင်ဖြစ်စေ သင်္ခါရက္ခန္ဓာ ၁ ပါးသာဖွဲ့ပါ။ ပရမတ္ထတရား ၄ ပါးမှာ ခန္ဓာ ၅ ပါးသာဟောပါသည်။ နိဗ္ဗာန်တရားသည် ခန္ဓာ ၅ ပါးမှ လွတ်ပါသည်။ (ခန္ဓာမဖွဲ့ရပါ)

အာယတနမည်ပုံ

ထိုထိုဒွါရအာရုံ၌ ဖြစ်ကုန်သောစိတ် စေတသိက်တရားတို့ကို ချဲ့တတ်သောကြောင့်၄င်း၊ ရှည်စွာသော သံသရာဝဋ်ဆင်းရဲကိုဖြစ်စေတတ်သောကြောင့်၄င်း၊ စက္ခုပသာဒစသည်တို့သည် အာယတနမည်ပါသည်။

http://www.dhammadownload.com

အာယတန ၁၂ ပါး စက္ခုပသာဒ သည် စက္ခာယတနမည်၏။ သောတပသာဒသည် သောတာယတနမည်၏။ ဃာနပသာဒ သည် ဃာနာယတနမည်၏။ ဇိဝှါပသာဒ သည် ဇိဝှါယတန မည်၏။ ကာယပသာဒ သည် ကာယာယတနမည်၏။ ရူပါရုံသည် ရူပါယတနမည်၏။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ ရသာရုံသည် ရသာယတန မည်၏။

ပထဝီ၊ တေဇော ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။ စိတ်အားလုံးသည် မနာယတနမည်၏။ စေတသိက် ၅၂ ပါး သုခမရုပ် ၁၆ ပါး (သောဠသ) နိဗ္ဗာန်ပေါင်း ၆၉ ပါးသည် ဓမ္မာယတန မည်၏။ ပေါင်းပရမတ္ထတရား ၄ ပါးမှာ အာယတန ၁၂ ပါးရသည်။

ဓာတ်မည်ပုံ

မိမိတို့၏ ကက္ခဋ္ဌ ဖုသန အစရှိသောသဘောတို့ကို ဆောင်တတ်သောကြောင့်၄င်း ဖြစ်သင့်သည့်အားလျော်စွာ များသောအပြားရှိသော သံသရာဆင်းရဲကို စီရင်တတ်သောကြောင့် ၄င်း သတ္တဝါတို့သည် ဝန်ကိုထမ်းဆောင်သကဲ့သို့ ဆောင်အပ်သောကြောင့် ၄င်းဓါတ်မည်ပါသည်။

ဓာတ်သည် ၁၈ ပါး စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။

သောတပသာဒသည် သောတဓာတ်မည်၏။

ဃာနပသာဒ သည် ဃာနဓာတ်မည်၏။

ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏။

ကာယပသာဒသည် ကာယဓာတ်မည်၏။

ရူပါရုံသည် ရူပဓာတ်မည်၏။

သဒ္ဒါရုံသည် သဒ္ဒါဓာတ်မည်၏။

ဂန္ဓာရုံသည် ဂန္ဓာဓာတ်မည်၏။

ရသာရုံသည် ရသဓာတ်မည်၏။

http://www.dhammadownload.com

ပထဝီတေဇောဝါယောဟူသော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏ ဓာတ်မည်၏။ ဇိဝှါ ဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။

ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေးသည် မနောဓာတ်မည်၏။ ကြွင်းသောစိတ် ၇၆ ပါးသည် မနောဝိညာဏဓာတ်မည်၏။ စေတသိက် ၅၂ ပါး သုခုမရုပ် ၁၆ ပါး (သောဠသ) နိဗ္ဗာန်ပေါင်း ၆၉ ပါးသည် ဓမ္မဓာတ်မည်၏။

ပေါင်း ပရမတ္ထတရား ၄ ပါးမှာ ဓာတ် ၁၈ ပါးရသည်။

မေး။ အရိယမည်ပုံ သစ္စာမည်ပုံ အရိယသစ္စာမည်ပုံ ကိုအသီးသီးဖော်ပြပါ။

ဖြေ။ အရိယာပုဂ္ဂိုလ်တို့၏ အဖြစ်ကိုပြုတတ်သောကြောင့်၄င်း ကိလေသာတို့မှ ဖြူစင်သောကြောင့်၄င်း၊ နတ်နှင့်တကွသောလောကလည်းဆည်းကပ်အပ်သည်၏အဖြစ်ကြောင့်၄င်း အရိယာမည်ပါသည်။

မချွတ်မယွင်းမှန်ကန်သောကြောင့် သစ္စာမည်ပါသည်။ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည် ထိုးထွင်း၍သိအပ်သောကြောင့် တနည်း အရိယာပုဂ္ဂိုလ်တို့၏ သစ္စာဖြစ်သောကြောင့် အရိယသစ္စာမည်ပါသည်။

သစ္စာ ၄ ပါးဖွဲ့ပုံ လောကီစိတ် (ဧကာသီတိ) ၈၁ ပါး၊ လောဘကြဉ်သော စေတသိက် (ဧကပညာသ) ၅၁ ပါးရုပ် (အဋ္ဌဝီသ) ၂၈ ပါးသည် ဒုက္ခသစ္စာ မည်၏။ လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

မဂ်စိတ် ၄ ခု၌ရှိသော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈ ပါးသည် မဂ္ဂသစ္စာ မည်၏။ မဂ်စိတ္တုပ္ပါဒ် ၂၉ ခု ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခု သည် သစ္စာ ၄ ပါးမှလွတ်၏။

မှတ်ချက်။ ဤသဗ္ဗသင်္ဂဟ၌ ပရမတ္ထတရားတို့တွင် စေတသိက် ၅၂ ပါး သုခုမရုပ် ၁၆ ပါး နိဗ္ဗာန် ပေါင်း ၆၉ ပါး သောတရားတို့သည် အာယတန ၁၂ ပါးတို့တွင် ဓမ္မာယတနအဖြစ်ရေတွက်ပါ။ ဓာတ် ၁၈ ပါးတို့တွင် ဓမ္မဓာတ်အဖြစ်ဖြင့် ရေတွက်ပါ။

http://www.dhammadownload.com

အာယတန ၁၂ ပါးတို့၌ပါသော မနာယတန ၁ ပါးတည်းက ဓာတ်အရာမှ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာန ဇိဝှါ ကာယ၊ မနောဓာတ် မနောဝိညာဏဓာတ်အားဖြင့် ၇ ပါး ပြားသည်ဟုမှတ်သားပါ။

ရူပဉ္စဝေဒနာသညာ (ပ) ပဉ္စက္ခန္ဓာတိဘာသိတာ ဟူသော ဂါထာကား ခန္ဓာငါးပါး၏ တရားကိုယ်ကောက်တို့ပြသည်။

(အမှာ - နောက်မှာကောက်ပြခဲ့ပြီး)

ပဉ္စုပါဒါနက္ခန္ဓာတိ တထာတေဘူမကာ ဟူသောစကားကား ဥပါဒါနက္ခန္ဓာ၏ တရားကိုယ်ကိုပြပါသည်။ တေဘူမကာ၌ ကာမ ရူပ အရူပ ဘုံကို ဆိုသည်။

ရုပ် ၂၈ ပါးသည် ရူပုပါဒါနက္ခန္ဓာမည်၏။ လောကီစိတ်၌ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနုပါဒါနက္ခန္ဓာမည်၏။ လောကီစိတ်နှင့်ယှဉ်သော သညာစေတသိက်သည် သညုပါဒါနက္ခန္ဓာမည်၏။ လောကီစိတ်၌ယှဉ်သောကြွင်းစေတသိက် ၅၀ သည် သင်္ခါရုပါဒါနက္ခန္ဓာမည်၏ လောကီစိတ် ၈၁ ပါးသည် ဝိညာဏုပါဒါနက္ခန္ဓာမည်၏။

ဘေဒါဘာဝေနနိဗ္ဗာနံ ခန္ဓာသင်္ဂဟနိဿဋ္ဌ ဟူသော စကားသည် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းကိုပြသည်။

နိဗ္ဗာန်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စသော ၁၁ ပါးသော အပြားမရှိသောကြောင့် ခန္ဓာဖွဲ့ရာ၌ မပါရှိပါ။ ခန္ဓာမှလွတ်ပါသည်။

မေး။ စေတသိက် ၅၂ ပါး တို့တွင် အဘယ်ကြောင့် ဝေဒနာ သညာ ၂ ပါးကို အသီးအခြား ခန္ဓာတပါးစီဟောရပါသနည်း။

ဖြေ။ ဝေဒနာသည် တေဘူမကဝဋ္ဋတရား၌ သာယာတတ်သည်ကိုငှင်း သညာသည် ထိုတေဘူမက ဝဋ္ဋတရား၌သာယာခြင်းအဿာဒကို မှီခဲ့ခြင်းကိုငှင်း ပြခြင်းငှာအသီး အခြား ဝေဘန်၍ဟောပါသည်။

http://www.dhammadownload.com

မေး။ အဘယ်ကြောင့် အာယတန ၁၂ ပါး ပြားရပါသနည်း။

ဖြေ။ ဒွါရခြောက်ပါး အာရုံခြောက်ပါးပြားသောကြောင့် အာယတန ၁၂ ပါး ပြားရပါသည်။

မေး။ အဘယ်ကြောင့် ဓာတ် ၁၈ ပါး ပြားရပါသနည်း။

ဖြေ။ ဒွါရခြောက်ပါး အာရုံခြောက်ပါး ပြား၍ ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်ခြောက်ပါး၌ ထိုဒွါရအာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်ခြောက်ပါး အစဉ်ပြားသောကြောင့် ဓာတ် ၁၈ ပါး ပြားရပါသည်။

ဒုက္ခံတေဘူမကံ (ပ) လောကုတ္တရောမတောဟူသော ဂါထာသည် သစ္စာလေးပါးတရားကိုယ်ကို ပြပါသည်။

(အမှာ။ နောက်က ကောက်ပြခဲ့ပြီး)

ဒွါရာ လမ္ဗနဘေဒေန (ပ) ဓာတုယောဟူသော ဂါထာသည် အာယတန ၁၂ ပါး ဓာတ် ၁၈ ပါးပြားရခြင်း၏အကြောင်းကို ပြပါသည်။

မဂ္ဂယုတ္တာ ဖလာစေဝ စတုသစ္စဝိနိဿဋ္ဌာ ဟူသောစကားသည် သစ္စာလေးပါးမှ လွတ်သောတရားကိုပြသည်။

မဂ်စိတ် ၄ ခု၌ စေတသိက် ၃၆ ပါးယှဉ်၏။ ၄င်း ၃၆ ပါးသော စေတသိက်တို့တွင် သမ္မာဒိဋ္ဌိစသော မဂ္ဂင် တရားကိုယ် ရှစ်ပါး နှုတ်ပါက ၂၈ ပါး ကျန်၏။ ၄င်း ၂၈ ပါးနှင့် မဂ်စိတ် ၄ ခု ကို အာရမ္မဏာဝိဇာနနနည်းဖြင့် သဘောတူပေါင်း၍ ဖိုလ်စိတ် ၄ ပါးကို တစ်ပါးတည်းသာယူပြီး ဖိုလ်စိတ် ၄ ပါး၌ယှဉ်သော စေတသိက် ၃၆ ပါးနှင့်ပေါင်းပါက ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးဖြစ်၏။

http://www.dhammadownload.com

မေး။ မဂ်စိတ္တုပ္ပါဒ် ၂၉ ခု ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခု သည် စကုသစ္စဝိနိမုတ္တော ဥဿဿနာမ နတ္ထိဟူသော နေတ္တိအဋ္ဌကထာစကားနှင့် မဆန့်ကျင်အောင် ရှင်းလင်းပြပါ။

ဖြေ။ ဖိုလ်စိတ် ၄ ခု၌ရှိသော မဂ္ဂင်တရားကိုယ် ၈ ပါးကို မဂ္ဂင်ချင်းတူသောကြောင့် သဒိသူပစာရအား ဖြင့် မဂ္ဂသစ္စာ၌သွင်းရာ၏။ ကြွင်းသောမဂ်စိတ္တုပ္ပါဒ် ၂၉ ခု ဖိုလ်စိတ္တုပ္ပါဒ် ၂၉ ခုတို့ကို (သဗ္ဗေသင်္ခါရာ ဒုက္ခာ) အရ သင်္ခါရအဖြစ်ဖြင့်တူသောကြောင့် သဒိသူပစာရအားဖြင့် ဒုက္ခသစ္စာသို့ သွင်းယူသည်ရှိသော် နေတ္တိအဋ္ဌကထာ စကားနှင့်မဆန့်ကျင်ပါ။

သမုစ္စည်းပိုင်း မှတ်စုပြီးပါပြီ။

http://www.dhammadownload.com

မေတ္တာပို့ဆုတောင်း

(က) ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိ နော
သဗ္ဗေပိ သဒ္ဓမ္မ ရာဇဿ ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
(ခ) ပါပုဏန္တု ဝိသုဒ္ဓါယ ၊ သုခါယ ပဋိ ပတ္တိယာ
အာသောက မနုပါယာသံ ၊ နိဗ္ဗာန သုခမုတ္တမံ
(ဂ) စိရံတိဋ္ဌတု သဒ္ဓမ္မော ၊ ဓမ္မေ ဟောန္တု သဂါရဝါ
သဗ္ဗေပိ သတ္တ ကာလေန ၊ သမ္မာ ဒေဝေါ ပဝဿတု
(ဃ) ယထာရက္ခိံသု ပေါရာဏာ သုရာဇာနော တထေဝိမံ
ရာဇာရက္ခတု ဓမ္မေန ၊ အတ္တနောဝ ပဇံ ပဇံ

အနက်

(က) မယာ - ဂန္ထကာရက အရှင်အာသဘနာမမည်တွင် ငါအရှင်သည်၊ ယံကုသလံ-အကြင်ကုသိုလ်ကို၊ ပတ္တံ-ရောက်အပ်-ရအပ်လေပြီ။ တဿ ကုသလဿ-ထိုသို့ ရောက်အပ်ရအပ်သော ကုသိုလ်၏၊ အာနုဘာဝေန-တန်ခိုးရှိန်စော်အာနုဘော်ကြောင့် သဗ္ဗေ-ခပ်သိမ်းဥဿုံအလုံးစုံသော။ ပါဏိနော-သက်ရှိ သတ္တဝါအပေါင်း တို့သည်၊ သဒ္ဓမ္မရာဇဿ-သူတော်ကောင်းတရားတော်ကို အစိုးရတော်မူသော(ဝါ)တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ သုခါဝဟံ-လူနတ်နိဗ္ဗာန်-သုံးတန်သောချမ်းသာကို ဆောင်တော်မူသော၊ ဓမ္မံ-တရားတော်မြတ်ကို
ဉတွာ - သိပြီး၍ -

(ခ) ဝိသုဒ္ဓါယ-အထူးသဖြင့် စင်ကြယ်ထသော၊ သုခါယ-ချမ်းသာ စေတတ်သော၊ ပဋိပတ္တိယာ-ကျင့်ဝတ်ပဋိပတ်ဖြင့်၊ အသောကံ-စိုးရိမ်ခြင်းကင်းထသော၊ ဥတ္တမံ-မြတ်လှစွာသော၊ သုခံ-အလွန်တရာချမ်းသာစေနိုင်ထသော၊ နိဗ္ဗာနံ-ကိလေသာတို့မှ ကင်းဝေးရာမြတ်နိဗ္ဗာန်သို့ ပါပုဏန္တု-ခရီးမထောက်လမ်းမကောက်ဘဲ အမှန်ရောက်နိုင်ကြပါစေ ကုန်သတည်း။

http://www.dhammadownload.com

(ဂ) သဒ္ဓမ္မော - ဘုရားရှင်ဟောကြားတော်မူသော-ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ-ပဋိဝေဒ သဒ္ဓမ္မတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်သည်၊ စိရံ-အနှစ်ငါးထောင်မကြာအောင် တိဋ္ဌတု-အရှည်ခံ၍ တည်တံ့ပါစေသတည်း။ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော သတ္တာ-သတ္တဝါအပေါင်းတို့သည် ဓမ္မေ-ဘုရား၏တရားတော်မြတ်၌ သဂါရဝါ-ရှိသေခြင်းရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ ကာလေန-ဝါတွင်းကာလ မိုးလေးလ၌၊ ဒေဝေါ-မိုးသည် သမ္မာ-ကောင်းမွန်စွာ ပဝဿတု-ရွာသွန်းဖြိုးပါစေသတည်း။

(ဃ) ပေါရာဏာ-ရှေး၌ဖြစ်ကုန်သော၊ သုရာဇာနော-တရားစောင့်ကြပ် မင်းကောင်းမင်းမြတ်တို့သည်၊ အတ္တနော-မိမိ၏ ပဇံက္ကဝ-ခင်တွယ် မခြားရင်ဝယ်သားကဲ့သို့၊ ပဇံ-တိုင်းသူပြည်သားအပေါင်းတို့ကို၊ ဓမ္မေနတရားမျှတစွာဖြင့်၊ ရက္ခိံသုယထာ-စောင့်ရှောက်ကုန်သကဲ့သို့၊ တထေဝ ထိုနည်းထားယူ အလားတူသာလျှင်၊ ရာဇာ-ယခုအုပ်စိုးတန်ခိုးထင်လင်း ပြည့်ရှင်မင်းသည်၊ အတ္တနော-မိမိ၏ ပဇံက္ကဝ-ခင်တွယ်မခြား ရင်ဝယ်သားကဲ့သို့၊ က္ကမံပဇံ-ဤတိုင်းသူပြည်သား လူအများကို၊ ဓမ္မေန-မမှား မစောင်းတရားလမ်းကြောင်းဖြင့်၊ ရက္ခတု-ကောင်းစွာမသွေ စောင့် ရှောက်နိုင်ပါစေသတည်း။